
# THE STRUGGLE

တော်လှန်ရေးသီအိုရီမရှိဘဲ တော်လှန်ရေးလှုပ်ရှားမှု မရှိနိုင်ဘူး

13
NOVEMBER
2025



THE STRUGGLE

# မာတိကာ


**စာမျက်နှာ - ၃**
အယ်ဒီတာ့ အာဘော်

**စာမျက်နှာ - ၁၂**
ဖွိုက်ယဘတ်(ခ်)နဲ့ ပတ်သတ်သော စစ်တမ်းများ

**စာမျက်နှာ - ၁၅**
မာ့(က်စ်)ရဲ့ ဒဿနဆိုင်ရာ တော်လှန်ရေး

**စာမျက်နှာ - ၂၇**
ဒိုင်ယာလက်တစ် ရုပ်ဝါဒ မိတ်ဆက် (၂)

**စာမျက်နှာ - ၃၆**
ဒိုင်ယာလက်တစ်ဘက်မှ ခုခံချေပခြင်း


**စာမျက်နှာ - ၅၃**
စစ်အစိုးရလုပ်မယ့် ဟန်ပြရွေးကောက်ပွဲနဲ့
လစ်ဘရယ်နုဂျီရဲ့ အစိုးရရူးအိပ်မက်

**စာမျက်နှာ - ၆၁**
ကံကြမ္မာစီရင်ပြဋ္ဌာန်းခံဝါဒနဲ့ လွတ်လပ်တဲ့ စိတ်ဆန္ဒ
ကျုပ်တို့ ကိုယ့်သမိုင်းကိုယ် ဖန်တီးကြရဲ့လား

**စာမျက်နှာ - ၆၇**
လစ်ဘရယ်တွေရဲ့ သမိုင်းအမြင် ချို့တဲ့မှု

**စာမျက်နှာ - ၇၂**
အင်ဒိုနီးရှားမှာ တော်လှန်ရေးဘီးကြီး လည်ပတ်ခဲ့ပြီ

**စာမျက်နှာ - ၈၁**
နီပေါလ်လူထုက စနစ်ကို မီးတင်ရှို့ဖို့ကြိုးစား
အုပ်စိုးသူများ သွေးပျက်နေ

JOIN US
marxistburma.org



# အယ်ဒီတာ့အာဘော်

## ဘာ့ကြောင့် ဒိုင်ယာလက်တစ်လဲ

“ပီယာနိုသမား တယောက်က လက်ချောင်း လေ့ကျင့်ခန်း လုပ်နေဖို့ လိုအပ်သလို တော်လှန်ရေးသမား တယောက်ဟာလဲ ဒိုင်ယာလက်တစ် နည်းကျ တွေးခေါ်တတ်အောင် သူ့စိတ်ကို လေ့ကျင့်ထားဖို့ လိုအပ်တယ်။ ပြဿနာ အားလုံးကို ပြောင်းလဲခြင်း မရှိတဲ့ category တွေလို့ မမြင်ဘဲ process တွေအဖြစ် ချဉ်းကပ်ဖို့ ဒိုင်ယာလက်တစ်က တောင်းဆိုတယ်။”

ဒီမှတ်ချက်ကို ပြောခဲ့သူကတော့ လီနင်နဲ့အတူ အောက်တိုဘာ တော်လှန်ရေးကို ဦးဆောင်ခဲ့ပြီး တပ်နီတော်ကို ထူထောင်ခဲ့သူ လီယွန် ထရော့စကီး ဖြစ်ပါတယ်။

ဒီတခေါက် The Struggle မဂ္ဂဇင်းမှာ ဒိုင်ယာလက်တစ်ကို ဘာ့ကြောင့် main theme အနေနဲ့ တင်ဆက်ထားသလဲ မေးစရာရှိပါတယ်။ အထူးသဖြင့် ပြည်တွင်းစစ်မီး တောက်နေချိန်၊ ရန်သူ စစ်အုပ်စိုးသူ လူတန်းစားက အဆုံးစွန် အကြမ်းဖက် သတ်ဖြတ်နေချိန် ငါတို့တော့ ဒိုင်ယာလက်တစ်တွေ ဘာတွေ စိတ်မဝင်စားနိုင်ဘူး။ ရန်သူ စစ်အစိုးရကို ဖြိုချဖို့သာ ဆန္ဒရှိတယ်လို့ ပြောနိုင်ပါတယ်။

၁၉၀၀ ဝန်းကျင်လောက်က ရုရှားပြည်မှာ အန်နာခစ်အနွယ် နိုင်ငံရေး အင်အားစု တခုဖြစ်တဲ့ Social Revolutionaries တွေလဲ လီနင်တို့ မာ့(က်စ်)ဝါဒီတွေကို ဒီလို ဝေဖန်ခဲ့ဖူးတယ်။ လီနင်တို့ ထုတ်နေတဲ့ Iskra စာစောင်က ဒိုင်ယာလက်တစ် ရုပ်ဝါဒဂိုဏ်း တခုကို ထူထောင်ချင်ပြီး၊ ငါတို့ SR တွေကတော့ ဇာဘုရင် သက်ဦးဆံပိုင်စနစ်ကို ဖြိုချချင်တယ်လို့ ပြောခဲ့ကြတယ်။ ပြောတဲ့အတိုင်းလဲ သူတို့ လက်ပစ်ဗုံး ကိုင်ပြီး ဇာဘုရင်ကို တိုက်ပွဲဝင်ခဲ့တယ်။ သို့သော် Burnham ဆီ ပေးစာမှာ ထရော့စကီး ထောက်ပြခဲ့သလိုပဲ “သမိုင်းတလျှောက် အကြီးမြတ်ဆုံး တော်လှန်ရေးကြီးကို ဦးဆောင်ခဲ့တာ လက်ပစ်ဗုံးနဲ့ အစပြုခဲ့တဲ့ ပါတီ မဟုတ်ဘူး၊ ဒိုင်ယာလက်တစ် ရုပ်ဝါဒနဲ့ အစပြုခဲ့တဲ့ ပါတီ ဖြစ်တယ်”။

ထရော့စကီးရဲ့ ဒီမှတ်ချက်က အထက်ပါ မေးခွန်းကို လုံလောက်တဲ့ အဖြေပေးပြီးသားလို့ ယုံကြည်ပါတယ်။ ဒိုင်ယာလက်တစ်ဟာ စိတ်ကူးယဉ် ထိုးဇာတ် မဟုတ်သလို mysticism လဲ မဟုတ်ဘူး။ တွေးခေါ်စဉ်းစားမှု ပညာရပ်တခု (science) ဖြစ်တယ်။ ဘယ် ပညာရပ်မဆို စနစ်တကျ မလေ့လာဘဲ မတတ်နိုင်ဘူး။ ဒါ့ကြောင့် ဒိုင်ယာလက်တစ်ကိုလဲ သေချာ လေ့လာ၊ လေ့ကျင့်ထားဖို့ လိုအပ်တယ်။

## Against Cartesian Reductionism


ဘူဇွာ လူ့အဖွဲ့အစည်းရဲ့ လူမှု အိုင်ဒီယော်လဂျီကို အနှစ်ချုပ်လိုက်ရင် တသီးပုဂ္ဂလ လူသားက လူ့အဖွဲ့အစည်းထက် ရှေ့ကျတယ်၊ တသီးပုဂ္ဂလ လူသားက *ontologically* အရင် တည်ရှိခဲ့တာလို့ ဆိုကြတယ်။ အဲဒီလို သူတို့ ယူဆထားတဲ့ တသီးပုဂ္ဂလတွေဟာ လွတ်လပ်စွာ သီးခြား ရပ်တည်နိုင်တဲ့ လူမှု အက်တမ်တွေ ဖြစ်တယ်။ အဲဒီ လူမှု အက်တမ် တခုချင်းစီမှာ ကိုယ်ပိုင် ဂုဏ်သတ္တိတွေ ရှိကြတယ်။ ကိုယ်ပိုင် အကျိုးစီးပွားတွေ ရှိကြတယ်။ ဒီလို လူမှု အက်တမ်တွေက အချင်းချင်း တုံ့လှယ်ဆက်ဆံရင်း လူမှု ဆက်ဆံရေးဆိုတာ ဖြစ်လာတယ်။ ဒီ လူမှု အက်တမ်တွေ ပေါင်းစည်းရာက လူ့အဖွဲ့အစည်း ဆိုတာ ဖြစ်လာတယ်။ ဒါ့ကြောင့် လူ့အဖွဲ့အစည်းကို နားလည်ချင်ရင် "ပါဝင်ဖွဲ့စည်းထားသော" တသီးပုဂ္ဂလတွေရဲ့ ဂုဏ်အင်တွေကို နားလည်ရမယ်လို့ ဆိုလေ့ရှိတယ်။

ဒီအမြင်အရ လူ့အဖွဲ့အစည်းဆိုသော "the whole" ထက် တသီးပုဂ္ဂလဆိုသော "the part" က ရှေ့ကျတယ်၊ the whole ဆိုတာ the part ကနေ ဖြစ်လာတာ၊ ဒါ့ကြောင့် the whole ကို နားလည်ချင်ရင် the part ကို အရင် နားလည်ရမယ်။ လူ့အဖွဲ့အစည်းနဲ့ ပတ်သက်တဲ့ ဒီအမြင်ကို သဘာဝကို ရှုမြင်တဲ့ နေရာမှာလဲ တွေ့ရမယ်။ ဘူဇွာ လူ့အဖွဲ့အစည်းအတွင်း ရှင်သန်နေရတဲ့ လူတွေဟာ ရုပ်လောက သဘာဝကြီးကို ကြည့်မြင်ရာမှာလဲ ဒီအတိုင်း မြင်တတ်ကြတယ်။

ဒီအမြင်ကို ကျကျနန ဖော်ထုတ်ပေးခဲ့သူကတော့ ဒေးကား (Descartes) ဖြစ်ပါတယ်။ ၁၇ ရာစုက ဒေးကားရဲ့ *Discours* စာအုပ်မှာ အခု အနှစ်ချုပ် တင်ပြခဲ့တဲ့ အယူအဆကို အတိအလင်း ဖော်ထုတ်ထားတာ တွေ့ရမယ်။ ကာတက်စီးယန်း (Cartesian) ကမ္ဘာဟာ နာရီကြီး တလုံးနဲ့ တူတယ်၊ အဲဒီ ကမ္ဘာမှာ ဖြစ်စဉ် ဖြစ်ရပ်တွေက သီးခြား အက်တမ်တွေ အတူပေါင်းစည်းမိရာက အကျိုးဆက်အနေနဲ့ ထွက်ပေါ်လာခြင်း ဖြစ်တယ်။ အဲဒီလို ပါဝင် ဖွဲ့စည်းထားတဲ့ အစိတ်အပိုင်း တခုချင်းမှာ ဂုဏ်သတ္တိ ကိုယ်စီ ရှိကြတယ်၊ သူတို့ ဖွဲ့စည်းပေးထားတဲ့ စနစ်တခုလုံးရဲ့ အပြုအမူကို ပါဝင်တဲ့ အစိတ်အပိုင်းတွေက ပြဋ္ဌာန်းပေးတယ်။

ကာတက်စီးယန်း အမြင်မှာ ကြောင်းကျိုးဆက်နွယ်မှု လမ်းကြောင်းက ရှင်းပါတယ်၊ "part" ကနေ "whole" အက်တမ်ကနေ မော်လက်ကျူး၊ မော်လက်ကျူးကနေ သက်ရှိ၊ သက်ရှိတကောင်ကနေ သက်ရှိ အစုအဝေး၊ "the individual" ကနေ "society"၊ စသဖြင့်။

လူ့အဖွဲ့အစည်းမှာလိုပဲ သဘာဝ ရုပ်လောကမှာလဲ "part" က ontologically အရကို "whole" ထက် ရှေ့ကျတယ်။ ဒီနေရာမှာ part တွေအချင်းချင်း ကူးလူးဆက်ဆံရာက part တခုချင်းမှာ မရှိခဲ့တဲ့ ဂုဏ်သတ္တိအသစ်တမျိုးမျိုး "whole"မှာ ထွက်ပေါ် မလာနိုင်ဘူးလား။ the whole က part တွေ ပေါင်းလဒ်ထက်ပိုကြောင်း ဆိုလေ့ရှိတယ်။




(Cartesian) ကမ္ဘာဟာ နာရီကြီး တလုံးနဲ့ တူတယ်၊ အဲဒီ ကမ္ဘာမှာ ဖြစ်စဉ် ဖြစ်ရပ်တွေက သီးခြား အက်တမ်တွေ အတူပေါင်းစည်းမိရာက အကျိုးဆက်အနေနဲ့ ထွက်ပေါ်လာခြင်း ဖြစ်တယ်။

သို့သော် ဒီနေရာမှာ အဓိက ပြဿနာက part တွေ ပေါင်းစည်းမှုကြောင့် the whole မှာ ဂုဏ်သတ္တိအသစ် ထွက်ပေါ်လာခြင်း၊ မလာခြင်း ကိစ္စ မဟုတ်ဘူး။ "part က whole ထက် ရှေ့ကျတယ်၊ အရင်လာတယ်" ဆိုတဲ့ *ontological commitment* ကြောင့် အခု ပြောနေတဲ့ သိမှုဗေဒ ပြဿနာ ထွက်ပေါ်လာခြင်း ဖြစ်တယ်။

အဲဒီ ကာတက်စီးယန်း လောကအမြင်ကို Cartesian Reductionismလို့ နာမည်ပေးထားပါတယ်။ တခါတလေ ကာတက်စီးယန်း နည်းလမ်းလို့ ပြောကြတယ်။ လူ့အဖွဲ့-အစည်းနဲ့ သဘာဝအကြောင်း လေ့လာတဲ့ သိပ္ပံပညာရပ် နယ်ပယ်မှာ ဒီကနေ့ ခေတ်အထိ ဩဇာကြီးမားနေဆဲ ဖြစ်သလို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနေကြဆဲ ဖြစ်ပါတယ်။

"ဗမာပြည်မှာ ပြည်တွင်းစစ် ဖြစ်နေရတာ နိုင်ငံသား တဦးချင်းက ဒီမိုကရေစီနဲ့ မယဉ်ပါးသေးလို့၊ နိုင်ငံရေး ပြဿနာတွေကို ဒီမိုကရေစီတန်ဖိုးတွေ ကိုင်စွဲပြီး ဒီမို-ကရေစီ နည်းကျ ဖြေရှင်းတတ်တဲ့ အလေ့အကျင့် မရှိသေးလို့" ဖြစ်နေတာ၊ ဒါ့ကြောင့် "နိုင်ငံသား တဦးချင်းကို ဒီမိုကရေစီ နည်းလမ်းတွေ သင်ကြားပေးထားမယ်ဆိုရင် အကြမ်းဖက် နည်းလမ်းတွေ အသုံးပြုပြီး ဖြေရှင်းကြမှာ မဟုတ်ဘူး၊ လူ့အဖွဲ့အစည်းလဲ တည်ငြိမ် အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်သွားလိမ့်မယ်" လို့ လစ်ဘရယ် ဒီမိုကရက်တွေက ပြောလေ့ရှိတယ်။ ကြောင်းကျိုးဆက်နွယ်မှု လိုင်း ကို individuals ကနေ society ဆီ တလမ်းသွား ဆွဲထားတဲ့ *absurdity* သက်သက်ပဲ။

သူတို့အမြင်မှာ လူ့အဖွဲ့အစည်းထက် တသီးပုဂ္ဂလ လူက အရင်ကျတယ်။ ဒါဆို အဲဒီ လူကို နားလည်ဖို့ လိုတယ်။ လူကို နားလည်ချင်ရင် အဲဒီ လူကို ဖွဲ့စည်းထားတဲ့ "genetic makeup" ကို သိရမယ်။ လူရဲ့ အပြုအမူ၊ အတွေးအကြံ အားလုံးကို "genetically coded" လုပ်ထားတယ်။ ဒါ့ကြောင့် genetic level အထိ




ပိုကောင်းတဲ့ လူ့အဖွဲ့အစည်းကို ပုံသွန်းနိုင်မယ် ဆိုတဲ့ အယူအဆတွေ ကျယ်ပြန့်လာခဲ့တယ်။

တကိုယ်ကောင်းဆန်တာ၊ အများအကျိုး သယ်ပိုးလိုတာ၊ လောဘကြီးတာ၊ ဉာဏ်ရည် နိမ့်တာ မြင့်တာ၊ racist ဆန်တာ၊ မူးယစ်ဆေးစွဲတာ၊ ရာဇဝတ်မှုကျူးလွန်ချင်တာ၊ အစရှိတဲ့ trait အားလုံးကို ဗီဇမှာ ခြေရာခံနိုင်တယ်လို့ ထင်လာကြတယ်။ ဒါ့ကြောင့် "genetically determined individuals" က လူ့အဖွဲ့အစည်းကို ပုံဖော်ပေးနေခြင်း ဖြစ်တယ် ဆိုတဲ့ ကောက်ချက်ကို ရောက်ပါတယ်။ ဒီအယူအဆတွေကို ဘာ့ကြောင့် *reductionism* လို့ ပြောသလဲ စာဖတ်သူများ နားလည်ဖို့ မခက်ဘူး ထင်ပါတယ်။

## Reexamining part and whole

ဒိုင်ယာလက်တစ် အမြင်က ကာတက်စီးယန်း သဘာဝတ္ထ အမြင်နဲ့ ဆန့်ကျင်ဖက် ဖြစ်တယ်။ ဒိုင်ယာလက်တစ် အမြင်အရ the whole မရှိဘဲ ကနဦး တည်ရှိနေသော the part ဆိုတာ မရှိနိုင်ဘူး။ တနည်းအားဖြင့် part ရဲ့ *"prior existence"* ဆိုတာ မရှိဘူး။ part နဲ့ whole ကြားမှာ အထူး ဆက်နွယ်ချက်ရှိတယ်။ အထက် နဲ့ အောက် လိုပဲ တခု မရှိဘဲ အခြားတခု မရှိနိုင်ဘူး။ part လို့ ခေါ်တဲ့ အရာကို သူပါဝင် ဖွဲ့စည်း ထားတဲ့ whole က သတ်မှတ် ပေးခြင်း ဖြစ်တယ်။ ဒါ့အပြင် part ရဲ့ ဂုဏ်သတ္တိတွေဟာ တစုံတခုသော wholeရဲ့ အစိတ်အပိုင်းဖြစ်နေလို့သာ ရရှိလာခြင်း ဖြစ်တယ်၊ နဂိုကတည်းက သူ့ဘာသာ သီးခြား တည်ရှိနေခဲ့တာမျိုး (intrinsic properties) မဟုတ်ဘူး။ the whole အဖြစ် ပေါင်းစည်း ထားရင်း the part တွေမှာ ဂုဏ်သတ္တိတွေ ရရှိလာသလို the whole ကိုလဲ ဂုဏ်သတ္တိအသစ်တွေ ထွက်ပေါ်လာ စေတယ်။ part နဲ့ whole ဟာ ဒီဆက်နွယ်မှုရဲ့ အကျိုးဆက်အဖြစ် ဆင့်ကဲပြောင်းလဲသွားတယ်၊ ***ဒီဆက်နွယ်မှု ကိုယ်တိုင်လဲ*** ဆင့်ကဲ ပြောင်းလဲခြင်း ဖြစ်ပါတယ်။ ဒါဟာ ဒိုင်ယာလက်တစ်ကျတယ်လို့ ကျနော်တို့ ပြောလေ့ရှိတဲ့ ဂုဏ်သတ္တိတွေပဲ၊ အကြောင်းချင်းရာ တခုဟာ အခြား တခု မရှိဘဲ မတည်ရှိနိုင်ဘူး၊ အချင်းရာ တခုက အခြားတခုနဲ့ ဆက်နွယ်ရင်း ဂုဏ်သတ္တိတွေ ရရှိလာတယ်၊ သူတို့ချင်း အပြန်အလှန် *interpenetration* ဖြစ်နေတာရဲ့ အကျိုးဆက်အဖြစ် နှစ်ခုလုံးရဲ့ ဂုဏ်သတ္တိတွေလဲ ဆင့်ကဲ ပြောင်းလဲသွားကြတယ်။


Darwin photo by Leonard from Woodall 1884

(image- Wikimedia Commons/ public domain)

ဒါဝင်ရဲ့ သီအိုရီဟာ ဘူဇွာ အသိဉာဏ် တော်လှန်ရေးရဲ့ အမြင့်ဆုံး ထုတ်ကုန်ပဲ။ ပထမဆုံး အချက်အနေနဲ့ ပလေတိုးနစ် စိတ်ကူးစံတွေကို ငြင်းပယ်ပြီး အမှန်တကယ် တည်ရှိနေသော ဒြပ်ပစ္စည်းတွေကြားက အင်အားစု အစစ်အမှန်တွေနဲ့ အစားထိုးလိုက်တဲ့ ***ရုပ်ဝါဒ သီအိုရီ*** ဖြစ်တယ်။ ဒုတိယအချက်က တည်မြဲခြင်းကို ဆန့်ကျင်တဲ့ ***ပြောင်းလဲခြင်း သီအိုရီ*** တခု ဖြစ်တယ်။ သဘာဝ စနစ်တွေ၊ လူမှု စနစ်တွေ အားလုံးက အမြဲတစေ ပြောင်းလဲနေတယ်လို့ အီဗလူးရှင်း လောကအမြင်က ဆိုပါတယ်။ ဒါဝင် သီအိုရီမှာ တွေ့ရတဲ့ ရုပ်ဝါဒကို ပြတ်ပြတ်သားသား ကိုင်စွဲခြင်းနဲ့ ပြောင်းလဲခြင်း နိယာမကို အခိုင်အမာ ဖမ်းဆုပ်ထားခြင်းတို့ဟာ ဒိုင်ယာလက်တစ်ဆန်တဲ့ အမြင်ကို ကိုယ်စားပြုပါတယ်။

သို့သော် အီဗလူးရှင်း သီအိုရဲ့ တတိယ မျက်နှာစာ ဖြစ်တဲ့ adaptation မက်တဖောကတော့ ကာတက်စီးယန်း အမြင်စစ်စစ်ပဲ။ ဒါဝင် အမြင်မှာ အမြဲ ပြောင်းလဲနေတဲ့ ပြင်ပ ပတ်ဝန်းကျင် လောကကြီးကို သက်ရှိတွေက *adapt* လုပ်နေရတယ်၊ သက်ရှိနဲ့ သူ့ပတ်ဝန်းကျင်က သီးခြားစီ ဖြစ်တည်နေကြတယ်၊ သီးခြား ဂုဏ်သတ္တိတွေ ရှိနေတယ်လို့ ယူဆတယ်။ ပတ်ဝန်းကျင်က သူ့ဘာသာ ပြောင်းလဲနေပြီး သက်ရှိတွေက အဲဒီ ပြောင်းလဲမှုကို တုံ့ပြန်ရင်း ပြောင်းလဲသွားတယ်၊ သက်ရှိဟာ အဲဒီ ပတ်ဝန်းကျင် လောကနဲ့ သီးခြား ခွဲထုတ်ခံထားရတယ်။

ဒါဟာ သက်ရှိတွေကို ပြင်ပ ဝန်းကျင် အင်အားစုတွေရဲ့ *alienated object* လို့ ယူဆထားတဲ့ ကာတက်စီးယန်း အမြင်ပဲ၊ ဒိုင်ယာလက်တစ် အမြင်ကတော့ သက်ရှိနဲ့ ပတ်ဝန်းကျင်ဟာ interpenetrating ဖြစ်နေတယ်၊ ဒါ့ကြောင့် သူတို့ နှစ်ခုလုံးက တချိန်တည်းမှာ သမိုင်း ဖြစ်စဥ်ရဲ့ subject ဖြစ်သလို object လဲ ဖြစ်နေတယ်။

ရူပ လောကနဲ့ ဇီဝ လောကသာမက လူမှု လောက လေ့လာရာမှာ လွှမ်းမိုးနေတဲ့ ဆန်းစစ်ရေး နည်းလမ်းက တော့ အခု တင်ပြခဲ့တဲ့ Cartesian reductionism ဖြစ်ပါ တယ်။ ကာတက်စီးယန်း နည်းလမ်းမှာ ontological commitments (၄) ချက် တွေ့ရတယ် -

(၁) ဘယ်စနစ် (whole) မှာမဆို ပါဝင်ဖွဲ့စည်းထားတဲ့ အခြေခံ ယူနစ် (သို့မဟုတ်) part တွေ သဘာဝကျကျ ရှိနေတယ်။

(၂) အဲဒီယူနစ်တွေဟာ သူတို့အတွင်းသားမှာ homogeneous ဖြစ်နေတယ်။ အနည်းဆုံးတော့ သူတို့ part အဖြစ် ပါဝင်ထားတဲ့ the whole ကို သက်ရောက်မှု ရှိနေ သရွေ့ သူတို့ဟာ homogeneous ဖြစ်တယ်။

ဒါ့ကြောင့် ဒီ ကာတက်စီးယန်း reductionist အမြင် ကို ကိုင်စွဲထားတဲ့ သိပ္ပံပညာရပ်တွေရဲ့ ရည်ရွယ်ချက်က internally homogeneous ဖြစ်တဲ့ အသေးငယ်ဆုံး ယူနစ်တွေကို ရှာဖွေ ဖော်ထုတ်ရေး ဖြစ်ခဲ့တယ်။ ဓာတု ဗေဒ၊ ရူပဗေဒသမိုင်းကို ပြန်ကြည့်ရင် ဒီအချက်ကို အထင်အရှား တွေ့ရမယ်။ atomos ဆိုတဲ့ ဂရိစကားက *indivisible* (ထပ်မံ ခွဲခြမ်းလို့ မရတော့ဘူး၊ အက်တမ် သာ အသေးငယ်ဆုံး ယူနစ်) လို့ အဓိပ္ပါယ် ထွက်ပါတယ်။ သို့သော် အက်တမ် သီအိုရီ တိုးတက်လာတာနဲ့အမျှ ဒီအမြင် မှားယွင်းကြောင်း သိလာကြတယ်။ အက်တမ်တွေ ကို ပရိုတွန်၊ နျူတရွန်၊ အီလက်တရွန်တို့နဲ့ ဖွဲ့စည်းထားပြီး အက်တမ်ရဲ့ homogeneity လဲ ပျောက်ဆုံးသွားတယ်။

ကာတက်စီးယန်း လောကအမြင်ရဲ့ ဝိသေသတွေကို ပြန်ဆက်ရရင် -

(၃) part တွေက the whole အရင် ontologically တည်ရှိနေခဲ့ပြီးသား ဖြစ်တယ်။ ဆိုလိုတဲ့ သဘောက part တွေက သူ့ဘာသာ သီးခြား တည်ရှိနေပြီးသား၊ the whole ဖြစ်လာအောင် အတူ လာပေါင်းကြခြင်း ဖြစ်တယ်။ အဲဒီ part တွေမှာ သူ့နဂို အတွင်းသား ဂုဏ်သတ္တိတွေလဲ ရှိနှင့် ပြီးသား၊ သူတို့ချင်း ပေါင်းစည်းမိတဲ့အခါ the whole ကို သူတို့ဂုဏ်သတ္တိတွေ မျှပေးလိုက်ပေးကြတယ်။ ရိုးရှင်းတဲ့ ဖြစ်ရပ်တွေမှာ the whole ဆိုတာ part တွေ ပေါင်းလဒ် ထက် မပိုဘူး၊ ရှုပ်ထွေးတဲ့ ဖြစ်စဥ်တွေမှာသာ part တွေအချင်းချင်းကြား interaction ဖြစ်ရာက the whole မှာ ဂုဏ်သတ္တိအသစ်တွေ ထွက်ပေါ်လာစေတယ်။

(၄) အကြောင်းတရားနဲ့ အကျိုးဆက်က သီးခြားစီ ဖြစ်တယ်။ အကြောင်းတရားက subject ရဲ့ ဂုဏ်သတ္တိ ဖြစ်ပြီး အကျိုးဆက်က object ရဲ့ ဂုဏ်သတ္တိ ဖြစ်တယ်။ (စာရင်းအင်းပညာရပ်မှာ independent variable နဲ့ dependent variable လို့ ခွဲခြားပြောနေကြတာ ဒီသဘောပဲ)။


ဒီသဘောတရားတွေကို အခြေခံပြီး ရှုမြင်ထားတဲ့ ရုပ်ကမ္ဘာကို alienated world လို့ ကျနော်တို့ သတ်မှတ်

ရုပ်ရဲ့ အသေးငယ်ဆုံး ယူနစ် (building block of matter)ဟာ ထပ်မံ ခွဲခြားလို့ မရတော့တဲ့ atomos ဖြစ်ကြောင်း atomism အယူအဆကို စတင်ဖြန့်ဖြူးခဲ့သူ ဒီမိုကရစ်တပ်စ်



Greek philosopher Democritus, engraving by Joseph Ribera, 1786.

© Archivist/stock.adobe.com


The School of Athens" by Raffaello Sanzio da Urbino / image -wikimedia commons

ပါတယ်။ ဒါဟာ alienated လူမှု လောကရဲ့ ဖွဲ့စည်းတည်ဆောက်ပုံကို ရောင်ပြန်ဟပ်ထားတဲ့ ရုပ်လောကဖြစ်တယ်။ ၁၃ ရာစုမှာ အစပြုခဲ့ပြီး ၁၇ ရာစု၊ ၁၈ ရာစု ဘူဇွာ တော်လှန်ရေးတွေမှာ အမြင့်ဆုံး ရောက်လာပြီဖြစ်တဲ့ လူမှု ဆက်ဆံရေးတွေက alienated individual ကို အခြေခံ အကျဆုံး social actor အဖြစ် ရှေ့တန်းတင်ခဲ့ကြတယ်။ တသီးပုဂ္ဂလက ကိုယ်ပိုင် ဂုဏ်သတ္တိရှိသော လူမှု အက်တမ် ဖြစ်လာခဲ့တယ်။

## ဒိုင်ယာလက်တစ် အမြင်

ကာတက်စီးယန်း အမြင်နဲ့ ဆန့်ကျင်ဖက်ဖြစ်သော ဒိုင်ယာလက်တစ် လောကအမြင်က ဒြပ်ပစ္စည်း အားလုံးဟာ ဘယ်အဆင့်မှာမဆို *internally heterogeneous* ဖြစ်တယ်လို့ ယူဆတယ်။ ဒါ့ကြောင့် ဒိုင်ယာလက်တစ်ရဲ့ ပထမဆုံး အခြေခံ သဘောတရားက whole ဆိုတာ *heterogeneous parts* တွေရဲ့ ဆက်နွှယ်မှု တခုပဲ။ အဲဒီ part တွေဟာ whole မဖြစ်ခင် part အဖြစ် သီးခြားတည်ရှိမနေနိုင်ဘူး။ ဒါ့ကြောင့် ဒုတိယ ထွက်ပေါ်လာတဲ့ အခြေခံ သဘောတရားက part တွေရဲ့ ဂုဏ်သတ္တိဟာ နဂိုတည်းက ရှိနေခဲ့တာ မဟုတ်ဘူး၊ whole တခုခုရဲ့ part ဖြစ်နေခြင်းကြောင့် ရရှိလာတဲ့ ဂုဏ်သတ္တိတွေသာ ဖြစ်တယ်။

လူတယောက်က သူ့လက်နှစ်ဖက်ကို တောင်ပံခတ်ပြီး မပျံသန်းနိုင်ဘူး။ အဲသလိုပဲ လူအုပ်စုလိုက်ကြီး အတောင်ခတ်ပြီး ပျံမယ်ဆိုလဲ အရာထင်မှာ မဟုတ်ဘူး။ ဒါပေမယ့် လေယာဉ်ပျံတွေ၊ လေယာဉ်မောင်းသူတွေ၊ လေယာဉ်ဆီတွေ ဖန်တီးထုတ်လုပ်ပေးထားတဲ့ လူ့အဖွဲ့အစည်းကြောင့် လူတွေ ပျံသန်းသွားလာနိုင်ကြတယ်။ လူ့အဖွဲ့အစည်းက ပျံသန်းသွားတာ မဟုတ်ဘူး။ လူ့အဖွဲ့အစည်း အတွင်းက လူတွေ (individuals) ပျံသန်းသွားကြခြင်း ဖြစ်တယ်။ အဲဒီ လူတွေဟာ လူ့အဖွဲ့အစည်းရဲ့ ပြင်ပမှာဆို ဒီဂုဏ်သတ္တိကို ဘယ်တော့မှ မရရှိနိုင်ဘူး။ လူတွေ ပျံသန်းသွားနိုင်ခြင်းဟာ တသီးပုဂ္ဂလ လူသားမှာ နဂိုတည်းက ရှိနေတဲ့ (intrinsic properties) ကြောင့် မဟုတ်ဘူး။ လူ့အဖွဲ့အစည်း ဆိုသော the whole ရဲ့ အစိတ်အပိုင်း ဖြစ်နေခြင်းကြောင့် ရရှိလာတဲ့ ဂုဏ်သတ္တိတွေသာ ဖြစ်တယ်။

ဒိုင်ယာလက်တစ်လိုပဲ whole ကို ဇောင်းပေးပြောတဲ့ တခြား အတွေးအခေါ် ဂိုဏ်းတွေ ရှိပါတယ်။ ဥပမာ၊ ဇီဝကမ္မ ဖြစ်စဉ်တွေ၊ စိတ်ပိုင်းဆိုင်ရာ ဖြစ်စဉ်တွေကို သီးခြားစီ ခွဲထုတ်လို့ မရကြောင်း ဇောင်းပေးပြောတဲ့ *holistic* ကျန်းမာရေး လှုပ်ရှားမှု၊ သဘာဝ တရားကြီးရဲ့ ပေါင်းစည်းညီညွတ်မှု အကြောင်း ဇောင်းပေးပြောတဲ့ ဂေဟဗေဒ လှုပ်ရှားမှုတို့ စသဖြင့်။

အဲဒီအုပ်စုတွေနဲ့ ဒိုင်ယာလက်တစ်အမြင်ဟာ အဓိက ကွားခြားချက် နှစ်ခု ရှိပါတယ်။ holistic ကျန်းမာရေး လှုပ်ရှားမှုဆိုရင် the individual ကို အဓိက အခြေခံပြီး စဉ်းစားတယ်။ ဂေဟဗေဒ လှုပ်ရှားမှုရဲ့ အခြေခံ သဘောတရားက သဘာဝတရားကြီးနဲ့ သဟဇာတဖြစ်ဖြစ်၊ ညီညွတ်မျှတမှုရှိရှိ၊ တသားတည်းဖြစ်နေဖို့ အဓိကထားတယ်။ ဒိုင်ယာလက်တစ် အမြင်က the whole ဟာ ဟာမိုနီဖြစ်ပြီး ပင်ကိုအားဖြင့် ညီညွတ်မျှတနေတာမျိုး မဟုတ်ဘူး။ the whole ရဲ့ ဖြစ်တည်မှုက တည်မြဲနေတာမျိုး မဟုတ်ဘူး။ the wholeဟာ အတွင်းသား ဆန့်ကျင်ဖက် ဖြစ်စဉ်တွေရဲ့ ဆုံချက်ဖြစ်တယ်။ ဒီဆန့်ကျင်

ဖက် အင်အားစုတွေရဲ့ ရလဒ်အဖြစ် ဟန်ချက်ညီနေတာမျိုးကလဲ အခိုက်အတန့်သဘောပဲ။

part နဲ့ whole တို့ interpenetration ဖြစ်နေခြင်းဟာ subject နဲ့ object အကြောင်းနဲ့ အကျိုးတို့ တရားသေ တလမ်းသွားဖြစ်မနေဘဲ အပြန်အလှန် အစားထိုး နေရာပြောင်းနိုင်ခြင်းကြောင့် ဖြစ်တယ်။ ဒါဟာ ဒိုင်ယာလက်တစ်ရဲ့ တတိယ အခြေခံ သဘောတရားပဲ။

ဒိုင်ယာလက်တစ်လိုပဲ heterogeneity ကို အသိအမှတ်ပြုတဲ့ အတွေးအခေါ် ဂိုဏ်းနှစ်ခု ရှိတယ်။ အရာရာတိုင်းကို အဖြူ မဟုတ်ရင် အမည်းလို့ ပြောမရကြောင်း လစ်ဘရယ်တွေ ပြောတတ်ကြတယ်။ ဘယ်ဟာမဆို ကောင်းကျိုး ရှိသလို ဆိုးပြစ်လဲ ရှိတယ်။ ဒါ့ကြောင့် cost နဲ့ benefit ချင့်ချိန်ပြီး အဖြေထုတ်ရမယ်၊ တနည်းအားဖြင့် အစွန်း နှစ်ခုကြားထဲက အလယ်မှာ အမှန်တရား ရှိတယ်လို့ သူတို့ ယူဆတယ်။ သူတို့ အမြင်မှာ မတူညီမှုတွေက quantitative သက်သက်ပဲ၊ ပဋိပက္ခကို အလျှော့အတင်း အပေးအယူလုပ် ကြားချပြီး ဖြေရှင်းလိုက်ရင် ပြေလည်သွားမယ်။

တရုတ် တာအို အစဉ်အလာမှာ yin နဲ့ yang ဆိုတဲ့ ဆန့်ကျင်ဖက်တွေ ဟန်ချက်ညီနေရင် the whole ကို ထိန်းထားနိုင်တယ်လို့ ယူဆတယ်။ ဒီလို ဟန်ချက်ညီနေပေမယ့် yin နဲ့ yang တို့ဟာ သူတို့ရဲ့ identity ပျောက်ဆုံး မသွားဘူး။ yin လွန်ကဲနေပြီး yang ချို့တဲ့နေရင် ရောဂါဖြစ်နေပြီလို့ တရုတ် ဆေးပညာက ယူဆတယ်။ ဒါ့ကြောင့် ဟန်ချက်ညီနေခြင်းကို ***သဘာဝကျပြီး လိုလားအပ်တဲ့ အခြေအနေလို့*** သတ်မှတ်တယ်။ ဟန်ချက်ညီ သဟဇာတ ဖြစ်တဲ့ အခြေအနေ ပြန်ရောက်အောင် ဆေးဝါးနဲ့ ကြားဝင်ကုသပေးရမယ်လို့ ယူဆတယ်။ ဒီတော့ တာအို *holism* က ဟာမိုနီဖြစ်ရေး ဒေသနာပဲ၊ ဖြစ်ပေါ်တိုးတက်မှု သဘောတရား မဟုတ်ဘူး။

ဒြပ်ပစ္စည်းတွေဟာ တံ့လှယ်ဆက်ဆံရင်း တခုကို တခု ဖန်တီးပေးနေကြတယ်၊ သူတို့ part အဖြစ် ပါဝင်နေတဲ့ the whole က ဒြပ်ပစ္စည်းတွေကို ပြန်လည်ဖန်တီးတယ်၊ ဒါ့ကြောင့် ပြောင်းလဲခြင်းဟာ စနစ် အားလုံးနဲ့ စနစ် မျက်နှာစာ အားလုံးရဲ့ အခြေခံ ဝိသေသ တခု ဖြစ်တယ်။ ဒါဟာ ဒိုင်ယာလက်တစ်ရဲ့ စတုတ္ထမြောက် အခြေခံ သဘောတရားပဲ။

## ပြောင်းလဲခြင်းနဲ့ ပဋိပက္ခ

ဘူဇွာ အတွေးအခေါ်မှာ ပြောင်းလဲခြင်းဆိုတာ နဂိုရှိနေပြီးသား (အခြေခံအားဖြင့် မီဇထဲ ကိန်းအောင်းနေပြီးသား) အရာတခုခု သဘာဝကျကျ unfolding ဖြစ်လာခြင်းလို့ မြင်လေ့ရှိတယ်။ အဲဒီ ပြောင်းလဲခြင်းရဲ့ ရလဒ်တွေ တန်းစီ စားရင်းပြုပြီး သက်ရှိ (သို့မဟုတ်) လူမှုဖွံ့ဖြိုးမှု အဆင့်တွေအဖြစ် ပြောလေ့ရှိတယ်။

ပြောင်းလဲခြင်းကို process အဖြစ်ကနေ product အဖြစ် မြင်လာတဲ့ ဒီရောဂါက ဆိုရှယ်လစ် အတွေးအခေါ်ကိုလဲ ကူးစက်ခဲ့တယ်။ သမိုင်းကို လူတန်းစား တိုက်ပွဲ သမိုင်းအဖြစ် ရှုမြင်တဲ့ dynamic အမြင်အစား သမိုင်းဦးဘုံစနစ်ကနေ ကျေးပိုင်ကျွန်ပိုင်စနစ်၊ ပဒေသရာဇ်စနစ်၊ အရင်းရှင်စနစ်၊ ဆိုရှယ်လစ်စနစ်၊ စသဖြင့် အဆင့်တွေ တခုပြီး တခု ချီတက်သွားတယ်လို့ ယူဆထားတဲ့ ပုံသေကားချပ် အမြင်နဲ့ အစားထိုးခဲ့ကြတယ်။ ဒိုင်ယာလက်တစ်နဲ့ ဆန့်ကျင်ဖက်ဖြစ်တဲ့ ဒီအမြင်ကို စတာလင်နစ် “stagist theory” မှာ အထင်အရှား တွေ့ရမယ်။


အရာအားလုံးဟာ internally heterogeneous ဖြစ်တယ်ဆိုတဲ့ အဆိုပြုချက်က ကျနော်တို့ကို လမ်းနှစ်သွယ်ဆီ ပို့ပေးတယ်။ ပထမ တလမ်းက တင်ကူးပြဋ္ဌာန်းထားတဲ့ *basement* ဆိုတာမျိုး မရှိဘူး။ ဆိုလိုတဲ့ သဘောက သဘာဝ လောကအပေါ် *“a priori imposition”* မရှိဘူး၊ အတွေ့အကြုံကနေ ယေဘုယျသဘော ထုတ်ယူခြင်းသာ ရှိမယ်။ တချိန်က နောက်ထပ် ဖြိုခွဲလို့ မရနိုင်သော “basic unit” တွေလို့ ယူဆခဲ့တာ အားလုံး ဖြိုခွဲလို့ရတာတွေ ဖြစ်ကုန်တယ်။ ဒီလို ထပ်မံ ခွဲခြမ်းစိတ်ဖြာလို့ ရလာတဲ့ အတွက် လေ့လာစရာ၊ လက်တွေ့ လုပ်စရာ နယ်ပယ်တွေ ပိုများလာတယ်။

အရာအားလုံးဟာ *internally heterogeneous* ဖြစ်တယ်ဆိုတဲ့ အဆိုပြုချက်ကနေ ဒုတိယ ထွက်ပေါ်လာတဲ့ အကျိုးဆက်က တစုံတရာရဲ့ ပြောင်းလဲခြင်းကို ယင်း တစုံတရာအတွင်း ပေါင်းစည်းတည်ရှိနေတဲ့ ဆန့်ကျင်ဖက် ဖြစ်စဉ်တွေနဲ့ ရှင်းပြနိုင်တယ်။ *Heterogeneity* ဆိုတာ စုံလင်ကွဲပြားခြင်း (diversity) သက်သက် မဟုတ်ဘူး။ တစုံတခုအတွင်း ရှိနေတဲ့ part တွေ (သို့မဟုတ်) ဖြစ်စဉ်တွေက တခုကို တခု ဆန့်ကျင်ဖက်များအဖြစ် confront လုပ်တယ်။ ဒီဆန့်ကျင်ဖက်တွေဟာ သူတို့ part အဖြစ်

ပါဝင်နေသော the whole အပေါ် မူတည် ဖြစ်ပေါ်နေတယ်။

ဒိုင်ယာလက်တစ် ကမ္ဘာဟာ ဘယ်ရှုထောင့် ဘယ်မျက်နှာစာကပဲကြည့်ကြည့် အမြဲမပြတ် ပြောင်းလဲလှုပ်ရှား နေတယ်။ သို့သော် ဒီပြောင်းလဲ လှုပ်ရှားမှုက တပြေးညီ၊ တသမတ်တည်း ဖြစ်ပေါ်နေတာ မဟုတ်ဘူး။ သူ့ဝင်ရိုးပေါ် သူ လည်ပတ်နေတဲ့ ကမ္ဘာတောင် ဘူမိအချိန်နဲ့ တိုင်းတာမယ်ဆိုရင် တသမတ်တည်း မဟုတ်ဘူးဆိုတာ တွေ့ရမယ်။ အချိန်နဲ့အမျှ စနစ်တွေ ဖြစ်ပေါ်တိုးတက်နေတာဟာ ဆန့်ကျင်ဖက် အင်အားစုတွေ၊ ဆန့်ကျင်ဖက် ရွေ့လျားမှုတွေကြောင့်လို့ ဆိုနိုင်တယ်။

ဆန့်ကျင်ဖက် အင်အားစုတွေ ဖြစ်ပေါ်လာခြင်းကနေ ဒိုင်ယာလက်တစ် အတွေးအခေါ်မှာ အငြင်းပွားဆုံး၊ အခက်ခဲဆုံး ဖြစ်သလို အရေးကြီးဆုံး အယူအဆ ဖြစ်တဲ့ ပဋိပက္ခ သဘောတရား ထွက်ပေါ်လာတယ်။ တချို့အတွက် ပဋိပက္ခဟာ သိမှုဗေဒ သဘောတရား သက်သက်ပဲ။ သမိုင်းတလျှောက် ဆန့်ကျင်ဖက် သီအိုရီတွေ ထွက်ပေါ်လာရာက သဘာဝ လောကကို အမြင်အသစ်နဲ့ နားလည်လာတယ် ဆိုတဲ့ ပုံစံ ဖော်ပြလေ့ရှိတယ်။ (Kuhn ၁၉၆၂) ရဲ့ သိပ္ပံ ပညာရပ် တော်လှန်ရေး သီအိုရီမှာတောင် ဒီသဘောမျိုး တွေ့ရမယ်။ ရှေ့က



Friedrich Engels (Zürich 1893) / wikimedia commons

သီအိုရီ တခုရှိမယ်၊ အဲဒီ သီအိုရီကို ဆန့်ကျင်တဲ့ နောက်သီအိုရီ တခု ထွက်ပေါ်လာမယ်၊ သူတို့ချင်း ပဋိပက္ခဖြစ်မယ်၊ ဒီကနေ ပိုသစ်လွင်တဲ့ သီအိုရီတခု ထပ်ထွက်လာမယ်၊ ဒါပေမယ့် ပဋိပက္ခ ချုပ်ငြိမ်းမသွားဘူး၊ အသစ်တမျိုး ထပ်ထွက်လာမယ်။

တချို့ကျတော့ ပဋိပက္ခကို သိမှုဗေဒအပြင် နိုင်ငံရေးမှာပါ လက်ခံထားကြတယ်။ လူတန်းစားတွေ ကြားက သမိုင်းရဲ့ မောင်းနှင်အားလို့ သူတို့ လက်ခံတယ်။ ဒီတော့ ပဋိပက္ခက အနည်းဆုံး လူ့အဖွဲ့အစည်း အဆင့်မှာ *ontological property* ရှိလာတဲ့ သဘောပဲ။

ကျနော်တို့အမြင်က ပဋိပက္ခဟာ သိမှုဗေဒနဲ့ နိုင်ငံရေးမှာပဲ ရှိနေတာ မဟုတ်ဘူး၊ အကျယ်ပြန့်ဆုံး အနက်နဲ့ *ontological* ဖြစ်တယ်လို့ လက်ခံထားတယ်။ *ပဋိပက္ခဟာ နေရာတိုင်းမှာ ရှိတယ်၊* လူ့အဖွဲ့အစည်း အင်စတီကျူးရှင်းတွေမှာပဲ ရှိနေတာမျိုး မဟုတ်ဘူး၊ သဘာဝလောကမှာလဲ နေရာတိုင်းမှာ ပဋိပက္ခ ရှိတယ်။ ဒါ့ကြောင့် အန်းဂယ်(စ်)က *Dialectics of Nature* မှာ အခုလို မှတ်ချက်ပြုခဲ့တယ် -

> "ကျနော့်အဖို့ သဘာဝရဲ့ ဒိုင်ယာလက်တစ် နိယာမတွေကို တည်ဆောက်ယူရမယ့် ပြဿနာဆိုတာ မရှိနိုင်ဘူး၊ သဘာဝအတွင်း ရှိနေတဲ့ ယင်းနိယာမတွေကို တူးဆွရှာဖွေပြီး အဆင့်ဆင့် ဖော်ထုတ်သွားဖို့ပဲ ရှိတယ်။"

ရုပ်ပစ္စည်းတွေဟာ ဆန့်ကျင်ဖက် အင်အားစုတွေရဲ့ လုပ်ဆောင်ချက်ကြောင့် ပြောင်းလဲတယ်၊ ရုပ်ပစ္စည်းတွေရဲ့ လက်ရှိ ဖြစ်တည်မှုဟာ ဆန့်ကျင်ဖက် အင်အားစုတွေ ယာယီ ဟန်ချက်ညီနေခြင်းကြောင့် ဖြစ်တယ်။ ဒိုင်ယာလက်တစ် အမြင်အရ မှျခြေဆိုတာ ရုပ်ပစ္စည်းတွေရဲ့ သဘာဝ အခြေအနေ မဟုတ်ဘူး၊ ဒီအခြေအနေမှာ တည်ရှိနေခြင်းရဲ့ ရှင်းလင်းချက်ကို ဆန့်ကျင်ဖက် အင်အားစုတွေရဲ့ လုပ်ဆောင်ချက် အသီးသီးမှာ ရှာဖွေရမယ်။

ကျနော်တို့က ပဋိပက္ခကို *self-negation* လို့ ပထမဆုံး မြင်တယ်။ ဒီနေရာမှာ self-negation က ပြောင်းလဲခြင်း တရားအကြောင်း ငြင်းချက်တွေ ထုတ်ရာက ထွက်

ပေါ်လာတဲ့ ယေဘုယျသဘော ဖြစ်နိုင်ချေသက်သက် မဟုတ်ဘူး။ ကျနော်တို့ *self-negation* ကို သဘာဝနဲ့ လူ့အဖွဲ့အစည်းမှာ အမြဲ တွေ့နေရတာပဲ။ အထင်ကရ နမူနာတခု ပေးရရင် အရင်းရှင်စနစ်မှာ လွတ်လပ်စွာ ယှဉ်ပြိုင်ခြင်းကို ကဖျက်ယပျက် လုပ်ခဲ့လို့ *monopoly* ထွက်ပေါ်လာတာ မဟုတ်ဘူး။ လွတ်လပ်စွာ ယှဉ်ပြိုင်ခြင်းကို အောင်အောင်မြင်မြင် ကျင့်သုံးနိုင်ခဲ့လို့ အကျိုးဆက်အနေနဲ့ *monopoly* ထွက်ပေါ်လာခြင်း ဖြစ်တယ်။ ဥပမာ ထပ်ပေးရရင် သတင်းစာ လွတ်လပ်ခွင့်က စာနယ်ဇင်း ပိုင်ရှင်တွေရဲ့ လွတ်လပ်စွာ သတင်းထိန်းချုပ်ပိုင်ခွင့် ဖြစ်သွားခဲ့တယ်။

ပဋိပက္ခရဲ့ ဒုတိယ မျက်နှာစာက အပြန်အလှန် ဖယ်ထုတ်နေတဲ့ ဆန့်ကျင်ဖက် အင်အားစုတွေ၊ ဖြစ်စဉ်တွေဟာ ခွဲထုတ်လို့ မရအောင် အပြန်အလှန် ထိုးဖောက်ပြီး စိမ့်ဝင်ပျံ့နှံ့နေကြတယ်။ သက်ရှိနဲ့ ပတ်ဝန်းကျင်၊ subject နဲ့ object အကြောင်းနဲ့ အကျိုး၊ အစရှိသည်တို့ interpenetration (အပြန်အလှန် စိမ့်ဝင်ပျံ့နှံ့ခြင်း) ဖြစ်နေတာကို သာဓကဆောင်ပြလို့ ရပါတယ်။

random နဲ့ deterministic ဟာ ရုတ်တရက် ကြည့်ရင် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေတဲ့ သဘောတွေ။ သို့သော် ဒီနှစ်ခုဟာ သီးခြားခွဲထုတ်လို့ မရအောင် အပြန်အလှန် ထိုးဖောက် စိမ့်ဝင်နေတယ်။ ကွန်ပြူတာ stimulation အတွက် အသုံးပြုဖို့ random ကိန်းဂဏန်းတွေ ထွက်လာအောင် deterministic process က လုပ်ပေးနေခြင်း ဖြစ်တယ်။ လမ်းပေါ်က ယဉ်တိုက်မှုတွေ၊ ထိခိုက် သေဆုံးမှုတွေဟာ random ဖြစ်နေတာပဲ။ ဒါပေမယ့် အဲဒီ random ဖြစ်စဉ်တွေကို အခြေခံပြီး deterministic ခန့်မှန်းချက်တွေ တွက်ယူလို့ရကြောင်း အသက်အာမခံ ကုမ္ပဏီကြီးတွေ ကောင်းကောင်း သိတယ်။

လေဘာနဲ့ အရင်းဟာ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေတဲ့ အင်အားစုတွေ ဖြစ်တယ်။ သို့သော် လေဘာဆိုတာ မရှိရင် Capital ဆိုတဲ့ အရင်းလဲ မတည်ရှိနိုင်ဘူး။ အလုပ်သမား လူတန်းစားရဲ့ လေဘာကနေ ပိုလျှံ တန်ဖိုး (surplus value) ထုတ်ယူနိုင်ခြင်း မရှိရင် အရင်း ဆိုတာ မရှိနိုင်သလို အရင်းရှင် လူတန်းစားနဲ့ အရင်းရှင် လူ့အဖွဲ့အစည်းလဲ မတည်ရှိနိုင်ဘူး။ ဒါ့ကြောင့် အရင်းရှင်စနစ်ကိုယ်တိုင်က သူ့ကို ဖြိုချပစ်မယ့် (social force) ခေတ်သစ် အလုပ်သမား လူတန်းစားကို မွေးထုတ်ပေးခဲ့ခြင်း ဖြစ်တယ်လို့ မာ့(က်စ်) ပြောခဲ့တာပဲ။

အောက်တိုဘာတော်လှန်ရေးက မာ့(က်စ်)ရဲ့ဒိုင်ယာလက်တစ် ရုပ်ဝါဒ မှန်ကန်ကြောင်း သက်သေပြခဲ့ပြီ။ အောက်တိုဘာ တော်လှန်ရေးက စတင်ခဲ့တဲ့ ကမ္ဘာ့ဆိုရှယ်လစ် တော်လှန်ရေးကို ဆုံးခန်းတိုင် ဆင်နွှဲရေးဟာ ကျနော်တို့ ပုခုံးထက် ကျရောက်လာခဲ့ပြီ။

မှတ်ချက်။ ။ အယ်ဒီတာ့ အာဘော် ဆိုပေမယ့် ဒိုင်ယာလက်တစ်နဲ့ ပတ်သက်တဲ့ ဖွင့်ဆိုချက်တွေ၊ အမြင်တွေဟာ ကျနော်တို့ရဲ့ original idea တွေ၊ တီထွင်ကြံဆချက်တွေ မဟုတ်ပါဘူး၊ Richard Levins နဲ့ Richard Lewontin တို့ ရေးသားတဲ့ “The Dialectical Biologist” စာအုပ်ကို လေ့လာပြီး တင်ပြထားခြင်း ဖြစ်ပါတယ်။



# ဖွိုက်ယဘတ်[ခ်]နဲ့ ပတ်သက်သော စစ်တမ်းများ


Karl Marx (1845)

(၁)

ဖွိုက်ယဘတ်(ခ်)ရဲ့ ရုပ်ဝါဒအပါအဝင် ကနေ့အထိ ရှိသမျှ ရုပ်ဝါဒအားလုံးရဲ့ အဓိက ချို့ယွင်းချက်က အာရုံခံ အတွေ့အကြုံ၊ အရှိတရားနဲ့ ရုပ်ကမ္ဘာကို ***လေ့လာခံ အချင်းအရာ၊ တွေးခေါ်ကြည့်စရာ ရုပ်ပစ္စည်း*** အဖြစ်ပဲ သဘောထားတယ်၊ ***လူသားတွေကိုယ်တိုင် အမှန်တကယ် လုပ်အားစိုက်ထုတ်ပြီး ပါဝင်လုပ်ဆောင်နေတဲ့*** ရုပ်ကမ္ဘာ အဖြစ် မမြင်ကြဘူး။ ဒီနေရာမှာ စိတ်ဝါဒက ရုပ်ဝါဒနဲ့ ဆန့်ကျင်ဖက်ပဲ။ လူရဲ့ ***လက်တွေ့ လုပ်နိုင်စွမ်း*** ကို စိတ်ဝါဒ ဘက်က အသိအမှတ်ပြု ဖော်ထုတ်ပေးခဲ့တယ်၊ သို့သော် ရုပ်ခန္ဓာနဲ့ အမှန်တကယ် လုပ်ဆောင်ရသော အခိုင်အမာ အလုပ်အဖြစ် စိတ်ဝါဒက နားမလည်ဘူး၊ လူရဲ့ လက်တွေ့ လုပ်နိုင်စွမ်းကို စိတ်သဘောအနေနဲ့သာ ဖော်ထုတ်ခဲ့ခြင်း ဖြစ်တယ်။ ဖွိုက်ယဘတ်(ခ်)က စိတ်ကူးထည်သက်သက် မဟုတ်ဘဲ၊ အသွေးအသား ကိုယ်ထည်ရှိတဲ့ အစစ်အမှန် ရုပ်ပစ္စည်းတွေကို အဓိကထား လေ့လာချင်တယ်၊ သို့သော် လူသားရဲ့ လက်တွေ့ လုပ်ဆောင်ချက်ကိုယ်တိုင်က ***ရုပ်ကမ္ဘာကို ပြုပြင်ပုံဖော်နိုင်စွမ်းရှိသော အခိုင်အမာ လုပ်ရပ်*** အဖြစ် သူမမြင်ခဲ့ဘူး။ ဒါ့ကြောင့် **‘ခရစ်ယာန်ဘာသာ၏ အနှစ်သာရ’** စာအုပ်မှာ တွေးခေါ် မြော်မြင်ရေး စိတ်သဘောထားကိုပဲ လူပီသတဲ့ စိတ်သဘောထားလို့ သူ သတ်မှတ်တယ်၊ လက်တွေ့အလုပ်ကိုတော့ ညစ်ညမ်း နိမ့်ကျသော အရာတွေအဖြစ်ပဲ ဖွိုက်ယဘတ်(ခ်) သဘော ထားခဲ့တယ်။ အဲဒီလို သဘောထားခဲ့လို့ “တော်လှန် ပြောင်းလဲနိုင်သော”၊ “ဝေဖန်ပိုင်းခြားနိုင်သော လက်တွေ့” အလုပ်ရဲ့ အရေးပါမှုကို သူ မဖမ်းဆုပ်နိုင်ခဲ့ဘူး။

(၂)

လူသားရဲ့ စဉ်းစားတွေးခေါ်မှုက ဓမ္မဓိဋ္ဌာန်ကျကျ မှန်ကန်မှု ရှိသလား ဆိုတဲ့ ပြဿနာကို သဘောတရားရေး ငြင်းခုန်မှုသက်သက်နဲ့ မဖြေရှင်းနိုင်၊ လက်တွေ့ လုပ်ဆောင် မှုနဲ့သာ ဖြေရှင်းနိုင်တယ်။ လူဟာ အမှန်တရားကို သက်သေထူပြရမယ်၊ ဆိုလိုသည်မှာ လူသားရဲ့ အတွေး-အခေါ် အယူအဆတွေက ရုပ်ကမ္ဘာကြီးနဲ့ ကိုက်ညီမှုရှိပြီး အပြောင်းအလဲကို ဖြစ်ပေါ်စေနိုင်တဲ့ စွမ်းပကား ရှိ ကြောင်း၊ လူရဲ့ စဉ်းစားတွေးခေါ်မှုက ရုပ်ဘဝမှာ အခြေ တည်ထားကြောင်း လက်တွေ့ကျကျ စမ်းသပ်လုပ်ဆောင် ပြီး သက်သေထူရမယ်။ လက်တွေ့လုပ်ဆောင်မှု မပါဘဲ အတွေးအခေါ်တွေ မှန် မမှန် ထိုင်ငြင်းနေခြင်းဟာ ***ကျောင်းတော်ဝါဒီ*** ဆန်တဲ့ အချည်းနှီး လုပ်ရပ်ပဲ။



(၃)

"လူဟာ ဝန်းကျင် အခြေအနေနဲ့ လေ့ကျင့်ပျိုးထောင်ခြင်းရဲ့ အသီးအပွင့်တွေ ဖြစ်ကြောင်း၊ ဒါ့ကြောင့် ပြောင်းလဲသွားတဲ့ လူသားဟာ ပြောင်းလဲသွားသော ဝန်းကျင် အခြေအနေနဲ့ လေ့ကျင့်ပျိုးထောင်ခြင်းတို့ရဲ့ ရလဒ်သာ ဖြစ်ကြောင်း ရုပ်ဝါဒက ဆိုတယ်။ ယင်းရုပ်ဝါဒအမြင်က လူတွေဟာ သူတို့ကြီးပြင်းရာ အခြေအနေတွေကို ပြောင်းလဲဖန်တီးနိုင်ကြောင်း၊ ပျိုးထောင် လေ့ကျင့်ပေးသူကိုလဲ ပျိုးထောင် လေ့ကျင့်ပေးထားဖို့ မဖြစ်မနေ လိုအပ်ကြောင်း မေ့နေတတ်တယ်။ ဒါ့ကြောင့် ဒီအယူဝါဒအရ လူ့အဖွဲ့အစည်းကို နှစ်ပိုင်းခွဲပစ်လိုက်ရပြီး တပိုင်းက လူအများထက် ခေါင်းတလုံး ပိုမြင့်သူတွေ ဖြစ်သွားတယ်။ လူသားတွေက ဝန်းကျင် အခြေအနေကို ပြောင်းလဲဖန်တီးရင်း သူတို့ကိုယ်သူတို့လည်း ပြောင်းလဲပစ်တယ်။ ဒီလို တပြိုင်နက် ပြောင်းလဲမှုကို ***တော်လှန်ရေး လက်တွေ့လုပ်ဆောင်မှု*** အဖြစ်သာ ရှင်းရှင်းလင်းလင်း နားလည်နိုင်တယ်။"

(၄)

ဖွိုက်ယဘက်(ခ်)က လူသားတွေဟာ ဘာသာရေးကြောင့် လူသားအနှစ်သာရကနေ ကင်းကွာသွားကြတယ်၊ လူသားတွေဟာ ကမ္ဘာလောကကို ဘာသာရေး လောကနဲ့ လောကီရေး နယ်ပယ်အဖြစ် နှစ်မျိုး ခွဲထားကြတယ် ဆိုတဲ့ အချက်ကနေ အစပြုတယ်။ ဘာသာရေး လောကဟာ လောကီ လူ့ဘောင်ကို အခြေခံပြီး ဖန်တီးထားခြင်း ဖြစ်ကြောင်း သက်သေပြဖို့ ဖွိုက်ယဘက်(ခ်) ကြိုးပမ်းခဲ့တယ်။

ဒါပေမဲ့ လောကီ လူ့ဘောင်ဟာ သူ့ကိုယ်သူ ခွဲထုတ်ပြီး ကောင်းကင်ယံမှာ သီးခြား လောကတရပ်ကို သူ့ဘာသာ ဖန်ဆင်း တည်ဆောက်ထားတယ်။ အဲဒီလို တည်ဆောက်ထားတာဟာ လောကီ လူ့ဘောင်အတွင်း ပဋိပက္ခတွေ၊ အက်ကွဲမှုတွေ ဒင်းကြမ်းပြည့်နေလို့ပဲ။ ဒါ့ကြောင့် လောကီ လူ့ဘောင်ရဲ့ ကိုယ်တွင်း ပဋိပက္ခတွေကို ဖမ်းဆုပ်နားလည်ပြီး အဲဒီလောကကို လက်တွေ့လုပ်ဆောင်မှုနဲ့ တော်လှန်ပြောင်းလဲပစ်ရမယ်။ ဥပမာအားဖြင့် မွန်မြတ်သန့်စင်တဲ့ ဘုရားမိသားစုဆိုတာ လောကီ လူသား မိသားစုကနေ ပေါက်ဖွားလာတဲ့ အယူအဆမှန်း နားလည်သိရှိပြီဆိုရင် လောကီ လူသား မိသားစုကို သီအိုရီနဲ့ရော၊ လက်တွေ့နဲ့ရော တော်လှန်ပစ်ရမယ်။

(၅)

ဖွိုက်ယဘတ်(ခ်)က စိတ်ကူးသက်သက် ယေဘုယျဆင်ခြင်တွေးခေါ်မှုမျိုးကို အားမရဘူး၊ လူသားရဲ့ အာရုံခံစားမှုတွေကို အခြေခံပြီး ဆင်ခြင်တွေးတောချင်တယ်။ ဒါပေမဲ့ သူက အာရုံသိ အတွေ့အကြုံကို အာရုံခံစားနိုင်တဲ့ လူသားကိုယ်တိုင် လက်တွေ့လုပ်ဆောင်မှုအဖြစ် (ရုပ်ပိုင်းဆိုင်ရာနဲ့ လူမှုရေးဆိုင်ရာ လှုပ်ရှားမှုအဖြစ်) မမြင်နိုင်ဘူး။



လောကီ လူ့ဘောင်ရဲ့ ကိုယ်တွင်း ပဋိပက္ခတွေကို ဖမ်းဆုပ်နားလည်ပြီး အဲဒီလောကကို လက်တွေ့ လုပ်ဆောင်မှုနဲ့ တော်လှန်ပြောင်းလဲပစ်ရမယ်

(၆)

ဘာသာရေး အနှစ်သာရဆိုတာ လူသား အနှစ်သာရကို ရောင်ပြန်ဟပ်ထားခြင်း ဖြစ်တယ်လို့ ဖွိုက်ယဘတ်(ခ်) က ဆိုတယ်။ ဒါပေမဲ့ လူသား အနှစ်သာရဆိုတာ လူသား တဦးချင်းစီ မွေးကတည်းက ပါလာတဲ့ သဘာဝ တခု မဟုတ်ဘူး။

လက်တွေ့ဘဝမှာတော့ လူ့အဖွဲ့အစည်းဆိုင်ရာ ဆက်ဆံရေး အပေါင်းအစုက လူသား အနှစ်သာရကို ဖန်တီးထုဆစ်ပေးခြင်း ဖြစ်တယ်။ လက်တွေ့ဘဝထဲက အဲဒီ အနှစ်သာရကို အခုလို ဝေဖန်ဆန်းစစ်မှု မပြုခဲ့တဲ့ ဖွိုက်ယဘတ်(ခ်)ဟာ အကျိုးဆက်အနေနဲ့ -

(၁) ဘာသာရေးကို သမိုင်းဖြစ်စဉ်နဲ့ ခွဲထုတ်ပြီး ဘာသာရေး စိတ်သဘောထားကို သူ့ဘာသာ အမြဲတည်ရှိနေတဲ့ အရာတခုအဖြစ် သတ်မှတ်သလို လူသားကိုလဲ သီးခြား တည်ရှိနေတဲ့ တသီးပုဂ္ဂလ တွေအဖြစ် ယူဆတယ်၊

(၂) ဒါ့ကြောင့် အနှစ်သာရ ဆိုတာ တသီးပုဂ္ဂလ လူသားများကို သဘာဝအလျောက် ပေါင်းစည်းပေးတဲ့ မွေးရာပါ အတွင်းသား ယေဘုယျ တရားတခု အဖြစ်သာ သူနားလည်နိုင်တယ်။

(၇)

အကျိုးဆက်အနေနဲ့ "ဘာသာရေး စိတ်သဘောထား" ကို လူ့အဖွဲ့အစည်းရဲ့ အထွက်ပစ္စည်းလို့ ဖွိုက်ယဘတ်(ခ်) မမြင်တော့ဘူး။ သူ ခွဲခြမ်းစိတ်ဖြာနေတဲ့ ယေဘုယျ တသီးပုဂ္ဂလ လူသားကို လူ့အဖွဲ့အစည်း တခုခုအတွင်း ရှင်သန်နေထိုင်တဲ့ လူသားများအဖြစ် မမြင်နိုင်ဘူး။

(၈)

လူမှုဘဝဟာ အခြေခံအားဖြင့် လက်တွေ့ဆန်တယ်။ သီအိုရီတွေကို ယုတ္တိလွန် ယုံကြည်မှုနယ်ထဲ ရောက်သွားစေတဲ့ ပဟေဠိအားလုံးကို လူသားတွေရဲ့ လက်တွေ့ အလုပ်နဲ့သာ ယာထဘူတကျကျ ဖြေရှင်းနိုင်တယ်၊ အဲဒီ လက်တွေ့ လုပ်ဆောင်မှုအကြောင်း နားလည်မှုသာ ယထာဘူတ အဖြေက ရှင်းလင်းသွားမယ်။

(၉)

ရှုကြည့်ဆင်ခြင်တတ်သော ရုပ်ဝါဒ၊ ဆိုလိုတာက အာရုံခံ အတွေ့အကြုံကို လက်တွေ့ လုပ်ဆောင်မှုအဖြစ် နားမလည်သော ရုပ်ဝါဒ အမြင့်ဆုံး လုပ်နိုင်တာဆိုလို့ တသီးပုဂ္ဂလ လူသားတွေနဲ့ သူတို့ရဲ့ နေ့စဉ် လူမှုစီးပွား ဘဝကို ရှုကြည့်သုံးသပ်တာပဲ ရှိတယ်။

(၁၀)

ရုပ်ဝါဒအဟောင်းက အကျိုးစီးပွား ကိုယ်စီရှိသော လူသားတို့ရဲ့ လူမှုဘဝကို အခြေခံပြီး ရှုမြင်တယ်။ ရုပ်ဝါဒ အသစ်က လူ့သမဂ္ဂတခုလုံး (သို့မဟုတ်) လူ့အဖွဲ့အစည်းကို ပုံဖော်ဖို့ စုပေါင်း လှုပ်ရှားနေတဲ့ လူသားတရပ်လုံးကို အခြေခံပြီး ရှုမြင်တယ်။

(၁၁)

ဒဿနပညာရှင်တွေဟာ လောကကို နည်းအမျိုးမျိုးနဲ့ အဓိပ္ပါယ်ဖွင့်ဖို့သာ လုပ်ခဲ့ကြတယ်။ ဒါပေမယ့် အရေးကြီးဆုံးက လောကကို ပြောင်းလဲပစ်ဖို့ပဲ။

မြန်မာပြန်သူ - သူရိန်မွန်

# မာ့က်စ်ရဲ့ ဒဿနဆိုင်ရာ တော်လှန်ရေး

## ဖွိုက်ယဘက်[ခ်] စစ်တမ်းများ လေ့လာချက်

Alan Woods

"လူသားရဲ့ စဉ်းစားတွေးခေါ်မှုက ဓမ္မဓိဋ္ဌာန်ကျကျ မှန်ကန်မှု ရှိသလား ဆိုတဲ့ ပြဿနာကို သဘောတရားရေး ငြင်းခုန်မှုသက်သက်နဲ့ မဖြေရှင်းနိုင်၊ လက်တွေ့ လုပ်ဆောင်မှုနဲ့သာ ဖြေရှင်းနိုင်တယ်။ လူဟာ အမှန်တရားကို သက်သေထူပြရမယ်၊ ဆိုလိုသည်မှာ လူသားရဲ့ အတွေးအခေါ် အယူအဆတွေက ရုပ်ကမ္ဘာကြီးနဲ့ ကိုက်ညီမှုရှိပြီး အပြောင်းအလဲကို ဖြစ်ပေါ်စေနိုင်တဲ့ စွမ်းပကားရှိကြောင်း၊ လူရဲ့ စဉ်းစားတွေးခေါ်မှုက ရုပ်ဘဝမှာ အခြေတည်ထားကြောင်း လက်တွေ့ကျကျ စမ်းသပ်လုပ်ဆောင်ပြီး သက်သေထူရမယ်။ လက်တွေ့လုပ်ဆောင်မှု မပါဘဲ အတွေးအခေါ်တွေ မှန် မမှန် ထိုင်ငြင်းနေခြင်းဟာ ကျောင်းတော်ဝါဒီဆန်တဲ့ အချည်းနှီး လုပ်ရပ်ပဲ။"

(*မာ့က်စ်၏ 'ဖွိုက်ယဘက်[ခ်] ဒုတိယစစ်တမ်း'* မြန်မာပြန် - သူရိန်မွန်)



သိမှုဗေဒ ပြဿနာဟာ ဒဿနိကဗေဒ နယ်ပယ်ရဲ့ နှလုံးသည်းပွတ် ဗဟိုချက်နေရာကို ယူထားခဲ့တာ ရာစုနှစ်များစွာ ကြာခဲ့ပါပြီ။ ဒါပေမယ့် ဒီပြဿနာဆိုတာ ကြီးဟာ လူသားရဲ့ သိမြင်မှတ်သားမှုကို

(က) ရုပ်ခန္ဓာမှ သီးခြားကင်းကွာနေသော တစုံတရာအဖြစ်၊ နောက်

(ခ) ရုပ်ကမ္ဘာလောကမှ သီးခြား ကင်းကွာနေသော တစုံတရာအဖြစ် မှတ်ယူလိုက်မှသာ ထွက်ပေါ်လာခြင်း ဖြစ်တယ်။

ဒီနေရာမှာ ကျနော်တို့ တွေ့ရတာက အသိစိတ်ကို တဖက်သတ်ကျကျ ရှုမြင်ခြင်း ဖြစ်တယ်။ အသိစိတ်ကို ကျနော်တို့နဲ့ "ပြင်ပဗဟိဒ္ဓ"ကမ္ဘာလောကကြား တံတိုင်းခတ်ထားတဲ့ ***အဟန့်အတားတရပ်*** အဖြစ် ရှုမြင်ပုံဖြစ်တယ်။ တကယ့်တကယ်တမ်းမှာတော့ ကျနော်တို့ဟာ ဒီကမ္ဘာလောကရဲ့ တစိတ်တပိုင်းသာ ဖြစ်တယ်။ ဒီကမ္ဘာလောကမှ ကင်းကွာနေခြင်း မရှိဘူး။ အသိစိတ်ဟာလည်း ကျနော်တို့နဲ့ ကမ္ဘာလောကကို သီးခြားဆီ ကွဲပြားစေတာမျိုး မဟုတ်ဘူး၊ ကျနော်တို့ကို ***ကမ္ဘာလောကနဲ့ ချိတ်ဆက်ပေးတဲ့*** အရာသာ ဖြစ်တယ်။ အစအဦးတည်းက လူသားတွေနဲ့ ရုပ်ကမ္ဘာလောကကြားက ဆက်နွယ် ပတ်သက်မှုဟာ ***ပြင်ပကနေ ဆင်ခြင်သုံးသပ်ရုံသက်သက် မဟုတ်ဘဲ၊ ကမ္ဘာလောကအတွင်း တသားတည်း သက်ဝင်လှုပ်ရှားပါဝင်ခြင်းဖြစ်တယ်။***

ကျနော်တို့ဟာ ဦးနှောက်နဲ့ပဲ တွေးခေါ်တာ မဟုတ်ဘူး၊ ခန္ဓာကိုယ်တခုလုံးနဲ့ တွေးခေါ်သမှု ပြုကြတယ်။ တွေးခေါ်မှုကို ("ခန္ဓာစက်ယန္တရားအတွင်းက ဝိညာဉ်လိပ်ပြာ"လို့) သီးခြားတည်ရှိနေသော လုပ်ဆောင်ချက်တရပ်အဖြစ် ရှုမြင်လို့ မရဘူး။ တွေးခေါ်စဉ်းစားခြင်းကို ***လူသား အတွေ့အကြုံတစုံလုံးရဲ့ အစိတ်အပိုင်းအဖြစ်၊ လူသား အာရုံခံစား လုပ်ဆောင်မှုရဲ့ အစိတ်အပိုင်းအဖြစ်၊ နောက် ကမ္ဘာလောကနဲ့ တခြားသော လူတွေနဲ့ တုန့်ပြန်ဆက်နွယ်မှုရဲ့ အစိတ်အပိုင်းအဖြစ် ရှုမြင်မှ ရမယ်။*** တွေးခေါ်မှုကို ဒီရှုပ်ထွေးလှသော စဉ်ဆက်မပြတ် တုန့်ပြန်ဆက်နွယ်မှု ဖြစ်စဉ်ကြီးရဲ့ အတွင်းသား အစိတ်အပိုင်းအဖြစ် မြင်ရမယ်။ အတွေ့အကြုံ ပြင်ပမှာ စက်ယန္တရားဆန်ဆန် နေရာချထားတဲ့ သီးခြား လုပ်ဆောင်မှုအဖြစ် မြင်လို့ မရဘူး။

စိတ်၊ အသိစိတ်၊ ဝိညာဏ စတာတွေကို ရုပ်တရားနဲ့ သီးခြား ကင်းကွာနေသော တစုံတရာအဖြစ် ရှုမြင်တဲ့ အယူအဆကို ရုပ်ဝါဒက ငြင်းပယ်တယ်။ အတွေးအခေါ်ဟာ ဦးနှောက် တည်ရှိခြင်းရဲ့ သက်ဝင်လှုပ်ရှားမှု ပုံစံသာ ဖြစ်တယ်။ တွေးခေါ်စဉ်းစားနိုင်စွမ်းဟာ အသက်ဓာတ်လိုပဲ ဒြပ်တွေကို အလွန်တရာ ရှုပ်ထွေးပြီး အဆင့်မြင့်မြင့် စုစည်းထားမှသာ ထွက်ပေါ်လာနိုင်တယ်။ စိတ်ဆိုတာ ဦးနှောက်နဲ့ အာရုံကြောစနစ်ရဲ့ လုပ်ဆောင်ချက် အားလုံးကို စုစည်းပေါင်းရုံးထားခြင်း ဖြစ်တယ်။ ***သို့ပေမယ့် ဒိုင်ယာလက်တစ်နည်းအရ တစုံလုံး သဘောတရားဟာ ပါဝင်ရာ အစိတ်အပိုင်း အားလုံး ပေါင်းလဒ်ထက် ပိုသာလွန်တယ်။***

ဒီရုပ်ဝါဒအမြင်ဟာ ဦးနှောက်ရဲ့ လုပ်ဆောင်ချက်နဲ့ လျှို့ဝှက်ချက်များကို တစတစ ဖော်ထုတ်ပြလာတဲ့ သိပ္ပံတွေ့ရှိချက်များနဲ့ တော်တော်လေး ဟပ်မိတယ်။ ဆန့်ကျင်ဘက်အားဖြင့် စိတ်ဝါဒသမားများဟာ အသိစိတ်ကို ကျနော်တို့ နားမလည်နိုင်သော "လျှို့ဝှက်ဆန်းကြယ်မှု" တရပ်အဖြစ် ဆက်လက် တင်ပြနေကြဆဲ ဖြစ်တယ်။ ဒီအခါ ကျနော်တို့ရဲ့ မိတ်ဟောင်းကြီး စိတ်ဝိညာဉ် (soul) က အောင်ပွဲခံပြီး တကျော့ပြန် ထွက်ပေါ်လာတော့တယ်။ သိပ္ပံပညာက ပြတိုက်ထဲ ပို့ပြီး ချောင်ထိုးထားသင့်တာ ကြာပြီ ဖြစ်တဲ့ အထွတ်မြတ်ဆုံး ဝိညာဉ်တော်၊ တမန်တော်၊ မာရ်နတ်မင်းနဲ့ တခြားသော မှော်ဝင်တိုလီမုတ်စ အပေါင်းလဲ သူနဲ့ တွဲပါလာတယ်။

## ဒေးကားနဲ့ ရုပ်နာမ်ဒွန်တွဲဝါဒ

ဒဿနိက စိတ်ဝါဒရဲ့ လူအထင်ကြီးစရာ ဗန်းပြမျက်နှာဖုံးအောက်မှာ ဘာသာရေးနဲ့ အယူသည်းမှုတွေ ပုန်းခိုလို့ နေတယ်။ စိတ်ဝါဒဆိုတာ အရင်းစစ်ရင် ဘာသာရေး အယူဝါဒပဲ။ သန့်စင် မြင့်မြတ်သော ထာဝရ ဝိညာဉ်ဟာ နုံချာ မပြည့်စုံသော ခန္ဓာခွံအတွင်း ပိတ်မိနေပြီး သေဆုံးပြီးနောက် ဒီခန္ဓာခွံက လွတ်မြောက်ဖို့ အရေး တွေးမျှော်နေတယ်လို့ ဆိုကြတယ်။ သေလွန်ချိန်ဟာ "လိပ်ပြာခွာခြင်း" ဖြစ်ပြီး၊ (ကံကောင်းမယ် ဆိုရင်တော့) သုခဘုံဆီ စံမြန်းသွားလိမ့်မယ်။

ဒီလိုနဲ့ ဒြပ်ကို ထာဝရ ဝိညာဉ် အရှင်မြတ်ရှေ့ ဝပ်တွားခယရတဲ့ ကျေးတော်မျိုး ကျွန်တော်မျိုး လယ်သမားတဦးအဖြစ် တွေးခေါ်ခဲ့ကြတယ်။ ဒီအတွေးအမြင်ဟာ ပလေတို

တို့၊ ပိုက်သာဂိုရ(စ်)တို့ ခေတ်ကတည်းက ရှိခဲ့တဲ့ ခေတ်ဟောင်း အယူအဆပဲ။ ရုပ်ကမ္ဘာဟာ လောကကို စိတ်ကူး ပုံဖော်ကြည့်လို့ မရခင်ကတည်းက ထာဝရ တည်ရှိခဲ့တဲ့ ပြီးပြည့်စုံသော စိတ်ကူးထည် (ပုံစံ) ကို ခပ်ညံ့ညံ့ ပုံတူကူးထားခြင်းပဲလို့ သူတို့ ယူဆခဲ့ကြတယ်။

စိတ်ဝိညာဉ်ဟာ ရုပ်ခန္ဓာမှ ကင်းကွာပြီး တသီးတသန့် တည်ရှိတယ်ဆိုတဲ့ အမြင်ကို ခေတ်သစ် ကာလဆီ သယ်ယူလာတာကတော့ ကျော်ကြားလှသော ပြင်သစ် ဒဿနိက ပညာရှင် ဒေးကား (၁၅၉၆-၁၆၅၀) ပဲ ဖြစ်တယ်။ ဒေးကားလက်ထက်ကတည်းက ရှုပ်ထွေးခဲ့တဲ့ ဒီပြဿနာဟာ အခုထိ ရှုပ်ထွေးနေဆဲ ဖြစ်တယ်။ ရုပ်နာမ် ဒွန်တွဲဝါဒကို ဒေးကားက စတင် မိတ်ဆက်ခဲ့တယ်။ သူ့ အဆိုအရဆိုရင် တွေးခေါ်မှု (အသိစိတ်) ဟာ ရုပ်တရားမှ ကင်းကွာနေသော အရာ အဖြစ်တယ်။ စိတ်ကို ရုပ်ခန္ဓာ အတွင်း တည်ရှိနေသော်လည်း ရုပ်ခန္ဓာနဲ့ ကွဲပြားခြားနား နေသော အရာအဖြစ် ရှုမြင်တယ်။ တကယ်လို့ စိတ်ဟာ ရုပ်ခန္ဓာနဲ့ လုံးဝဥဿုံ ကွဲပြားခြားနားနေတယ်ဆိုရင် ***စိတ်နဲ့ ခန္ဓာ ဘယ်လို တုန့်ပြန်ဆက်နွယ်ကြသလဲ။*** ဒါဟာ ရုပ်နာမ် ဒွန်တွဲဝါဒ မဖြေရှင်းနိုင်တဲ့ ပြဿနာပဲ။

အသိစိတ်ကို လူသားရဲ့ အာရုံခံစား ပြုမူလုပ်ဆောင် ချက်မှ ခြားနား ကွဲထွက်နေသော "အချင်းအရာ" တရပ်၊ သီးခြားလွတ်လပ်သောဖြစ်တည်မှုတရပ်အဖြစ် ကိုင်တွယ် လိုက်ရာကနေ စများတာပဲ။

အသိစိတ်ကို သီးခြားလွတ်လပ်သော "အချင်းအရာ" တရပ်အဖြစ် ရှုမြင်သဘောထားတဲ့ အမြင်ကို ခေတ်သစ် သိပ္ပံပညာက အပြီးသတ် မှောက်လှန်ပယ်ရှားခဲ့ပြီး ဖြစ်တယ်။ ဒေးကား မသိခဲ့တဲ့ သဘာဝတရား အလုပ်လုပ်ပုံ တွေ၊ မော်လီကျူး၊ အက်တမ်နဲ့ အက်တမ်အောက် အမှုန်တို့ရဲ့ လောက၊ ဦးနှောက်ရဲ့ လုပ်ငန်းဆောင်တာ တွေကို မောင်းနှင်နေတဲ့ လျှပ်ကူး အာရုံကြော စေ့ဆော်မှု များ (electrical impulses) အကြောင်းကို ကျနော်တို့ အခုသိနေပြီ။ နက်နဲဆန်းကြယ်တဲ့ စိတ်ဝိညာဉ်အစား လူ့ ခန္ဓာကိုယ်နဲ့ ဦးနှောက်တို့ အလုပ်လုပ်ပုံကို သိပ္ပံနည်းကျ စတင် နားလည်လာခဲ့ပြီ။


[ဒေးကား]အဆိုအရ ဆိုရင် တွေးခေါ်မှု (အသိစိတ်)ဟာ ရုပ်တရား မှ ကင်းကွာနေသော အရာဖြစ်တယ်

အာရုံကြောဆဲလ်တွေ လုပ်ဆောင်ချက်က လျှပ်စစ် သဘောရော၊ ဓာတုဓါတ်သဘောပါ ဆောင်တယ်။ အာရုံ ကြော ဆဲ(လ်) တခုဆီရဲ့ အဆုံးပိုင်းမှာ အာရုံကြော အမြွာ ဆက်တွေ (synaptic terminals) လို့ ခေါ်တဲ့ အထူးပြု နေရာများ တည်ရှိတယ်။ ဒီ အာရုံကြော အမြွာဆက် တွေမှာ အာရုံကြော သတင်းပို့ ဓာတ်ပစ္စည်းတွေ (neuro-transmitter chemicals) သိမ်းဆည်းထားတဲ့ အင်မတန် သေးငယ်သောအမြှေးပါးအိတ်လေးတွေအမြောက်အမြား ရှိတယ်။ ဒီဓာတ်ပစ္စည်းတွေက အာရုံကြော စေ့ဆော်မှု တွေကို အာရုံကြော ဆဲ(လ်) တခုကနေ နောက်တခုဆီ ထုတ်လွှတ်ပေးတယ်။ လျှပ်ကူး အာရုံကြော စေ့ဆော်မှု တရပ်ဟာ အာရုံကြော ဆဲ(လ်) တခုကို ဖြတ်သန်းပြီး အာရုံကြော အမြွာဆက်ဆီ ရောက်သွားတယ်၊ ဒီနောက် အမြှေးပါးအိတ်တွေထဲက အာရုံကြော သတင်းပို့ ဓာတ် ပစ္စည်းတွေ ထွက်လာအောင် လှုံ့ဆော်ပေးတယ်။

အာရုံကြော သတင်းပို့ ဓာတ်ပစ္စည်းတွေဟာ အာရုံ ကြော အမြွာဆက် (ကပ်လျက် တည်ရှိနေသော အာရုံ



Frans Hals - Portret van René Descartes (1649) / public domain



အာရုံကြော အမြွာဆက် (synaptic terminals) / image - DANA Foundation

ကြော ဆဲလ်တွေကြားက အဆက်နေရာ) ကို ဖြတ်သန်းသွားပြီး လျှပ်စစ်ဓါတ် (electrical charge) တခု ထွက်လာအောင် စေ့ဆော်လိုက်တယ်။ ဒီလျှပ်စစ်ဓါတ်က အာရုံကြော စေ့ဆော်မှု (nerve impulse) ကို ရှေ့ဆက်သယ်သွားတယ်။ ကြွက်သားတခုမလှုပ်ရှားခင်၊ ဒါမှမဟုတ် ဦးနှောက်က အာရုံခံစားမှု တရပ်ကို သတိပြု မှတ်သားနိုင်ခြင်း မရှိခင်အထိ ဒီလို ဖြစ်စဉ်တွေ အကြိမ်ကြိမ် ထွက်ပေါ်နေပါတယ်။ အဲဒီ လျှပ်ကူး ဓာတု ဖြစ်စဉ်တွေကို အာရုံကြောစနစ်ရဲ့ "ဘာသာစကား" အဖြစ် မှတ်ယူနိုင်ပါလိမ့်မယ်။ သတင်း အချက်အလက်တွေကို ခန္ဓာ အစိတ်အပိုင်း တခုကနေ နောက်တခုဆီ ဒီနည်းနဲ့ ကူးပြောင်းပေးနေတယ်။ ဒီသိပ္ပံနည်းကျ ရှင်းလင်းချက်ဟာ တွေးခေါ်မှုနဲ့ အသိစိတ်ကို အင်မတန် လျှို့ဝှက်ဆန်းကြယ်ပြီး ရှင်းပြဖို့ မဖြစ်နိုင်သော၊ သဘာဝတရားရဲ့ ပုံမှန် အလုပ်လုပ်ပုံတွေ၊ တခြား ခန္ဓာကိုယ် လုပ်ဆောင်ချက်တွေနဲ့ သီးခြားကင်းလွတ်နေတဲ့ တစုံတရာလိုလို သဘောထားတဲ့ ပဉ္စလက်-စိတ်ဝါဒ (mystical – idealist) အမြင်ကို ချက်ချင်း ဖယ်ရှားပစ်လိုက်တယ်။

## လက်နဲ့ ဦးနှောက်

အသိစိတ်နဲ့ ဘာသာစကားအပေါ် စိတ်ဝါဒရဲ့ ရှုမြင်ချက်က လူသားမျိုးနွယ် ဆင့်ကဲပြောင်းလဲမှု ဖြစ်စဉ်နဲ့ ဆန့်ကျင်ဘက် ဖြစ်ပြီး ယေဘုယျ စိတ်ကူးသက်သက်ဆန်တယ်။ စိတ်ဝါဒအမြင်ဟာ သမိုင်းသဘော ကင်းမဲ့နေတယ်။ (လူသားအဖြစ် ဖွံ့ဖြိုးနေဆဲ protohuman များ အပါအဝင်) ရှေးဦး လူသားတွေနဲ့ ရုပ်ပတ်ဝန်းကျင်ကြား ဆက်ဆံရေးကို အစာရှာဖို့ လိုအပ်ချက်နဲ့ သားရဲတိရစ္ဆာန်များဘေးက လွတ်အောင် ရှောင်ပြေးဖို့ လိုအပ်ချက်တွေကပဲ အဆုံးအဖြတ်ပြုခဲ့တယ်။ (ရာသီဥတု ပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာတဲ့ ရုပ်ပတ်ဝန်းကျင် အပြောင်းအလဲများ) ကို တုံ့ပြန်ရင်ဆိုင်ရင်း လူတွေ ခြေနှစ်ချောင်းပေါ် မတ်တပ်ရပ်လာကြတယ်။ ဒီအခါ ရှေ့လက်တွေကို လွတ်မြောက်သွားစေခဲ့တယ်။ ဒီတော့ အဲဒီလက်တွေ အသုံးပြုပြီး ကာယအလုပ်တွေ (manual labour) လုပ်နိုင်သွားတယ်။

ဦးနှောက်နဲ့ ဗဟိုအာရုံကြောစနစ် ဆင့်ကဲဖွံ့ဖြိုးပြောင်းလဲလာရာက အသိစိတ်ထွက်ပေါ်လာတယ်။ တဖန်၊ အဲဒီ ဦးနှောက်နဲ့ အာရုံကြောစနစ် ဆင့်ကဲပြောင်းလဲမှုဖြစ်စဉ်က လူသားရဲ့ လက်တွေ့လုပ်ဆောင်ချက်၊ ဆိုလိုတာက အလုပ်လုပ်ခြင်းနဲ့ အင်မတန် နီးကပ်စွာ ဆက်နွယ်နေတယ်။ လူသားတွေဟာ သူတို့ရှင်သန်ရာ ပတ်ဝန်းကျင်ကို ကာယအလုပ်နဲ့ ပြောင်းလဲပစ်ခဲ့တယ်။ ဒီလို ရှင်သန်ရာ ပတ်ဝန်းကျင်လောကကို ပြောင်းလဲခြင်းအားဖြင့် သူတို့ကိုယ်သူတို့လည်း ပြောင်းလဲပစ်ခဲ့တယ်။ ဒီဖြစ်စဉ်ဟာ နှစ်ပေါင်း သန်းနဲ့ချီပြီး ကြာမြင့်ခဲ့တယ်။ ဆင့်ကဲပြောင်းလဲမှုဖြစ်စဉ်ရဲ့ အစောပိုင်း အဆင့်တွေမှာ မြစ်ဖျားခံတယ်။ အထူးသဖြင့် ကျောရိုးမဲ့ကနေ ကျောရိုးရှိ သတ္တဝါများ

အဖြစ် ပြောင်းလဲလာတဲ့ အဆင့်မှာ မြစ်ဖျားခံတယ်။ အဲဒီလို ကျောရိုးရှိ သတ္တဝါတွေ ဖြစ်လာပြီး ဇဟို အာရုံကြောစနစ် ဖွံ့ဖြိုးတဲ့အထိ ဆင့်ကဲပြောင်းလဲသွားတယ်၊ အဲဒီနောက် ဦးနှောက် ထွက်ပေါ်လာတဲ့အထိ ဆင့်ကဲ ပြောင်းလဲလာခဲ့တယ်။

လက်နဲ့ ဦးနှောက်ကြား ဆက်နွယ်မှုကို သေချာမှတ်တမ်းတင်ထားပြီးသားဖြစ်ပါတယ်။ လက်ရဲ့ကျွမ်းကျင်လိမ္မာမှု စွမ်းရည် တိုးတက်လာခဲ့တယ်၊ လက်နဲ့ လုပ်ဆောင်ရတဲ့ လုပ်ဆောင်ချက်တွေ ဆထက်ထမ်းပိုး တိုးလာခဲ့တယ်။ ဒီဖွံ့ဖြိုးတိုးတက်မှုဟာ ဦးနှောက်ကို အလျင်အမြန် ကြီးထွားစေခဲ့တယ်၊ တွေးခေါ်နိုင်စွမ်းလည်း တိုးတက်လာခဲ့တယ်။ အမှန်ကတော့ ပြောမယ်ဆိုရင် ဦးနှောက် အရွယ်အစား ကြီးမားခြင်း၊ မတ်မတ် သွားလာနိုင်ခြင်းနဲ့ လက်ရဲ့ အထူးပြု လုပ်ဆောင်နိုင်စွမ်း တိုးတက်လာခြင်းတို့ကြားမှာ ဒိုင်ယာလက်တစ် ဆက်နွယ်မှုတရပ်ရှိတယ်။ လူ့လက်ဟာ ဆင့်ကဲပြောင်းလဲမှု ဖြစ်စဉ်ရဲ့ အံ့ချီးကုန်နိုင်ဖွယ်မရှိသော ထုတ်ကုန်ပဲ။ လက်မနဲ့ တခြားသော လက်ချောင်းတွေ ဆန့်ကျင်ဘက် မျက်နှာချင်းဆိုင်ဖြစ်လာခြင်းကြောင့် လက်နဲ့ဖိပြီး ဆုပ်ကိုင်နိုင်လာတယ်၊ (ဝတ္ထုပစ္စည်းတွေကို) ကိုင်တွယ်ထိန်းချုပ်နိုင်စွမ်း ရှိလာတယ်။ ဒါဟာ နောက်ပိုင်း ဖြစ်ပေါ်လာမယ့် နောက်ဆက်တွဲ ဖွံ့ဖြိုးတိုးတက်မှုအားလုံး ဖြစ်ပေါ်လာရေးအတွက် ရေခံမြေခံ အခြေအနေ ဖြစ်လာတယ်။

မျောက်ဝံတွေဟာ သူတို့ရဲ့ လက်တွေကို သစ်ပင်တွေမှာ တွဲလွဲခိုသွားလာဖို့ အသုံးချကြတယ်။ သစ်ကိုင်းချောင်းတွေ ဆုပ်ကိုင်ဖို့လဲ သူတို့လက်တွေကို အသုံးပြုတတ်တယ်။ တချို့ အခြေအနေတွေမှာဆိုရင် ခြံတောင်တူးခြင်းလို အတော်အတန် ရှုပ်ထွေးတဲ့ အလုပ်တွေ လုပ်တဲ့အခါ သစ်ကိုင်းချောင်းကို ရှေးဦး ကိရိယာသဖွယ် အသုံးပြုခဲ့ကြတယ်။ ကျနော်တို့နဲ့ လူ့အဆက် အလွန်တရာ ကွာဝေးလှသော ရှေးဘိုးဘေးကြီးတွေဟာ မတ်မတ်သွားလာနိုင်တဲ့ ကိုယ်ဟန်အနေအထားကို ရရှိသွားတာနဲ့ သူတို့ရဲ့ လက်တွေ လွတ်လပ်သွားပြီး လုပ်ငန်းများစွာကို စမ်းသပ်လုပ်ဆောင်ခဲ့ကြတယ်။ မပြတ် လေ့ကျင့်ရင်း လက်တွေဟာ ကျွမ်းကျင်သား ပြည့်ဝလာတယ်၊ ပိုနူးညံ့ပြီး ပိုရှုပ်ထွေးတဲ့ လုပ်ငန်းတွေကို လုပ်နိုင်လာတယ်။ အထူးသဖြင့် သဘာဝ ပစ္စည်းတွေကို ကိရိယာအဖြစ် ပုံသွင်းအသုံးပြုနိုင်လာတယ်။

လက်ကဦးနှောက်ကို ဖွံ့ဖြိုးလာစေခဲ့တယ်။ ဦးနှောက်က လက်ကို ဖွံ့ဖြိုးစေခဲ့တာ မဟုတ်ဘူး။ ဒါကို အဆင့်နိမ့်တိရစ္ဆာန်တွေမှာတောင် တွေ့နိုင်တယ်။ အဆင့်နိမ့်တိရစ္ဆာန်တွေဟာ ကမ္ဘာလောကကို တောင်တောင်အီအီ လျှောက်တွေးမနေဘူး၊ *စားသောက်လိုက်တာပဲ။* ဒါနဲ့အလားတူပဲ၊ လူသားကလေးငယ် တယောက်က တွေ့တဲ့ ပစ္စည်း ပါးစပ်ထဲ ကောက်ထည့်ပြီး ရုပ်ကမ္ဘာကို “သိမြင်” လာတယ်။ ဒီလိုပဲ၊ ဘာသာစကားဆိုတာ တူတို့၊ ဂေါ်ပြားတို့လို စိတ်တိုင်းကျ ပုံသွင်း ထုဆစ်ထားတဲ့ “ကိရိယာ” တခု မဟုတ်ဘူး။ တကယ်တမ်းကျတော့ ဘာသာစကားဟာ လူမှုဆက်ဆံရေးနဲ့ စုပေါင်း ကုန်ထုတ်လုပ်ခြင်းရဲ့ ရလဒ်အဖြစ် သိစိတ်နဲ့အတူ ဆင့်ကဲထွက်ပေါ်လာခြင်း ဖြစ်တယ်။ ဘာသာစကားကို “ပုံသွင်းလုပ်ယူ”ထားတာ မဟုတ်ဘူး။ ရှည်လျားလှတဲ့ သမိုင်းတလျှောက် လူ့သမဂ္ဂနဲ့ လူသားများ စုပေါင်း အလုပ်လုပ်ရာက အလိုအလျောက် ထွက်ပေါ်လာခဲ့ခြင်း ဖြစ်တယ်။

လက်နက်ကိရိယာတွေကို ပုံမှန် အသုံးပြုပြီး စုပေါင်းအလုပ်လုပ်လာတဲ့အခါ ဘာသာစကား တမျိုးမျိုး ရှိဖို့ မဖြစ်မနေ လိုအပ်လာလိမ့်မယ်၊ ဒီလိုအပ်ချက် ထွက်ပေါ်တာနဲ့ အပြန်အလှန် အမှီသဟဲပြုနေရသော အကြောင်း


လူသားမျိုးနွယ် ဆင့်ကဲပြောင်းလဲတိုးတက်လာရာမှာ အဓိက အခန်းကဏ္ဍတခု ဖြစ်ခဲ့တဲ့
လက်နဲ့ ဦးနှောက်ကြား ဆက်နွယ်မှုကို သိပ္ပံနည်းကျရှင်းပြထားတဲ့

**ဖရီဒရစ်(ခ်) အန်းဂယ်စ်** ရဲ့ ဂန္ထဝင်လက်ရာ

“လူဝံမှ လူသားအဖြစ် ကူးပြောင်းရာတွင် ပါဝင်ခဲ့သော အလုပ်၏ အခန်းကဏ္ဍ”

စာအုပ် Digital copy ကို ဒီ QR code ကတဆင့် ကျနော်တို့ရဲ့ website စာမျက်နှာ
(marxistburma.org) မှာ ရယူလေ့လာနိုင်ပါပြီ




အချက်တွေ တသီကြီး ဖြစ်ပေါ်လာစေခဲ့တယ်။ ခန္ဓာနဲ့ စိတ်ရဲ့ လုပ်ဆောင်ချက်တွေဟာ နီးကပ်စွာ ဆက်နွယ် လျက်ရှိတယ်။ ဒိုင်ယာလက်တစ်ဆန်ဆန် အကြောင်းတရားက အကျိုးတရား ဖြစ်လာပြီး အကျိုးတရားကလဲ အကြောင်းတရား ဖြစ်သွားတယ်။ လူသားရဲ့ လက်ဟာ မျက်လုံး၊ ဦးနှောက်တို့နဲ့ နီးနီးကပ်ကပ် ဆက်နွယ်နေတယ်။ အကြမ်းထည်အဆန်ဆုံး ကျောက်လက်နက်တခု ဖန်တီးဖို့တောင် လက်၊ မျက်လုံးနဲ့ ဦးနှောက်တို့ကြား ဟန်ချက်ညီ ပူးပေါင်းမှု ရှိဖို့ အများကြီး လိုအပ်တယ်။ လူသားအားလုံးဟာ ကိရိယာ တန်ဆာပလာတွေ ထုတ်လုပ် အသုံးပြုကြတယ်။ ဒီလို ကိရိယာတွေ ပုံသွင်း ထုတ်လုပ်ရာမှာ လိုအပ်တဲ့ လက်၊ မျက်လုံးနဲ့ ဦးနှောက်ကြား ဟန်ချက်ညီ လှုပ်ရှားဆောင်ရွက်မှုက ဦးနှောက် ဆင့်ကဲဖွံ့ဖြိုးလာအောင် နှစ်သန်းပေါင်းများစွာ မောင်းနှင်ပေးခဲ့တဲ့ စေ့ဆော်အား ဖြစ်ပါတယ်။

> "(ဦးနှောက် ဖွံ့ဖြိုးမှု သေးတဲ့) ဩစထရေလိုပစ်သိကပ်စ် (Australopithecus) အနွယ် လူသားရုပ်ကြွင်းတွေမှာ လူသားမျိုးနွယ်အနေနဲ့ ဦးနှောက် အကြီးအကျယ်ကြီးထွားမလာခင်တည်းကလက်နက်ကိရိယာ အသုံးပြုမှုရှိခဲ့တဲ့ ဆက်စပ် အထောက်အထားတွေ တွေ့ထားတယ်" (H.J. Fleure and M. Davies, A Natural History of Man in Britain, p. 47.)

အကြမ်းထည်အဆင့် ကျောက် လက်နက်တွေကို သိစိတ်ရှိရှိ ထုတ်လုပ်ဖန်တီးလာခြင်းဟာ အကြမ်းထည် အဆင့် ပုံဖော် ယူဆချက်တွေ ဖြစ်တည်လာစေတဲ့ မောင်းနှင်အားပဲဆိုတာ ရှင်းတယ်။ ဒီကနေမှ တွေးခေါ်မှုလဲ တိုးတက်ဖွံ့ဖြိုးလာခဲ့တယ်။ ဒီဖြစ်စဉ်ဟာ ဦးနှောက်ရဲ့ အတွင်းပိုင်း တည်ဆောက်ပုံကို မလွဲမသွေ အကျိုး သက်ရောက်စေခဲ့လိမ့်မယ်။ ဦးနှောက်အရွယ်အစား ကြီးမားလာခြင်းဟာဒီအကျိုးသက်ရောက်မှုကိုအကောင်အထည်အားဖြင့် ဖော်ပြချက်ပဲ။ ဒီပြောင်းလဲမှုတွေကို တစုတစည်းတည်း ပေါင်းရုံးလိုက်တဲ့အခါ လူသားမျိုးနွယ်ကို တခြားသော သက်ရှိရုပ် ပုံသဏ္ဍာန်အားလုံးနဲ့ ကွဲထွက်သွားစေတဲ့ အရည်အသွေးသဘော ခုန်ကူး ပြောင်းလဲမှု ဖြစ်သွားတယ်။ ဒီတော့ ကျနော်တို့ လူသားမျိုးစိတ်ဟာ ဘုရားသခင်က အထူးတလည် ဖန်ဆင်းလိုက်လို့ ထွက်ပေါ်လာတာ မဟုတ်ဘူး။ ဆင့်ကဲပြောင်းလဲမှု ဖြစ်စဉ်ရဲ့ ရလဒ်သာ ဖြစ်တယ်။ ဒီဆင့်ကဲ ဖြစ်စဉ်အတွင်း အဆုံးအဖြတ်ပေးနိုင်တဲ့ အကြောင်းအချက်က ကာယအလုပ်ပဲ။ ဒါကြောင့် လွန်ခဲ့တဲ့ နှစ်တရာကျော်လောက်က အန်းဂယ်(လ်စ်) ရှင်းပြခဲ့သလိုပဲ၊ လူသားမျိုးနွယ်ရယ်လို့ ဖွံ့ဖြိုးတိုးတက်လာခဲ့တာ ဦးနှောက်ကြောင့် မဟုတ်ဘူး၊ ဦးနှောက်ကို ဖွံ့ဖြိုးစေခဲ့သော လက်တွေကြောင့်ပဲ။

## မာ့က်စ်ရဲ့ ဒဿနဆိုင်ရာ တော်လှန်ရေး

မာ့က်စ်က **ဖွိုက်ယဘတ်(ခ်) စစ်တမ်း** တတိယပိုဒ်မှာ အခုလို ရေးထားခဲ့တယ်။

> "လူဟာ ဝန်းကျင် အခြေအနေနဲ့ လေ့ကျင့်ပျိုးထောင်ခြင်းရဲ့ အသီးအပွင့်တွေ ဖြစ်ကြောင်း၊ ဒါ့ကြောင့် ပြောင်းလဲသွားတဲ့ လူသားဟာ ပြောင်းလဲသွားသော ဝန်းကျင် အခြေအနေနဲ့ လေ့ကျင့်ပျိုးထောင်ခြင်းတို့ရဲ့ ရလဒ်သာဖြစ်ကြောင်း ရုပ်ဝါဒက ဆိုတယ်။ ယင်းရုပ်ဝါဒအမြင်က လူတွေဟာ သူတို့ကြီးပြင်းရာ အခြေအနေတွေကို ပြောင်းလဲဖန်တီးနိုင်ကြောင်း၊ ပျိုးထောင် လေ့ကျင့်ပေးသူကိုလဲ ပျိုးထောင် လေ့ကျင့် ပေးထားဖို့ မဖြစ်မနေ လိုအပ်ကြောင်း မေ့နေ



Australopithecus sediba (Fundort Malapa)

Image – Wikimedia commons



Hegel portrait by Schlesinger 1831
wikimedia commons – public domain

> တတ်တယ်။ ဒါ့ကြောင့် ဒီအယူဝါဒအရ လူ့အဖွဲ့-အစည်းကို နှစ်ပိုင်းခွဲပစ်လိုက်ရပြီး တပိုင်းက လူအများထက် ခေါင်းတလုံး ပိုမြင့်သူတွေ ဖြစ်သွားတယ်။ လူသားတွေက ဝန်းကျင် အခြေအနေကို ပြောင်းလဲဖန်တီးရင်း သူတို့ကိုယ်သူတို့လဲ ပြောင်းလဲပစ်တယ်။ ဒီလို တပြိုင်နက် ပြောင်းလဲမှုကို ***တော်လှန်ရေး လက်တွေ့ လုပ်ဆောင်မှု*** အဖြစ်သာ ရှင်းရှင်း-လင်းလင်း နားလည်နိုင်တယ်။”

ကျစ်လျစ်လှတဲ့ ဒီစာသား အနည်းငယ်အတွင်းမှာ ဒသနိက တော်လှန်ရေးတရပ် ပါဝင်နေတယ်။ ကြီးမြတ်သော ဂျာမန် ဒသနိကပညာရှင် ဟေဂယ်(လ်)ဟာ အမှန်တရားကို ရှာဖွေတွေ့ရှိဖို့ အင်မတန် နီးစပ်ခဲ့တယ်။ ဟေဂယ်(လ်)ဟာ အင်မတန် ပညာဉာဏ် ကြီးလှပေမယ့်လဲ သီအိုရီ နယ်ပယ်ကနေ လက်တွေ့ နယ်ပယ်ဆီ ပြတ်ပြတ်သားသား ခုန်ကူးပြောင်းလဲသွားနိုင်ခြင်း မရှိခဲ့ဘူး။ စိတ်ဝါဒ တင်ကူးကြံဆချက်တွေကြောင့် အဝိဇ္ဇာ အမှောင်ဖုံးနေခဲ့တယ်။ ဟေဂယ်(လ်) လက်ထဲမှာ ဒိုင်ယာ-လက်တစ်ဟာ မြှုဖုံးထားသလို မရှင်းမလင်း ဖြစ်နေခဲ့တယ်၊ ဒိုင်ယာလက်တစ်ရဲ့ နက်နဲလှသော အမှန်တရားများဟာ အကောင်အထည်မဲ့ ရှုပ်ထွေးခဲကတ်လှတဲ့ ဆင်ခြင် သုံးသပ်မှု တပုံကြီးအောက် ဖုံးဖိခံထားခဲ့ရတယ်။ ပညာဉာဏ် ကြီးမားလှတဲ့ မာ့(က်စ်)က ဟေဂယ်(လ်)ရဲ့

ဟေဂယ့်(လ်) လက်ထဲမှာ
ဒိုင်ယာလက်တစ်ဟာ မြှုဖုံးထားသလို
မရှင်းမလင်း ဖြစ်နေခဲ့တယ်၊

*Logic* ကျမ်း စာမျက်နှာများထဲ ပုန်းခိုလျက်ရှိတဲ့ ကျိုးကြောင်းဆီလျော်မှု အနှစ်အသားကို တူးဆွဖော်ထုတ်ပြီး လက်တွေ့ ရုပ်ကမ္ဘာမှာ အသုံးချနိုင်ခဲ့တယ်။

ဘာသာရေးလောင်းရိပ်အောက်က အတွေးအခေါ်တွေကြောင့် ဒသနိကဗေဒဟာ မှောင်မိုက်ပြီး လေမဝင်တဲ့ မြေအောက်ခန်းထဲ ရာစုနှစ်များစွာ ပိတ်မိနေခဲ့တယ်။ နောက်ဆုံး မာ့(က်စ်)လက်ထက်ရောက်မှ အဲဒီ မြေ-အောက်ခန်း အမှောင်ထုထဲက လွတ်မြောက်သွားခဲ့တယ်။ အမှောင်ထဲ အကြာကြီး အိပ်နေသူကို လှုပ်နှိုးပြီး နေ့အလင်းနဲ့ ထိတွေ့ပေးလိုက်သလို ဖြစ်သွားခဲ့တယ်။ အဆုံးမတော့ အတွေးအခေါ်နဲ့ လက်တွေ့ အလုပ်ပေါင်းစည်းသွားခဲ့ပြီ။ ဒီနေရာမှာ ပြောတဲ့ အလုပ်ဆိုတာ ပညာရှင်တွေရဲ့ တဖက်သတ်ကျသော ဉာဏပိုင်းဆောင်ရွက်ချက်သက်သက်ကို ရည်ညွှန်းခြင်း မဟုတ်ဘူး၊ လူသားရဲ့ လက်တွေ့ အာရုံခံစား လုပ်ဆောင်မှုကို ဆိုလိုခြင်း ဖြစ်တယ်။ ဂျာမန် မဟာကဗျာဆရာကြီး ဂဲထေ (Goethe) က သမ္မာကျမ်းစာလာ “အစဦး၌ နှုတ်ကပတ်တော် ရှိ၏” ဆိုတဲ့ ကျမ်းချက်ကို “အစဦးတွင် လုပ်ဆောင်ချက် ရှိလေ၏” လို့ တုန့်ပြန် ရေးသားခဲ့တယ်။

သို့ပေမဲ့ လူသားရဲ့ စစ်မှန်သော လှုပ်ရှား ဆောင်ရွက်ချက် (အလုပ်)ဟာ သီးခြား တည်ရှိနေသော အစိတ်-အပိုင်းများရဲ့ လှုပ်ရှားဆောင်ရွက်မှု မဟုတ်ဘူး။ အလုပ်ဟာ အနှစ်သာရအားဖြင့် မလွဲမသွေ စုပေါင်းသဘောဆောင်တယ်။ အမျိုးသား အမျိုးသမီးတို့ရဲ့ တဦးချင်းအားထုတ်မှု၊ ကြိုးပမ်းမှု၊ တီထွင်ဖန်တီးမှုတွေ စုပေါင်းလိုက်မှသာ လူ့ယဉ်ကျေးမှုကြီးအတွင်း အံ့ချီးလောက်စရာတွေ ထွက်ပေါ်လာစေခဲ့တယ်။ ဒါဟာ အဘိုးကြီး ဟေဂယ်(လ်) ပြောခဲ့တဲ့ “တခုချင်းနဲ့ ယေဘုယျသဘောတို့ ပေါင်းစည်းညီညွတ်ခြင်း” သဘောတရား လက်တွေ့ အကောင်အထည်ပေါ်လာခြင်း ဖြစ်တယ်။ သို့ပေမယ့် ဒီနိယာမသဘောဆောင်တဲ့ ပေါင်းစည်းမှုကို ခေါင်းမာမာနဲ့ ဥပေက္ခာပြု ငြင်းပယ်ခဲ့ကြတယ်။ လူသားတွေရဲ့ အတွေးအကြံနဲ့ လုပ်ဆောင်ချက်တွေကို စုပေါင်း လှုပ်ရှားမှုလို့

သဘောမထားဘဲ သီးသန့်တည်ရှိနေတဲ့ လူတဦးချင်းရဲ့ အလုပ်လို့ တင်ပြခဲ့ကြတယ်။

ဒီအယူအဆ အမှားဟာ ဘူဇွာလူတန်းစားရဲ့ မှားယွင်းသော ဥပါဒါန် အစွဲအလမ်းကို ထင်ဟပ်ပြသနေခြင်း ဖြစ်သလို၊ ဘူဇွာ လူ့အဖွဲ့အစည်းရဲ့ အဆောက်အအုံတွေ၊ ကိုယ်ကျင့်တရားနဲ့ စံတန်ဖိုးတွေကို တရားထူထောင်ပြဖို့ ကြိုးပမ်းခြင်းလည်း ဖြစ်တယ်။ ဘူဇွာ လူ့အဖွဲ့အစည်းမှာ အတ္တ (“တဦးချင်းဖြစ်မှု”) က အမြင့်ဆုံး အုပ်စိုးသူလို့ ဆိုကြတယ်။ တကယ်တမ်းကျ လူများစုကြီးရဲ့ တဦးချင်း ဖြစ်တည်မှုဟာ ဖိနှိပ် နင်းချေခံနေရတယ်။ ကုန်ထုတ်ပစ္စည်း တွေကို ချုပ်ကိုင် ပိုင်ဆိုင်ထားပြီး၊ ဒီအချက်ကြောင့်ပဲ ဘဝရှင်သန်ရေး သော့ချက်ကို ချုပ်ကိုင် ပိုင်ဆိုင်ထားသော လက်တဆုပ်စာ လူနည်းစုလေးရဲ့ တဦးချင်း ဖြစ်တည်မှုအတွက် လူအများစုကြီးက ကျွန်ခံနေရတယ်။ အမှန်တရား တခုလုံးကို ဖွင့်ဖွင့်ပြောရရင်ဖြင့် ဒီလူနည်းစုလေးသည်ပင် သူတို့ ထိန်းချုပ်နိုင်စွမ်း မရှိသော အင်အားစုများရဲ့ လွှမ်းမိုးချယ်လှယ်မှုအောက် ကျရောက်နေတာ ဖြစ်တယ်။

## သူစိမ်းပြင်ပြင် ကင်းကွာမှု (alienation) နဲ့ ဘူဇွာ လူ့အဖွဲ့အစည်း

ကွယ်လွန်သွားပြီ ဖြစ်တဲ့ မာဂရက် သက်ချာက အင်မတန် ကျော်ကြားတဲ့ စကားတခွန်း ပြောဖူးတယ်။ “လူ့အဖွဲ့အစည်းဆိုတဲ့ အရာမျိုး တကယ်မရှိဘူး”တဲ့။ ဒါပေမယ့် အရစ္စတိုတယ်က လူဟာ နိုင်ငံရေး သတ္တဝါ ဖြစ်တယ်လို့ ဆိုခဲ့ဖူးပြီး၊ သဘောက လူဟာ လူမှု ဆက်ဆံရေးရှိသော သတ္တဝါလို့ ဆိုလိုခြင်း ဖြစ်တယ်။ (တွေးခေါ်မှုနဲ့ ဘာသာစကားအပါအဝင်) လူသားမျိုးနွယ် ဖြစ်ပေါ်တိုးတက်မှု အားလုံးရဲ့ သော့ချက်ဟာ လူမှုရေး သဘောဆောင်သော လှုပ်ရှားမှု ဖြစ်ပြီး စုပေါင်း အလုပ်မှာ မြစ်ဖျားခံတယ်။ လူတဦးရဲ့ အရည်အသွေးနဲ့ စရိုက်ကို သူ့မှာရှိတဲ့ ဆက်နွယ်မှု အနည်းအများက အဆုံးအဖြတ် ပြုတယ်လို့ ဟေဂယ်(လ်) ပြောခဲ့ဖူးတယ်။ လူတယောက်ကို လူသူကင်းမဲ့တဲ့ ကျွန်းပေါ် တယောက်တည်း ပို့ထားရင် ဒါမှမဟုတ် နှစ်ပေါင်းများစွာ တကိုယ်တည်း အကျဉ်းချခံထားရမယ်ဆိုရင် သူ့ရဲ့ တွေးခေါ်နိုင်စွမ်းနဲ့ ဆက်သွယ်ပြောဆိုနိုင်စွမ်းတွေ ဆိုးဆိုးဝါးဝါး ထိခိုက်သွားတာကို တွေ့ရမယ်။

အရင်းရှင်စနစ်က လူတွေကို အထီးတည်းဖြစ်နေအောင်၊ တဦးချင်းကွဲနေအောင်၊ သူစိမ်းပြင်ပြင် ကင်းကွာသွားအောင် ခွဲထုတ်ပစ်လေ့ရှိတယ်။ လူတွေကို သူတို့ကိုယ်သူတို့ “တသီးပုဂ္ဂလ လူသားများ”အဖြစ် မြင်လာအောင်၊ ဆိုလိုတာက သီးခြားတည်ရှိနေတဲ့ အစိတ်အပိုင်းတွေအဖြစ် မြင်လာအောင် အရင်းရှင်စနစ်က သင်ပေးတယ်။ ဒါဟာ တဦးနဲ့တဦး အမြဲမပြတ် ပြိုင်ဆိုင်နေကြသော ဘူဇွာတွေနဲ့ ပက်တီးဘူဇွာတွေရဲ့ လူမှု အရှိတရားကို ထင်ဟပ်ပြသနေခြင်းပဲ။ ဒီအချက်ဟာ နိုင်ငံရေး၊ ဘာသာရေးနဲ့ ဒဿနိက နယ်ပယ်တွေမှာပါ လာထင်ဟပ်တယ်။ ပရိုတက်(စ်)တင့် ဂိုဏ်းဝင်တွေက လူတဦးချင်းဆီတိုင်းဟာ ဘုရားသခင်ကို သူတို့နည်းနဲ့သူတို့ ကိုးကွယ်ဝတ်ပြုခွင့် ရှိရမယ်လို့ ကြွေးကြော်ပြီး ၁၆ရာစုနဲ့ ၁၇ရာစုတွေအတွင်း ဘာသာရေး စစ်ပွဲကြီးတွေ ဆင်နွှဲခဲ့ကြတယ်။


Potato Eaters by Vincent Van Gogh / Public Domain

> ဘဝ ရှင်သန်ရေး သော့ချက်ကို ချုပ်ကိုင်ပိုင်ဆိုင်ထားသော လက်တဆုပ်စာ လူနည်းစုလေးရဲ့ တဦးချင်း ဖြစ်တည်မှုအတွက် လူအများစုကြီးက ကျွန်ခံနေရတယ်။



Man, Controller of the Universe - Diego Rivera / Wikipedia commons

ဒါဟာ ဘူဇွာလူတန်းစားက မြေရှင်ပဒေသရာဇ်စနစ်ကို ဆန့်ကျင်တိုက်ခိုက်ခဲ့တဲ့ ပထမဆုံးသော မဟာတိုက်ပွဲကြီးတွေ ဖြစ်တယ်။

အရင်းရှင်စနစ်အတက်ကာလမှာ ဘူဇွာ တသီးပုဂ္ဂလဝါဒက တိုးတက်တဲ့ အင်အားစုတရပ် ဖြစ်ခဲ့တယ်။ အဲသည်ခေတ် ဘူဇွာ လူတန်းစားဟာ ကုန်ထုတ်စွမ်းအားစုတွေ ဖွံ့ဖြိုးတိုးတက်အောင် လုပ်နိုင်သေးတယ်၊ လူမှုတိုးတက်မှုနဲ့ ယဉ်ကျေးမှု မိုးကုတ်စက်ဝိုင်းကို တိုးချဲ့နိုင်စွမ်း ရှိသေးတယ်။ ဒါပေမယ့် အဲဒီနေ့ရက်တွေဟာ အတိတ်မှာ ကျန်ခဲ့ပြီ။ အရင်းရှင်စနစ် ယိုယွင်းပျက်ဆီးလာတဲ့ ခေတ်မှာတော့ တသီးပုဂ္ဂလဝါဒဟာ အတ္တပဓာနဝါဒသက်သက်မျှသာ ဖြစ်လာခဲ့တယ်၊ တကိုယ်ကောင်းဆန်ခြင်း၊ လူမဆန်ခြင်းသက်သက်သာ ဖြစ်လာခဲ့တယ်။ တခြားလူတွေရဲ့ ဆင်းရဲဒုက္ခတွေကို ဥပေက္ခာပြုထားနိုင်အောင် တသီးပုဂ္ဂလဝါဒက ပျိုးထောင်ပေးတယ်။ ယဉ်ကျေးမှုနဲ့ လူမှုတိုးတက်မှုတို့ရဲ့ အခြေခံအုတ်မြစ်ကို လှိုက်စားပစ်မယ့် အရိုင်းအစိုင်း သဘောထားနဲ့ အပြုအမူတွေ ထွက်ပေါ်လာအောင် ဆွပေးတယ်။

ကျနော်တို့ဟာ ကိုယ်အလိုရှိရာကို "လွတ်လွတ်-လပ်လပ်" လုပ်နိုင်တယ်လို့ ထင်တတ်ကြတယ်။ ဒါပေမယ့် တကယ့် အရှိတရားက အဲသလို မဟုတ်ဘူး။ ဂျာမန် အတွေးအခေါ်ပညာရှင် လိုက်(ဘ်)နစ်(ဇ်) တခါက ပြောဖူးသလိုပဲ သံလိုက်အပ်တချောင်းသာ တွေးခေါ်နိုင်မယ်ဆိုရင် မြောက်အရပ်ကို ညွှန်ပြနေတာ "လွတ်လပ်တဲ့စိတ်ဆန္ဒအရ" လို့ သေချာပေါက် တွေးလိမ့်မယ်။ လူသားမျိုးနွယ်ဟာ အနန္တ တန်ခိုးတော်ရှင်ရဲ့ အထူး ဖန်ဆင်းမှု မဟုတ်ဘူး၊ တိရစ္ဆာန် လောကထဲကပဲ ဆင့်ကဲတိုးတက်ပြောင်းလဲလာခြင်း ဖြစ်ကြောင်း သက်သေပြဖို့ ဒါဝင်တယောက် ၁၉ရာစုတုန်းက တိုက်ပွဲဝင်ခဲ့ရတယ်။ ကျနော်တို့ရဲ့ ကာယကံမြောက် ပြုမူလုပ်ဆောင်ချက် အတော်များများဟာ သိစိတ်အဆင့် ရောက်မလာဘူး၊ "လွတ်လပ်တဲ့ စိတ်ဆန္ဒ" ဆိုတာလည်း တကယ်တမ်းကျ စိတ်ရဲ့ လှည့်စားမှု တခုပဲလို့ ဆစ်ဂမန်ဖရွိုက်က ၂၀ ရာစုအတွင်း ဖော်ထုတ် တင်ပြခဲ့တယ်။

သို့ပေမယ့်လဲ သမိုင်းတလျှောက် လူသားတွေက ဒီပကတိ အချက်တွေကို ခုခံ ငြင်းဆန်ရင်း သတ္တလောကဘုံအဆင့်ဆင့်မှာ လူသားကို ထူးကဲသော အခွင့်ထူးခံ အဆင့်နေရာ ပေးဖို့ပဲ ကြိုးစားခဲ့ကြတယ်။ ကျနော်တို့ဟာ လွတ်လပ်မှု အပြည့်ရှိတဲ့ သတ္တဝါတွေ မဟုတ်ဘူး၊ ကျနော်တို့ရဲ့ ပြုမူ လုပ်ဆောင်ချက်တွေကို ကျနော်တို့ နားမလည်နိုင်တဲ့၊ ထိန်းချုပ်နိုင်စွမ်း မရှိတဲ့ အင်အားစုတွေက ပြဋ္ဌာန်းနေတယ်ဆိုတဲ့ အယူအဆဟာ ကျနော်တို့အဖို့ မနှစ်မြို့စရာ အလွန်ကောင်းတယ်။ ဒါပေမယ့် ဟေဂယ်(လ်)ရှင်းပြခဲ့သလိုပဲ၊စစ်မှန်သောလွတ်လပ်မှုဟာ နိယာမ သဘောဆောင်မှုကို *ငြင်းပယ်ခြင်း* မဟုတ်ဘဲ၊ နိယာမ သဘောဆောင်မှုကို *နားလည်သဘောပေါက်ခြင်းသာ* ဖြစ်တယ်။

အသိစိတ်ကို ရုပ်ပတ်ဝန်းကျင်က ပြဋ္ဌာန်းတယ်။ အဲ(လ်)ဘတ် အိုင်းစတိုင်းသာ အိန္ဒိယနိုင်ငံ တောရွာလေးက လယ်သမား တင်းကုတ်ထဲ မွေးဖွားခဲ့မယ်ဆိုရင် သူ့ရဲ့ မွေးရာပါ ဉာဏ်ရည်ဉာဏ်သွေးကြောင့် လယ်ယာစိုက်ပျိုးရေး ကျွမ်းကျင်သူ ဖြစ်ကောင်း ဖြစ်လာလိမ့်မယ်၊ ဒါပေမဲ့ နှိုင်းရ သီအိုရီ (theory of relativity) ကို ရှာဖွေဖော်ထုတ်နိုင်လိမ့်မယ်လို့ ဘယ်သူ ယုံမလဲ။ တခါက

ထရော့စကီး မေးခွန်းထုတ်ခဲ့ဖူးသလိုပဲ၊ “အရစ္စတတယ်(လ်) ဘယ်နှယောက်များ ဝက်ကျောင်းသမား ဖြစ်နေသလဲ၊ နောက် ဝက်ကျောင်းသမား ဘယ်နှယောက်များ ရာဇပလ္လင်ပေါ် စံမြန်းနေသလဲ”။

ဘူဇွာ လူတန်းစားရဲ့ လောကအမြင် တခုလုံးက တကိုယ်ကောင်းဝါဒဖြစ်နေတယ်။ဒါပေမယ့် အလုပ်သမား လူတန်းစား လောကမှာ အဲသလို မဟုတ်ဘူး။ အဖွဲ့အစည်းသာ မရှိရင် အလုပ်သမား လူတန်းစားဟာ သွေးစုပ်အမြတ်ထုတ်ခံရဖို့ ကုန်ကြမ်းသက်သက်ပဲ ဖြစ်နေမယ်လို့ မာ့(က်စ်) ရှင်းပြဖူးတယ်။ ထုတ်လုပ်ရေး ဖြစ်စဉ်ဟာ အများ စုပေါင်းသဘော ဆောင်တယ်၊ တဦးချင်းသဘော မဆောင်ဘူး။ ဒီကုန်ထုတ်ဖြစ်စဉ်မှာ စုပေါင်း အလုပ်လုပ်ရင်း အလုပ်သမားတွေဟာ မဖြစ်မနေ ပူးပေါင်း ဆောင်ရွက်ရတယ်။ လယ်သမားတယောက်က “ဒီ ဂေါ်ဖီထုပ်ကို ငါစိုက်ထားတာ” လို့ ပြောနိုင်တယ်။ ဒါပေမဲ့ ဖို့(ဒ်)စက်ရုံက ဘယ်အလုပ်သမားမှ “ဒီကားကို ငါထုတ်လိုက်တာ” လို့ မပြောနိုင်ဘူး။

အလုပ်သမားတွေရဲ့ အသိစိတ်ဟာ သဘာဝအလျောက်ကို စုပေါင်းသဘောဆောင်တယ်။ အလုပ်သမား လူတန်းစားရဲ့ တိုက်ပွဲဝင် လက်နက်တွေဖြစ်တဲ့ သပိတ်၊ အထွေထွေ သပိတ်၊ လူထု အစည်းအဝေးနဲ့ လူထု ဆန္ဒပြပွဲကြီးတွေဟာ စုပေါင်းဆောင်ရွက်မှု သဘောဆောင်တယ်။ တသီးပုဂ္ဂလဝါဒဟာ လုပ်ဖော်ကိုင်ဖက် အလုပ်သမားများရဲ့ အကျိုးစီးပွားထက် သူတို့ ကိုယ်ကျိုးစီးပွားကို ရှေ့တန်းတင်တတ်သော သပိတ် ဖြိုခွဲရေး သမားတွေမှာ တွေ့ရတဲ့ အထင်ကရ အမှတ်အသား ဖြစ်တယ်။ ဒါကြောင့်ပဲ အရင်းရှင် မီဒီယာတွေက “တသီးပုဂ္ဂလ လွတ်လပ်မှု”အတွက် ရပ်တည်ပါတယ် ဆိုပြီး သပိတ်တိုက်ပွဲထဲ မပါဝင်ဘဲ ရှောင်နေတတ်သူတွေရဲ့ “ရဲဝံ့မှု” ကို ချီးကျူး ဂုဏ်တင်ပေးတတ်ကြတာ ဖြစ်တယ်။

လူသားတွေဟာ အပြောင်းအလဲအတွက် တိုက်ပွဲဝင်ရင်း၊ သူတို့ဝန်းကျင်က အခြေအနေတွေကို ပုံသွင်းရင်း သူတို့ သမိုင်းကို ထုဆစ်ကြတယ်။ အဲဒီလို လူမှု အခြေအနေတွေကို ပြောင်းလဲရင်း လူသားတွေဟာ သူတို့ကိုယ်သူတို့ ပြောင်းလဲသွားစေတယ်။ “လူသားသဘာဝ”လို့ ခေါ်တဲ့ ထာဝရ မပြောင်းမလဲ တည်မြဲနေသော အရာတခု ရှိတယ်လို့ ပြောတတ်ကြတယ်။ ဒီအယူအဆဟာ အရိုးစွဲနေတဲ့ အယူအစွဲတခု ဖြစ်ပေမယ့် ဘာအခြေအမြစ်မှ ရှိတာ မဟုတ်ဘူး။ လူသား သဘာဝဆိုတဲ့အရာကို သမိုင်းတလျှောက် ကြိမ်ဖန်များစွာ ပြောင်းလဲပစ်ခဲ့တယ်။ အခုလည်း ပြောင်းလဲနေသလို၊ နောင် အနာဂတ်မှာလည်း ပိုလို့တောင် ပြောင်းလဲလာလိမ့်ဦးမယ်။

ကျနော်တို့ဟာ သူစိမ်းပြင်ပြင် ကင်းကွာပြီး ကျိုးကြောင်းဆီလျော်မှု ကင်းမဲ့တဲ့ လောကမှာ အသက်ရှင်နေကြတယ်။ အဲဒီလောကကြီးကို လူတွေ နားမလည်နိုင်ကြဘူး။ ဒီလို လောကမျိုးမှာ ဆင်ခြင်တုံတရားကို အခြေခံတဲ့ အတွေးအခေါ်ဟာ လူကြိုက်မများနိုင်ဘူး။ ဒီလို လောကမျိုးမှာ ဘာမှ မတွေးရင် ပိုတောင် ကောင်းသေးတယ်။ ခေတ်သစ် ဘူဇွာ ဒဿနိကဗေဒရဲ့ အနှစ်သာရ ကင်းမဲ့မှုဟာ ဒီသဘောကို တိတိကျကျ



Image – Wikimedia commons / Public Domain

ထုတ်လုပ်ရေး ဖြစ်စဉ်ဟာ
အများစုပေါင်း သဘောဆောင်တယ်၊
တဦးချင်းသဘော မဆောင်ဘူး။
ဒီကုန်ထုတ်ဖြစ်စဉ်မှာ စုပေါင်း
အလုပ်လုပ်ရင်း အလုပ်သမားတွေဟာ
မဖြစ်မနေ ပူးပေါင်း ဆောင်ရွက်ရတယ်




Francisco José de Goya y Lucientes - The sleep of reason produces monsters / Public Domain

ထင်ဟပ်ပြနေတယ်။ ဥပမာအနေနဲ့ ပို့စ်မော်ဒန်ဝါဒရဲ့ နားဝေတိမ်တောင် အက်ကြောင်းထပ် စကားတွေကို ကြည့်ရင် ဒီသဘောကို အထင်းသား မြင်ရလိမ့်မယ်။ သူတို့ဘဝတွေကို သူတို့ကိုယ်တိုင် ထိန်းချုပ်နိုင်စွမ်း မရှိတော့ဘူးလို့ လူသားတွေ ခံစားလာရတယ်။ သူတို့ ထိန်းချုပ်မှု ပြင်ပက သူတို့ နားမလည်နိုင်တဲ့ ထူးထူးဆန်းဆန်း အင်အားစုတွေက သူတို့ကို တွန်းထိုး ဖယ်ရှားပစ်နေတယ်လို့ လူသားတွေ ခံစားလာရတယ်။ လူ့ဘဝရဲ့ တန်ဖိုးအားလုံးနဲ့ လူသားဆန်မှုတွေ ခွာချခံလိုက်ရတယ်။ ယဉ်ကျေးပြီး မှန်ကန်သင့်လျော်သော ဘဝ အခြေခံ အုတ်မြစ်ကို ဖျက်ဆီးပစ်မယ့် ရိုင်းစိုင်းကြမ်းတမ်းမှုနှင့် အကြမ်းဖက်မှုထဲနစ်မြုပ်သွားရတော့တယ်။ဟေဂယ်(လ်) ပြောခဲ့သလိုပဲ၊ “ဆင်ခြင်တုံတရားဟာ ဆင်ခြင်တုံတရား ကင်းမဲ့မှု ဖြစ်လာတယ်”။

ခေတ်သစ် ဘူဇွာ လူ့အဖွဲ့အစည်းတွင်း ရှင်သန်နေရသော ဘဝရဲ့ အစိတ်အပိုင်း အားလုံးကို သက်ရောက်မှုရှိတဲ့ သူစိမ်းပြင်ပြင်ကင်းကွာမှု(alienation)ကို ခေတ်ပေါ် ယဉ်ကျေးမှုမှာတောင် ဖော်ထုတ်ပြလာတာ တွေ့နိုင်တယ်။

ဟေဂယ်(လ်) ပြောခဲ့သလိုပဲ၊
“ဆင်ခြင်တုံတရားဟာ ဆင်ခြင်တုံတရား
ကင်းမဲ့မှု ဖြစ်လာတယ်”

Terminator လို ရုပ်ရှင်တွေမှာ စက်ရုပ်တွေက လူသား ထိန်းချုပ်မှုအောက်ကနေ လွတ်မြောက်သွားပြီး ကမ္ဘာကို အုပ်စိုးတဲ့ အကြောင်း ပုံဖော် ရိုက်ကူးပြလေ့ ရှိတယ်။ စက်ရုပ်တွေနဲ့ ပတ်သက်လို့ ဒီလို ထူးဆန်းတဲ့ ခေတ်သစ် စိတ်ကူးယဉ် ဇာတ်လမ်းတွေကို ဘယ်လို ရှင်းပြကြမလဲ။ အဲသလို သိပ္ပံ စိတ်ကူးယဉ် ဇာတ်လမ်းတွေဟာ လူသားတွေရဲ့ အသိစိတ် သဘောသဘာဝနဲ့ ပတ်သက်လို့ ဒါမှမဟုတ် စက်ရုပ်တွေရဲ့ အသိစိတ် သဘောသဘာဝနဲ့ ပတ်သက်လို့ ဘာမှမယ်မယ်ရရရှင်းမပြနိုင်ဘူး။ ဒါပေမယ့် နှစ်ဆယ့်တစ် ရာစု အစောပိုင်း ဆယ်စုနှစ်အတွင်း လူသားတွေ ရှင်သန်နေထိုင်နေရတဲ့ သူစိမ်းပြင်ပြင် ကင်းကွာနေတဲ့ ကမ္ဘာ လောကကြီး အကြောင်းကိုတော့ တနံတလျား ပြောပြသွားတယ်။

Terminator ရုပ်ရှင်ထဲက အိပ်မက်ဆိုးလောကမှာ "သက်မဲ့ ပစ္စည်းတွေ" (စက်ယန္တရား၊ စက်ရုပ်တွေ) က ကမ္ဘာကြီးကို စိုးမိုးချုပ်ကိုင်ပြီး လူတွေကို ကျွန်ပြုထားတာ တွေ့ရမယ်။ ဒါပေမဲ့ ဒီရုပ်ရှင်ထဲက အိပ်မက်ဆိုးဟာ အပြင်မှာ တကယ် ဖြစ်နေပြီးသား။ ကျနော်တို့ခေတ်မှာ လူတွေကို သက်မဲ့ ပစ္စည်းအဆင့် လျှော့ချထားပြီး သက်မဲ့ ပစ္စည်းတွေ (အထူးသဖြင့် ငွေကြေး) ကို လူတွေထက် အဆင့်မြင့်တဲ့ နေရာကို တင်ပေးထားတယ်။ ရှေးခေတ်က တိတ္ထိ နတ်ဆရာတွေဟာ ကလေးငယ်တွေကို Moloch နတ်အတွက် ယဇ်ပူဇော်ကြတယ်။ ဒီကနေ့ခေတ်ကျ သန်းပေါင်းများစွာသော ကလေးငယ်တွေဟာ ***အရင်း*** ဆိုတဲ့ ယဇ်ပလ္လင်မှာ စတေးခံနေရတယ်။

ဒီလို သူစိမ်းပြင်ပြင် ကင်းကွာခြင်း ခံစားမှုကို ဖျက်သိမ်းပစ်ဖို့ တခုတည်းသောနည်းလမ်းက သူ့ရဲ့ ရုပ်အခြေခံကို ဖျက်သိမ်းပစ်ဖို့သာ ရှိတယ်။ ကျိုးကြောင်းမဆီလျော်တဲ့ အတွေးအခေါ်ကို ဖျက်သိမ်းပစ်ဖို့ တခုတည်းသော နည်းက အရင်းရှင် လူ့အဖွဲ့အစည်းအတွင်း လူသားတွေကြား ရှိနေတဲ့ ကျိုးကြောင်းမဆီလျော်တဲ့ ဆက်ဆံရေးတွေကို ဖျက်သိမ်းပစ်ဖို့သာ ရှိတယ်။ ကျနော်တို့ ကိုယ့်ဘဝ

ကိုယ့်ကြမ္မာကို ပဲ့ကိုင် မောင်းနှင်နိုင်စွမ်း ကင်းမဲ့နေပြီဆိုတဲ့ ခံစားချက် ပပျောက်သွားအောင် ပဋိပက္ခသဘောဆောင် နေတဲ့ ကုန်ထုတ်ဆက်ဆံရေးတွေကို ဖယ်ရှားပစ်ပြီး၊ ကြောင်းကျိုးဆီလျော်တဲ့ စီမံကိန်း စီးပွားရေးစနစ်ကို အကောင်အထည် ဖော်ရမယ်။ ဒီလို စီမံကိန်း စီးပွားရေး စနစ်မှာ ဆုံးဖြတ်ချက်ဟူသမျှကို အမှန်တကယ် လွတ်လပ် သော လူသားတွေက ဒီမိုကရေစီနည်းကျ ချမှတ် အကောင်အထည် ဖော်လိမ့်မယ်။

သင့်လျော် မှန်ကန်စွာ လည်ပတ်နေတဲ့ လူ့အဖွဲ့-အစည်း၊ ဆိုလိုတာက ဆိုရှယ်လစ် စီမံကိန်း စနစ်နဲ့ လည် ပတ်နေတဲ့ လူ့အဖွဲ့အစည်းတရပ်မှာ လူတွေကို သက်မဲ့ ပစ္စည်းတွေက ကြီးစိုးခြယ်လှယ်နေတာမျိုး မဖြစ်တော့ဘူး၊ လွတ်လပ်သော လူသားတွေက သက်မဲ့ ပစ္စည်းတွေကို ချုပ်ကိုင် စီမံသွားလိမ့်မယ်။ လူသားတွေက စက်ယန္တရား တွေရဲ့ ကျေးကျွန် ဖြစ်နေမယ့်အစား စက်ယန္တရားတွေ ကသာ ကျနော်တို့ကို ရိုကျိုးစွာ အလုပ်အကျွေးပြုရတဲ့ ကျေးကျွန်တွေ ဖြစ်လာကြလိမ့်မယ်။ အရင်းရှင်စနစ် အောက်မှာ နည်းပညာ တိုးတက်မှုတွေကြောင့် အလုပ်ချိန် ပိုတိုးလာသလို အလုပ်သမားတွေရဲ့ ခိုင်းဖတ်ဘဝ ပိုဆိုး သွားတာပဲ အဖတ်တင်တယ်။ ဆိုရှယ်လစ်စနစ်မှာတော့ ပိုလျှံတန်ဖိုး (surplus value) ပမာဏ ဆထက်ထမ်းပိုး ထွက်လာအောင် ရေကုန်ရေခမ်း ကုန်းရုန်းလုပ်ပေးစရာ မလိုတော့ဘူး၊ လူသားတွေအဖို့ အလုပ်လုပ်ရချိန် လျော့ နည်းသထက် လျော့နည်းလာပြီး ဘဝကို သာယာအေး-ချမ်းစွာနဲ့ ဖြတ်သန်းရှင်သန်နိုင်လိမ့်မယ်။

ပြီးခဲ့တဲ့ ရာစုနှစ်အတွင်း သိပ္ပံနဲ့ နည်းပညာတွေ အံ့မခန်း တိုးတက်လာခဲ့တယ်။ ဒီတိုးတက်မှုတွေကြောင့် ကမ္ဘာ့ဂြိုဟ်ကို ပြောင်းလဲပစ်နိုင်ဖို့ လိုအပ်တဲ့ အရာ မှန်သမျှ ကျနော်တို့ လက်ထဲ ရှိနေပြီးသား ဖြစ်တယ်။ စကြဝဠာကြီး လည်ပတ်အလုပ်လုပ်ပုံနဲ့ ပတ်သက်လို့ သိပ္ပံပညာရဲ့ တွေ့ရှိချက်တွေဟာ ဘာသာရေးဘက်က "ထုတ်ဖော်ထားသော အမှန်တရားများ" ဆိုတာတွေထက် အံ့သြ စိတ်လှုပ်ရှားဖို့ ပိုကောင်းသလို ပိုပြီး လှပတယ်။ လူသားမျိုးနွယ်ဟာ သူတို့ရဲ့ ဘဝရှင်သန်ရေး အခြေအနေ တွေကို တော်လှန် ပြောင်းလဲပစ်ခြင်းအားဖြင့် လူသား မျိုးနွယ်ကိုယ်တိုင် ပြောင်းလဲသွားမယ့် လမ်းကြောင်းကိုပါ ခင်းပြီးသား ဖြစ်သွားလိမ့်မယ်။ ကျနော်တို့ မျိုးနွယ်ရဲ့ အကြိုသမိုင်းကာလကို အဆုံးသတ်ပေးလိမ့်မယ်။ ဒီလိုနဲ့

လူသားတွေဟာ တိရစ္ဆာန်များနဲ့ ကွဲပြား ခြားနားသော တကယ့် လူပီပီသသ လုပ်ကိုင် တွေးခေါ်နိုင်လာလိမ့်မယ်။ ကျေးကျွန်တွေလို ရှင်သန်နေရတာမျိုး မဟုတ်တော့ဘဲ လွတ်လပ်သော လူသားများအဖြစ် လုပ်ကိုင် တွေးခေါ်နိုင် လာမယ်။

ဒီအချက်က ကျနော်တို့ကို မာ့က်စ်ရဲ့ ဖွိုက်ယ-ဘက်(ခ်) စစ်တမ်း (၃) ဆီ ပြန်ခေါ်သွားတယ်။

"လူဟာ ဝန်းကျင် အခြေအနေနဲ့ လေ့ကျင့်ပျိုးထောင် ခြင်းရဲ့ အသီးအပွင့်တွေ ဖြစ်ကြောင်း၊ ဒါ့ကြောင့် ပြောင်းလဲသွားတဲ့ လူသားဟာ ပြောင်းလဲသွားသော ဝန်းကျင် အခြေအနေနဲ့ လေ့ကျင့်ပျိုးထောင်ခြင်း တို့ရဲ့ ရလဒ်သာဖြစ်ကြောင်း ရုပ်ဝါဒက ဆိုတယ်။ ယင်းရုပ်ဝါဒအမြင်က လူတွေဟာ သူတို့ကြီးပြင်းရာ အခြေအနေတွေကို ပြောင်းလဲဖန်တီးနိုင်ကြောင်း၊ ပျိုးထောင် လေ့ကျင့်ပေးသူကိုလဲ ပျိုးထောင် လေ့-ကျင့် ပေးထားဖို့ မဖြစ်မနေ လိုအပ်ကြောင်း မေ့နေ တတ်တယ်။ ဒါ့ကြောင့် ဒီအယူဝါဒအရ လူ့အဖွဲ့-အစည်းကို နှစ်ပိုင်းခွဲပစ်လိုက်ရပြီး တပိုင်းက လူ အများထက် ခေါင်းတလုံး ပိုမြင့်သူတွေ ဖြစ်သွား တယ်။ လူသားတွေက ဝန်းကျင် အခြေအနေကို ပြောင်းလဲဖန်တီးရင်း သူတို့ကိုယ်သူတို့လဲ ပြောင်းလဲ ပစ်တယ်။ ဒီလို တပြိုင်နက် ပြောင်းလဲမှုကို ***တော်လှန် ရေး လက်တွေ့ လုပ်ဆောင်မှု*** အဖြစ်သာ ရှင်းရှင်း-လင်းလင်း နားလည်နိုင်တယ်။"

ဆိုလိုတဲ့ သဘောက ရှင်းပါတယ် -

**"အတွေးအခေါ်ကို တော်လှန်ပြောင်းလဲဖို့ဆိုရင် လူ့အဖွဲ့အစည်းကို တော်လှန်ပြောင်းလဲပစ်ဖို့** မဖြစ်မနေ လိုအပ်တယ်"။


[Source: Marx's revolution in philosophy - Reflections on the Theses on Feuerbach]

မြန်မာပြန်သူ - ရှင်မင်းဟန်

# ဒိုင်ယာလက်တစ် ရုပ်ဝါဒ မိတ်ဆက် [၂]

## အရေအတွက်မှ အရည်အသွေး [တဖန် အရည်အသွေးမှ အရေအတွက်] သို့ ပြောင်းလဲခြင်း သဘော

"သဘာဝတရားမှာ ရုတ်တရက် ခုန်ကူးပြောင်းလဲတတ်တဲ့ သဘောမရှိဘူးလို့ ဆိုကြတယ်။ တစတစ တိုးပွားမှု (သို့မဟုတ်) ယုတ်လျော့မှုတွေကနေ အကြောင်းချင်းရာများ ဖြစ်တည်လာကြတယ်လို့ လူအများ လက်ခံထားကြတယ်။ ဒါတင် ဘယ်ကမလဲ။ အရေအတွက်ကနေ အရည်အသွေးကို ရုတ်တရက် ကူးပြောင်းသွားတာမျိုးလည်း ရှိသေးတယ်။ ဥပမာဆိုရရင် ရေကို အအေးခံလိုက်တဲ့အခါ ပျော့စိစိ အရင်ဖြစ်ပြီး နောက်ဆုံး ရေခဲအဖြစ် မာကျောသွားတယ် ဆိုတာမျိုး မဟုတ်ပါဘူး၊ အရည်ဘဝကနေ ချက်ချင်း အခဲ ဖြစ်သွားတာပဲ။ အပူချိန်ကို တစုံတခုသော ဒီဂရီအထိ လျှော့ချလိုက်မယ်ဆိုရင် ရေအဖြစ်ကနေ ရေခဲအဆင့်ကို ရုတ်ချည်း ပြောင်းလဲသွားတယ်။ သဘောက အပူချိန် ဒီဂရီ အပြောင်းအလဲ (အရေအတွက် ပြောင်းလဲခြင်း) ကနေ အကြောင်းချင်းရာတို့ရဲ့ သဘောသဘာဝ ပြောင်းလဲခြင်း (အရည်အသွေး ပြောင်းလဲခြင်း) ဖြစ်သွားတာပဲ။" (*The Science of Logic)*



ဒါဟာ အပြောင်းအလဲကို နားလည်နိုင်ရေးအတွက် တဆစ်ချိုး ဖြစ်တယ်။ အပြောင်းအလဲတရပ်၊ ဒါမှမဟုတ် ဆင့်ကဲဖြစ်စဉ်တရပ်ဟာ အထစ်အငေါ့မရှိ တဖြောင့်တည်း ဖြည်းဖြည်းချင်း ဖြစ်ပေါ်နေတာမျိုး မဟုတ်။ မာ့က်စ်ဟာ ခေတ်ပြောင်း တော်လှန်ရေးကို မြေအောက်က ပွေးသိုက်ထဲမှာ သဲကြီးမဲကြီး တူးယက်နေတဲ့ အရွယ်ရောက် ပွေးတကောင်နဲ့ ခိုင်းနှိုင်းပြတယ်။ အချိန်အတော်ကြာတဲ့အထိ ရှိလို့ရှိမှန်းတောင်သိရမှာမဟုတ်ဘူး။ ဒါပေမဲ့ တလှုပ်လှုပ်နဲ့ အစဉ်အလာဟောင်းကြီးကို လှိုက်စားနေတယ်။ အဲဒီနောက် ရုတ်တရက် ဦးစောက်ပြောင်းပြန်ပြောင်းလဲကာ မြေပြင်ထက် ပေါ်လာသလိုပါ။ ချားလ်စ် ဒါဝင်တောင်မှ ဆင့်ကဲဖြစ်စဉ်ရဲ့ အနှစ်သာရဟာ ဖြေးဖြေးချင်း ပြောင်းလဲတဲ့ သဘောတရားဖြစ်တယ်လို့ ယုံကြည်ထားခဲ့တယ်။ ရုပ်ကြွင်း မှတ်တမ်းတွေထဲက ဟာကွက်တွေဟာ ဆင့်ကဲဖြစ်စဉ်အတွင်း ခုန်ကူး ပြောင်းလဲမှုတွေ သို့မဟုတ် စဉ်ဆက်ပြတ်တောက်မှုတွေ ဖြစ်ခဲ့လို့ မဟုတ်ဘူး၊ ဒီဟာကွက်တွေကို နောက်ပိုင်း တွေ့ရှိချက်တွေနဲ့ ထပ်ဖြည့်သွားနိုင်မယ်လို့ သူ ယုံကြည်ခဲ့တယ်။ ဒီနေရာမှာတော့ ဒါဝင် မှားသွားပြီ။ ယနေ့ခေတ်အခါ ဆင့်ကဲဖြစ်စဉ် အတွင်းက ခုန်ကူးပြောင်းလဲမှုကို ရှင်းပြနိုင်တဲ့ သီအိုရီအသစ်တွေ ဖော်ထုတ်ထားတယ်၊ အနှစ်သာရအားဖြင့် ဒိုင်ယာလက်တစ်ဆန်တဲ့ သီအိုရီတွေပါပဲ။ စတီဖင် ဂျေ ဂိုး (Stephen Jay Gould)နဲ့ နိုင်း အယ်ဒရက် (Niles Eldredge) တို့က သူတို့ရဲ့ ဒိုင်ယာလက်တစ်ကျတဲ့ ဆင့်ကဲဖြစ်စဉ် သဘောတရားကို "Punctuated equilibra" လို့ ခေါ်ဆိုခဲ့တယ်။ သူတို့ ဖွင့်ဆို ရှင်းလင်းချက်အရ ဆင့်ကဲဖြစ်စဉ်အတွင်းမှာ ကာလအတန်ကြာအောင် သိသာထင်ရှားတဲ့ အပြောင်းအလဲတွေ မဖြစ်ပေါ်ဘဲ ရှိနေရာက သက်ရှိ တမျိုးမျိုး သို့မဟုတ် အမျိုးပေါင်းများစွာ ရုတ်ချည်း ထွက်ပေါ်လာခဲ့တယ်။ တနည်းပြောရရင် အရေအတွက်ပိုင်း ကွဲပြားခြားနားချက်များမှ အရည်အသွေးသဘော ပြောင်းလဲမှု ဖြစ်ပေါ်ပြီး သက်ရှိ မျိုးစိတ်သစ် ထွက်ပေါ်လာခြင်း ဖြစ်တယ်။ ဖွံ့ဖြိုးမှု ဖြစ်စဉ်တခုလုံးကို ကြည့်လိုက်ရင် စဉ်ဆက်ပြတ်တောက်မှုတွေ၊ ခုန်ကူး ပြောင်းလဲခြင်းတွေ၊ ကပ်ဘေးကြီးတွေ၊ တော်လှန်ရေးကြီးတွေ အထင်အရှား တွေ့ရလိမ့်မယ်။

လွန်ခဲ့တဲ့ နှစ်သန်းပေါင်း သုံးထောင့် ခြောက်ရာခန့်က ကမ္ဘာ့ သမုဒ္ဒရာတွေထဲ ဆဲ(လ်)တလုံးရှိ သက်ရှိ စတင်ပေါ်ပေါက်လာခြင်းဟာ ရုပ်တရားတို့ ဆင့်ကဲဖွံ့ဖြိုးမှုအတွင်း အရည်အသွေးဆိုင်ရာ ခုန်ကူး ပြောင်းလဲမှု တရပ်ဖြစ်ခဲ့တယ်။ ပိုမိုရှုပ်ထွေးတဲ့ ဆဲ(လ်)အများရှိ သတ္တဝါတွေ ထွက်ပေါ်လာတဲ့ လွန်ခဲ့သော နှစ်သန်းပေါင်း ခြောက်ရာခန့်က ကမ်ဘရီယန် ပေါက်ကွဲမှု (Cambrian Explosion)ဟာဆိုရင်လဲ ဆင့်ကဲဖွံ့ဖြိုးမှုအတွင်း အရည်အသွေးအရ နောက်ထပ် ခုန်ကူး ပြောင်းလဲခြင်းပဲ ဖြစ်တယ်။ လွန်ခဲ့တဲ့ နှစ်သန်းပေါင်း (၄၀၀-၅၀၀) ခန့်က ပယ်လီယိုဇိုးအစ် ခေတ်ဦး (the lower Palaeozoic) မှာ ကျောရိုးရှိ ငါးတွေ ပထမဆုံးအကြိမ် ထွက်ပေါ်လာခဲ့တယ်။ တော်လှန်ရေးဆန်တဲ့ အဲဒီ (ကျောရိုးရှိ ကိုယ်ထည်) ဒီဇိုင်းဟာ တွင်ကျယ်လာပြီး ကုန်းနေရေနေ သတ္တဝါတွေ၊ တွားသွားသတ္တဝါတွေ၊ နောက်ဆုံး ငှက်နဲ့ နို့တိုက်သတ္တဝါတွေ ပါဝင်သော သွေးနွေး သတ္တဝါတွေအဖြစ် အဆင့်ဆင့် တိုးတက်သွားခဲ့တယ်။ အဲသလို တော်လှန်ရေးဆန်ဆန် ခုန်ကူး ပြောင်းလဲမှုတွေကြောင့် အဆုံးမှာ စဉ်စားတွေးခေါ်နိုင်စွမ်းရှိတဲ့ လူသားမျိုးနွယ် ထွက်ပေါ်လာခြင်း ဖြစ်တယ်။ ဆင့်ကဲဖွံ့ဖြိုးမှုဟာ ရှည်လျား ထွေပြားတဲ့ ဖြစ်စဉ်တခု ဖြစ်ပါတယ်။ ဒီဖြစ်စဉ်မှာ သက်ရှိ အတွင်းပိုင်းနဲ့ ပြင်ပ

တော်လှန်ရေးဆန်ဆန် ခုန်ကူး ပြောင်းလဲမှုတွေကြောင့် အဆုံးမှာ စဉ်စားတွေးခေါ် နိုင်စွမ်းရှိတဲ့ လူသားမျိုးနွယ် ထွက်ပေါ်လာခြင်း ဖြစ်တယ်။





Parade of the Bolshevik soldiers through the streets of Moscow / wkikimedia commons – public domain

ဘက်က အပြောင်းအလဲတွေ တစတစ စုပြုံလာခြင်းကြောင့် ခုန်ကူးပြောင်းလဲမှု ဖြစ်ပေါ်လာပြီး အရည်အသွေးအရ ပိုမြင့်မားတဲ့ ဖွံ့ဖြိုးမှု အဆင့်တခုကို ရောက်သွားမယ်။

မြေအောက်က တွန်းကန်အားတွေ အဆမတန် များပြားလာပြီး အချိန်ကြာတဲ့အခါ ငလျင်အဖြစ် ကမ္ဘာမြေအပေါ်လွှာကြားက ပေါက်ထွက်လာသည့်နည်းတူ အလုပ်သမားထုရဲ့ အသိစိတ် တစတစ ပြောင်းလဲရာက လူတန်းစား တိုက်ပွဲအဖြစ် ပေါက်ကွဲ ထွက်လာတတ်တယ်။ စက်ရုံတရုံမှာ အလုပ်သမားတွေ သပိတ်မှောက်ကြတာ ပြင်ပက သွေးထိုးလှုံ့ဆော်လို့ မဟုတ်ဘူး။ အဲဒီစက်ရုံအတွင်း ဖြစ်ပေါ်နေတဲ့ အပြောင်းအလဲတွေ စုပြုံလာလို့ နောက်ဆုံးမှာ လုပ်သားထုက သပိတ်မှောက်ရတဲ့ အဆင့် ရောက်သွားတာပဲ။ သပိတ်မှောက်ရတဲ့ "အကြောင်းတရား" က အသေးအဖွဲ ကိစ္စလေးတွေ၊ ရှောင်တခင် ဖြစ်ရပ်လေးတွေ ဖြစ်နေတတ်တယ်။ ဥပမာ၊ လက်ဖက်ရည်သောက် နားချိန်နဲ့ ပတ်သက်ပြီး အငြင်းပွားမှု ဖြစ်သွားတာမျိုး။ ဒါပေမယ့် ဒီအသေးအဖွဲ ကိစ္စလေးက လူသိများတဲ့ (ဒိုင်ယာလက်တစ်) စကားနဲ့ ပြောရရင် "ကုလားအုတ်ကို ခါးရိုး ကျိုးသွားစေတဲ့ နောက်ဆုံးကောက်ရိုးတမျှင်" ဖြစ်သွားတာပဲ။ (တနည်းဆိုရရင် တလျှောက်လုံး သည်းခံလာရသမျှ ပေါက်ကွဲထွက်အောင် ဖန်တီးပေးလိုက်တဲ့ စနက်မီး ဖြစ်သွားတာပဲ။) အဲဒီ အသေးအဖွဲ ကိစ္စလေးက အရေအတွက် ပြောင်းလဲမှုတွေကနေ အရည်အသွေး ပြောင်းလဲခြင်းကို ဖြစ်သွားစေတဲ့ ဓာတ်ကူပစ္စည်းပဲ။

တော်လှန်ရေးတွေလဲ ဒီလို ဖြစ်လာကြတာပဲ။ လူ့အဖွဲ့အစည်းအတွင်း မကျေနပ်ချက်တွေ စုပုံလာရာက ရေဆူအမှတ်ကို ရောက်တဲ့အခါ တော်လှန်ရေးအဖြစ် ထွက်ပေါ်လာလေ့ရှိတယ်။ အသိစိတ်ဟာ ပုံမှန်အားဖြင့် ကွန်ဆာဗေးတစ်ဖြစ်တယ်။ လူတွေဟာ ကိုယ့်မှာ ရှိတာတွေ၊ ကိုယ်သိထားတာလေးတွေကိုသာ ဖက်တွယ်ထားလေ့ရှိတယ်။ အသိစိတ်ဟာ ပြောင်းလဲနေတဲ့ ပကတိ အခြေအနေကို အမီ မလိုက်နိုင်ဘူး၊ ပြတ်ကျန်လေ့ရှိတယ်။ အသိစိတ်ကို ကိုင်လှုပ်ပစ်ဖို့ အံ့အားသင့်စရာ အရေးအခင်းကြီးတွေ လိုအပ်တယ်။ ဒါ့ကြောင့် လူထု အသိစိတ် ပြောင်းလဲမှုဟာ တတိတိချင်း ပြောင်းလဲတဲ့ ပုံစံ မဟုတ်ဘူး၊ ရုတ်ချည်း ခုန်ကူးပြောင်းလဲသွားတတ်တယ်၊ ၂၄ နာရီမပြည့်ခင် ခုန်ကူး ပြောင်းလဲသွားနိုင်တယ်။ အဲသလို လူထု အသိစိတ် ခုန်ကူးပြောင်းလဲခြင်းဟာ တော်လှန်ရေးရဲ့ ဝိသေသပဲ။

သိပ္ပံပညာရဲ့ အလုပ်က အပေါ်ယံ အသွင်ပြင်ကို သိရုံနဲ့ မလုံလောက်ဘူး၊ အောက်ခံ ပကတိ အရှိတရား၊ အနှစ်သာရနဲ့ နိယာမတရားတွေကို ရှေ့ဆက် ဖော်ထုတ်နိုင်ရမယ်လို့ မာ့က်စ်က အလေးပေး ဆိုခဲ့တယ်။ ဒီနေရာမှာ မာ့က်စ်ရဲ့ အရင်းကျမ်းက စံပြ နမူနာပဲ။

"အပေါ်ယံလောက်သာ နားလည်တဲ့ ဘောဂဗေဒ ပညာရှင်တွေက ဦးနှောက်ကို ထင်ဟပ်လာတဲ့ ကုန်လုပ်ဆက်ဆံရေးတွေရဲ့ အပြင်ပန်း သွင်ပြင်လောက်ပဲ စဉ်းစားလေ့ရှိတယ်၊ သူတို့ရဲ့ အတွင်းသား ဆက်နွှယ်မှုတွေကို မဖမ်းဆုပ်နိုင်ကြဘူး"လို့ အန်းဂယ်(လ်) ဆီပေးတဲ့စာမှာ မာ့(က်စ်) ရေးခဲ့ဖူးတယ်။ (ဇွန် ၂၇၊ ၁၈၆၇)

တချိန်က ဆိုဗီယက် ပြည်ထောင်စုကို 'နိုင်ငံတော် အရင်းရှင်စနစ်' ဆိုပြီး ပစ်ပစ်ခါခါ သဘောထားခဲ့ကြသူတွေကိုလဲ အပြင်ပန်း သွင်ပြင်လောက်သာ မြင်သူတွေလို့ ဆိုနိုင်မယ်။ စတာလင်ဝါဒဟာ ဆိုရှယ်လစ်စနစ်နဲ့ မဆိုင်ရေးချ မဆိုင်ပါ။ စတာလင်အစိုးရဟာ ဖိနှိပ်ညှဉ်းပမ်းရေး ယန္တရားတခု ဖြစ်တယ်၊ အလုပ်သမားထုဟာ အနောက်နိုင်ငံတွေက အလုပ်သမားတွေလောက်ကို အခွင့်အရေး မရခဲ့ကြဘူး။ သို့သော် ဆိုဗီယက် ပြည်ထောင်စုကို သိပ္ပံနည်းကျ ဆန်းစစ်လေ့လာမှု လုပ်ရမယ့်အစား 'နိုင်ငံတော် အရင်းရှင်စနစ်' လို့ လွယ်လင့်တကူ တံဆိပ်ကပ်ခဲ့ကြတယ်။ ထရော့စကီး ရှင်းခဲ့သလိုပဲ၊ 'နိုင်ငံတော် အရင်းရှင်စနစ်' သီအိုရီသမားများဟာ USSR ကို သမားရိုးကျ ယုတ္တိဗေဒအမြင်နဲ့ ရှုမြင်ကြတယ်။ သူတို့အတွက်တော့ ဒီဟာမဟုတ်ရင် ဟိုဟာ ဖြစ်ကိုဖြစ်ရမယ်။ မဖြူရင် မည်းရမယ် ဆိုသလိုပါပဲ။ USSR ဟာ စတာလင်ဝါဒီတွေ ပြောသလို အံ့သြဖွယ်ရာများနဲ့ ပြည့်နှက်နေတဲ့ ဆိုရှယ်လစ် တိုင်းပြည်ကြီး ဖြစ်ရင်ဖြစ်၊ မဟုတ်ရင် (နိုင်ငံတော်) အရင်းရှင်စနစ် တိုင်းပြည်တခုရင်လည်း ဖြစ်ကိုဖြစ်ရမယ်။ ဒီလို ရှုမြင်ပုံဟာ အသွင်သဏ္ဌာန် ဦးစားပေးဝါဒ (formalism) သက်သက်ပဲ။ ထရော့စကီး ရှင်းပြခဲ့သလိုပဲ၊ အလုပ်သမား နိုင်ငံတော်ဟာ ကာလကြာရှည် ယိုယွင်းပုံပျက်နေသော ပစ္စည်းမဲ့ အုပ်စိုးမှု ပုံစံတမျိုးအဖြစ် ပျက်စီးသွားနိုင်မှန်း အဲဒီလူတွေ နားမလည်နိုင်ခဲ့ဘူး။ ခေတ်နောက်ကျ တိုင်းပြည်တခုမှာပဲ တော်လှန်ရေး ထီးတည်းဖြစ်ခဲ့လို့ အလုပ်သမား နိုင်ငံတော်ဟာ ယိုယွင်း ပျက်စီးသွားခဲ့ခြင်း ဖြစ်တယ်။ ဒါပေမယ့်လဲ ပြည်သူပိုင် လုပ်ထားတဲ့ စီမံကိန်း စီးပွားရေးစနစ် ရှိနေသေးတာကြောင့် တခုမကျန် ဆုတ်ယုတ် ပျက်ပြားသွားတာမျိုး မဟုတ်ဘူး။ ဗျူရိုကရေစီဟာ သမိုင်းရေး တာဝန် ထမ်းဆောင်နိုင်တဲ့ အုပ်စိုးသူ လူတန်းစား အသစ်တရပ် မဟုတ်ဘူး၊ နိုင်ငံရေးအာဏာကို လုယူပြီး နိုင်ငံတော်ကိုယ်ထည်ပေါ် ကြီးထွားလာတဲ့ ကပ်ပါး အလွှာကြီးသာ ဖြစ်တယ်။ နိုင်ငံရေးအရ အသစ်တဖန် တော်လှန် ပြောင်းလဲခြင်းဖြင့်သာ ဒီဗျူရိုကရေစီကို အပြီးတိုင် ဖယ်ရှားပစ်ပြီး အလုပ်သမား ဒီမိုကရေစီနဲ့ ဆိုဗီယက်တွေကို တကျော့ပြန် အသက်သွင်းနိုင်မယ်။

ထရော့စကီး မကွယ်လွန်ခင် ရှင်းပြခဲ့သလိုပဲ၊

> "ဆိုဗီယက် ပြည်ထောင်စုက အလုပ်သမား နိုင်ငံတော် မဟုတ်သလို ဘူဇွာ နိုင်ငံတော်လဲ မဟုတ်ဘူးလို့ ရဲဘော် Burnham ရဲ့ အဓိပ္ပါယ်ဖွင့်ဆိုတယ်။ ဒီဖွင့်ဆိုချက်က ငြင်းပယ်ခြင်း သက်သက် ဖြစ်နေတယ်၊ အလုပ်သမား နိုင်ငံတော်ကို သမိုင်းဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှု ကွင်းဆက်ကနေ ဆွဲဖြုတ်ပြီး လေထဲမှာ တွဲလောင်းပစ်ထားတယ်။ လူမှုဗေဒ အခြေခံ မြူတမှုန်တောင် မပါဘူး။ ဒါဟာ ပဋိပက္ခ ဖြစ်နေတဲ့ သမိုင်း ဖြစ်စဉ်ရှေ့မှာ လက်တွေ့အကျိုး မျှော်ဝါဒကို သဘောတရားရေးအရ လက်နက်ချ လိုက်ခြင်း သက်သက်ပဲ။"
>
> "Burnham သာ ဒိုင်ယာလက်တစ် ရုပ်ဝါဒီတဦး ဖြစ်ခဲ့ရင် အောက်ပါ မေးခွန်း သုံးခုကို စူးစမ်းကြည့် မိလိမ့်မယ်။
>
> (၁) ဆိုဗီယက် ပြည်ထောင်စုရဲ့ သမိုင်းဆိုင်ရာ ဇစ်မြစ်က ဘာလဲ။
>
> (၂) ဒီနိုင်ငံတော် တည်ရှိနေတဲ့ ကာလ တလျှောက် ဘယ်လို အပြောင်းအလဲတွေ ဖြစ်ခဲ့လဲ။
>
> (၃) ဒီ အပြောင်းအလဲတွေက အရည်အတွက် သဘော ပြောင်းလဲမှုကနေ အရည်အသွေးသဘော ပြောင်းလဲမှုဆီ ကူးပြောင်းသွားပြီလား။ တနည်းဆိုရရင် ဒီအပြောင်းအလဲတွေက အုပ်စိုးသူ လူတန်းစား



စတာလင့်လက်ထက် ယူကရိန်း အငတ်ဘေးကာလ စုပေါင်းလယ်ယာတခုမှာ အာလူးကောက်နေတဲ့ ကလေးငယ်များ

Image – Sovfoto/ UIG/ Getty images

ပဋိပက္ခဟာ ရှင်သန်ဖွံ့ဖြိုးခြင်းနဲ့ ရွေ့လျားခြင်း အားလုံးရဲ့ ရင်းမြစ် ဖြစ်တယ်၊ ဘယ်အရာမဆို ပဋိပက္ခရှိနေမှသာ ရွေ့လျားခြင်း၊ အင်အားနဲ့ အကျိုး သက်ရောက်မှုတို့ ရှိနိုင်တယ်

အသစ်တရပ် ထွက်ပေါ်လာအောင် ဖန်တီးပေးနိုင်လား၊ အဲဒီ လူတန်းစားရဲ့ အုပ်စိုးမှုကရော သမိုင်းဆိုင်ရာ လိုအပ်ချက် ဟုတ်ရဲ့လား။

ဒီမေးခွန်းတွေကိုသာ ဆန်းစစ်အဖြေရှာခဲ့မယ်ဆိုရင် Burnham အနေနဲ့ ဆွဲစရာ ကောက်ချက်တခုပဲ တွေ့ရလိမ့်မယ်။ အဲဒါကတော့ ‘ဆိုဗီယက် ပြည်ထောင်စုဟာ ယိုယွင်းပျက်စီးနေတဲ့ အလုပ်သမားနိုင်ငံတော် ဖြစ်နေဆဲ’ ဆိုတဲ့ ကောက်ချက်ပဲ။” (Leon Trotsky, *In Defence of Marxism*)

နိုင်ငံတော် အရင်းရှင်စနစ် အယူအဆကို ထောက်ခံသူတွေဟာ သဘောတရားရေး ရှုပ်ထွေးပြီး တန်ပြန်တော်လှန်ရေးကို တော်လှန်ရေး ထင်လို့ထင်၊ တော်လှန်ရေးကို တန်ပြန်တော်လှန်ရေးနဲ့ မှားလို့မှား ဖြစ်ကုန်ကြတယ်။ အာဖဂန်နစ္စတန်က ဖောက်ပြန်သော ဘာသာရေးတယူသန်ဝါဒီ မူဂျာဟစ်တွေကို ရုရှား နယ်ချဲ့စနစ်ကို ခုခံဆန့်ကျင်တဲ့ “လွတ်လပ်ရေး တိုက်ပွဲဝင်တွေ” ဆိုပြီး သူတို့ ထောက်ခံခဲ့ကြတယ်။ ၁၉၉၁ ခုနှစ်မှာ ဆိုဗီယက်ပြည်ထောင်စု ပြိုကျသွားပြီး အရင်းရှင်စနစ်ကို ပြန်အစားထိုးဖို့ လုပ်လာတယ်၊ တကယ်တမ်း အရင်းရှင်တန်ပြန် တော်လှန်ရေးကြီးနဲ့ အခုလို နဖူးတွေ့ ဒူးတွေ့ ကြုံလာချိန်ကျ သူတို့တတွေ ကြားနေရေးဝါဒကို ကျင့်သုံးခဲ့ကြတယ်။

## ဆန့်ကျင်ဘက်များ ပေါင်းစည်းတည်ရှိခြင်း

“သို့သော်၊ ပဋိပက္ခဟာ ရှင်သန်ဖွံ့ဖြိုးခြင်းနဲ့ ရွေ့လျားခြင်း အားလုံးရဲ့ ရင်းမြစ် ဖြစ်တယ်၊ ဘယ်အရာမဆို ပဋိပက္ခရှိနေမှသာ ရွေ့လျားခြင်း၊ အင်အားနဲ့ အကျိုးသက်ရောက်မှုတို့ ရှိနိုင်တယ်။” (ဟေဂယ်)



G. W.F Hegel - Image: public domain

“အတိုချုပ်ဆိုရရင် ဒိုင်ယာလက်တစ်ကို ဆန့်ကျင်ဘက်များ ပေါင်းစည်းတည်ရှိခြင်း သဘောတရားလို့ အဓိပ္ပါယ် ဖွင့်နိုင်တယ်။ ဒါဟာ ဒိုင်ယာလက်တစ်ရဲ့ အနှစ်အသားကို ထုတ်ဖော်ပေးတယ်...”လို့ လီနင်က ရေးခဲ့တယ်။

ကျွန်ုပ်တို့နေထိုင်တဲ့ ကမ္ဘာလောကဟာ ပဋိပက္ခတွေ (သို့မဟုတ်) ဆန့်ကျင်ဘက်တွေ ပေါင်းစည်းတည်ရှိနေခြင်း ဖြစ်တယ်။ အပူနဲ့ အအေး၊ အလင်းနဲ့ အမှောင်၊ 'အရင်း' နဲ့ လုပ်အား၊ မွေးဖွားခြင်းနဲ့ သေဆုံးခြင်း၊ ဆင်းရဲခြင်းနဲ့ ချမ်းသာခြင်း၊ အပေါင်းနဲ့ အနှုတ်၊ ရွှေခေတ်နဲ့ စီးပွားပျက်ကပ်၊ တွေးခေါ်ခြင်းနဲ့ ဖြစ်တည်ခြင်း၊ အကန့်အသတ်ရှိခြင်းနဲ့ အကန့်အသတ်မဲ့ခြင်း၊ တွန်းအားနဲ့ ဆွဲအား၊ အထက် အောက်၊ ဘယ် ညာ၊ ဆင့်ကဲပြောင်းလဲမှုနဲ့ တော်လှန်ရေး၊ ရှောင်တခင်သဘောနဲ့ နိယာမသဘော၊ အရောင်းနဲ့ အဝယ်၊ စသဖြင့်...။

ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေတဲ့ ဝင်ရိုးစွန်းနှစ်ခု တပေါင်းတစည်းတည်း တည်ရှိနေခြင်းကို အများသူငါ နားလည်ထားပုံအရ 'ဝိရောဓိသဘော' (paradox) လို့ ဆိုလေ့ရှိတယ်။ ဝိရောဓိသဘော ဆိုတာ ဆန့်ကျင်ဖက်အဆို နှစ်ရပ်လုံး မှန်တယ်လို့ အသိအမှတ်ပြုလိုက်ခြင်းပဲ။

ဒါဟာ ရုပ်ကမ္ဘာမှာ ဖြစ်နေတဲ့ ဆန့်ကျင်ဘက်တို့ ပေါင်းစည်း တည်ရှိခြင်းက အတွေးအာရုံမှာ လာရောက် ထင်ဟပ်ပုံ တမျိုးပဲ။

ရွေ့လျားခြင်း၊ နေရာနဲ့ အချိန် ဆိုတာတွေဟာ တခြားမဟုတ်၊ ရုပ်ရဲ့ တည်ရှိပုံတွေသာ ဖြစ်တယ်။ ရွေ့လျားခြင်း ဆိုတာ နေရာ နှစ်ခုမှာ တပြိုင်နက် ဖြစ်ရှိနေခြင်းပဲ၊ ဒါ့ကြောင့် ရွေ့လျားခြင်းဟာ ပဋိပက္ခတမျိုး ဖြစ်တယ်လို့ ကျနော်တို့ ရှင်းပြခဲ့တယ်။ ဒါဟာ ဆန့်ကျင်ဖက်တို့ ပေါင်းစည်းတည်ရှိခြင်းပဲ။

"လှုပ်ရှားမှုဆိုတာ ဒီတနေရာမှာ ဖြစ်ရှိနေပြီး၊ ထို့အတူ မရှိခြင်းလဲ ဖြစ်တယ်၊ ဒါဟာ အချိန်နဲ့ နေရာတို့ရဲ့ အလျဉ် မပြတ်ခြင်း သဘောပဲ။ ဒါကပဲ ရွေ့လျားခြင်းကို ဖြစ်ပေါ်စေတယ်" (ဟေဂယ်)

အကြောင်းချင်းရာတရပ်ရဲ့ အနှစ်သာရကို နားလည် ချင်ရင် သူ့ရဲ့ အတွင်းသား ပဋိပက္ခတွေကို ရှာဖွေ ဖော်ထုတ်နိုင်ဖို့ လိုအပ်တယ်။ တချို့သော အခြေအနေ တွေမှာ အလုံးစုံသဘောက အခိုင်အမာ တခုချင်း အသွင် ဆောင်ပြီး အခိုင်အမာ တခုချင်းက အလုံးစုံသဘောကို ပြန်လည်ဖော်ပြပါတယ်။ 'အကြောင်းတရားက အကျိုး ဆက် ဖြစ်သွားပြီး အကျိုးဆက်က အကြောင်းတရား ပြန်ဖြစ်သွားတဲ့ ကိစ္စ' မှာလို အကြောင်းချင်းရာတွေက သူတို့ရဲ့ ဆန့်ကျင်ဘက်ဘဝကို ပြောင်းသွားတတ်တယ်။ အကြောင်းကတော့ သူတို့ဟာ ရုပ်ရဲ့ အဆုံးမရှိ ဖြစ်ပေါ် တိုးတက်ခြင်း ချိန်းကြိုးကြီးအတွင်းက ကွင်းဆက်တွေ ဖြစ်နေလို့ပဲ။


"ငြင်းဖျက်ခြင်းဖြစ်စဉ်ဟာ ငြင်းဖျက်ရုံသာ မဟုတ်ဘဲ တိုးတက်ဖန်တီးခြင်းလဲ ဖြစ်တယ်"လို့ ဟေဂယ်က ဆို တယ်။ ဒိုင်ယာလက်တစ် အတွေးအခေါ်ဆိုတာ "ပဋိပက္ခ တို့ ပေါင်းစည်းတည်ရှိခြင်း သဘောကို နားလည်ခြင်း" ပဲ။ ဟေဂယ်က ဆက်ပြောပါတယ် -

"ပဋိပက္ခဟာ လှုပ်ရှား ပြောင်းလဲမှုနဲ့ ရှင်သန်မှု အားလုံးရဲ့ ရေသောက်မြစ် ဖြစ်တယ်။ အစုံတရာဟာ ပဋိပက္ခ ရှိနေလို့သာ ရွေ့လျားနိုင်တယ်၊ စေ့ဆော် အားနဲ့ လှုပ်ရှားမှုတွေ ရှိနေခြင်း ဖြစ်တယ်။ အရာတခု ပြောင်းလဲ ရွေ့လျားတယ်ဆိုတာ အခုချိန် ဒီနေရာမှာ ရှိပြီး နောက်တချိန်ကျ အခြား တနေရာကို ရွေ့ သွားလို့ မဟုတ်ဘူး၊ ဒီတချိန်တည်းမှာကို ဒီနေရာမှာ ရှိနေပြီး ဒီနေရာမှာ မရှိဘူး ဖြစ်နေလို့ပဲ၊ ဒီနေရာမှာ ရှိခြင်းနဲ့ မရှိခြင်း နှစ်ခုလုံး တပြိုင်နက် ဖြစ်နေလို့ပဲ။ ရွေ့လျားခြင်းမှာပဋိပက္ခတွေရှိနေကြောင်း သက်သေ ပြခဲ့တဲ့ ရှေးခေတ် ဒိုင်ယာလက်တစ် ပညာရှင်တွေကို တလေးတစား အသိအမှတ် ပြုရမယ်။ သို့သော်၊ ပဋိပက္ခတွေ ရှိနေလို့ ရွေ့လျားခြင်း မရှိဘူးလို့ အဓိပ္ပါယ် မထွက်ဘူး။ ပဋိပက္ခ ရှိနေလို့သာ ရွေ့လျားခြင်း ရှိနေတာပဲ။"

ဒီတော့ ဟေဂယ် အမြင်မှာ အရာတခုက ပဋိပက္ခ ရှိနေသရွေ့ ရှင်သန်နေတယ်။ ဒီလို ပဋိပက္ခ ရှိနေလို့ အဲဒီ အရာဟာ သူ့ဘာသာ လှုပ်ရှားနေခြင်း ဖြစ်တယ်။

ဂရိလူမျိုး အဏုမြူဝါဒီများဟာ တော်လှန်ဖောက် ထွက်တဲ့ သီအိုရီတရပ်ကို စတင် ဖော်ထုတ်ခဲ့တယ်။ ရုပ်ကမ္ဘာကို အက်တမ်တွေနဲ့ ဖွဲ့စည်းထားခြင်း ဖြစ်ပြီး အက်တမ်တွေဟာ ရုပ်ရဲ့ အသေးဆုံး ယူနစ်တွေလို့ ယင်းသီအိုရီက ဆိုပါတယ်။ 'Atomos' ဆိုတဲ့ ဂရိ စကားလုံးက 'ထပ်မံ ခွဲခြမ်းစိတ်ဖြာ၍ မရသော' လို့ အဓိပ္ပာယ် ထွက်ပါတယ်။ ဒါဟာ စူးရှလှတဲ့ ထိုးထွင်း ကြံဆချက်တခု ဖြစ်တယ်။ အရာရာကို အက်တမ်တွေနဲ့ ဖွဲ့စည်းထားတယ်ဆိုတာ နှစ်ဆယ်ရာစု သိပ္ပံပညာက သက်သေပြခဲ့ပြီးပါပြီ။ နောက်ပိုင်းမှာ အဏုမြူထက် ပိုသေးငယ်တဲ့ ပရမာအဏုမြူဆိုတဲ့ ဒြပ်မှုန်လေးတွေ ရှိသေးတယ်ဆိုတာ လေ့လာဖော်ထုတ်နိုင်ခဲ့တာတွေ ရှိနေ သေးတာက တပိုင်းပေါ့လေ။ အက်တမ်တခုရဲ့ အလယ် ဗဟိုမှာ နျူကလိယပ် ရှိတယ်၊ ယင်းနျူကလိယပ်ကို ပရိုတွန်နဲ့ နျူထရွန်လို့ခေါ်တဲ့ ဒြပ်မှုန်တွေနဲ့ ဖွဲ့စည်း ထားတယ်။ နျူကလိယပ်ကို အီလက်ထရွန်လို့ခေါ်တဲ့ ဒြပ်မှုန်တွေက ပတ်နေတယ်။ ပရိုတွန်တိုင်းမှာ လျှပ်စစ် အဖိုဓာတ် ရှိတာကြောင့် တခုနဲ့တခု တွန်းကန်ကြမယ်။ ဒါပေမယ့် နျူကလိယာ ဆွဲငင်အားလို့ခေါ်တဲ့ စွမ်းအင် တမျိုးက အဲဒီ ပရိုတွန်တွေကို တစုတစည်းတည်း ထိန်းပေးထားတယ်။ ဒါဟာ တည်ရှိသမျှ အရာရာတိုင်း ဆန့်ကျင်ဘက်တို့ ပေါင်းစည်းခြင်းအပေါ် အခြေခံထား ကြောင်း ပြနေတာပဲ၊ ဟေဂယ် စကားနဲ့ ပြောရရင် "စေ့ဆော်အားနဲ့ လှုပ်ရှားမှု" ဆိုတဲ့ သူ့ဘာသာ ပြောင်းလဲ လှုပ်ရှားခြင်း ရှိနေတာပဲ။

လူတွေ အသက်ရှင်ဖို့ သွေးတွင်း သကြားဓာတ် ပမာဏဟာ အလွန်အရေးကြီးတယ်။ သွေးတွင်းသကြားဓာတ် အဆမတန် မြင့်မားနေရင် သွေးချိုတက်ကာကိုမာဝင်သွားနိုင်သလို အင်မတန် နည်းလွန်းရင်လည်း အစားတောင် မစားနိုင်တော့ဘူး။ ကစီဓာတ်တွေ ချေဖျက်ပြီး သွေးထဲ သကြားဓာတ် ထုတ်လွှတ်ပေးတဲ့ နှုန်း၊ သိုလှောင်ထားတဲ့ အဆီ၊ ပရိုတင်းနဲ့ ဂလိုင်ကိုဂျင်တွေကို သကြားဓာတ်အဖြစ် ပြောင်းလဲပစ်တဲ့ နှုန်းနဲ့ သွေးထဲရောက်ပြီးသား သကြားဓာတ်တွေကို သုံးစွဲ ဖယ်ရှားပစ်တဲ့ နှုန်းတွေက သင့်တင့်မျှတတဲ့ သွေးတွင်း သကြားဓာတ် ပမာဏကို ထိန်းပေးထားတယ်။ သွေးတွင်း သကြားဓာတ် ပမာဏ များလာရင် ပန်ကရိယပ်လို့ခေါ်တဲ့ မုန့်ချိုအိတ်ကနေ အင်ဆူလင်တွေ များများထုတ်ပေးပြီး သကြားဓာတ်သုံးစွဲနှုန်းကို အရှိန်တင်ပေးလိုက်တယ်။ တကယ်လို့ သကြားဓာတ် ကျနေရင် သွေးထဲကို သကြားဓာတ်တွေ များများ ထုတ်လွှတ်ပေးလိုက်မယ်၊ ဒါမှမဟုတ် လူက ဗိုက်ဆာလာပြီး သကြားဓာတ် ရနိုင်တဲ့ အစာတမျိုးမျိုး ထစားလိုက်မယ်။ အဲဒီလို ဆန့်ကျင်ဘက် အင်အားစုတွေရဲ့ အလျှော့အတင်း တုန့်ပြန်ဆောင်ရွက်ချက်တွေနဲ့ သူ့ဘာသာ ထိန်းချုပ်မောင်းနှင်ပြီး သွေးတွင်း သကြားဓာတ် ပမာဏကို သင့်တင့်တဲ့ အနေအထား တခုမှာ ထိန်းထားတယ်။


V. I. Lenin / image – public domain

အဲဒီလို သူ့ဘာသာ ပြောင်းလဲလှုပ်ရှားခြင်းအကြောင်း ရှင်းပြရာမှာ လီနင်က ဒီလိုဆိုတယ် -

> "ဒိုင်ယာလက်တစ်ဆိုတာ ဆန့်ကျင်ဖက်တွေ ဘယ်လို တပေါင်းတစည်း တည်ရှိနိုင်ကြောင်း၊ ဘယ်လို တခုတည်း ဖြစ်လာကြောင်း သင်ကြားပေးတဲ့ သဘောတရား ဖြစ်တယ်။ ဘယ်လို အခြေအနေမှာ ဆန့်ကျင်ဖက်တွေပေါင်းစည်းတည်ရှိနေပြီး ဆန့်ကျင်ဖက် တခုက အခြား တခုအဖြစ် ပြောင်းလဲသွားကြောင်း ဒိုင်ယာလက်တစ်က သင်ကြားပေးတယ်။ ဒါ့ကြောင့် လူသားရဲ့ စိတ်က ဒီ ဆန့်ကျင်ဘက်တွေကို လှေနံဓားထစ် တရားသေ မမြင်သင့်ဘူး။ ရှင်သန်နေသော၊ အခြေအနေအရဖြစ်သော၊ လှုပ်ရှားနေသော၊ တခုကနေ ဆန့်ကျင်ဘက် အခြား တခုအဖြစ် ပြောင်းလဲသွားသော အရာတွေလို့ မြင်သင့်တယ်။"

တိုးတက် ဖြစ်ထွန်းမှုရဲ့ မောင်းနှင်အားဖြစ်သော ပဋိပက္ခရဲ့ အရေးကြီးပုံကို လီနင် အလေးထား ပြောခဲ့တယ်။

> "ဘယ်လူ့အဖွဲ့အစည်းမှာမဆို လူတချို့ရဲ့ ကြိုးပမ်းချက်တွေက အခြားသူတွေရဲ့ ကြိုးပမ်းချက်တွေနဲ့ ထိပ်တိုက်တွေ့လေ့ရှိတယ်၊ လူမှုဘဝဟာ ပဋိပက္ခတွေနဲ့ ပြည့်နှက်နေတယ်၊ မတူညီတဲ့ တိုင်းပြည်တွေ လူ့အဖွဲ့အစည်းတွေကြားက တိုက်ပွဲသာမက သက်ဆိုင်ရာ နိုင်ငံတနိုင်ငံ လူ့အဖွဲ့အစည်း တခုအတွင်းမှာလဲ တိုက်ပွဲတွေ ရှိနေကြောင်း၊ ဒါ့အပြင် တော်လှန်ရေးနဲ့ ဖောက်ပြန်ရေး၊ ငြိမ်းချမ်းရေးနဲ့ စစ်ပွဲ၊ စီးပွားရေး ထိုင်းမှိုင်းပြီး တဟုန်ထိုး တိုးတက်ခြင်း ဒါမှမဟုတ် ကျဆင်းသွားခြင်းတို့ တလှည့်စီ ပြောင်းလဲ ဖြစ်ပေါ်လေ့ရှိကြောင်း သမိုင်းက လှစ်ဟပြထားတယ်။ ဒါတွေကို အများသူငါ သိပြီး ဖြစ်ပါတယ်။" (Lenin, *Three Sources and Three Component Parts of Marxism*)

ဒီသဘောကို အကောင်းဆုံး ရုပ်လုံးဖော်ပြနိုင်တဲ့ နမူနာက လူတန်းစား တိုက်ပွဲပဲ။ အရင်းရှင်စနစ်ဖြစ်ဖို့ အရင်းရှင် လူတန်းစားနဲ့ အလုပ်သမား လူတန်းစားတို့ကို လိုအပ်တယ်။ ပိုလျှံတန်ဖိုးကို ဖန်တီးရတာကျ အလုပ်သမားတွေဖြစ်ပြီး အပိုင်သိမ်းတော့ကျ အရင်းရှင်တွေ ဖြစ်နေတော့ သူတို့နှစ်ဖက်ကြားက တိုက်ပွဲဟာ ဇေ့စပ်

ညှို့နှိုင်းပြီး ပြေလည်သွားနိုင်တဲ့ တိုက်ပွဲမဟုတ်ဘူး။ နောက်ဆုံး အရင်းရှင်စနစ်ကို ဖြိုချပြီး လူတန်းစားရယ်လို့ မရှိတော့မှ ဒီပဋိပက္ခလဲ ချုပ်ငြိမ်းသွားမယ်။

## ငြင်းဖျက်ခြင်းကို ငြင်းဖျက်ခြင်းသဘော

ယေဘုယျအားဖြင့် သမိုင်း ဖြစ်ပေါ်တိုးတက်မှု ပုံစံဟာ တဖြောင့်တည်း ထိုးတက်သွားတာမျိုး မဟုတ်ဘူး။ ရှေ့တလှမ်း တိုးသွားတိုင်း နောက်ကို အနည်းငယ် ပြန်ဆုတ်ပေးလိုက်ရတာတွေလည်း ရှိတတ်တဲ့ ရှုပ်ထွေးလှသော ဖြစ်စဉ်ကြီးတခုပဲ။ ဒီလို နောက်ပြန်ဆုတ်သွားတာတွေကို ဖြစ်ပေါ်တိုးတက်မှု နောက်တဆင့်တက်သွားတဲ့အခါ ပြန်ကုစားပေးတယ်။

ဖွံ့ဖြိုးမှု အဆင့်နိမ့်တုန်းက ရှိခဲ့တဲ့ တချို့ ဝိသေသတွေ၊ ဂုဏ်သတ္တိတွေက ဒီထက်ပိုမြင့်တဲ့ ဖွံ့ဖြိုးမှု အဆင့်မှာလဲ ထပ်ကျော့နေတာမျိုး၊ အတိတ်က ဝိသေသတွေ တကျော့ပြန် ပေါ်လာတယ်လို့ ထင်ရတာမျိုးကို ငြင်းဖျက်ခြင်းကို ငြင်းဖျက်ခြင်း နိယာမက ရှင်းပြပေးတယ်။ အသွင်သဏ္ဌာန်နဲ့ အကြောင်းအရာ၊ အကြောင်းအရာနဲ့ အသွင်သဏ္ဌာန်တို့ကြား အပြန်အလှန်ဖြစ်ပေါ်တဲ့ ပဋိပက္ခကတော့ မပြတ်ရှိနေတယ်။ နောက်ဆုံးမှာ အသွင်သဏ္ဌာန်ဟောင်း ပျက်စီးသွားပြီး အကြောင်းအရာက အသစ်ပြောင်းသွားတယ်။

ဒီဖြစ်စဉ်ကြီး တခုလုံးကို ကြောင်လိမ်လှေကား သဖွယ် အကောင်းဆုံး ပုံဖော်ကြည့်နိုင်တယ်။ လှုပ်ရှားမှုဟာ သူစတင်ခဲ့တဲ့ နေရာကို ပြန်ရောက်သွားပေမဲ့ အရင်အနေအထား မဟုတ်တော့ဘူး။ တနည်းပြောရရင် သမိုင်းဟာ ပဋိပက္ခတွေ တသီတတန်းကြီး ဖြတ်သန်းပြီးမှ ရှေ့ဆက် တိုးတက်လာခဲ့ခြင်း ဖြစ်တယ်။ ရှိပြီးသား အဆင့်ကို ငြင်းဖျက်လိုက်တယ်ဆိုတာ အလုံးစုံ ချေမွဖျက်စီးပစ်လိုက်ခြင်း မဟုတ်ဘူး။ အစားထိုးလိုက်တဲ့ အဆင့်ကို အပြီးတိုင် ဖယ်ရှားပစ်လိုက်တာမျိုး မဟုတ်ဘူး။

“အရင်းရှင် ကုန်ထုတ်စနစ်ကနေ ထွက်ပေါ်လာတဲ့ အရင်းရှင် သိမ်းပိုက်ခြင်း စနစ်၊ ဒီကနေ ဖြစ်ပေါ်လာတဲ့ အရင်းရှင် ပုဂ္ဂလိက ပိုင်ဆိုင်မှုစနစ်ဟာ မိမိကိုယ်ပိုင် အလုပ်အပေါ် အခြေခံထားတဲ့ တဦးချင်း ပုဂ္ဂလိက ပိုင်ဆိုင်မှုကို ငြင်းဖျက်တယ်။ ဒါက ပထမ ငြင်းဖျက်ခြင်း။ ဒါပေမဲ့ အရင်းရှင်စနစ်က သဘာဝ ဖြစ်စဉ်တခုရဲ့ မုချသဘောမျိုးနဲ့ သူ့ကိုယ်သူ ငြင်းဖျက်ခြင်းကို ဖန်တီးတယ်။ ဒါက ငြင်းဖျက်ခြင်းကို ငြင်းဖျက်ခြင်းပဲ” လို့ မာ့က်စ်က အရင်းကျမ်း အတွဲ(၁)မှာ မှတ်ချက်ပြုထားတယ်။

ငြင်းဖျက်ခြင်းကို ငြင်းဖျက်ခြင်းသဘောကို မြင်သာစေဖို့ အန်ဂယ်ကလည်း သူ့ရဲ့ ‘ဒူရင်းသို့ ချေပချက်’ စာအုပ်ထဲမှာ ဥပမာတွေ တသီတတန်းကြီးသုံးပြီး ရှင်းပြထားပါသေးတယ် -

> “မုယောစပါး တစေ့ကို နမူနာ စဉ်းစားကြည့်ရအောင်။ သန်းနဲ့ ချီတဲ့ မုယောစပါးစေ့တွေကို ကြိတ်ခွဲ၊



ဖွံ့ဖြိုးမှု အဆင့်နိမ့်တုန်းက ရှိခဲ့တဲ့ တချို့ ဝိသေသ တွေ၊ ဂုဏ်သတ္တိတွေက ဒီထက်ပိုမြင့်တဲ့ ဖွံ့ဖြိုးမှု အဆင့် မှာလဲ ထပ်ကျော့နေတာမျိုး၊ အတိတ်က ဝိသေသတွေ တကျော့ပြန် ပေါ်လာတယ်လို့ ထင်ရတာမျိုးကို ငြင်းဖျက် ခြင်းကို ငြင်းဖျက်ခြင်း နိယာမက ရှင်းပြပေးတယ်။

image - stockcake.com

ဘီယာချက်ပြီး သောက်စားပစ်လိုက်တာပဲ။ ဒါပေမဲ့ အဲဒီ မုယောစပါး စေ့လေးက သူ့အတွက် ပုံမှန် အခြေအနေမျိုးနဲ့ ကြုံကြိုက်ပြီး သင့်တင့် လျောက်ပတ်တဲ့ မြေဆီလွှာပေါ် ကျသွားမယ်ဆိုရင်၊ အပူနဲ့ အစိုဓာတ်တို့ရဲ့ သက်ရောက်မှုနဲ့ အပြောင်းအလဲ တမျိုး ဖြစ်သွားမယ်၊ အညှောင့်ထွက်လာမယ်။ ဒီအခါ မုယောစပါးစေ့ဆိုတာ မရှိတော့ဘူး၊ အစေ့ဘဝကို ငြင်းဖျက်လိုက်ပြီ။ သူ့နေရာမှာ အစေ့ကို ငြင်းဖျက်ပြီး ထွက်ပေါ်လာတဲ့ အပင်ပေါက်လေးကို တွေ့ရမယ်။ ဒီအပင်လေးရဲ့ ပုံမှန် ပုံမှန် ဇီဝဖြစ်စဉ်က ဘာလဲ။ ဒီအပင် ကြီးထွားမယ်။ အပွင့်ပွင့်မယ်။ မျိုးအောင်မယ်။ နောက်ဆုံး မုယောစပါးနှံတွေ အများကြီး ထွက်လာမယ်။ မုယောစပါးနှံတွေ ရင့်မှည့်ပြီး မကြာခင် ရိုးတံတွေ ညှိုးကျသွားမယ်။ ဒီတခါ မုယောစပါးပင်ကို ငြင်းဖျက်လိုက်တယ်။ ငြင်းဖျက်ခြင်းကို ငြင်းဖျက်လိုက်တဲ့ ရလဒ်အဖြစ် ကျနော်တို့ ပြန်ရလိုက်တာ မူလ မုယောစပါးစေ့ပဲ၊ ဒါပေမဲ့ တစေ့တည်း မဟုတ်ဘူး။ တဆယ်၊ နှစ်ဆယ်၊ သုံးဆယ်အထိ ပြန်ထွက်တယ်။”




STUDY AT MARXIST.COM CLASSICS

မုယောစပါးစေ့ရဲ့ ဘဝရှင်သန်မှုက သူစခဲ့တဲ့ နေရာကို ပြန်ရောက်သွားပြီး ဆင့်ကဲပြောင်းလဲတယ်။ ဒါပေမဲ့ အဆင့်က ပိုမြင့်သွားတယ်။ အစေ့တစေ့ကနေ အများကြီး ပြန်ထွက်တယ်။ ဒီလိုပဲ အချိန်တွေကြာလာတဲ့အခါ အပင်တွေက အရေအတွက်သာမက အရည်အသွေး အရလည်း ပြောင်းလဲသွားကြတယ်။ မျိုးဆက် တဆက်ပြီး တဆက် အပြောင်းအလဲတွေ ထွက်ပေါ်လာပြီး ပတ်ဝန်းကျင်နဲ့ ပိုပြီး သဟဇာတ ဖြစ်လာတယ်။

GET YOUR COPY AT WELLRED BOOKS


အင်းဆက်ပိုးမွှား လောကထဲက ဥပမာတခုကိုလဲ အန်းဂယ်(စ်)က ပေးထားတယ် -

“ဥပမာ၊ လိပ်ပြာတွေဟာ ဥဘဝကို ငြင်းဖျက်ပြီး ဥကနေ ပေါက်ဖွားလာကြတယ်၊ ပြောင်းလဲမှု အမျိုးမျိုးကို ဖြတ်သန်းပြီး မိတ်လိုက်နိုင်တဲ့ အဆင့်ကို ရောက်သွားတယ်။ ဒီအခါ မိတ်ဖက်ရှာတယ်၊ မိတ်လိုက်ဖြစ်စဉ် ကုန်ဆုံးသွားတဲ့အခါ လိပ်ပြာအမက ဥတွေ အများအပြား ချပြီးတာနဲ့ လိပ်ပြာဘဝ ငြင်းဖျက်ခံရပြီး သေဆုံးသွားတယ်။”

- ဆက်လက်ဖော်ပြပါမည်။

# ဒိုင်ယာလက်တစ်ကို ခုခံကာကွယ်ခြင်း မော်ရဲ့ ပင်ရှုပကျွှကျမ်းကို ဝေဖန်ချက်

Daniel Morley & Parson Young



၁၉၄၉ ခုနှစ်တရုတ်တော်လှန်ရေးဟာလူသားသမိုင်းရဲ့ အကြီးကျယ်ဆုံးသော ဖြစ်ရပ်တွေထဲက တခုဖြစ်တယ်။ မာ့က်စ်ဝါဒီတွေဟာ ဒီ ၁၉၄၉ တရုတ် တော်လှန်ရေးဘက်က ခုခံကာကွယ်ပေးပါတယ်။ သူရဲကောင်းဆန်လှပြီး ဆယ်စုနှစ်တွေ ကြာအောင် တိုက်ပွဲဝင်ခဲ့ပြီးနောက်မှာတော့ ဒီတော်လှန်ရေးဟာ တရုတ်နိုင်ငံကို နယ်ချဲ့နှောင်ကြိုးအောက်ကနေ လွတ်မြောက်လာစေခဲ့တယ်။

ဒီတော်လှန်ရေးဟာ တရုတ်လူထုရဲ့ အားကောင်းလွန်းသော ပိုင်းဖြတ် သန္နိဋ္ဌာန်ချထားမှုနဲ့ စွန့်လွှတ်ပေးဆပ်မှု စိတ်ဓါတ်ကနေ ဖူးပွင့်လာခဲ့တဲ့ အောင်သီးအောင်ပွင့် ဖြစ်တယ်။ ဒီလှုပ်ရှားမှုကြီးရဲ့ ထိပ်ဆုံးမှာတော့ မော်စီတုန်း ရှိနေခဲ့တယ်။

မော် ကွယ်လွန်ပြီးတဲ့နောက် တရုတ်ပြည် ကွန်မြူနစ်ပါတီ(CCP) ဗျူရိုကရေစီဟာ အရင်းရှင်စနစ်ကို တဖြည်း-ဖြည်း အသက်ပြန်သွင်းလာခဲ့တယ်။ မော်ကိုတော့ သူမကွယ်လွန်မီ နှောင်းပိုင်းနှစ်တွေအတွင်း ပါတီထဲက "အရင်းရှင် လမ်းထွင်သူတွေ" ကို ဦးဆောင် တိုက်ပွဲဝင်ခဲ့သူအဖြစ် မြင်ကြတယ်။ ဒါကြောင့် တရုတ်ပြည်တွင်း၊ ပြည်ပက တော်လှန်ရေးသမား အတော်များများဟာ ၁၉၄၉ တော်လှန်ရေးရဲ့ မူလခေါင်းဆောင် မော်စီတုန်းရဲ့ အတွေးအခေါ်တွေကို တော်လှန်ရေးအသစ် တရပ်ဆီ ဦးတည်သော အလုပ် လမ်းညွှန်အဖြစ် မြင်ကြတယ်။ ဒါက နားလည်ပေးလို့ရတဲ့ ကိစ္စ ဖြစ်ပါတယ်။

ကွန်မြူနစ် မူဝါဒတွေကို စစ်စစ်မှန်မှန် ကာကွယ်ဖို့အတွက် သီအိုရီ အခြေခံတခုကို အခုလို ရှာဖွေကြခြင်း

ဟာ တိုးတက်တဲ့ ဖွံ့ဖြိုးမှု တရပ်ပဲ။ မာ့က်စ်ဝါဒီတွေ အားလုံးက ဒါကိုထောက်ခံ အားပေးသင့်ပါတယ်။ ပထမဆုံးနဲ့ အရေးအကြီးဆုံးက မာ့က်စ်ဝါဒဟာ စတင်ပေါ်ပေါက်လာတည်းက သိပ္ပံနည်းကျ သီအိုရီတရပ် ဖြစ်တယ်။ အရှိတရား အဖြစ်မှန်ကို မျက်နှာမူသော၊ အရာရာကို မှန်မှန်ကန်ကန်နဲ့ နာမည်တပ် ခေါ်ဝေါ်သော သိပ္ပံနည်းကျ သီအိုရီတရပ် ဖြစ်တယ်။ ဘာကြောင့်လဲ။ အမှန်တရားဆီ မဆုတ်မနစ်တမ်း ရှေ့ရှုမနေဘူးဆိုရင် အရင်းရှင်စနစ်ကို အပြီးတိုင် ဖြိုလှဲပစ်ဖို့ ဘယ်လိုမှ မဖြစ်နိုင်တဲ့ အတွက်ပဲ။



မော်စီတုန်းရဲ့ ပဋိပက္ခကျမ်း

*ပဋိပက္ခကျမ်း* ဟာ ၁၉၃၇ခုနှစ်က မော်ရေးခဲ့တဲ့ ဒဿနိက အက်ဆေးတပုဒ် ဖြစ်တယ်။ မာ့က်စ်ဝါဒအပေါ် မော်ရဲ့ အကျိုးပြုချက်တခုအဖြစ် မော်ဝါဒီတွေ ဂုဏ်တင်သမှု အပြုကြဆုံး လက်ရာတခု ဖြစ်တယ်။ ဒါပေမဲ့ တကယ်တမ်းမှာတော့ မော်ဟာ တော်လှန်ရေး ဦးဆောင်မှု အခန်းကဏ္ဍမှာ ရှိခဲ့တယ် ဆိုသော်ငြား သဘောတရားရေး ဆရာတယောက်တော့ မဟုတ်ခဲ့ဘူး။ ဒါကြောင့် ကွန်မြူနစ် ဖြစ်လာစ ရဲဘော်တွေကို ဒိုင်ယာလက်တစ် ရုပ်ဝါဒရဲ့ မှန်ကန်သော ဒဿနိက နည်းနာနဲ့ ပတ်သက်လို့ ပညာပေးဖို့၊ အဲဒီ (၁၉၄၉တော်လှန်ရေး) ကာလရဲ့ သမိုင်းရေး သင်ခန်းစာတွေနဲ့ ပတ်သက်ပြီး ပညာပေးဖို့အတွက် *ပဋိပက္ခကျမ်း* ရဲ့ ချို့ယွင်းချက်တွေကို အလေးအနက် ခွဲခြမ်းစိတ်ဖြာပြဖို့ အရေးတကြီး လိုအပ်လာတယ်။

## ပဋိပက္ခဆိုတာ ဘာကို ဆိုလိုသလဲ

မော်ရဲ့ ရေးသားချက်ဟာ ပဋိပက္ခ ပြဿနာကို ဇဟိုပြုထားတာ ဖြစ်တယ်။ ဒီအတွက် ဒိုင်ယာလက်တစ် ရုပ်ဝါဒလို့ သိကြတဲ့ မာ့က်စ်ဝါဒ ဒဿနမှာ ပဋိပက္ခ သဘောတရားက ဘယ်လို အဓိပ္ပါယ်ရှိသလဲ ဆိုတာနဲ့ ပတ်သက်ပြီး ရှင်းပြဖို့ လိုအပ်လာတယ်။

နေ့စဉ်ဘဝမှာတော့ ပြောင်းလဲခြင်းတရား ဆိုတာကို အချင်းအရာတခုရဲ့ ပြင်ပ ဇာတိဒ္ဓမှ လာတဲ့ သဘော၊ အမှတ်မထင် ဖြစ်ပေါ်လာတဲ့ သဘောလို့ ယေဘုယျအားဖြင့် နားလည်ထားကြပါတယ်။ ဒီအမြင်နဲ့ ကြည့်လိုက်တဲ့ အခါ လူ့အဖွဲ့အစည်းရဲ့ အကျပ်အတည်းတွေဟာ နိုင်ငံရေး ခေါင်းဆောင်တွေရဲ့ မှားယွင်းမှုကြောင့်၊ ဒါမှမဟုတ် နိုင်ငံခြား တိုင်းပြည်တွေရဲ့ ကြားဝင် စွက်ဖက်မှုကြောင့် ရိုးရိုးရှင်းရှင်း ဖြစ်လာတာလို့ နားလည်သွားတယ်။ လူ့အဖွဲ့အစည်းကိုယ်နှိုက်ရဲ့ အတွင်းပိုင်းပဋိပက္ခတွေကြောင့်လို့ နားမလည်တော့ဘူး။

ဖြစ်တည်နေသမျှ အရာရာတိုင်းဟာ မူလကတည်းက ကိန်းအောင်းနေတဲ့ အတွင်းသား ပဋိပက္ခတွေကြောင့် စဉ်ဆက်မပြတ် လှုပ်ရှား ပြောင်းလဲနေတယ်လို့ ဒိုင်ယာလက်တစ် အတွေးအခေါ်က ယူဆတယ်။ ဒီပဋိပက္ခတွေဟာ တခုကိုတခု တောင်းဆို လိုအပ်နေကြသော ဆန့်ကျင်ဘက်တွေနဲ့ ဖွဲ့စည်းထားခြင်း ဖြစ်တယ်။ ဟေဂယ်(လ်)ဟာ ဒိုင်ယာလက်တစ်ကို ဖွံ့ဖြိုးတိုးတက်စေခဲ့တယ်၊ ပဋိပက္ခ သဘောတရားအပေါ် အဓိက ဇဟိုပြုခဲ့တယ်။ မာ့(က်စ်)နဲ့ အန်းဂယ်(လ်စ်)တို့အပေါ် ဟေဂယ်(လ်)ရဲ့ လွှမ်းမိုးမှု ကြီးကြီးမားမား ရှိခဲ့တယ်။ ဟေဂယ်(လ်)က အခုလို တိကျပြတ်သားစွာ ရှင်းပြခဲ့တယ် -

> "ကြွေးမြီနဲ့ အဖိုးတန် ပစ္စည်းတို့ဟာ အမှီအခိုကင်းကင်းနဲ့ သီးခြားစီ ရပ်တည်နေသော ပိုင်ဆိုင်မှုမျိုးကွဲ နှစ်ခု မဟုတ်ပေဘူး။ မြီစားအတွက် ဆိုးကျိုးလက္ခဏာ ဆောင်မှုဟာ၊ မြီရှင်အတွက်တော့ ကောင်းကျိုး လက္ခဏာ ဆောင်တယ်။ [...] ကောင်းကျိုးနဲ့ ဆိုးပြစ်တို့ဟာ ပင်ကိုယ် သဘာဝအားဖြင့်ကို တခုကိုတခု လွှမ်းမိုးခြယ်လှယ်သမှု ပြုကြတယ်၊ တခုနဲ့ တခု အပြန်အလှန် ဆက်နွယ်နေမှသာ တည်ရှိကြခြင်း

ဖြစ်တယ်။ သံလိုက်တခုရဲ့ တောင်ဝင်ရိုးနဲ့ မြောက်ဝင်ရိုးတို့ဟာ တခုမရှိဘဲ နောက်တခုက တည်ရှိဖို့ မဖြစ်နိုင်ဘူး၊ အပြန်အလှန်အားဖြင့်လဲ ဒီသဘောပဲ။ [...] ဆန့်ကျင်ဘက်ဖြစ်ခြင်း သဘောမှာ မတူကွဲပြားမှုကို အခြားသော ပြင်ပတစုံတရာက ဆောင်ကျဉ်းလာတာ မဟုတ်ဘူး။ အချင်းအရာတခုကိုယ်နှိုက်ရဲ့ အခြားတဖက် ကသာ ဆောင်ကျဉ်းလာခြင်း ဖြစ်တယ်။" (G W F Hegel, Logic: Being Part One of the Encyclopedia of the Philosophical Sciences (1830), § 119, Oxford University Press, 1975, pg 173)

ပဋိပက္ခတခုရဲ့ ဝင်ရိုးစွန်းတွေဟာ တခုနဲ့ တခု သီးခြားစီ ခွဲထုတ်လို့ မရနိုင်ဘူး။ အမှန်တော့ တခုကို တခုက ဆုံးဖြတ် ပြဋ္ဌာန်းတယ်။ ဒီအမြင်အရ ဆန့်ကျင်ဘက် ဝင်ရိုးစွန်းတွေဟာ ရန်ဘက်ပဋိပက္ခ အသွင်လည်း ဆောင်လာတယ်။ မြီးစားရှိမှ မြီရှင် ရှိနိုင်သလိုပဲ၊ ဝင်ရိုးစွန်း တဖက်ရဲ့ လှုပ်ရှား ဖြစ်ပေါ်မှုတွေဟာ ချက်ချင်းဆိုသလို နောက်ဝင်ရိုးတဖက်အတွက် ရန်ဘက်ပဋိပက္ခအသွင် ဆောင်လာတယ်။

အလုပ်သမားတွေနဲ့ အရင်းရှင်တွေကြားက လူတန်းစား ပဋိပက္ခဟာ အရင်းရှင် လူ့အဖွဲ့အစည်းအဖို့ အဲဒီလို သဘောဆောင်တဲ့ ***အခြေခံ*** ပဋိပက္ခတရပ် ဖြစ်တယ်ဆိုတာ မာ့က်စ်က ရှင်းရှင်းလင်းလင်း ပြောခဲ့တယ်။

"ပစ္စည်းမဲ့နဲ့ ဓနဥစ္စာဟာ ဆန့်ကျင်ဘက်တွေ ဖြစ်တယ်၊ ဒီသဘောနဲ့ သူတို့ဟာ တပေါင်းတစည်း ဖြစ်နေကြတယ်။ သူတို့ နှစ်ခုလုံးဟာ ကမ္ဘာ့ ပုဂ္ဂလိက ပိုင်ဆိုင်မှု စနစ်က ဖန်တီးပေးလိုက်တဲ့ ရလဒ်တွေ ဖြစ်တယ်။ [...]

ပုဂ္ဂလိက ပိုင်ဆိုင်မှုက ပုဂ္ဂလိက ပိုင်ဆိုင်မှုအဖြစ်၊ ဓနဥစ္စာအဖြစ် တည်ရှိနေတဲ့ သူ့ ဖြစ်တည်မှုကို မဖြစ်မနေ ထိန်းသိမ်းရတယ်၊ ဒီတော့ ပိုင်ဆိုင်မှုရဲ့ ဆန့်ကျင်ဘက် ဖြစ်သော ပစ္စည်းမဲ့ လူတန်းစားကိုလည်း ***ဆက်တည်ရှိနေအောင်*** မဖြစ်မနေ ထိန်းသိမ်းထားရတော့တယ်။" (K Marx, F Engels, 'The Holy Family', Marx Engels Collected Works, Vol.4, Progress Publishers, 1975, pg 35)

နောက်တမျိုးပြောရရင် အလုပ်သမားတွေနဲ့ အရင်းရှင်တွေဟာ တဖက်ဖက် ရှိမနေဘဲ အလုပ်သမားနဲ့ အရင်းရှင်တွေအဖြစ် ဆက်လက်တည်ရှိဖို့ မဖြစ်နိုင်ဘူး။ သူတို့ကြားက အပြန်အလှန် ရန်ဘက် ပဋိပက္ခသဘောဆောင်မှုဟာ အရင်းရှင် ကုန်ထုတ်စနစ်အတွင်း ခိုင်မြဲစွာ တည်ရှိနေတယ်၊ အရင်းရှင် ကုန်ထုတ်စနစ်ရဲ့ မွေးရာပါ ပဋိပက္ခလည်း ဖြစ်တယ်။

ဒီဖြစ်စဉ်ဟာ ရပ်တန့်လို့ မရတဲ့ ဖြစ်စဉ်ပဲ၊ ဖြစ်တည်မှုတရပ် ဆက်လက်ဖြစ်တည်နေဖို့ဆို လှုပ်ရှား စီးဆင်းနေမှ ဖြစ်နိုင်မယ်။ (To exist is to be in motion.) ဒါ့အပြင် နောက်ဆုံးသတ္တုချ ဆန်းစစ်လိုက်ရင် အရင်းရှင် လူ့အဖွဲ့အစည်းရဲ့ လှုပ်ရှားဖြစ်ပေါ်မှုဟာ လူတန်းစားတိုက်ပွဲသာ ဖြစ်တယ်။ ဒါပေမဲ့ ဒီ ဆန့်ကျင်ဘက်များကြားက တိုက်ပွဲဟာ အဆုံးမရှိ သံသရာလည်နေမှာမျိုးတော့ မဟုတ်ဘူး။ သူ့ရဲ့ ကိုယ်ပိုင် ပြောင်းလဲမှုတရပ်၊ ဒါမှမဟုတ် 'ငြင်းဖျက်ခြင်း တရပ်' ဆီ ဦးတည်နေတာ ဖြစ်တယ်။ မာ့က်စ် ရေးခဲ့သလိုပေါ့ -

" ... ဒါနဲ့ ဆန့်ကျင်ဘက်ပဲ၊ ပစ္စည်းမဲ့ လူတန်းစားဟာ ပစ္စည်းမဲ့ လူတန်းစားအဖြစ် သူကိုယ်တိုင်ရဲ့ တည်ရှိနေမှုကို ဖျက်သိမ်းပစ်ဖို့ မဖြစ်မနေ လိုအပ်လာတယ်။ ဒီတော့ သူ့ရဲ့ တည်ရှိမှုကို ပြဋ္ဌာန်းပေးထားသော၊ ပစ္စည်းမဲ့ လူတန်းစားဆိုတာကို ဖြစ်တည်လာစေသော သူ့ရဲ့ ဆန့်ကျင်ဘက် ပုဂ္ဂလိက ပိုင်ဆိုင်မှုကိုပါ ဖျက်သိမ်းပစ်ဖို့ မဖြစ်မနေ လိုအပ်လာတယ်။" (ibid. 36)

ဒီလို ပြောနေတဲ့အတွက် အရင်းရှင် လူ့အဖွဲ့အစည်းအပေါ် သက်ရောက်မှု ရှိတဲ့ တခုတည်းသော ပဋိပက္ခတရားဟာ အလုပ်သမားထုနဲ့ အရင်းရှင်တွေကြားက လူတန်းစား တိုက်ပွဲသာ ဖြစ်တယ်လို့ ဆိုလိုရင်း မဟုတ်ဘူး။ ဒီပဋိပက္ခက စဉ်ဆက်မပြတ် တည်ရှိနေကြောင်း၊ အခြေခံအကျဆုံး ဖြစ်ကြောင်းနဲ့ တခြားသော ပဋိပက္ခအားလုံးအပေါ် အခြေခံအားဖြင့် ပြဋ္ဌာန်းပေးနိုင်ကြောင်းကိုသာ ဆိုလိုချင်တာ ဖြစ်တယ်။

## အရင်းခံ ပဋိပက္ခ

မော်က ဒီအကြောင်းအရာကို ဘယ်လို ကိုင်တွယ်ခဲ့သလဲ။ မော်က "ပဋိပက္ခတရားဟာ တခွင်တပြင်လုံးမှာ၊

ဖြစ်စဉ်အားလုံးမှာ တည်ရှိနေတယ်”ဆိုတဲ့ ဒိုင်ယာလက်တစ် အခြေခံ သဘောတရား တရပ်ကို အရင် ထုတ်ပြတယ်။ (Z D Mao, On Contradiction, Foreign Language Press, 1964, pg 11)

အဲဒီနောက် သူက သီးခြား အချင်းအရာ တခုစီတိုင်း၊ ဒါမှမဟုတ် သီးခြား ဖြစ်စဉ် တခုစီတိုင်းမှာ တခြားသော အချင်းအရာ၊ ဖြစ်စဉ်တွေကနေ ကွဲထွက်နေစေတဲ့ သီးခြား ပဋိပက္ခ (ဒါမှမဟုတ်) သီးခြား "အနှစ်သာရ" ပိုင်ဆိုင်ထားတယ်လို့ ဆိုတယ်။ မတူခြားနားတဲ့ အဲဒီ ပဋိပက္ခ တခုစီကို မတူညီတဲ့ နည်းလမ်းတွေနဲ့ ဖြေရှင်းရမယ်။ “ပစ္စည်းမဲ့ လူတန်းစားနဲ့ ဘူဇွာ လူတန်းစား ကြားက ပဋိပက္ခကို ဆိုရှယ်လစ် တော်လှန်ရေးနည်းက ဖြေရှင်းပေးတယ်။ လူထုကြီးနဲ့ မြေရှင် ပဒေသရာဇ် စနစ်ကြားက ပဋိပက္ခကိုတော့ ဒီမိုကရေစီ တော်လှန်ရေး နည်းက ဖြေရှင်းပေးတယ်” စသဖြင့်ပေါ့။ (ibid. pg17)

ဥပမာအားဖြင့် တရုတ်ပြည် လူ့အဖွဲ့အစည်းလို “ကြီးမားတဲ့”၊ ဒါမှမဟုတ် "ရှုပ်ထွေးတဲ့" အချင်းအရာတိုင်းမှာ သက်ဝင်လှုပ်ရှားနေတဲ့ ဖြစ်စဉ်တွေ၊ ပဋိပက္ခတွေ အများအပြား ရှိတယ်။ ဒီနေရာမှာ ပဋိပက္ခ ကျမ်းရဲ့ အဓိက သော့ချက် အပိုင်းဆီ ရောက်လာပါပြီ။ မော်က ဒီနေရာမှာ “ရှုပ်ထွေးတဲ့ အချင်းအရာ တခုရဲ့ တိုးတက်မှု ဖြစ်စဉ်အတွင်း ပဋိပက္ခတွေ အများအပြား ရှိတယ်”၊ “သူတို့ထဲက တခုက သေချာပေါက် အရင်းခံ ပဋိက္ခ ဖြစ်တယ်”လို့ ပြောတယ်။ [主要 ဆိုတဲ့ တရုတ်စကားလုံးကို “မူလ” သို့မဟုတ် “အဓိက” ဆိုပြီးလည်း ဘာသာပြန်နိုင်ပါတယ်။] (ibid. pg 31)



နန်ကျင်း ကျူးဟွာဂိတ်တိုက်ပွဲ

မော် ပြောသလိုဆိုရင် -

“(တရုတ်ပြည်လို ကိုလိုနီတပိုင်း နိုင်ငံမျိုးကို) နယ်ချဲ့သမားက ကျူးကျော်စစ် ဆင်နွှဲလာပြီဆိုရင် နယ်ချဲ့စနစ်နဲ့ ကျူးကျော်ခံ နိုင်ငံကြားက ပဋိပက္ခဟာ အရင်းခံ ပဋိပက္ခ*ဖြစ်လာပြီး* နိုင်ငံအတွင်း လူတန်းစား အသီးသီးကြားက ပဋိပက္ခ အားလုံးကို [...] ***ယာယီအားဖြင့် သာမည လက်အောက်ခံ အဆင့်ထိ လျှော့ချပစ်လိုက်တယ်။*** တရုတ်ပြည် မှာ ဖြစ်ပွားခဲ့တဲ့ ၁၈၄၀ ခုနှစ် ဘိန်းစစ်ပွဲ၊ ၁၈၉၄ ခုနှစ် တရုတ်-ဂျပန်စစ်ပွဲ၊ ၁၉၀၀ ပြည့်နှစ် ‘လက်သီး သူပုန်’ အရေးအခင်းနဲ့ လက်ရှိ ဖြစ်ပွားနေတဲ့ တရုတ်-ဂျပန် စစ်ပွဲကာလတွေမှာ အဲသလို အခြေအနေမျိုး ပေါ်ပေါက်ခဲ့တယ်။”(ibid. pg 32)

မော် ဒီစာကို ရေးနေချိန်မှာ ဂျပန်က တရုတ်နိုင်ငံကို ကျူးကျော်နေပြီ၊ ဒီတော့ “သစ္စာဖောက် တချို့ကလွဲရင် (တရုတ်နိုင်ငံရဲ့) အမျိုးမျိုးသော လူတန်းစားတွေဟာ နယ်ချဲ့စစ်ကို ဆန့်ကျင်တဲ့ အမျိုးသားရေး စစ်ပွဲအတွင်း ယာယီအားဖြင့် ပေါင်းစည်းနိုင်ကြတယ်”လို့ မော် ကောက်ချက် ဆွဲလိုက်တယ်။ (ibid)

မော်ပြောပုံအရဆိုရင် နယ်ချဲ့စနစ်နဲ့ (ကျူးကျော်ခံ) နိုင်ငံကြား ပဋိပက္ခက အရင်းခံ ပဋိပက္ခ ဖြစ်နေတဲ့အခါ လူတန်းစား အားလုံးကြား ဘယ်လို ရန်ဘက် ပဋိပက္ခမျိုးမှ ရှိမနေခဲ့သလို သဘောထားပြီး တနိုင်ငံလုံး အမှန်တကယ် ပေါင်းစည်းသွားနိုင်တယ်။ ဒီအခါ လူတန်းစား တိုက်ပွဲကို ရပ်ထားလိုက်ရုံ၊ အဆက်ဖြတ်ထားလိုက်ရုံပဲ၊ မဟုတ်ရင်လဲ ဒီအခြေအနေနဲ့ လူတန်းစားတိုက်ပွဲက မအပ်စပ်လှဘူး။

လူတန်းစား ပဋိပက္ခဟာ သီးခြားစီဖြစ်နေပြီး အရေးသိပ်မကြီးတဲ့ အခြား ပဋိပက္ခတွေနဲ့ ဘေးချင်းယှဉ်ရပ်နေတဲ့ ‘အရင်းခံ’ ပဋိပက္ခတမျိုး မဟုတ်သလို၊ ‘လက်အောက်ခံ’ ပဋိပက္ခတရပ်လည်း ဖြစ်မသွားနိုင်ဘူး။ မော်ရဲ့ အခြေခံ အမှားက ဒီအချက်ကို နားမလည်တာဘဲ။ အရင်းရှင် လူ့အဖွဲ့အစည်းရဲ့ လူတန်းစား ပဋိပက္ခဟာ ***ပဓာနကျပြီး အမြဲတည်ရှိနေသော*** ပဋိပက္ခ ဖြစ်တယ်။

သံလိုက်တခုဟာ ဝင်ရိုးတွေမရှိဘဲ မရပ်တည်နိုင်သလို၊ အရင်းရှင် လူ့အဖွဲ့အစည်းဟာလည်း သူ့ရဲ့ လူတန်းစား ပဋိပက္ခကို ရပ်တန့်ထားပြီး အရင်းရှင် လူ့အဖွဲ့အစည်း အဖြစ် ဆက်လက်တည်ရှိနေဖို့ မဖြစ်နိုင်ဘူး။


ဒီလူတန်းစား ပဋိပက္ခဟာ လူ့အဖွဲ့အစည်းအတွင်း စိမ့်ဝင်ပျံ့နှံ့လျက် ရှိပြီး၊ လူ့အဖွဲ့အစည်းအတွင်းက တခြား ပဋိပက္ခတွေကိုလဲ ကျယ်ကျယ်ပြန့်ပြန့် ထွက်ပေါ်လာစေတယ်။ ဥပမာအားဖြင့် နယ်ချဲ့စစ်တွေကို လူတန်းစား ပဋိပက္ခနဲ့ တနည်းတဖုံ ကင်းလွတ်နေသော ‘အမျိုးသားရေး အကြောင်းပြချက်’ သက်သက်နဲ့ ဆင်နွှဲကြတာ မဟုတ်ဘူး။ တကယ်တမ်းကျ နယ်ချဲ့စစ်တွေဟာ အရင်းရှင် လူ့အဖွဲ့အစည်းရဲ့ လူတန်းစား ပဋိပက္ခကို အင်မတန် ကျယ်ပြန့်တဲ့နည်းနဲ့ ဖော်ပြနေတာ ဖြစ်တယ်။ သက်ဆိုင်ရာ အုပ်စိုးသူ လူတန်းစားရဲ့ အကျိုးစီးပွားတွေကို ကာကွယ်ဖို့ နယ်ချဲ့စစ်ပွဲတွေ တိုက်ကြခြင်း ဖြစ်တယ်။ ဥပမာပြောရရင် ပြည်တွင်းက စီးပွားရေး ဒါမှမဟုတ် နိုင်ငံရေး အကျပ်အတည်းတွေအတွက် ထွက်ပေါက်ရှာဖို့၊ ဒီအကျပ်အတည်းတွေ လျော့ပါးသွားအောင် ဒါမှမဟုတ် နှောင့်နှေးသွားအောင်၊ ဒါမှမဟုတ် ပြည်တွင်းက အလုပ်သမား လူတန်းစား အာရုံလွဲသွားအောင် ဈေးကွက်သစ်တွေနဲ့ အမြတ်အစွန်း ရင်းမြစ်သစ်တွေ ရှာဖို့အတွက် နယ်ချဲ့စစ်တွေ ဆင်နွှဲကြတာ ဖြစ်တယ်။ ဒါတွေကို နားလည်ရေးဟာ မာ့က်စ်ဝါဒီတွေအဖို့တော့ သင်ပုန်းကြီး အဆင့်ပဲ။

နယ်ချဲ့ ဖိနှိပ်မှုကြောင့် လူ့အဖွဲ့အစည်းအတွင်းက လူတန်းစား အက်ကွဲကြောင်းတွေ ဖုံးအုပ်ပေးထားသလို ဖြစ်သွားတတ်တာ သဘာဝပဲ၊ ဒီအချိန်မှာ လူထုကြီးက သူတို့ကိုယ်သူတို့ ကာကွယ်ဖို့ သူတို့ နိုင်ငံရဲ့ ဘူဇွာ လူတန်းစားနောက်မှာ စုရုံးသွားလေ့ရှိတယ်။ တဖက်မှာလဲ ဘူဇွာ လူတန်းစားက အဲဒီ အမျိုးသား ညီညွတ်ရေး စိတ်ကို ကောင်းကောင်း အသုံးချပြီး သူတို့ ရရှိထားတဲ့ အုပ်စိုးသူ လူတန်းစား ဆိုတဲ့ အဆင့်နေရာကို အခြေခိုင်အောင် လုပ်ယူလေ့ရှိတယ်။ ဒီလို အခြေအနေမျိုးမှာ ကွန်မြူနစ်တွေရဲ့ အလုပ်က အုပ်စိုးသူ လူတန်းစားဘက်က လူတန်းစားပဋိပက္ခ ဖုံးကွယ်ရေး လုပ်နေတာကို ဝင်ကူနေရမှာ မဟုတ်ဘူး၊ ဒါကို ဖွင့်ချရမှာ ဖြစ်တယ်။


ဒါနဲ့ ပတ်သက်လို့ တရုတ်နိုင်ငံက ခြွင်းချက် မဟုတ်ဘူး။ ချန်ကေရှိတ် ဦးဆောင်တဲ့ ကော်မင်တန် (Kuomintang – KMT) ပါတီက တရုတ်ပြည် လွတ်လပ်ရေးကို အရင်းရှင်စနစ် အခြေခံပေါ်ကနေ ရယူဖို့ရာ တည်ထောင်ထားတဲ့ ဘူဇွာ ပါတီ တခုပဲ။ ဒါပေမဲ့ သမိုင်း ဖြစ်ရပ်တွေက သက်သေပြခဲ့သလိုပါပဲ၊ ကော်မင်တန်ပါတီဟာ ဒီရည်မှန်းချက်ကို လက်တွေ့ အကောင်အထည် ဖော်နိုင်စွမ်း မရှိဘူး။ ၁၉၂၀ ခုနှစ်တွေတုန်းက ပေါ်ပေါက်ခဲ့တဲ့ နယ်ချဲ့ ဆန့်ကျင်ရေး တော်လှန်ရေးမှာ ကော်မင်တန် ပါတီက တရုတ် အလုပ်သမား လူတန်းစားကို ဆန့်ကျင်ပြီး နယ်ချဲ့ စနစ်ဘက်က အဆုံးစွန်ထိ ရပ်တည်ခဲ့တယ်။

## ဂျပန်နဲ့ စစ်ဖြစ်ခြင်း

ဂျပန် နယ်ချဲ့ စနစ်ကို ဆန့်ကျင်တဲ့ တရုတ် စစ်ပွဲဟာ အမျိုးသား လွတ်မြောက်ရေး စစ်ပွဲတရပ် ဖြစ်တယ် ဆိုတာနဲ့ ပတ်သက်လို့ သံသယ ဖြစ်စရာ မရှိဘူး။ နယ်ချဲ့ စနစ်ကို ဆန့်ကျင်တဲ့ တိုက်ပွဲဟာ တရုတ် တော်လှန်ရေးရဲ့ အဓိက ပြဿနာ ဖြစ်တယ်။



Chinese soldiers at the Great Wall during the Battle of Chajianling in Laiyuan, Hebei, 1937



命令 七月十四日於延安

彭總指揮任政委林校長各方面軍各軍團各軍各師各團及各軍事學校首長同志們

(甲)日本大舉向華北出兵國家危急廿九軍正在抗战國民政府已調派援軍全國救亡運動正在奮起我抗日紅軍有開赴前綫增援友軍並配合友軍消滅野蠻日軍之任務。

(乙)令到着即以軍為單位改組為國民革命軍編制同時增加抗日政治課程對幹部及兵員教授東四省及華北五省地理教授日本現狀軍事訓練着重雪地战鬥夜間動作襲擊战鬥防空技術長途行軍與後方作战等項各軍事學校大體同此辦理。

以上各項限十天完畢聽候出動

命令。

軍委主席團

譚主任

〔此命令对紅軍公開宣布惟對日寇及漢奸份子嚴守秘密不得疏忽。〕

ကွန်မြူနစ် ပါတီအနေနဲ့ "အမျိုးသား နိုင်ငံရေး အာဏာ တလုံးတစည်းတည်း ရှိရေး အတွက် (ပါတီက ထိန်းချုပ်ထားတဲ့ ဒေသတွေက) လက်ရှိ ဆိုဗီယက် အစိုးရကို ဖျက်သိမ်းပြီး ပြည်သူ့ အခွင့်အရေးတွေအပေါ် အခြေခံတဲ့ ဒီမိုကရေစီကို ကျင့်သုံးမယ်။ တပ်နီတော် ဖွဲ့စည်းမှုကို ဖျက်သိမ်းပြီး တပ်နီတော်ကို (ကော်မင်တန် ပါတီ ချုပ်ကိုင်ထားတဲ့) အမျိုးသား တော်လှန်ရေး တပ်မတော် (NRA) လက်အောက်မှာ ပြန်လည်ဖွဲ့စည်းပြီး နိုင်ငံလုံးဆိုင်ရာ အစိုးရရဲ့ စစ်ဘက်ရေးရာ ကော်မရှင် ထိန်းချုပ်မှုအောက်မှာ ထားရှိကာ ညွှန်ကြားချက်တွေကို စောင့်နေပါတယ် .....” လို့ လူသိရှင်ကြား ကတိကဝတ် ပေးတဲ့ အဆင့်ထိ ရောက်သွားတယ်

တပ်နီတော်ကို NRA လက်အောက်မှာ ပြန်လည် ဖွဲ့စည်းပြီး ညွှန်ကြားချက်တွေ စောင့်နေဖို့ တရုတ်ကွန်မြူနစ်ပါတီ၊ ဗဟိုစစ်ကော်မရှင်က ၁၉၃၇ ဇူလိုင်မှာ တပ်နီတော်ကို အမိန့် ထုတ်ပြန်ခဲ့တယ်

ဒီလို အခြေအနေမှာ ကွန်မြူနစ် ပါတီတရပ်အဖို့ အမျိုးသား ဖိနှိပ်မှုကို ဆန့်ကျင်တဲ့ ကြွေးကြော်သံတွေ ထုတ်ပြီး လွတ်မြောက်ရေး စစ်ပွဲတရပ် ဆင်နွှဲတာဟာ လုံးဝ မှန်ကန်တဲ့ လုပ်ရပ် ဖြစ်တယ်။ ဒီတော့ ယာယီ အားဖြင့် ဘူဇွာ အမျိုးသားရေးဝါဒီတွေနဲ့ ဘေးချင်းယှဉ်ပြီး ဘုံရန်သူကို တိုက်ပွဲဝင်ရတာမျိုး မလွဲမသွေ ဖြစ်လာမှာပဲ။

ဒီလိုမှန်ကန်တဲ့ အခြေခံအချက်တွေကနေ စတင်ခဲ့ပေမဲ့လည်း မော်က အရင်းခံ ပဋိပက္ခ ‘သဘောတရား’ကို အသုံးပြုပြီး ဂျပန် ကျူးကျော်စစ် ဆန့်ကျင်ရေး တိုက်ပွဲမှာ ကွန်မြူနစ်ပါတီက ဘူဇွာ ကော်မင်တန်ပါတီရဲ့ ဦးဆောင်မှုကို ခံယူသင့်တယ်၊ လူတန်းစား အမှီအခိုကင်းရေးကို ထိန်းသိမ်းထားရမှာ မဟုတ်ဘူးလို့ ထုတ်ပြောခဲ့တယ်။

ကွန်မြူနစ် ပါတီအနေနဲ့ “*အမျိုးသား နိုင်ငံရေး အာဏာ တလုံးတစည်းတည်း ရှိရေး* အတွက် (ပါတီက ထိန်းချုပ်ထားတဲ့ ဒေသတွေက) လက်ရှိ ဆိုဗီယက် အစိုးရကို ဖျက်သိမ်းပြီး ပြည်သူ့ အခွင့်အရေးတွေအပေါ် အခြေခံတဲ့ ဒီမိုကရေစီကို ကျင့်သုံးမယ်။ တပ်နီတော် ဖွဲ့စည်းမှုကို ဖျက်သိမ်းပြီး တပ်နီတော်ကို (ကော်မင်တန် ပါတီက ချုပ်ကိုင်ထားတဲ့) အမျိုးသား တော်လှန်ရေး တပ်မတော် (NRA) လက်အောက်မှာ ပြန်လည်ဖွဲ့စည်းပြီး နိုင်ငံလုံးဆိုင်ရာ အစိုးရရဲ့ စစ်ဘက်ရေးရာ ကော်မရှင် ထိန်းချုပ်မှုအောက်မှာ ထားရှိကာ ***ညွှန်ကြားချက်တွေကို စောင့်နေပါတယ်*** ....." လို့ လူသိရှင်ကြား ကတိကဝတ် ပေးတဲ့ အဆင့်ထိ ရောက်သွားတယ်။ (The CPC Central Committee issued the KMT-CPC Cooperation Declaration/ July 15, 1937)

မော်ရဲ့ပြောကြားချက်က အနှစ်သာရအားဖြင့် တရုတ် ကွန်မြူနစ် ပါတီအနေနဲ့ ၁၉၂၅-၂၇ တော်လှန်ရေး တုန်းက လုပ်ခဲ့သလိုပဲ၊ အခုလဲ “ဒုတိယ ညီညွတ်ရေး တပ်ပေါင်းစု” နာမည်အောက်မှာ သူ့ကိုယ်သူ နိုင်ငံရေး အရ၊ အဖွဲ့အစည်းပိုင်းအရ ဖျက်သိမ်းလိုက်ပါပြီလို့ ပြော နေတာ ဖြစ်တယ်။

မော်ရဲ့ လူတန်းစား ရင်ကြားစေ့ရေး ပေါ်လစီက အခြေခံ သဘောတရားရေး အမှားကနေ မြစ်ဖျားခံလာ ခြင်း ဖြစ်တယ်။ အမျိုးသားရေး ဖိနှိပ်မှုကို (အမျိုးသားရေး အကြောင်းရင်းတွေနဲ့ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေ

> **ဂျပန် ခုခံရေး စစ်ပွဲမှာ ကွန်မြူနစ်ပါတီနဲ့ လက်တွဲပါ့မယ်လို့ နှုတ်ကတိတွေ ပေးနေခဲ့ပေမဲ့လဲ ချန်ကေရှိတ်မှာ သူ့ စကားသူ တည်အောင်လုပ်ဖို့ ဘယ်တုန်းကမှ စိတ်ကူးမရှိခဲ့ဘူး။**

သော) အရင်းရှင် အကြောင်းရင်းတွေကြောင့် လုပ်ကြတာဖြစ်တယ်၊ ဒါ့အပြင် ဒီဖိနှိပ်မှုက ဖိနှိပ်ခံ တိုင်းပြည်က လူတန်းစား အားလုံးအပေါ် တပြေးညီ သက်ရောက်တာ မဟုတ်ဘူးဆိုတဲ့ အချက်ကို နားလည်ရေးဟာ ကွန်မြူနစ်တွေအဖို့ အခြေခံ သင်ခန်းစာ ဖြစ်သင့်တယ်။ ဒီလိုပဲ အဖိနှိပ်ခံ နိုင်ငံအတွင်းက လူတန်းစား ပဋိပက္ခတွေဟာလဲ နယ်ချဲ့ ကျူးကျော်စစ် ထဖြစ်လို့ ပျောက်ကွယ်သွားမှာ မဟုတ်ဘူး။

၁၉၂၀ ကွန်မြူနစ် အင်တာနေရှင်နယ် ဒုတိယ အကြိမ် ကွန်ဂရက်မှာ လီနင်က အခုလို ရှင်းပြခဲ့တယ် -

> "ဂုတ်သွေးစုပ် အမြတ်ထုတ်နေတဲ့ နိုင်ငံတွေက ဘူဇွာ လူတန်းစားနဲ့ ကိုလိုနီ နိုင်ငံတွေက ဘူဇွာ လူတန်းစား အကြား နားလည်မှု တရပ် ထွက်ပေါ်လာခဲ့ပြီ။ ဒါကြောင့် ဖိနှိပ်ခံ နိုင်ငံတွေက ဘူဇွာ လူတန်းစားဟာ အမျိုးသား လှုပ်ရှားမှုတွေကို ထောက်ခံပေမဲ့လည်း မကြာမကြာဆိုသလို၊ (အမြဲလိုလိုတောင် ဖြစ်နိုင်တယ်) နယ်ချဲ့ နိုင်ငံက ဘူဇွာ လူတန်းစားနဲ့ သဘောတူညီမှုတချို့ ရယူပြီး (ဆိုလိုတာက နယ်ချဲ့ ဘူဇွာတွေနဲ့ ပူးပေါင်းပြီး) တော်လှန်ရေး လှုပ်ရှားမှု အားလုံးနဲ့ တော်လှန်သော လူတန်းစားတွေကို ဆန့်ကျင်တိုက်ခိုက်တတ်ကြတယ်။" (The Second Congress of the Communist International: Proceedings, Publishing House of the Communist International: America, 1921, pg 113)

ဒီပြောဆိုချက်ဟာ ပြီးခဲ့တဲ့ နှစ်ပေါင်း ရှစ်ဆယ်ဝန်းကျင်လောက်အတွင်း တရုတ် အုပ်စိုးသူ လူတန်းစားပြုမူ လုပ်ဆောင်ခဲ့သမျှကို အပြည့်အဝ ထင်ဟပ်ပြသသွားတယ်။ နယ်ချဲ့စနစ်က (အစောပိုင်းမှာ အဓိက နယ်ချဲ့က ဗြိတိန် နယ်ချဲ့စနစ်) တရုတ်နိုင်ငံကို အကျိုးနည်းအောင် လုပ်ဆောင်၊ ဖိနှိပ်၊ ဂုပ်သွေးစုပ်နေခဲ့ကြတဲ့ ကာလတလျှောက်လုံး တရုတ် အုပ်စိုးသူ လူတန်းစားဟာ ယေဘုယျအားဖြင့် နယ်ချဲ့တွေနဲ့ အကျိုးတူ ပူးပေါင်းခဲ့ကြတယ်။ နယ်ချဲ့ကို ဆန့်ကျင်ဖို့အတွက် ကျန်တဲ့ အဖိနှိပ်ခံ တရုတ်ပြည်သူတွေနဲ့ 'ပေါင်းစည်း'ခဲ့တာ မဟုတ် ဘူး။

တကယ်လို့ မော်စီတုန်းရဲ့ အတွေးအခေါ်တွေသာ မှန်ကန်ခဲ့မယ်ဆိုရင် အဲဒီအချိန်တုန်းက ကော်မင်တန် အစိုးရဟာ ဂျပန်ကို ခုခံတိုက်ခိုက်ရေး ကိစ္စမှာပဲ စူးစူးစိုက်စိုက် လုပ်ဆောင်ခဲ့လိမ့်မယ်၊ ဒီလို ခုခံတိုက်ခိုက်ဖို့အတွက် ကွန်မြူနစ် ပါတီတပ်ကိုတောင် ပါဝင်ကူညီစေလိမ့်မယ်။ ဒါပေမဲ့လဲ တရုတ် ဘူဇွာ အာဏာရှင် ချန်ကေရှိတ်ကတော့ "ပြည်တွင်း ငြိမ်သက်ရေးက ပထမ၊ ပြည်ပရန် ခုခံကာကွယ်ရေးက ဒုတိယ" ဆိုတဲ့ ပေါ်လစီကို ကိုင်စွဲထားခဲ့တယ်။ သဘောက တရုတ်ပြည် ကွန်မြူနစ် ပါတီ ချေမှုန်းရေး သွေးချောင်းစီး ပြည်တွင်းစစ် ဆက်တိုက်နိုင်အောင် ဂျပန် နယ်ချဲ့ ဆန့်ကျင်ရေး တိုက်ပွဲကို သစ္စာဖောက်သွားတာပဲ။ (K S Chiang, Soviet Russia in China, Farrar, Straus and Cudahy, 1957, pg 208)

ဒါတွေအားလုံးဟာ ၁၉၃၇ နောက်ပိုင်း ဖြစ်ရပ်တွေနဲ့ 'ကွန်မြူနစ်-ကော်မင်တန် ဒုတိယအကြိမ် ညီညွတ်ရေး တပ်ပေါင်းစု'ကိစ္စမှာ ဗူးပေါ်သလို ပေါ်လာခဲ့တယ်။ ဂျပန် ခုခံရေး စစ်ပွဲမှာ ကွန်မြူနစ် ပါတီနဲ့ လက်တွဲပါ့မယ်လို့ နှုတ်ကတိတွေ ပေးနေခဲ့ပေမဲ့လဲ ချန်ကေရှိတ်မှာ သူ့ စကားသူ တည်အောင်လုပ်ဖို့ ဘယ်တုန်းကမှ စိတ်ကူးမရှိခဲ့ဘူး။

ဂျပန်ကို ခုခံတိုက်ခိုက်ဖို့အတွက် ကွန်မြူနစ်ပါတီနဲ့ 'ပူးပေါင်းပြီး' နောက်မှာ ချန်ကေရှိတ် တပ်တွေက ဝတ်ကျေတန်းကျေ တိုက်ခိုက်မှုလေးတွေပဲ လုပ်ခဲ့တယ်။ ဒီလိုနဲ့ ပြည်နယ်ကြီးတွေကို ဂျပန် လက်အောက် စွန့်ပစ်ထားခဲ့ကြတယ်။ ၁၉၃၉ နှစ်လယ်ပိုင်းမှာတော့ ချန်ကေရှိတ်ဟာ ဂျပန်ကို တိုက်ခိုက်မယ့်အစား သူ့တပ်ထဲက (အင်အား ငါးသိန်းအထိရှိတဲ့) အကောင်းဆုံး တပ်ဖွဲ့တွေကို ကွန်မြူနစ် ပါတီကို ပိတ်ဆို့ထားဖို့အတွက် အသုံးချခဲ့တယ်။ သူ့တွက်ကိန်းက အမေရိကန်က ဂျပန်ကို အနိုင်ရသွားရင် သူတို့လဲ တိုက်စရာ မလိုဘဲ ပွဲသိမ်းပြီ။ (L E Eastman, The Cambridge History of China, Vol. 13, Part 2, Cambridge University Press, 1986, pg 570)

ဒီလိုနဲ့ ၁၉၃၇ကစလို့ အင်္ဂါစုံ ကျူးကျော်တိုက်ခိုက်မှု ပထမနှစ်အတွင်း ဆုံးရှုံးမှု ကြီးကြီးမားမားနဲ့ ကသောကမြော တပ်ဆုတ်ရတာတွေ တသီကြီး ဖြစ်ခဲ့တယ်။ ၁၉၃၈ အရောက်မှာ ပေကျင်း၊ ရှန်ဟိုင်း၊ ဝုဟန်နဲ့ နန်ကျင်းတို့လို မြို့ကြီးအားလုံး ဂျပန့် လက်အောက်ကို ရှက်စရာ အကောင်းဆုံး နည်းနဲ့ ကျသွားခဲ့တယ်။ နိုင်ငံ့မြို့တော်ကို အကြိမ်ကြိမ် ရွှေ့ခဲ့ရပြီး စီချွမ် ပြည်နယ်က ချုံကျင်း ဇနပုဒ်အထိ ရောက်လာခဲ့ရတယ်။

နောက်ဆုံး မြို့တော်ဖြစ်တဲ့ ချုံကျင်းကို လက်မလွှတ်ရအောင် ကော်မင်တန် အစိုးရက တာတမံတွေကို ဖြိုချပြီး မြစ်ဝါ မြစ်ဝှမ်း တခုလုံး ရေလွှမ်းပစ်ခဲ့တယ်။ ဒီထက်ပိုကောင်းတဲ့ ဘယ်လို ဗျူဟာမျိုးမှ စဉ်းစားနိုင်ခဲ့ပုံ မရဘူး။ ဒီလို ရေလွှမ်းပစ်ခြင်းကြောင့် စီချွမ်နဲ့ တခြား အတွင်းပိုင်း ပြည်နယ်တွေဆီ ဂျပန်တပ်တွေ ဆက်ဝင်ရောက်လာနိုင်ဖို့ လိုအပ်တဲ့ အခြေခံ အဆောက်အဦကို ဖျက်ဆီးပစ်နိုင်ခဲ့တယ်။ ဖျက်အား အလွန်ကြီးလွန်းလို့ တရုတ်ပြည်သူ ၈၉,၀၀၀ အထိ ရေနစ်သေခဲ့ရတယ်။ နောက်ဆက်တွဲ လိုက်လာတဲ့ အငတ်ဘေးနဲ့ ပလိပ် ရောဂါကြောင့် တရုတ်ပြည်သူ စုစုပေါင်း ငါးသိန်း ဝန်းကျင်လောက် အသက်ဆုံးခဲ့ရတယ်။

ဒီအဖြစ်ဆိုးတွေဟာ တရုတ် အုပ်စိုးသူ လူတန်းစားရဲ့ 'ပြည်ချစ်ဝါဒ'ကို လိုရင်းတိုရှင်း အဖြစ်ဆုံးနည်းနဲ့ ဖော်ပြသွားတာပဲ။ နယ်ချဲ့ကို တိုက်ခိုက်နေချိန်မှာတောင် ရန်သူထက် သူတို့ ပြည်သူတွေကို ပိုပြီး ထိခိုက်ပျက်စီးအောင် လုပ်ခဲ့ကြသူတွေ။

ဒါရဲ့ ဆိုလိုရင်းကို တရုတ် ကွန်မြူနစ်ပါတီ လုံးဝနားလည်ခဲ့ပါတယ်။ မြစ်ဝါမြစ် အနီးအနားက ရေနစ်မြုပ်သွားတဲ့ ဒေသတွေမှာ အင်အား စုဆောင်းပြီး တပ်နီတော် အခြေခံတခု တည်ထောင်ရေး လုပ်ငန်းကို မှန်မှန်ကန်ကန် စတင်ခဲ့တယ်။ ဆိုလိုတာကတော့ နယ်ချဲ့ ကျူးကျော်မှု ဆိုတဲ့ 'အရင်းခံ ပဋိပက္ခ' က လူတန်းစား ပဋိပက္ခကို 'လက်အောက်ခံ အဆင့်ကို ယာယီ လျှော့ချလိုက်တာမျိုး' မဟုတ်ကြောင်း၊ အုပ်စိုးသူ လူတန်းစားကို အမျိုးသား သစ္စာဖောက်တွေအဖြစ် သရုပ်မှန် ဖော်ထုတ်ပေးလိုက်လို့ နယ်ချဲ့ ကျူးကျော်စစ်က လူတန်းစား ပဋိပက္ခကို *ပိုလို့တောင် ပြင်းထန် အားကောင်းလာစေကြောင်း* ကွန်မြူနစ် ပါတီ သွယ်ဝိုက် အသိအမှတ်ပြုခဲ့ရတယ်။ ကွန်မြူနစ် ပါတီနဲ့ ချန်ကေရှိတ်ကြား ဘယ်လိုပဲ



Eighth Route Army fighting on Futuyu Great Wall in Laiyuan, Hebei, China, 1938



Mao and Chang Kai-Shek in Chongqing, September 1945 toasting the victory over

တရားဝင် သဘောတူညီမှုတွေ ရှိနေပါစေ၊ ဘုံရန်သူ ဂျပန်ကို ဆန့်ကျင်ရာမှာ လူတန်းစား ညီညွတ်ရေး မရှိခဲ့ပါဘူး။

## ပဋိပက္ခရဲ့ ထူးခြားချက်သဘော

မော်ရဲ့ *ပဋိပက္ခကျမ်း* ထဲမှာ နောက်ထပ် ငြင်းချက်တခုက မာ့က်စ်ဝါဒီတွေဟာ 'တရားသေ' ဆန်လို့ မရဘူး၊ ပြောင်းလဲနေတဲ့ နိုင်ငံရေး အခြေအနေတွေကို ဝါးလုံးရှည်နဲ့ သိမ်းကျုံးပြီး ယေဘုယျဆန်ဆန် ခြုံငုံ ကောက်ချက်ဆွဲတာမျိုး မလုပ်ရဘူးလို့ ဆိုတယ်။

> "ကျနော်တို့ရဲ့ တရားသေဝါဒီများဟာ [...] ကျနော်တို့အနေနဲ့ ပဋိပက္ခရဲ့ ထူးခြားမှုကို မုချ လေ့လာရမယ်၊ သီခြား အချင်းအရာများရဲ့ ထူးခြားသော အနှစ်သာရကို မုချ သိနေရမယ် ဆိုတာကို နားမလည်ကြဘူး။ [...] ကျနော်တို့ရဲ့ တရားသေဝါဒီများဟာ လူပျင်းတွေ ဖြစ်နေတယ်။ အခိုင်အမာ အကြောင်းချင်းရာတွေနဲ့ ပတ်သက်လို့ ဘယ်လို ခက်ခဲပင်ပန်းတဲ့ လေ့လာရေး လုပ်ငန်းမျိုးကိုမှ မလုပ်ချင်ကြဘူး။"(Z D Mao, On Contradiction, Foreign Language Press, 1964, pg 16)

'အခိုင်အမာ အကြောင်းချင်းရာများကို ခက်ခဲပင်ပန်းစွာ လေ့လာရေး' နဲ့ ပတ်သက်လို့ မော်စီတုန်း ဖိပြောနေတာက အတော်ကြီး ကပြောင်းတိ ကပြောင်းပြန်နိုင်တယ်၊ ဘာ့ကြောင့်လဲဆိုတော့ သူကိုယ်တိုင်တောင် ယေဘုယျဆန်ဆန် အဆိုတွေ ပြောပြီး ယန္တရားဆန်ဆန် တွေးခေါ်တဲ့ အဆင့်မှာပဲ ရှိနေသေးတယ်။ အချင်းအရာများကို သီးခြားစီ လေ့လာရေးနဲ့ ပတ်သက်လို့ မော်ပြောနေတဲ့ ဒဿနိကအချက်ဟာ တကယ်တော့ သာမညောင်ညပါပဲ။ အချင်းအရာတွေ ပြောင်းလဲတယ်၊ မတူညီတဲ့ အခြေအနေတွေအတွက် မတူညီတဲ့ နည်းနာတွေ လိုအပ်တယ်လို့ ပြောနေတာ။ ဒီလောက် ယေဘုယျဆန်လွန်းတဲ့ အဆင့်မှာ၊ ဘယ်သူကမှ ဒီပြောဆိုချက်ကို သဘောမတူချင်လို့ မရဘူး။ ဒါပေမဲ့ ဘာတခုကိုမှ ရှင်းမပြနိုင်ဘူး။

ပဋိပက္ခ တခုချင်းစီတိုင်းဟာ ကွဲပြားခြားနားကြတယ်။ မှန်တယ်။ ဒါပေမဲ့ မော်စီတုန်းအဖို့တော့ အဲဒီ ပဋိပက္ခ တခုချင်းစီဟာ သူ့ဘာသာ သီးခြား ရပ်တည်နိုင်တယ်။ *အဲဒီ* ပဋိပက္ခတခုချင်းအလိုက် အဖြေကိုယ်စီ ရှိပြီးသား။ အဲဒီ အဖြေက *တခြားသော* ပဋိပက္ခတခုရဲ့ အဖြေနဲ့ မတူဘူး။ ပဋိပက္ခ တခုစီရဲ့ သူ့ဘာသာ ပြီးပြည့်စုံသော အဖြေကို ရှာတွေ့ဖို့ သီးခြား ပဋိပက္ခ တခုချင်းကို လေ့လာဖို့ပဲ လိုတယ်။ ဓါတ်ခွဲခန်းထဲ ရောက်လာတဲ့ သွေးနမူနာတွေထဲ ဘယ်သူ့ သွေးနမူနာမှာ ဘာရောဂါပိုး ရှိနေသလဲ ရှာရသလို ဖြစ်နေတယ်။

တကယ်တမ်း မော် ပြောချင်နေတဲ့ အချက်က တရုတ်တော်လှန်ရေးက *ရုပ်ရှား တော်လှန်ရေးနဲ့ မတူဘူး* ၊ တရုတ်နိုင်ငံဟာ ကိုလိုနီနိုင်ငံ ဖြစ်တဲ့အတွက် တရုတ်တော်လှန်ရေးဟာ အမျိုးသား တော်လှန်ရေးပဲ ဖြစ်နိုင်မယ်၊ ဆိုရှယ်လစ် တော်လှန်ရေး မဖြစ်နိုင်ဘူး၊ ဒါ့ကြောင့် တရုတ် တော်လှန်ရေးမှာ သူ့ကိုယ်ပိုင် သီးခြား ဖြေရှင်းချက် ရှိတယ်၊ အဲဒီ ဖြေရှင်းချက်က ကမ္ဘာ့ရန်ဖြစ်တဲ့

ချန်ကေရှိတ်နဲ့ သဘောတူညီမှု ယူဖို့ပဲ။ ဒီပြောဆိုချက်ကို သဘောမတူတဲ့ လူတွေ၊ ချန်ကေရှိတ်နဲ့ ပူပေါင်းတာဟာ တော်လှန်ရေးကို သစ္စာဖောက်တာပဲလို့ ပြောတဲ့ လူတွေဟာ အခြေအနေရဲ့ ထူးခြားမှုကို မမြင်နိုင်တဲ့ တရားသေဝါဒီတွေလို့ သူ ပြောချင်တာပဲ။

ထူးခြားချက်ရဲ့ အရေးပါမှုနဲ့ ပတ်သက်လို့ မော် ဖိပြောနေရခြင်းရဲ့ အဓိက အနှစ်သာရကတော့ အုပ်စိုးသူလူတန်းစားနဲ့ အပေးအယူလုပ်တဲ့ နိုင်ငံရေး လမ်းစဉ်အတွက် သဘောတရားရေး အခြေခံတခု ပေးထားဖို့ကြိုးစားချက်သက်သက်သာ ဖြစ်တယ်။

တစုံလုံးသဘောဟာ ပါဝင်ရာ အစိတ်အပိုင်းတွေပေါင်းလဒ်ထက် ပိုအဆင့်မြင့်တယ်ဆိုတဲ့ အချက်ကို ဒိုင်ယာလက်တစ် ရုပ်ဝါဒက ကိုင်စွဲတယ်။ (လူတန်းစား ပဋိပက္ခ နိယာမ၊ ဒါမှမဟုတ် အရင်းရှင် စီးပွားရေးစနစ် နိယာမတွေလို) ယေဘုယျ အဆင့်မှာ ထွက်ပေါ်လာတဲ့ နိယာမ တရားတွေက ယှဉ်ပြိုင် တိုက်ပွဲဝင်နေကြတဲ့ လူတန်းစား အသီးသီး၊ ပါတီ အသီးသီးရဲ့ အကျိုးစီးပွားနဲ့ ပြုမူ ဆောင်ရွက်ချက်တွေကို အခြေခံကျကျ ဆုံးဖြတ်ပြဋ္ဌာန်းပေးတယ်။

အရင်းရှင်စနစ်ဟာ တကမ္ဘာလုံးကို လွှမ်းခြုံထားတဲ့ စီးပွားရေး စနစ်တခု မလွဲမသွေ ဖြစ်သွားမယ့် အကြောင်း ၁၈၄၈ ခုနှစ်လောက်တည်းက မာ့က်စ် ရှင်းပြခဲ့ပြီးသား။ ဒီကမ္ဘာလွှမ်းခြုံ စနစ်ကို လီနင်က နယ်ချဲ့ စနစ်အဖြစ် ခွဲခြမ်းစိတ်ဖြာပြခဲ့တယ်။ အရင်းရှင်စနစ်အောက်က ကုန်ထုတ်လုပ်ရေးဟာ နိုင်ငံ တနိုင်ငံချင်းစီရဲ့ ဈေးကွက်ကို ကျော်လွန် ကြီးထွားခဲ့လို့ အရင်းရှင် နယ်ချဲ့စနစ် ထွက်ပေါ်လာခြင်း ဖြစ်တယ်။ အရေးအကြီးဆုံးကတော့ စီးပွားရေးဟာ ကမ္ဘာ့ စီးပွားရေးစနစ် ဖြစ်လာခဲ့ပြီ၊ နိုင်ငံ အသီးသီးဟာ ဒီကမ္ဘာ့ စီးပွားရေးရဲ့ လက်အောက်ခံ ဖြစ်လာပြီး ကိုယ့်အနေအထားနဲ့ကိုယ် ပါဝင်နေကြတယ်။

ရလဒ်အနေနဲ့ "ပြည်သူလူထုကြီးနဲ့ မြေရှင် ပဒေ-သရာဇ် စနစ်ကြား ပဋိပက္ခ"၊ နောက် "ကိုလိုနီ နိုင်ငံများနဲ့ နယ်ချဲ့ စနစ်ကြား ပဋိပက္ခ"တို့လို သီးခြား 'ပဋိပက္ခ'တွေဟာ ကမ္ဘာ့ အရင်းရှင် စနစ်နဲ့ ခွဲထုတ်လို့ မရအောင် တသားတည်း ဖြစ်နေပြီ။ ဒီအချက်ဟာ ကွန်မြူနစ်အင်တာနေရှင်နယ်ဖွဲ့စည်းတည်ထောင်ခဲ့ရတဲ့ အကြောင်းရင်း ဇစ်မြစ် ဖြစ်သလို၊ ၁၉၂၀ လွန် အစောပိုင်း နှစ်တွေ အတွင်း အာရှမှာ (အထူးသဖြင့် တရုတ်မှာ) ကွန်မြူနစ် အင်တာနေရှင်နယ် အောင်အောင်မြင်မြင် ဖြန့်ကျက်ကျယ်ပြန့်လာခဲ့ရခြင်းရဲ့ အကြောင်းရင်း ဇစ်မြစ်လည်း ဖြစ်တယ်။ တရုတ် တော်လှန်ရေးဟာ သူ့ကိုယ်ပိုင် ပဋိပက္ခတွေ၊ ကိုယ်ပိုင် timeline နဲ့ ကိုယ်ပိုင် ဖြေရှင်းချက်တွေ ရှိနေတဲ့ လုံးဝဥဿုံ သီးခြားကွဲထွက်နေတဲ့ ဖြစ်စဉ်တခု မဟုတ်ဘူး။ တရုတ် တော်လှန်ရေးဟာ နိုင်ငံတကာ ဖြစ်စဉ်ရဲ့ အစိတ်အပိုင်းသာ ဖြစ်တယ်။

၁၈၄၀ အလွန် နှစ်ပိုင်းတွေက အစပြုပြီး နယ်ချဲ့ နိုင်ငံကြီးတွေ တရုတ်ပြည်ကို ကိုလိုနီတပိုင်းပုံစံနဲ့ သွေးစုပ်ခြယ်လှယ်ခဲ့တာကြောင့် တရုတ်ပြည်တွင်း စီးပွားရေး ပျက်စီးသွားခဲ့တယ်၊ ပြည်တွင်း စီးပွားရေးကို ဖျက်ဆီးရာကနေ မြေယာမဲ့ လယ်သမားနဲ့ သူဆင်းရဲ တပ်မကြီးတရပ် ပေါ်ထွက်လာခဲ့တယ်။ ဒီလိုနဲ့ တရုတ် အလုပ်သမား လူတန်းစားအသစ် စတင် ပေါ်ထွက်လာခဲ့ခြင်း ဖြစ်တယ်။ တချိန်တည်းမှာပဲ နယ်ချဲ့နိုင်ငံကြီးတွေက သူတို့ရဲ့ ဖောက်သည်ဖြစ်လာတဲ့ ယိမ်းယိုင်နေတဲ့ တရုတ် ***ရှေးဟောင်း အုပ်ချုပ်ရေး*** ကို ကျားကန်ပေးထားခဲ့တယ်။ ထွက်ပေါ်ကာစ တရုတ် အရင်းရှင် လူတန်းစားဟာ အနောက်တိုင်း နယ်ချဲ့စနစ်အပေါ် မှီခိုနေခဲ့ရပြီး ကမ္ဘာ့ဈေးကွက်နဲ့ ချည်နှောင်ခံထားရတယ်။ ဒါပေမဲ့ တရုတ် အလုပ်သမား လူတန်းစားကတော့ နိုင်ငံတကာ ကွန်မြူ-နစ် လှုပ်ရှားမှုဆီ မျက်နှာမူခဲ့တယ်။ ဒါကြောင့် ၁၉၂၀ ပြည့်လွန်နှစ်တွေမှာ တရုတ် ကွန်မြူနစ် ပါတီ မြန်မြန်ဆန်ဆန် အားကောင်းလာခဲ့တာ ဖြစ်တယ်။

အခုလို ပြောတဲ့အတွက် တရုတ် တော်လှန်ရေးမှာ 'ခက်ခဲပင်ပန်းစွာ လေ့လာဖို့' လိုအပ်တဲ့ ကိုယ်ပိုင် ထူးခြားချက်တွေ မရှိဘူးလို့ မဆိုလိုဘူး။ ဘယ်ကွန်မြူနစ် ပါတီမှ အရင်းရှင်စနစ်နဲ့ အလုပ်သမား လူတန်းစား အကြောင်း ယေဘုယျ သဘောတွေချည်း အားကိုးပြီး တော်လှန်ရေး တရပ်ကို ဦးဆောင်ဖို့ မမျှော်လင့်စကောင်း။ ဖြစ်စဉ်ရဲ့ အဆင့်တိုင်းကို ခွဲခြမ်းစိတ်ဖြာပြီး ပါဝင်လှုပ်ရှားရမယ်၊ သက်ဆိုင်ရာ တိုင်းပြည်ရဲ့ အသိစိတ်တို့၊ အခိုင်အမာ အခြေအနေတို့နဲ့ အဟပ်ညီတဲ့ ရှင်းလင်းပြတ်သားသော ကြွေးကြော်သံတွေ ဖော်ထုတ်ရမယ်။ ဟေဂယ်လ် ပြောခဲ့သလိုပဲ၊ အမှန်တရားဟာ အခိုင်အမာ ကိစ္စ ဖြစ်တယ်။ (truth is concrete)

ဂျပန် ဆန့်ကျင်ရေး စစ်ပွဲ ပြီးသွားတာတောင် မော်က ကော်မင်တန် အစိုးရနဲ့ စစ်ပြေငြိမ်းရေး ဆက်လုပ်ခဲ့တယ်။ ဒီလို လုပ်ရင်း မော်က 'ဒီမိုကရေစီသစ်' ဆိုတဲ့ အမြင်ကို ဖော်ထုတ်လာခဲ့တယ်။ ဒီအမြင်က တရုတ် တော်လှန်ရေးက ဆိုရှယ်လစ် တော်လှန်ရေး ဖြစ်လာမှာ မဟုတ်ဘူးလို့ ဆိုတယ်။

တရုတ် တော်လှန်ရေးကို 'အခိုင်အမာ' နားလည်ရေး ဆိုတာဟာ တရုတ် တော်လှန်ရေးကို သူ့ဟာသူ ဖြစ်တည်နေတဲ့ 'သီးခြား ကိစ္စ' တရပ်အဖြစ် သဘောမထားဘဲ၊ ***သင့်လျော်မှန်ကန်တဲ့ နိုင်ငံတကာ အခြေအနေ*** နဲ့ ချိတ်ဆက် နားလည်ရမယ်လို့ ဆိုလိုခြင်း ဖြစ်တယ်။ တရုတ် တော်လှန်ရေး ခေတ်ဟာ နောက်ဆုံး သတ္တုချလိုက်ရင် ကမ္ဘာ့ တော်လှန်ရေး ခေတ်ပဲ။ နိုင်ငံတိုင်းဟာ ကမ္ဘာ့ စီးပွားရေး စနစ်ကို အမှီပြုပြီး ရပ်တည်နေရတယ်။ နိုင်ငံတခုချင်း ဖြစ်ပွားနေတဲ့ တော်လှန်ရေး တိုက်ပွဲတွေကို ဒီစီးပွားရေး စနစ်ကို ဆန့်ကျင်တဲ့ ကမ္ဘာ့ တော်လှန်ရေး တိုက်ပွဲကြီးရဲ့ အစိတ်အပိုင်းအဖြစ်သာ နားလည်နိုင်တယ်။ ကွန်မြူနစ်အင်တာနေရှင်နယ်မရှိခဲ့ရင် တရုတ်ကွန်မြူနစ်ပါတီလဲ ပေါ်ပေါက်လာနိုင်စရာ အကြောင်း မရှိဘူး။

ဒါဟာ အကောင်အထည်မဲ့ ဇာချဲ့ထားတဲ့ သဘောတရားရေး အချက်တခု မဟုတ်ဘူး။ တော်လှန်ရေးရဲ့ နောက်ဆက်တွဲ ဖြစ်ရပ်တွေက ဒီအချက်ရဲ့ အရေးပါမှုကို ထုတ်ဖော်ပြသသွားတယ်။

## တရုတ် တော်လှန်ရေး

မော်ရဲ့ *ပဋိပက္ခကျမ်း* မှာ လူတန်းစား ရန်ဘက်ပဋိပက္ခဟာ အရင်းခံ ပဋိပက္ခ ဖြစ်နေရာကနေ နိုင်ငံခြား ကျူးကျော်မှုကြောင့် (အဓိကမကျသော ပဋိပက္ခအဖြစ်) ယာယီအားဖြင့် အဆင့်လျှောကျသွားရုံ ဖြစ်တယ်လို့ ဆိုထားတဲ့အတွက် ကျူးကျော်စစ် ပြီးဆုံးသွားရင် လူတန်းစား ပဋိပက္ခဟာ မူလ အဆင့်နေရာကို ပြန်ရောက်သွားနိုင်စရာ ရှိတယ်။ တကယ်တော့ မော်က *ပဋိပက္ခကျမ်း* ထဲမှာပဲ အခုလို ဆိုထားပါတယ် -

> ". . .တခြား အခြေအနေမှာတော့ ပဋိပက္ခတွေရဲ့ အဆင့်နေရာ ပြောင်းလဲသွားတယ်။ နယ်ချဲ့သမားက စစ်ရေးနည်းနဲ့ ဖိနှိပ်တာမျိုး မဟုတ်ဘဲ -- နိုင်ငံရေး၊ စီးပွားရေးနဲ့ ယဉ်ကျေးမှုတို့လို -- နည်းနည်း ညင်သာတဲ့ နည်းတွေနဲ့ ဖိနှိပ်လာတဲ့အခါမှာ ကိုလိုနီတပိုင်း နိုင်ငံတွေက အုပ်စိုးသူ လူတန်းစားတွေဟာ နယ်ချဲ့သမားဆီ အညံ့ခံသွားတတ်တယ်။ နှစ်ဦးနှစ်ဖက် မဟာမိတ်ဖွဲ့ပြီး ပြည်သူလူထုကို ပူးပေါင်း ဖိနှိပ်တတ်ကြတယ်။ ဒီလိုအချိန်မျိုးမှာ လူထုက နယ်ချဲ့သမားနဲ့၊ မြေရှင် ပဒေသရာဇ် လူတန်းစားတွေကို ပြည်တွင်းစစ် ပုံစံနဲ့ ဆန့်ကျင်လေ့ ရှိကြတယ်။ နယ်ချဲ့တွေကလဲ ကိုလိုနီတပိုင်း နိုင်ငံက ဖောက်ပြန်ရေး အင်အားစုတွေ ပြည်သူလူထုကို ဖိနှိပ်ရာမှာ တိုက်ရိုက်နည်းနဲ့ မဟုတ်ဘဲ သွယ်ဝိုက် အကူအညီပေးတတ်တယ်။ ဒါကြောင့်ပဲ အတွင်း ပဋိပက္ခတွေဟာ အထူးတလည် ပြင်းထန်လာတော့တယ်။"

အခု မော် ကောက်ကြောင်းဆွဲပြနေတဲ့ အခြေအနေမျိုးဟာ ၁၉၄၅ နောက်ပိုင်း တရုတ် နိုင်ငံရဲ့ အခြေအနေကို ပြည့်ပြည့်စုံစုံ ထင်ဟပ်နိုင်တယ်။ ၁၉၄၅ နောက်ပိုင်းမှာ တရုတ် နိုင်ငံကို သွေးစုပ် ခြယ်လှယ်သူက အမေရိကန် နယ်ချဲ့သမား ဖြစ်နေပြီ။ ဒါပေမဲ့ ဂျပန်ထက်စာရင် အများကြီး ပိုညင်သာတဲ့နည်းနဲ့ သွေးစုပ်ခြယ်လှယ်တယ်။ ကော်မင်တန်နဲ့ ချန်ကေရှိတ်က အမေရိကန်ဆီက စစ်ရေး အထောက်အပံ့တွေ အကြီးအကျယ် ရယူပြီး တရုတ်ကွန်မြူနစ် ပါတီ ချေမှုန်းရေး စစ်ပွဲ ဆက်တိုက်နိုင်အောင် အမေရိကန် နယ်ချဲ့သမားနဲ့ တကျိတ်တည်း တညာဏ်တည်း အလုပ်လုပ်နေပြီ။ ဒါကြောင့် *ပဋိပက္ခကျမ်း* ထဲက သူ့ကိုယ်ပိုင် ကောက်ချက်တွေကို အခြေခံပြီး "အတွင်း ပဋိပက္ခ (ဆိုလိုတာက လူတန်းစား ပဋိပက္ခ) ဟာ အထူးတလည် အားကောင်း ပြင်းထန်လာပြီ" ဆိုတဲ့ အချက်ကို မော် သေချာပေါက် လက်ခံရတော့မယ်။

သို့သော် ဂျပန် ဆန့်ကျင်ရေး စစ်ပွဲ ပြီးသွားတာတောင် မော်က ကော်မင်တန် အစိုးရနဲ့ စစ်ပြေငြိမ်းရေး ဆက်လုပ်ခဲ့တယ်။ ဒီလို လုပ်ရင်း မော်က 'ဒီမိုကရေစီသစ်' ဆိုတဲ့ အမြင်ကို ဖော်ထုတ်လာခဲ့တယ်။

ဒီအမြင်က တရုတ် တော်လှန်ရေးက ဆိုရှယ်လစ် တော်လှန်ရေး ဖြစ်လာမှာ မဟုတ်ဘူးလို့ ဆိုတယ်။ အဲဒီအစား 'ဒီမိုကရေစီသစ် လူ့အဖွဲ့အစည်း' တရပ်ကို တည်ဆောက်လိမ့်မယ်။ အနှစ်သာရအားဖြင့် အရင်းရှင်စနစ်ကို ဆက်လက် ထိန်းသိမ်းထားမယ်၊ ဒါပေမဲ့ ဂျပန်နဲ့




The first Plenum of the Chinese People's Political Consultative Conference in 1949

ပူးပေါင်းခဲ့တဲ့ 'ဖောက်ပြန်ရေးသမားတွေ'ရဲ့ ပိုင်ဆိုင်မှုနဲ့ 'ဗျူရိုကရက်တစ် အရင်းရှင်' ပိုင်ဆိုင်မှုတွေကိုတော့ နိုင်ငံတော်ပိုင် သိမ်းယူမယ်လို့ အဓိပ္ပါယ်ထွက်တယ်။ ဒီမိုကရေစီသစ် ဆိုတာ အရင်းရှင် လူတန်းစားရဲ့ သီးခြား အစိတ်အပိုင်း တခုကို ဆန့်ကျင်ဖို့ အရင်းရှင် လူတန်းစား အပါအဝင် တရုတ် နိုင်ငံရဲ့ လူတန်းစား အားလုံး မဟာမိတ်ပြုရေး ဖြစ်တယ်။

ကော်မင်တန်နဲ့ ဒါမှမဟုတ် တရုတ် အရင်းရှင် လူတန်းစားရဲ့ ဘယ်အစိတ်အပိုင်းနဲ့မှ တည်ငြိမ်တဲ့ မဟာမိတ် တည်ဆောက်ရေး ဖြစ်နိုင်တယ်ဆိုတာကို ယုံကြည်စရာ ဘာအကြောင်းမှ မရှိဘူး။ သို့ပေမဲ့လဲ မော်စီတုန်းဟာ 'ဒီမိုကရေစီသစ်'ကြွေးကြော်သံအောက် မှာ ထိပ်ပိုင်း သဘောတူညီမှုတွေ ပြုလုပ်ဖို့ အဆိုပြုနေခဲ့တယ်။ ဒီလို နည်းနဲ့ ကော်မင်တန်ရဲ့ ထိပ်သီး ခေါင်းဆောင်တွေက ကွန်မြူနစ်ပါတီနဲ့ ပူးပေါင်းပြီး အာဏာ ဆက်ကိုင်ထား နိုင်မယ်။ အနှစ်သာရအားဖြင့်တော့ ဒီလုပ်ရပ်ဟာ အလုပ်သမား လူတန်းစားနဲ့ ဒီလူတန်းစားရဲ့ အမှီအခိုကင်းကင်း လှုပ်ရှားနိုင်ခြင်းအပေါ် ယုံကြည်မှု မရှိကြောင်း ပြသ လိုက်တာပဲ။

သို့ပေမဲ့လဲ ဒီလို သဘောတူညီမှုတွေကို ချန်ကေရှိတ်က အမြဲလိုလို ပယ်ချခဲ့တယ်။ ဒါဟာ ရှောင်လွှဲလို့ မရနိုင်ဘူး။ ချန်ကေရှိတ် အာဏာရလာတာကိုက တော်လှန်ရေးနဲ့ ကွန်မြူနစ်ပါတီကို ဘူဇွာ လူတန်းစား ကိုယ်စား ချေမှုန်းပေးဖို့ ဖြစ်တယ်။ ပါတီကို အစ ဖျောက်ပစ်ဖို့လည်း ပြီးခဲ့တဲ့ အနှစ်နှစ်ဆယ်လုံး အဲသလို ချေမှုန်းရေးပဲ ကြိုးစားပမ်းစား သူလုပ်ခဲ့တယ်။ အခု မော်စီတုန်းက ဒီအင်အားစုတွေနဲ့ပဲ မဟာမိတ်ဖွဲ့ဖို့ ကြိုးစား နေပြန်တယ်။ ကော်မင်တန်ဘက်က ၁၉၄၇ မှာ စစ်ပြေငြိမ်းမှုကို ဖျက်သိမ်းလိုက်ပြီး ပြည်တွင်းစစ် ဆက်ဖြစ် ခဲ့တယ်၊ ၁၉၄၉မှာ တရုတ် ကွန်မြူနစ် ပါတီ အောင်ပွဲ ရရှိသွားခဲ့တယ်။ ဒီဖြစ်စဉ်တွေက မော်ရဲ့ ဒီမိုကရေစီသစ် ရှုမြင်ချက် တခုလုံး မှားယွင်းကြောင်း သက်သေပြလိုက် တာပဲ။

ကွန်မြူနစ်ပါတီ အာဏာရလာတာနဲ့ အရင်းရှင် လူတန်းစားထဲက အများစုဟာ ချန်ကေရှိတ်နဲ့အတူ တရုတ်ပြည်ကနေ ထွက်ပြေးသွားခဲ့ပြီး ထိုင်ဝမ်မှာ အမေရိကန် ကျောထောက်နောက်ခံပြု ဘူဇွာ အာဏာရှင် စနစ်ကို ထူထောင်ခဲ့ကြတယ်။ တရုတ်ပြည်တွင်းမှာ ကျန်ခဲ့တဲ့ အရင်းရှင်တွေကလည်း ကွန်မြူနစ် ပါတီဘက် က မဟာမိတ်ဖွဲ့ဖို့ ဘယ်နှစ်ကြိမ်ပဲ ဖိတ်ခေါ်နေပါစေ ပူးပေါင်းဖို့ ငြင်းဆန်နေခဲ့တယ်။ အရင်းရှင်တွေရဲ့ အမြင် မှာတော့ ဒီပါတီဟာ အစိုးရနဲ့ ဆယ်စုနှစ်တွေချီပြီး စစ်ဖြစ် လာတဲ့ ကွန်မြူနစ် ပါတီ ဖြစ်နေသလို အရင်းရှင် စနစ်ကို ဖြိုချဖို့ ထူထောင်ထားတဲ့ ကွန်မြူနစ် အင်တာနေရှင်နယ် အဖွဲ့ဝင်လဲ ဖြစ်နေလိုက်သေးတယ်။ ဒီလို ပါတီမျိုးကို သူတို့ ဘယ်တော့မှ ယုံမှာ မဟုတ်ဘူး။

တခြားတဖက်မှာတော့ အရင်းရှင် ကော်မင်တန် ပါတီ ကလဲ ကွန်မြူနစ်ဝါဒကို မကျေနိုင်မချမ်းနိုင် ဆန့်ကျင် နေတဲ့ အမေရိကန် နယ်ချဲ့သမားနဲ့ ချိတ်ဆက်မိနေတယ်။ အဲဒီနောက် တနှစ်အတွင်းမှာပဲ ကိုရီးယားစစ်ပွဲ စဖြစ်တယ်။ ကိုရီးယား နိုင်ငံအနေနဲ့ အမေရိကန် ဩဇာခံ အရင်းရှင် တိုင်းပြည်တခုအဖြစ် ဆက်ရှိနေမလား၊ မရှိ တော့ဘူးလား အဆုံးအဖြတ်ပြုတဲ့ ဒီစစ်ပွဲမှာ တရုတ်၊ ဆိုဗီယက်နဲ့ အမေရိကန်တို့ အပြင်းအထန် ဆိုးဆိုးဝါးဝါး တိုက်ခိုက်ခဲ့ကြတယ်။

ပကတိသဘောဆောင်ပြီး ကမ္ဘာလုံးဆိုင်ရာ လော့ဂျစ် ရှိနေတဲ့ ဒီဖြစ်ရပ်တွေက တကယ်သစ်စ CCP အစိုးရကို 'ဒီမိုကရေစီသစ်' လုပ်ငန်းစဉ် တခုလုံး စွန့်ပစ်စေခဲ့တယ်။ တရုတ် အရင်းရှင် လူတန်းစားက ကိုရီးယား စစ်ပွဲအတွင်း အမေရိကန်နဲ့ ဖောက်ပြန်ရေးသမားတွေ နိုင်ခဲ့ရင် တရုတ် ပြည်တွင်းက ကွန်မြူနစ် ပါတီ အစိုးရသစ်ကို ပြိုလဲ စေမှာပဲလို့ မျှော်လင့်ရင်း ဒီအမေရိကန်နဲ့ ဖောက်ပြန်ရေး အင်အားစုတွေဘက်က ရပ်တည်ခဲ့ကြတယ်။ ကွန်မြူနစ်

> ဒီကနေ့ခေတ်မှာ ပဋိပက္ခကျမ်း ကို ဖတ်ရင် ကျနော်တို့ မေးရမှာက "မော်ဟာ အရင်းရှင်စနစ်ကို ဖြိုချခဲ့သလား"ဆိုတဲ့ မေးခွန်း မဟုတ်ဘူး။ "အရင်းရှင်စနစ်ကို ဒီအခြေခံကနေ ဖြိုချနိုင်ပါ့မလား" ဆိုတဲ့ မေးခွန်းသာဖြစ်တယ်

ပါတီအနေနဲ့ စစ်ပွဲအတွင်း မြောက်ကိုရီးယားကို ထောက်ပံ့ကူညီဖို့ လိုအပ်လာတဲ့အခါ သူ့ပြည်တွင်းက အရင်းရှင်တွေရဲ့ စီးပွားရေးအရ ဖျက်လိုဖျက်ဆီး လုပ်နေတာတွေကို သည်းခံပေးလို့ မရတော့ဘူး။

အရင်းရှင်တွေဟာ သူတို့ရဲ့ စီးပွားရေး လုပ်ငန်းတွေကို စွန့်ရင်စွန့်၊ မစွန့်ရင်လဲ ဒီလုပ်ငန်းတွေကို ကွန်မြူနစ်ပါတီ အစိုးရ ဆန့်ကျင်ရေးမှာ အသုံးချနေခဲ့ကြတယ်။ CCP က ဒါကို တုန့်ပြန်တဲ့အနေနဲ့ စီးပွားရေး အစိတ်အပိုင်း အများစုကြီးကို နိုင်ငံတော်ပိုင် သိမ်းယူပြီး ဒယီးဒယိုင်နဲ့ လက်ဝဲဘက် ရောက်သွားခဲ့တယ်။ ဒါကိုကြည့်ရင် နယ်ချဲ့သမားတွေနဲ့ ဖြစ်တဲ့ ဒီ'အမျိုးသား ပဋိပက္ခတွေ' ဟာ လူ့အဖွဲ့အစည်းရဲ့ အရင်းခံကျသော လူတန်းစား ပဋိပက္ခတွေနဲ့ ဘယ်လို တုန့်ပြန်ရိုက်ခတ်သလဲဆိုတာ ကျနော်တို့ ရှင်းရှင်းလင်းလင်း တွေ့နိုင်တယ်။ ဒါ့အပြင် ဒီပဋိပက္ခတွေကို အမျိုးသားရေး အခြေခံနဲ့ မဖြေရှင်းနိုင်ဘူး၊ လူတန်းစား တိုက်ပွဲ နည်းလမ်းတွေနဲ့သာ ဖြေရှင်းနိုင်တယ် ဆိုတဲ့ အချက်ကိုလဲ ကျနော်တို့ ရှင်းရှင်းလင်းလင်း တွေ့နိုင်တယ်။

အရင်းရှင်တွေဆီက ပိုင်ဆိုင်မှု သိမ်းယူခြင်းဟာ သေချာပေါက် မှန်ကန်တဲ့ လုပ်ရပ်ပဲ။ အရေးကြီးတဲ့ အချက်က ဒီဖြစ်ရပ်တွေဟာ မော်ရဲ့ *ပဋိပက္ခ အက်ဆေး* ထဲ တင်ပြထားတဲ့ သဘောတရားရေး နည်းလမ်းကို လုံးဝလွဲမှားကြောင်း လက်တွေ့ပြသွားတာပဲ။ အုပ်စိုးသူ လူတန်းစားအနေနဲ့ နယ်ချဲ့စနစ်ကို ဆန့်ကျင်တိုက်ခိုက်ဖို့ တခြား လူတန်းစားတွေနဲ့ ပေါင်းစည်း ညီညွတ်နိုင်တယ်၊ ဒါမှမဟုတ် ပေါင်းစည်းညီညွတ်ဖို့ စိတ်ဝင်စားတယ်ဆိုတဲ့ အယူအဆမှားယွင်းကြောင်း တရုတ်တော်လှန်ရေးဖြစ်စဉ်က ပြသသွားတယ်။ ကိုလိုနီနိုင်ငံတွေမှာ လူတန်းစား ရင်ကြားစေ့ရေး လုပ်ရင် ဖြစ်နိုင်တယ်၊ မှန်ကန်တယ်လို့ ဆိုထားတဲ့ *ပဋိပက္ခကျမ်း* ထဲက အယူအဆဟာ ကမ္ဘာ့တဝှမ်း စတာလင်နစ်တွေရဲ့ ယေဘုယျ သဘောထား တရပ် ဖြစ်တယ်။

တကယ်လို့ မော်စီတုန်းနဲ့ တရုတ်ပြည် ကွန်မြူနစ်ပါတီသာ တော်လှန်ရေး လမ်းကြောင်းကို ပွင့်ပွင့်လင်း-လင်းနဲ့ မခြွင်းမချန် ဆင်ခြင် သုံးသပ်ခဲ့မယ်ဆိုရင် *ပဋိပက္ခကျမ်း* ထဲက အရေးကြီးတဲ့ အမှားတွေကို ပြင်ဆင်နိုင်ခဲ့လိမ့်မယ်။ ဒါ့အပြင် တရုတ် ပြည်တွင်းနဲ့ ပြည်ပနိုင်ငံအသီးသီးက ကွန်မြူနစ်တွေကိုလဲ ကမ္ဘာ့ ဆိုရှယ်လစ်တော်လှန်ရေး ဆက်ဆင်နွှဲနိုင်အောင် လိုအပ်တဲ့ ကိရိယာတွေ တပ်ဆင်ပေးနိုင်ခဲ့လိမ့်မယ်။

အဲဒီအစား ၁၉၃၇မှာ မော်ဖော်ထုတ်ခဲ့တဲ့ နည်းအမှားကြီးကို ကာကွယ်ပေးရုံသာမက အားဖြည့်ပေးခဲ့ကြတယ်။ (အင်ဒိုနီးရှားနဲ့ အီရန်မှာလို) ဒီပေါ်လစီကို လက်တွေ့အသုံးချတဲ့ နေရာတိုင်းမှာ ပျက်ကိန်းဆိုက်တော့တာပဲ။

ဒီကနေ့ခေတ်မှာ *ပဋိပက္ခကျမ်း* ကို ဖတ်ရင် ကျနော်တို့ မေးရမှာက “မော်ဟာ အရင်းရှင်စနစ်ကို ဖြိုချခဲ့သလား”ဆိုတဲ့ မေးခွန်း မဟုတ်ဘူး။ “အရင်းရှင်စနစ်ကို ဒီအခြေခံကနေ ဖြိုချနိုင်ပါ့မလား” ဆိုတဲ့ မေးခွန်းသာ ဖြစ်တယ်။ ကျနော်တို့ အဲဒီနည်းနဲ့ မဖြိုချနိုင်ကြောင်းကိုတော့ ပြီးခဲ့တဲ့ အနှစ် ခုနစ်ဆယ်စာ အတွေ့အကြုံက သက်သေပြသွားခဲ့တယ်။

## ဖျူရိုကရက်ဆန်တဲ့ အမြင်

*ပဋိပက္ခကျမ်း* မှာ မော် ဖော်ပြခဲ့တဲ့ သီးခြား ပဋိပက္ခတွေ၊ သီးခြား ဖြေရှင်းချက်တွေနဲ့ ပတ်သက်တဲ့ အယူအဆတွေက ဒိုင်ယာလက်တစ် ရုပ်ဝါဒကနေ တဖက်သတ်ဆန်ဆန်၊ ယန္တရားဆန်ဆန် သွေဖီသွားခြင်းပဲ။ ဒီသွေဖီမှုရဲ့ အကျိုးဆက်က အချောင်သမားဆန်ဆန် အမြော်အမြင်နည်းပါးမှုနဲ့ ဟိုခုန်ဒီကူး ဖြစ်နေတဲ့ လုပ်ငန်းစဉ်ကို တရားဝင် ဖြစ်သွားစေခဲ့တယ်။ ဒီလို ဖြစ်အောင်လဲ နိုင်ငံတိုင်းမှာ၊ ဒါမှမဟုတ် နိုင်ငံတခုရဲ့ သမိုင်းအဆင့် တခုချင်းမှာ သီးခြား ဖြေရှင်းနည်းတွေ လိုအပ်တဲ့ ကိုယ်ပိုင် ပဋိပက္ခတွေ ရှိတယ်၊ ကွန်မြူနစ်တွေအနေနဲ့ လူတန်းစား တိုက်ပွဲကို စွန့်ပယ်ထားနိုင်တယ်လို့ မော်က ဖိပြောခဲ့တယ်။

*ပဋိပက္ခကျမ်း* က သမိုင်းကို ပုဂ္ဂလ မိဋ္ဌာန်ကျကျ၊ စိတ်ကူးပေါက်သလို နားလည်ထားတဲ့အတိုင်း ဖော်ကျူးတယ်။ အပေါ်ယံအားဖြင့်တော့ မော်ဟာ ဒိုင်ယာလက်တစ်

ရုပ်ဝါဒီတယောက် လေသံပေါက်အောင် ပြောလေ့ရှိတယ်။ ဒါပေမဲ့ တကယ်တမ်းကျတော့ မော်ဟာ ဒါတွေအားလုံးကို ဘေးဖယ်ထားပြီး တရုတ်နိုင်ငံရဲ့ မတူကွဲပြားသော သမိုင်း အဆင့်တွေကို စာရင်းချ ရေတွက်ပြသွားတာပဲ လုပ်ခဲ့တယ်။ ဒီသမိုင်း အဆင့်တွေထဲ ငုပ်လျှိုးနေတဲ့ လော့ဂျစ်တွေ၊ နိယာမသဘောတွေ၊ ပဋိပက္ခတွေနဲ့ ပတ်သက်လို့ ဘာတခုမှ ရှင်းပြမသွားဘူး -

> "ပထမအကြိမ်တပ်ပေါင်းစု ကာလတုန်းက ကော်မင်တန် ပါတီဟာ ရပ်ရှားနဲ့ ပူးပေါင်းရေး၊ ကွန်မြူနစ်ပါတီနဲ့ လက်တွဲဆောင်ရွက်ရေး၊ လယ်သမား အလုပ်သမားတွေကို ကူညီပေးရေး ဆိုတဲ့ ဆွန်ယက်ဆင်ရဲ့ ပေါ်လစီကြီး သုံးရပ်အတိုင်း ဆောင်ရွက်ခဲ့တယ်။ ဒါကြောင့်ပဲ အဲဒီတုန်းက ကော်မင်တန် ပါတီဟာ တော်လှန်သော ပါတီတရပ်၊ အားမာန်ပြည့်သော ပါတီတရပ် ဖြစ်ခဲ့တယ်။ ဒီမိုကရေစီ တော်လှန်ရေးအတွက် အမျိုးမျိုးသော လူတန်းစားတွေ မဟာမိတ်ဖွဲ့ ပေါင်းစည်းထားတဲ့ ပါတီတရပ် ဖြစ်ခဲ့တယ်။ ဒါပေမဲ့ ၁၉၂၇ နောက်ပိုင်းမှာတော့ ကော်မင်တန် ပါတီဟာ ဆန့်ကျင်ဘက် အနေအထားကို ပြောင်းလဲသွားခဲ့တယ်။ မြေရှင်ကြီးတွေနဲ့ ဘူဇွာကြီးတွေရဲ့ ဖောက်ပြန်ရေး ဂိုဏ်းတရပ် ဖြစ်လာခဲ့တယ်။ ၁၉၃၆ ခုနှစ် ဒီဇင်ဘာလ ရှီအန်း အရေးအခင်း ဖြစ်ပွားပြီးနောက်မှာတော့ ဂျပန် နယ်ချဲ့ကို ပူးပေါင်း ဆန့်ကျင်ဖို့ ပြည်တွင်းစစ် ရပ်စဲပြီး ကွန်မြူနစ်ပါတီနဲ့ လက်တွဲဆောင်ရွက်ရေး လမ်းကြောင်းကို ထပ်ပြောင်းသွားခဲ့တယ်။ ဒါတွေဟာ အဆင့် သုံးဆင့်အတွင်း ကော်မင်တန် ပါတီရဲ့ ထူးခြားသော လက္ခဏာရပ်တွေ ဖြစ်တယ်။ အမှန်ပဲ၊ ဒီထူးခြားတဲ့ လက္ခဏာရပ်တွေဟာ အကြောင်းအရင်း အမျိုးမျိုးကြောင့် ထွက်ပေါ်လာခဲ့ခြင်း ဖြစ်တယ်။"(ibid. pg 24-25)

'အကြောင်းအရင်း အမျိုးမျိုး' ဆိုတဲ့ စကားရပ်က ဒီနေရာမှာ သော့ချက် ပြဿနာပဲ။ ဒါပေမဲ့ မော်က ဒီပြဿနာကို စာဖတ်သူတွေကိုယ်တိုင် ဖော်ထုတ်ဆန်းစစ်ဖို့ ချန်ထားခဲ့လိုက်တယ်။ လူထု ပါတီ တရပ်အနေနဲ့ အချိန်လေး တနှစ်၊ နှစ်နှစ်လောက်အတွင်း 'တော်လှန်သော ပါတီ၊ အားမာန်ပြည့်ဝသော ပါတီ'တရပ် အဖြစ်ကနေ 'မြေရှင်ကြီးတွေနဲ့ ဘူဇွာကြီးတွေရဲ့ ဖောက်ပြန်ရေး ဂိုဏ်း' တရပ်အဖြစ် ပြောင်းလဲသွားဖို့ဆိုတာ အင်မတန်အရေးကြီးတဲ့ သမိုင်းဆိုင်ရာ ကိစ္စတရပ် ဖြစ်တယ်။ ခေါင်းဆောင်တယောက် စိတ်ကူး အပြောင်းအလဲ ဖြစ်ရုံနဲ့ ပြီးသွားတဲ့ ကိစ္စမျိုး မဟုတ်ဘူး။ ဒါပေမဲ့လည်း ဒီကိစ္စနဲ့ ပတ်သက်လို့ မော်ပြောသွားတာက ကော်မင်တန် ပါတီ ပြောင်းလဲသွားခဲ့တယ်၊ ဒါပဲ။ အစပိုင်း ကောင်းတယ်၊ နောက်တော့ ဆိုးလာတယ်။ ကော်မင်တန်နဲ့ ပေါင်းခဲ့တယ်၊ နောက်တော့ ရန်သူတွေ ဖြစ်သွားတယ်။ ဒါတွေ ဖြစ်ပျက်ခဲ့ခြင်းရဲ့ အကြောင်းတရားတွေကို သူဆက်မပြောတော့။

အမှန်ကတော့ မော်ဟာ တရုတ်တော်လှန်ရေးနဲ့ ပတ်သက်တဲ့သဘောတရားရေးအမြင်တရပ်ရပ်နဲ့ခြေချုပ်မိ မနေလိုဘူး။ ပါတီဝင်တွေကို ရှုပ်ထွေးပြီး ကိုင်တွယ်ရခက်တဲ့ ဝါးတားတား 'ဒိုင်ယာလက်တစ်'ပဲ မော် ထိုးရောင်းချင်ခဲ့တာ။ ဒီလိုမှသာ သူ့အနေနဲ့ ရပ်တည်ချက်တွေ လွယ်လင့်တကူ ပြောင်းနိုင်မယ်၊ အရင်က ရပ်တည်ချက်နဲ့ ဆန့်ကျင်ဘက် ဖြစ်သွားလဲ ပြဿနာ မရှိဘူး၊ အဲဒီအခိုက် ပေါ်လာသမျှ အခွင့်အရေးကို ဖမ်းဆုပ် အသုံးချနိုင်မယ်။

ဒီအချက်ဟာ ကွန်မြူနစ် ပါတီရဲ့ ဗျူရိုကရက် ယန္တရားကို လယ်ပြင်ဆင်သွားသလို ဖော်ထုတ်ပေးသွားတယ်။ ဒီ ဗျူရိုကရက် ယန္တရားဟာ အာဏာ မရခင်ကတည်းက ပါတီတွင်းမှာ ရှိနေခဲ့ပြီးသား။ အာဏာရ ပါတီ ဖြစ်လာတဲ့အခါ ဗျူရိုကရေစီ ယန္တရားက ပိုပြီး ခိုင်မြဲလာခဲ့တယ်။

*ပဋိပက္ခကျမ်း* ကို မော် ရေးတဲ့ အချိန်မှာ ကွန်မြူနစ် ပါတီအနေနဲ့ မြို့ပြမှာ ဘာအခြေခံမှ မရှိတော့ဘူးဆိုတဲ့ အချက်ကိုလည်း ထည့်ပြောရမယ်။ မြို့ပြ အလုပ်သမား လူတန်းစား ပါတီတရပ်အဖြစ် ဖွဲ့စည်းခဲ့ပေမဲ့လည်း ၁၉၂၈ နောက်ပိုင်းတည်းက ကွန်မြူနစ် ပါတီဟာ ဝေးလံခေါင်သီတဲ့ ကျေးလက် လူ့အဖွဲ့အစည်းမှာ အထီးတည်း ရပ်တည်နေခဲ့ရတယ်။ ဒါဟာ ကြုံတင် စီမံကိန်း တခုခု ဒါမှမဟုတ် သဘောတရား တရပ်ရပ်ကြောင့် ဒီလို ဖြစ်ပေါ်ခဲ့တာ မဟုတ်ဘူး။ ၁၉၂၅-၂၇ တော်လှန်ရေး ရပ်ပျက်ဆင်းပျက် ကျရှုံးခဲ့ရခြင်းရဲ့ ရလဒ်သာ ဖြစ်တယ်။

ထရော့စကီး ခန့်မှန်းခဲ့သလိုပါပဲ၊ တော်လှန်ရေးကို ဦးဆောင်ဖို့ မျှော်လင့်ချက်တွေ ပုံအောထားရမယ်လို့ စတာလင်ကိုယ်တိုင်ထောက်ခံချက်ပေးခဲ့တဲ့ ခေါင်းဆောင်ကြီး ချန်ကေရှိတ်က ကွန်မြူနစ် ပါတီကို သစ္စာဖောက်

သွားခဲ့တယ်။ ၁၉၂၆-၂၇ ကစလို့ ချန်ကေရှိတ်ဟာ ထောင်သောင်းချီတဲ့ အလုပ်သမားတွေနဲ့ ကွန်မြူနစ်တွေကို သတ်ပွဲကြီး ကျင်းပခဲ့တယ်။ ကွန်မြူနစ်ပါတီနဲ့ အလုပ်-သမား လူတန်းစားအပေါ် သွေးချောင်းစီး တန်ပြန်တော်လှန်ရေး ဆင်နွှဲခဲ့တယ်။

တော်လှန်ရေးအရေးနိမ့်မှုက အကြီးအကျယ် ဆိုးရွားခဲ့သလို၊ (စတာလင့် ညွှန်ကြားချက်တွေကြောင့်) ဒီအရေးနိမ့်မှုအပေါ် ပါတီရဲ့ တုန့်ပြန်ချက်ကလည်း ရေလိုက်လွဲခဲ့တယ်။ ဒီတော့ အသက်ရှင် ကျန်ရစ်သမျှ ကွန်မြူနစ်ပါတီဝင်တွေဟာ ကျေးလက်ဒေသက ဝေးလံခေါင်သီတဲ့ အရပ်တွေဆီ ထွက်ပြေးခဲ့ရတယ်။

ဒီအခြေအနေတွေအောက်မှာ ပါတီ ယန္တရားဟာ မီးစင်ကြည့်ကရင်း အနှစ်သာရအားဖြင့် လယ်သမားပြောက်ကျား တပ်တခု ဖြစ်လာတယ်။ ဒါဟာ ဒီမိုကရေစီဗဟိုချုပ်ကိုင်မှုရှိသော ဘော်ရှီဗစ်ပါတီ တရပ်နဲ့ လုံးဝဆန့်ကျင်ဘက် ဖြစ်သွားတယ်။ ဒီလိုနဲ့ ဗျူရိုကရေစီဆန်ဆန် အထက်အောက် အမိန့်ပေးစနစ်ကို ရှောင်လွှဲလို့မရတော့ဘူး။ အကြောင်းကတော့ အင်အားသာလွန်တဲ့ အစိုးရတပ်တွေ အဝိုင်းခံထားရတဲ့အခါ စစ်ရေးအရ အသက်ဆက်နိုင်ဖို့ဆိုရင် ဆွေးနွေးငြင်းခုန်နေဖို့ အချိန်မရှိဘူး၊ အညှာအတာကင်းတဲ့ စစ်ရေး ခေါင်းဆောင်မှုတရပ်သာ လိုအပ်တယ်။ မော်ရဲ့ အက်ဆေးဟာ ဒီနည်းလမ်းတွေကို အတိအကျ ထင်ဟပ်နေတယ်။

ဗျူရိုကရေစီဆန်တဲ့ ခေါင်းဆောင်မှုတရပ်မှာ အမြော်အမြင် နည်းပါးပြီး ယန္တရားဆန်တဲ့ အမြင်မျိုးပဲ သေချာပေါက် ရှိနိုင်တယ်။ ဗျူရိုကရက် ဖြစ်နေတဲ့ အတွက်ကြောင့် လူထုကြီးကို လူ့အဖွဲ့အစည်း ပြောင်းလဲရေးမှာ အမှီအခိုကင်းကင်းနဲ့ စွမ်းဆောင်နိုင်တဲ့ အင်အားစုအဖြစ် မမြင်တော့ဘူး။ အထက်စီးကနေ အမိန့်တွေ ထုတ်ပြီး ရလဒ်တွေ ထွက်လာရင် အောင်မြင်ပြီလို့ ဗျူရိုကရက်တွေ ထင်တတ်ကြတယ်။ သက်ဆိုင်ရာ လူတန်းစားတွေရဲ့ အကျိုးစီးပွားနဲ့ လူတန်းစားတွေကြားက အခြေအနေတွေကို လုံးဝ ထည့်မစဉ်းစားဘူး။ တခြားပါတီတွေက ခေါင်းဆောင်ပိုင်းနဲ့ သဘောတူညီမှု ရယူနိုင်ရင် အာဏာ ရသွားမယ်လို့ သူတို့ တွေးတယ်။ ဒီလိုလုပ်လိုက်ရင် အလုပ်သမား လူတန်းစားကို ဖယ်ထုတ်ပစ်ရာ ရောက်ပြီး စိတ်ဓါတ် ပျက်ပြားသွားစေနိုင်ကြောင်း သူတို့ သတိမရတော့။

အမှန်တော့ ဗျူရိုကရေစီကလဲ လူထုရဲ့ ဒီမိုကရေစီနည်းကျ ပါဝင်မှုစစ်စစ်ကို မလိုချင်ပါဘူး။ ကိုယ်ပိုင်အမြင်နဲ့ တွေးခေါ်နိုင်ပြီး နိုင်ငံရေး နားလည်မှု မြင့်မားတဲ့ ပါတီဝင်တွေကို မလိုချင်ဘူး။ ဗျူရိုကရေစီ အင်အားကောင်းလာတာဟာ ပါတီ အဖွဲ့အစည်း အဆင့်ဆင့်မှာ ဆွေးနွေးငြင်းခုန်ခြင်း၊ နားလည် သဘောပေါက်လာခြင်းတို့ကြောင့် မဟုတ်ဘူး။ ဒီတော့ နိုင်ငံရေးအရ ဆွေးနွေး၊ စည်းရုံး၊ လှုံ့ဆော်တဲ့ နည်းတွေနဲ့ အလုပ် လုပ်ရမယ့်အစားအမိန့်ပေး ညွှန်ကြားပြီးတော့ပဲ လည်ပတ်တော့တယ်။ ဗျူရိုကရေစီက မတူညီတဲ့ အုပ်စုတွေကို တခုနဲ့တခု ထိပ်တိုက်တွေ့အောင် ကစားကွက်ဆင်ရင်း သူ့နေရာကို ထိန်းထားတယ်။

မော်ရဲ့ ပုဂ္ဂလ ဓိဋ္ဌာန်အမြင်ဟာ ဒီကနေ ခက်ဖြာလာခြင်း ဖြစ်တယ်။ မော်က သူ့ကိုယ်သူ အလုံးစုံ သိမြင်တော်မူသော စီမံခန့်ခွဲရေးသမား တယောက်အဖြစ် မြင်တယ်။ အတ္တဘာဝ အကြောင်းအချက် (ဆိုလိုတာက ပါတီ)ရဲ့ ရွေးချယ်မှုတွေကတဆင့် ပဋိပက္ခများကို ထိန်းချုပ်နိုင်တယ်လို့ သူ မြင်တယ်။ ဘာတွေက အရင်းခံ ပဋိပက္ခ ဖြစ်ပြီး ဘာတွေက လက်အောက်ခံ ပဋိပက္ခ ဖြစ်သွားလဲ ဆိုတာကို ပါတီကပဲ ဆုံးဖြတ်သတ်မှတ်မယ်။ တကယ် ဖြစ်ပေါ်နေတဲ့ အခိုင်အမာ ဖြစ်စဉ်တွေကို ဘေးချိတ်ထားပြီး ဘယ် ဖြေရှင်းချက်ကတော့ ဘယ် ပဋိပက္ခနဲ့ ကိုက်ညီတယ် ဆိုတာကို ပါတီက ဆုံးဖြတ်ပေးမယ်။ (ခွဲခြမ်းစိတ်ဖြာတာ မဟုတ်ဘူး။)

နှစ်ပေါင်းများစွာ ကြာတဲ့အခါ "ပါတီက အရာရာကို ဦးဆောင်တယ်"ဆိုတဲ့ စကား တွင်ကျယ်လာအောင် မော်လုပ်ခဲ့တယ်။ ဒီစကားကို ဒီကနေ့ခေတ်အထိ ရှီကျင်းဖင်က ဆက်ပြီး ဖိဖိစီးစီး ဇန်းတင်နေတုန်းပဲ။

ဒီချဉ်းကပ်နည်းရဲ့ လက်တွေ့ ဂယက်ရိုက်ခတ်မှုတွေကို ၁၉၅၇ ခုနှစ်မှာ မြင်နိုင်တယ်။ အဲဒီတုန်းက "ပြည်သူတွင်း ပဋိပက္ခများကို မှန်ကန်စွာ ကိုင်တွယ်ဖြေရှင်းရေး" ဆိုတဲ့ ဆောင်းပါး တပုဒ် မော် ထပ်ရေးခဲ့တယ်။ အဲဒီမှာ တရုတ် ကွန်မြူနစ် ပါတီ အာဏာရပြီးနောက်ပိုင်း တရုတ်လူ့ဘောင်အတွင်း ဖြစ်နေတဲ့ ပဋိပက္ခအမျိုးမျိုးအတွက် အသင့်သုံး ဖြေရှင်းနည်းတွေ ဖော်စပ်ပေးခဲ့တယ်။ ဒါကို

အခြေခံပြီး ပါတီ ဗျူရိုကရေစီက သူတို့ဆီရောက်လာတဲ့ ပဋိပက္ခ တခုချင်းရဲ့ သဘောသဘာဝကို 'ဆုံးဖြတ်'ပြီး မော်ရဲ့ လမ်းညွှန်ချက်တွေအတိုင်း ဖြေရှင်းချက် ထုတ်ပေးခဲ့တယ်။

ဒီလို တင်းကြပ်လွန်းတဲ့၊ ညွှန်ကြားချက်တွေပေါ် အခြေခံတဲ့၊ အထက်အောက် အမိန့်ပေး ကြိုးနီစနစ် ချဉ်းကပ်နည်းမျိုးဟာ လူထုကြားက ပြဿနာတွေကို စစ်စစ်မှန်မှန် ကိုင်တွယ်ဖြေရှင်းဖို့ ရည်ရွယ်ချက် မရှိဘူး။ ဒီပြဿနာတွေရဲ့ ရုပ်ပိုင်း အခြေခံ အကြောင်းရင်းတွေကို နားလည်ဖို့ဆို ပိုတောင် ဝေးသေးတယ်။ ဗျူရိုကရေစီ အုပ်ချုပ်ရေးအပေါ် စိန်ခေါ်ခြိမ်းခြောက်မှု မှန်သမျှ ဖယ်ရှားပစ်ပြီး လူထုကို ပါတီရဲ့ တင်းကြပ်တဲ့ ထိန်းချုပ်မှုအောက် ထားရှိဖို့သာ ရည်ရွယ်တယ်။

## ဒိုင်ယာလက်တစ် ရုပ်ဝါဒကို လိုအပ်နေခြင်း

ပဋိပက္ခတွေနဲ့ ပတ်သက်လို့ *ပဋိပက္ခကျမ်း*ထဲ ဖော်ပြထားတဲ့ လေ့နံ့စားထစ် "ဖြေရှင်းနည်း"တွေဟာ ကမ္ဘာတလွှားက ကွန်မြူနစ်တွေကို ပညာပေးရေး လုပ်ငန်းမှာ အကျိုးမဲ့စေတာပဲ အဖတ်တင်တယ်။ မော်ရဲ့ ဖော်မြူလာတွေဟာ ကြည့်လိုက်ရင်တော့ ရိုးရှင်းပြီး နားလည်ဖို့ လွယ်သယောင် ထင်ရတယ်။ ဒါပေမဲ့ လူတန်းစား တိုက်ပွဲ၊ စစ်နဲ့ တော်လှန်ရေးတို့ရဲ့ တကယ့်ပြောင်းလဲခြင်း အင်အားတွေကို နားလည် သဘောပေါက်အောင် လမ်းညွှန်ပေး နိုင်ခြင်း မရှိဘူး။ လက်တွေ့မှာ ဆိုးကျိုးပါ ပေးနေသေး တယ်။

မာ့က်စ်ဝါဒနဲ့ လားလားမှ မသက်ဆိုင်တဲ့၊ အခြေခံ အားဖြင့် စတာလင်ဝါဒရဲ့ လူတန်းစား ရင်ကြားစေ့ရေး အယူအဆတွေကို တရားထူထောင်ပေးဖို့ *ပဋိပက္ခကျမ်း* ထဲက အတွေးအခေါ်တွေကို အကြိမ်ကြိမ်အခါခါ အသုံးချခဲ့ကြတယ်။ 'တရားသေဝါဒ' ဆန့်ကျင်ရေးနဲ့ ပတ်သက်လို့ *ပဋိပက္ခကျမ်း*ထဲ ဘယ်လောက်ပဲ ကြိမ်းမောင်းထားပါစေ၊ ဒီအက်ဆေးရဲ့ အနှစ်သာရတခုလုံးကတော့ 'တိုးတက်သော' ၊ 'ပြည်ချစ်ဝါဒီ' အမျိုးသား ဓနရှင် လူတန်းစားကို ရှာဖွေပြီး အလုပ်သမား၊ လယ်သမားနဲ့ ကွန်မြူနစ်တွေကို သူတို့ လက်အောက် ထားရှိရေး ဆိုတဲ့ စတာလင်နစ် တရားသေဝါဒကို ကာကွယ်ပေးထားတယ်။ တကယ်တမ်း တရုတ်ရဲ့ ကိုယ်ပိုင် သမိုင်း အထောက်အထားကို ထည့်သွင်း မစဉ်းစားဘဲ အမှန်တရားအဖြစ် ဆုပ်ကိုင်ထားနေမှတော့ အဲဒါ တရားသေ ဝါဒပဲ။

တရုတ် တော်လှန်ရေးရဲ့ လမ်းကြောင်း အစစ်အမှန်ကို မော် ကြိုတင် မမြင်ခဲ့ဘူး။ ဒါပေမဲ့ စတာလင်ဝါဒီတွေဟာ ဘယ်တုန်းကမှ ဘာကိုမှ ကြိုမမြင်နိုင်ခဲ့ဖူးဘူး။ *ပဋိပက္ခကျမ်း* ဟာ တရုတ် တော်လှန်ရေးရဲ့ လော့ဂျစ် အစစ်အမှန်ကို ရှင်းပြထားတာ မဟုတ်ဘူး။ တရုတ် ကွန်မြူနစ် ပါတီ ဗျူရိုကရေစီရဲ့ ပြောင်းလဲသွားသော လိုအပ်ချက်တွေကို ဖုံးကွယ်ပေးဖို့သာ ဖြစ်တယ်။ *ပဋိပက္ခကျမ်း* ရဲ့ တကယ့် လိုရင်းက အဲဒါပဲ။

ဒိုင်ယာလက်တစ် ရုပ်ဝါဒရဲ့ တကယ့် ရည်ရွယ်ချက်က ဖြစ်ပေါ်နေတဲ့ ဖြစ်စဉ်တွေကို အမှန်တကယ် နားလည်နိုင်အောင် လုပ်ပေးဖို့ ဖြစ်တယ်။ ဒီလို နားလည်ထားမှသာ လူတန်းစား တိုက်ပွဲကြောင့် အခက်မကြုံရမှာ၊ ဒါမှမဟုတ် ယာယီ ခေတ်စားလာတဲ့ ရေစီးတွေကြောင့် ရှိန်မသွားမှာ။ အရင်းရှင် လူ့အဖွဲ့အစည်းရဲ့ အခြေခံ ပဋိပက္ခတွေကနေ စကြည့်တတ်ဖို့ ဒိုင်ယာလက်တစ် ရုပ်ဝါဒက သင်ကြားပေးတယ်။ ဒါမှသာ လက်ရှိ ဖြစ်ပေါ်နေတဲ့ အခြေအနေတွေက ဆန့်ကျင်ဘက်ကို ဘယ်လို ပြောင်းလဲသွားမယ် ဆိုတာ ကျနော်တို့ မြင်နိုင်မယ်။ စီးပွားရေး တဟုန်ထိုး တက်နေတာကနေ စီးပွားရေး ကျဆင်းမှု ဘယ်လို ဖြစ်လာသလဲ မြင်နိုင်မယ်။ နိုင်ငံရေး မဟာမိတ်ဖွဲ့မှုတွေ၊ ခေတ်စားနေတဲ့ နိုင်ငံရေး သဘာထားတွေကနေ အကွဲအပြဲနဲ့ အကျပ်အတည်းတွေဆီ ဘယ်လို လမ်းဖွင့်ပေးလိုက်သလဲ မြင်နိုင်မယ်။

အာဏာရပြီးတဲ့နောက် မော်စီတုန်းဟာ ခုတမျိုး တော်ကြာတမျိုး လုပ်ဟန်တွေ တောက်လျှောက် လုပ်ခဲ့တယ်။ တံခါးပိတ် စီးပွားရေးနဲ့ တရုတ်နိုင်ငံ လုံးဝ အမှီအခိုကင်းရေးကို တည်ဆောက်နေရာကနေ လူပေါင်းများစွာ အငတ်ဘေးဆိုက်ပြီး သေဆုံးမှုတွေ ဖြစ်လာတော့ အဲဒီအစီအစဉ်ကို ချက်ချင်း စွန့်ပယ်ခဲ့တယ်။ အမေရိကန် နယ်ချဲ့စနစ်ကို နှစ်ပေါင်းများစွာ ပြစ်တင်ကြိမ်းမောင်းနေရာကနေ ဆိုဗီယက် ပြည်ထောင်စုကို ဆန့်ကျင်ဖို့အတွက် ၁၉၇၂ ခုနှစ်မှာတော့ နစ်ဆင်နဲ့ တွေ့ဆုံ ဆွေးနွေးခဲ့တယ်။ ရေတို အနာဂတ် ကာလမှာ ကွန်မြူနစ် ပါတီ အုပ်စိုးမှု အာမခံချက်ရှိအောင် အဲဒီလို သိသာ ထင်ရှားတဲ့ ကျွမ်းထိုး မှောက်ခုံ အပြောင်းအလဲတွေ လုပ်ခဲ့တယ်။ နိုင်ငံ တခု

တည်း ဆိုရှယ်လစ်စနစ် တည်ဆောက်လို့ မရဘူး၊ အလုပ်သမားထု ဒီမိုကရေစီ မရှိရင် ဆိုရှယ်လစ် စနစ် ဖြစ်မလာနိုင်ဘူး ဆိုတဲ့ အခြေခံ အကျဆုံး အမှန်တရား ကိုတော့ သူ မမြင်နိုင်ခဲ့ဘူး။

နောက်တနည်းပြောရရင်၊ မော်ဟာ ပကတိ ဖြစ်ပေါ်နေတဲ့ ဒိုင်ယာလက်တစ် ဖြစ်စဉ်တွေကို ထည့်သွင်းစဉ်းစားခြင်း မရှိခဲ့သလို၊ လူ့အဖွဲ့အစည်းတွင်းက တကယ့် ပဋိပက္ခတွေကိုလည်း သဘောပေါက်နိုင်စွမ်း မရှိခဲ့ဘူး။ ဒီလိုနဲ့ မော်ဟာ အမြော်အမြင် ကင်းမဲ့ခဲ့သလို သူ့လုပ်ရပ်တွေကနေ ဘာအကျိုးဆက်တွေ ဖြစ်ပေါ်လာမလဲ ဆိုတာလည်း လုံးဝ ကြိုမြင်နိုင်စွမ်း မရှိခဲ့ဘူး။ ဒါဟာ ဒီကနေ့ တရုတ်ပြည်ဟာ အရင်းရှင် စီးပွားရေးစနစ် ဖြစ်နေရခြင်းရဲ့ အရေးကြီး အကြောင်းတချက်ပဲ။

ဖြစ်ချင်တော့ ***ပဋိပက္ခကျမ်း*** မှာ 'တရားသေဝါဒ' ငြင်းပယ်ရေး၊ အချင်းအရာတွေကို အခိုင်အမာ လေ့လာရေးနဲ့ ပဋိပက္ခတွေ ပြောင်းလဲသွားတာ လက်ခံရေးနဲ့ ပတ်သက်ပြီး ဝါးတားတား ပြောထားတာတွေက စီမံကိန်းချ စီးပွားရေးစနစ်ကို တရုတ် ဗျူရိုကရေစီ သစ္စာဖောက်သွားတဲ့ လုပ်ရပ်အပေါ် မျက်နှာဖုံး တပ်ပေးဖို့ ဆက်လက် အသုံးတော်ခံနေတယ်။ အရင်းရှင် စနစ်ဆီ ဦးတည်သွားတဲ့ ဖြစ်ရပ်လိုမျိုး ဗျူရိုကရေစီအနေနဲ့ အရင် ရပ်တည်ချက်တွေကို သစ္စာဖောက်သွားတဲ့ အခါတိုင်း "မော် ပြောခဲ့သလိုပဲလေဗျာ၊ ပဋိပက္ခတွေနဲ့ ဒီပဋိပက္ခတွေကို ဖြေရှင်းရမယ့် ဆိုင်ရာနည်းလမ်းတွေက ပြောင်းလဲနေတာ၊ ကျနော်တို့ တရားသေဝါဒီ ဆန်နေလို့ ဘယ်ဖြစ်မလဲ" လို့ ပြောခွင့်ရသွားတယ်။ ဒါကြောင့်ပဲ ဒီကနေ့အချိန်ထိ တရုတ် ကွန်မြူနစ် ပါတီက ပဋိပက္ခ ကျမ်းကို အရေးပါတဲ့ အောင်သီးအောင်ပွင့်အဖြစ် မြှောက်စားနေသေးတာ ဖြစ်တယ်။

ဒါကြောင့် ကွန်မြူနစ်တွေအနေနဲ့ မာ့က်စ်ဝါဒ သီအိုရီကို ဂရုတစိုက် လေ့လာဖို့ တာဝန် ရှိတယ်။ အရေးအကြီးဆုံးကတော့ ဒိုင်ယာလက်တစ် ရုပ်ဝါဒကို ကျကျနန လေ့လာဖို့ လိုအပ်တယ်၊ ဒါ့အပြင် စတာလင်ဝါဒနဲ့ မော်ဝါဒက ပြန်လည်ပြင်ဆင်ထားတဲ့ သရုပ်ပျက် ပုံဖော်ချက်တွေနဲ့ ဒိုင်ယာလက်တစ် ရုပ်ဝါဒကို ပိုင်းခြားသိမြင်တတ်အောင် သင်ယူဖို့ တာဝန်ရှိတယ်။ ကမ္ဘာ့ ဆိုရှယ်လစ်တော်လှန်ရေးတရပ် အောင်မြင်ဖို့ အရေးတကြီး လိုအပ်နေတဲ့ ကာလမှာ စတာလင်ဝါဒ အတွေးအခေါ်တွေ သေချာပေါက် ဆောင်ကျဉ်းပေးမယ့် ရှုံးနိမ့်မှုတွေကို ကျနော်တို့ ဘယ်လိုမှ လက်မခံနိုင်ဘူး။

Soruce: In defence of dialectics – a critique of Mao's 'On Contradiction' by Daniel Morley and Parson Young [originally published in issue 48 of the In Defence of Marxism magazine]

ရှင်မင်းဟန် ဘာသာပြန်တယ်



အရင်းရှင် စနစ်ဆီ ဦးတည်သွား တဲ့ ဖြစ်ရပ်လိုမျိုး ဗျူရိုကရေစီအနေနဲ့ အရင် ရပ်တည် ချက်တွေကို သစ္စာဖောက်သွားတဲ့ အခါတိုင်း "မော် ပြောခဲ့သလိုပဲလေဗျာ၊ ပဋိပက္ခတွေနဲ့ ဒီပဋိပက္ခတွေကို ဖြေရှင်းရမယ့် ဆိုင်ရာနည်းလမ်းတွေက ပြောင်းလဲ နေတာ၊ ကျနော်တို့ တရားသေဝါဒီ ဆန်နေလို့ ဘယ်ဖြစ်မလဲ" လို့ ပြောခွင့်ရသွားတယ်။




# စစ်အစိုးရ လုပ်မယ့် ဟန်ပြ ရွေးကောက်ပွဲ နဲ့ လစ်ဘရယ် နုဂျီ ရဲ့ အစိုးရရှုး အိပ်မက်

၂၀၂၅ နှစ်အကုန်မှာ အာဏာသိမ်း စစ်အစိုးရက လုပ်မယ်လို့ တစာစာ ကြွေးကြော်နေတဲ့ ရွေးကောက်ပွဲဟာ အစစ်အမှန် မဟုတ်ဘူး၊ ဟန်ပြသာ ဖြစ်တယ်။ ဒါကို အားလုံး သိပါတယ်။

လက်ရှိ ဗမာပြည်မှာ ပြည်တွင်းစစ် ဖြစ်နေတယ်။ စစ်အစိုးရ အေးအေးလူလူ အုပ်ချုပ်နိုင်တဲ့ နယ်မြေ ဘယ်လောက်မှ မရှိပါဘူး။ အရေးကြီးဆုံးအချက်ကတော့ အာဏာသိမ်း စစ်တပ်က လေယာဉ်နဲ့ ဗုံးကြဲ၊ မြေပြင်က စစ်ကြောင်းထိုးပြီး ပြည်သူကို သတ်ဖြတ်နေတာတွေ နည်းနည်းလေးမှ လျော့မသွားဘူး။ တနေ့တခြား တိုးလာတာပဲ ရှိတယ်။ ဒီလို စစ်အစိုးရက ကြီးမှူးကျင်းပမယ့် ရွေးကောက်ပွဲကို လွတ်လပ်ပြီး တရားမျှတပါတယ်လို့ ကျမ်းကျိန် ပြောတောင် ယုံစရာ အကြောင်းမရှိ။

ရွေးကောက်ပွဲမှာ မဲထည့်တယ်ဆိုတာ ဆန့်ကျင်ဘက် အင်အားစု အနည်းဆုံး နှစ်ခုတော့ ရှိရတယ်။ အခု မင်းအောင်လှိုင်တို့ လုပ်မယ့် ရွေးကောက်ပွဲကို ကြည့်တော့ စစ်တပ် ပါတီနဲ့ သူ့နောက်မြီးဆွဲတွေချည်း။ ဒီလို ထောက်ပြရင် မင်းအောင်လှိုင်တို့ စစ်အုပ်စုက “ငါတို့က ဝင်ပြိုင်ဖို့ ဖိတ်ခေါ်တယ်၊ မင်းတို့ကမှ မှတ်ပုံမတင်တာ” လို့ စကားနာ ထိုးတတ်တယ်။

အတိုက်အခံ နိုင်ငံရေးသမားတွေနဲ့ စစ်အာဏာရှင် စနစ် ဆန့်ကျင်သူမှန်သမျှ ထောင်သွင်း အကျဉ်းချပြီး တချို့ကို စစ်ကြောရေးနဲ့ အကျဉ်းစခန်းမှာတင် လက်စ ဖျောက်ပစ်တဲ့ မင်းတို့ စစ်အုပ်စုဟာ သားသတ်ကောင် တွေပဲ။ ပြည်သူ့ဆန္ဒမဲ ခံယူဖို့ ကျင်းပရတဲ့ “ရွေးကောက်ပွဲ” ဆိုတဲ့ အရာကို ***သားသတ်ကောင်တွေက ကျင်းပပိုင်ခွင့် ရှိသလား*** လို့ အရင် မေးရမယ်။ ပြည်သူ့ ကိုယ်စားလှယ် လောင်းတွေက အဲသလို သားသတ်ကောင်တွေ ချမှတ်တဲ့ စည်းမျဉ်းတွေကို လိုက်နာဖို့ ဘာ့ကြောင့် လိုအပ်တာလဲ၊ သားသတ်သမားတွေရှေ့ စာရင်းလာသွင်းဖို့ ဘာ့ကြောင့် လိုအပ်တာလဲ။

ဒီမေးခွန်းကို မအလ စစ်အုပ်စု ကိုယ်စား ရှေ့ထွက် ပြောနေတဲ့ ဇော်မဲလုံးနဲ့တကွ စစ်လော်ဘီ သတင်းသမား ဆိုသူတွေ၊ ကိုကိုကြီးတို့ ထက်အောင်ကျော်တို့လို စစ် လော်ဘီ နိုင်ငံရေးသမားတွေ ဖြေရလိမ့်မယ်။ သေချာ တယ်၊ သူတို့ မဖြေရဲပါဘူး။

NDF ပါတီ ဒုဥက္ကဌ ထက်အောင်ကျော်က ပြော တယ်။ “ရွေးကောက်ပွဲကို ဆန့်ကျင်ရင် တသက်လုံး ဒီတိုင်း နေသွားကြမှာလား၊ လက်ရှိ အခင်းအကျင်းကို ထောက်ခံနေကြတာလား”လို့ သူ မေးချင်သတဲ့။ ထက်- အောင်ကျော် မေးခွန်းထုတ်ပုံက မှားနေတယ်။ အဖိနှိပ်ခံ လူထုကပဲ ရွေးကောက်ပွဲ မှန်သမျှ ဆန့်ကျင်နေတဲ့ ပုံစံမျိုး မေးခွန်းထုတ်ထားတယ်။ သူ့မေးခွန်းက false general- ization အပေါ် တည်ဆောက်ထားတာ ဖြစ်လို့ မှားပါ တယ်။ အာဏာသိမ်း စစ်တပ်က လုပ်တဲ့ ဟန်ပြ ရွေးကောက်ပွဲကို ဆန့်ကျင်တာဟာ ရွေးကောက်ပွဲ မှန်သမျှ ဆန့်ကျင်တာ မဟုတ်ဘူး။ သားသတ်ကောင်တွေ လုပ်တဲ့ ဟန်ပြ ရွေးကောက်ပွဲဟာ အဖိနှိပ်ခံ လူထုအတွက် ဘာကောင်းကျိုးမှ ဖြစ်လာစေမှာ မဟုတ်ဘူး။

သားသတ်ကောင်တွေ လုပ်မယ့် ရွေးကောက်ပွဲကို ဆန့်ကျင်တာနဲ့ပဲ ‘ဒီတိုင်း ဆက်နေချင်တာလား၊ လက်ရှိ အခင်းအကျင်းကို ထောက်ခံနေတာလား’ လို့ မေးခွန်း ထုတ်သူ ထက်အောင်ကျော်ကို ပြန်မေးစရာ ရှိတာက အဲဒီ ရွေးကောက်ပွဲကို ထောက်ခံလိုက်ရင် စစ်အာဏာရှင်စနစ် ကို ဖယ်ရှားပစ်နိုင်မလား၊ လူထု လိုချင်တဲ့ ဒီမိုကရေစီ စစ်စစ် ရလာနိုင်မလား။ အများကြီး မဟုတ်ပါဘူး၊ အဲဒီ နှစ်ချက်ပါပဲ။ အဲဒီ နှစ်ချက် ရလာမယ်လို့ ထက်အောင်ကျော်ဘက်က အာမခံနိုင်ရင် ရွေးကောက်ပွဲ ဆန့်ကျင်သူ တွေကို သူ့ဘက်က စွပ်စွဲနိုင်ပါတယ်။ ဘာတခုမှ အာမ မခံနိုင်ဘဲ အဲသလို စွပ်စွဲတာကတော့ စစ်ဘောမချင်ဇောနဲ့ လူထုကို စော်ကားလိုက်တာပဲ။

စစ်တပ်လော်ဘီ ပေါ်ပြူလာ ဂျာနယ်နဲ့ အင်တာဗျူး မှာ ထက်အောင်ကျော်က ‘ရွေးကောက်ပွဲ လုပ်မှ ပြောင်း မှာလေ’ လို့ မျက်နှာပြောင်တိုက် ပြောသွားသေးတယ်။ ‘ဘာပြောင်းမှာလဲ၊ ယူနီဖောင်းလား’ လို့ ပြန်မေးရမယ့် ကိန်း။ သူကတော့ ကောင်းတဲ့ဘက်ဆီ ပြောင်းလဲခြင်းလို့ ဆိုပါတယ်။ ဘာ့ကြောင့် အဲသလို ပြောင်းသွားမလဲ ဆိုတာ သူမပြောနိုင်ဘူး။ claim သက်သက်ပဲ။

ရိုးရိုးလေး စဉ်းစားကြည့်ပါ။ ၂၀၂၀ ရွေးကောက်ပွဲမှာ စစ်တပ် ပါတီ မဲရှုံးတော့ အရှုံးကို လက်မခံဘဲ မဲလိမ် ပါတယ် စွပ်စွဲပြီး မင်းအောင်လှိုင် စစ်တပ်က အာဏာထ သိမ်းခဲ့တယ်။ သူတို့ စွပ်စွဲချက်သာ အမှန်ဆိုရင် အဖိနှိပ်ခံ လူထု တရပ်လုံးက စစ်အာဏာသိမ်းမှုကို လက်ပိုက် ကြည့်နေမှာပဲ။ သန်းပေါင်းများစွာသော အဖိနှိပ်ခံ ပြည်သူတွေ လမ်းမပေါ်ထွက်ပြီး အာဏာသိမ်း စစ်တပ်ကို ဆန့်ကျင် တိုက်ပွဲဝင်ခဲ့တာဟာ သူတို့ စွပ်စွဲချက် မှား ကြောင်း အထင်ရှားဆုံး သက်သေပဲ။

မဲပုံးထဲက ဆန္ဒမဲကို လိမ်နေတာလို့ ငြင်းချင်ရင် တောင် လမ်းမထက်က လူထု ဆန္ဒကို ဘယ်သူမှ ငြင်း မရဘူး။ အဲဒါ လူထုဘက်က အပြတ်သားဆုံး အဖြေပဲ။ ဒါပေမယ့် အာဏာသိမ်း စစ်တပ်က မျက်စိမှိတ် ငြင်းဆန်ပြီး ကျည်ဆံတွေ၊ မောင်းပြန်တွေနဲ့ လူထု ဆန္ဒကို ချေမှုန်းပစ်ခဲ့တယ်။ အဲသလို လူထု ဆန္ဒ ချေမွ ဖျက်စီး ပစ်ခဲ့သူ စစ်ဘီလူးတွေက ဟန်ပြ ရွေးကောက်ပွဲ လုပ်ပြီး လူထု ဆန္ဒ အကောင်အထည်ဖော်ပေးမယ်၊ အပြောင်းအလဲကို ဖော်ဆောင်ပေးမယ် လို့ လာပြောရင် လိမ်နေတာ နဲ့ ရူးနေတာ၊ တခုခုပဲ။

အဲဒီလို စစ်လော်ဘီ နိုင်ငံရေးသမားတွေကပဲ လူထု ကြီး ဒုက္ခခံနေရတာ သနားလှချည်ရဲ့ ဆိုပြီး မိကျောင်း မျက်ရည် ကျပြသေးတယ်။ လူထုလဲ စိတ်ကုန်နေပြီတဲ့. မှန်တယ်၊ လူထုက ကိုကိုကြီးတို့ ထက်အောင်ကျော်တို့ ဒေါက်တာအေးမောင်တို့လို စစ်လော်ဘီ နိုင်ငံရေးသမား တွေကို စိတ်ကုန်နေပြီလို့ တိတိကျကျ ပြောရင် ပိုမှန် လိမ့်မယ်။


Image - Maung Sun / wikicommons CC



> စစ်တပ် ခြေဥအောက်က ၂၀၂၀ ရွေးကောက်ပွဲ ရလဒ်ကို ဆုပ်ကိုင်ပြီး NUGရဲ့ တရားဝင်မှု (legitimacy) ကို ထူထောင်ထားရတယ်။

PDF ကွန်မန်ဒို သင်တန်းဆင်းပွဲ တခုမှာ တွေ့ရတဲ့ NUG ယာယီသမ္မတ ဒူဝါလရှီးလနဲ့ ကာကွယ်ရေးဝန်ကြီး ဦးရည်မွန်၊ ၂၀၂၄

ဓါတ်ပုံ - Myanmar Now

## လစ်ဘရယ် ဘူဇွာတွေရဲ့ အစိုးရရူး အိပ်မက်

အဲသလိုပဲ၊ အစိုးရရူး ရူးနေတဲ့ နိုင်ငံရေး အချောင်သမား အုပ်စု အန်ယူဂျီကိုလဲ လူထုက စိတ်ကုန်နေပြီ။ နေဘုန်းလတ်က ပြောတယ်၊ ဒီတော်လှန်ရေးမှာ အန်ယူဂျီ မရှိလို့ မဖြစ်ဘူးတဲ့။ အန်ယူဂျီလက်အောက်ခံ PVTV က ထုတ်လွှင့်တဲ့ နွေဦး မှန်ကူကွက်များ (အပိုင်း ၄၇) မှာ နေဘုန်းလတ် ပြောသွားတာ ဖြစ်ပါတယ်။

နေဘုန်းလတ်တို့ ဒီအကြောင်းအရာကို ဘာ့ကြောင့် ထုတ်ပြောလာရသလဲ ဆန်းစစ်ကြည့်ရင် အထက်မှာ ဆွေးနွေးခဲ့တဲ့ အာဏာသိမ်း စစ်အစိုးရရဲ့ ဟန်ပြ ရွေးကောက်ပွဲနဲ့ ပတ်သက်နေတယ်။ အာဏာသိမ်း စစ်အုပ်စုက ဟန်ပြ ရွေးကောက်ပွဲ လုပ်ပြီး တရားဝင် အစိုးရတရပ်အဖြစ် နိုင်ငံတကာမှာ မျက်နှာရတော့မယ်၊ ဒါကိုလဲ ငါတို့ဘက်က မတားဆီးနိုင်ဘူးလို့ လစ်ဘရယ် အုပ်စု (NUG) ဘက်က တွက်ပုံရတယ်။ အာဏာသိမ်း စစ်တပ်ဘက်က အဲသလို ရွေးကောက်ပွဲနဲ့ အကွက်ရွှေ့နေချိန်မှာ အန်ယူဂျီဘက်က alternative လမ်းကြောင်း တခု ချမပြနိုင်ဘူး။ ဒီတော့ သူတို့ စိုးရိမ်မယ်ဆိုလဲ စိုးရိမ်စရာပဲ။

အရေးကြီးဆုံး အချက်ကတော့ အန်ယူဂျီ တည်ရှိမှုရဲ့ အကြောင်းခံ (raison d'être) ကို ကိုင်လှုပ်လိုက်သလို ဖြစ်သွားတယ်။ ဘာ့ကြောင့်လဲ။ ရှင်းပါမယ်။ ဒီအချက်ကို နားလည်ဖို့ မခက်ပါဘူး။ အန်ယူဂျီကို အဓိက ဦးဆောင်နေသူ အားလုံးဟာ စစ်တပ် ခြေဥအောက် ရွေးကောက်ပွဲက ထွက်ပေါ်လာတဲ့ NLD အမတ်တွေ။ စစ်တပ် ခြေဥအောက်က ၂၀၂၀ ရွေးကောက်ပွဲ ရလဒ်ကို ဆုပ်ကိုင်ပြီး သူတို့ရဲ့ တရားဝင်မှု (legitimacy) ကို ထူထောင်ထားရတယ်။ အဲဒီ တရားဝင်မှု (legitimacy) ကို အခြေခံပြီး သူတို့ကသာ တရားဝင် အစိုးရဖွဲ့ခွင့် ရှိသူတွေလို့ ဆိုပါ

တယ်။ အဲဒီလို တရားထူထောင်ပြီး အန်ယူဂျီအဖြစ် တည်ရှိနေခြင်း ဖြစ်တယ်။

ဒါ့ကြောင့် အာဏာသိမ်း စစ်တပ်က ၂၀၀၈ ခြေဥကို ကိုင်ပြီး ၂၀၂၅ နှစ်အကုန်မှာ ရွေးကောက်ပွဲ လုပ်တော့မယ်ဆိုတော့ သူတို့ တည်ရှိမှုရဲ့ အရင်းခံ အကြောင်းတရားကို ကိုင်လှုပ်ပစ်လိုက်သလို ဖြစ်သွားတာပဲ။ တနည်းအားဖြင့် လစ်ဘရယ် ဘူဇွာတွေရဲ့ impotent ဖြစ်မှုကို အထင်းသား ဖွင့်ပြလိုက်တာပဲ။

အန်ယူဂျီဟာ သူ့ကိုယ်သူ တော်လှန်ရေး အစိုးရလို့ အသံကောင်းဟစ်ချင် ဟစ်ပြလိမ့်မယ်။ ဒါပေမယ့် သူတို့ရဲ့ တည်ရှိမှုကို အခု ရေးပြခဲ့သလို တရားထူထောင်ထားရတာပဲ။ ဒီအချက်ကို သူတို့ မငြင်းနိုင်ဘူး။ ဘယ်ငြင်းနိုင်မလဲ၊ ပြည်တွင်း၊ ပြည်ပ နေရာအသီးသီးမှာ ဒီအချက်ကို ရှေ့တန်းတင်ပြီး သူတို့ကိုယ်သူတို့ တရားဝင် အစိုးရအဖြစ် အမြဲ ပြောနေရတာပဲ။

မြင်သာအောင် အသေးစိတ် အချက်လေး တခု နှစ်ခု နမူနာ ပေးကြည့်မယ်။ နိုင်ငံတော် အတိုင်ပင်ခံ ဆိုတဲ့ နေရာက၂၀၀၈ ခြေဥအောက်မှာ ဒေါ်အောင်ဆန်းစုကြည် သမ္မတလုပ်ခွင့် မရှိလို့ ဖန်တီးထားရတဲ့ ရာထူး။ နုဂျီကသာ ၂၀၀၈ ခြေဥကို လက်မခံဘူး၊ သူတို့ ကြုံးဝါးသလို ဖျက်သိမ်းလိုက်ပြီဆိုရင် သူတို့ဖွဲ့ထားတဲ့ အန်ယူဂျီမှာ နိုင်ငံတော် အတိုင်ပင်ခံဆိုတဲ့ရာထူး ဘာ့ကြောင့် ဆက်ထားနေရသလဲ။ သူတို့ ခေါင်းဆောင် ဒေါ်အောင်ဆန်း-စုကြည်ကို အမြင့်ဆုံး ရာထူး ပေးချင်တယ်ဆိုရင် သမ္မတ ရာထူး ပေးထားလိုက်ရုံပဲ။ စာရွက်ပေါ်မှာတောင် သူတို့ အဲသလို မလုပ်ရဲဘူး။ ဒါကိုက အုပ်စိုးသူ လူတန်းစား ခင်းထားတဲ့ ဘောင်ထဲက မထွက်ရဲဘူးဆိုတဲ့ လက္ခဏာ။

သူတို့ကိုယ်သူတို့၂၀၀၈ခြေဥအောက်ကရွေးကောက်ခံ အစိုးရအဖြစ် သတ်မှတ်ထားတော့ သူပုန်လို့တောင် မခံယူရဲဘူး။ သူတို့က တရားဝင် အစိုးရဖြစ်ပြီး အာဏာသိမ်း စစ်တပ်က သူပုန်တွေလို့ ဆိုကြတယ်။ အတော်လဲ အမြီးအမောက် မတည့်တဲ့ လစ်ဘရယ် ဘူဇွာတွေ။ ပြောတော့ တော်လှန်ရေး၊ သူပုန်ဆိုတဲ့ စကားလုံးကိုတောင် စစ်အုပ်စု ဝါဒဖြန့်ချက်အတိုင်း နားလည် လက်ခံထားကြတယ်။ အာဏာသိမ်း စစ်တပ်၊ မုဒိမ်းတပ်ကို သူပုန်လို့ ခေါ်တာလောက် ရွံစရာကောင်းတာ ရှိဦးမလား။ ဒါနဲ့များတောင် လစ်ဘရယ် အုပ်စုထဲက မောင်နေဘုန်းလတ်က လူထုကို (တော်လှန်ရေးသမား တချို့ကို) စစ်အုပ်စု ဆိုက်ဝါးမိနေသလိုလို ပုတ်ခတ်သွားသေးတယ်။

မောင်နေဘုန်းလတ် ပြောသွားတဲ့ ငြင်းချက်တချို့ကို ချုပ်ကြည့်လိုက်ရင် -

> “တနိုင်ငံလုံး ကိုယ်စားပြုတဲ့ ပြည်ထောင်စု အစိုးရ တရပ် လိုအပ်တယ်။ ဒါ့ကြောင့် အန်ယူဂျီကို ဖျက်ပစ်ရမယ်လို့ မပြောရဘူး။ အန်ယူဂျီကို တိုင်းအစိုးရ/ ပြည်နယ်အစိုးရအဖြစ် လျှော့ချလို့ မရဘူး။ Reality မှာ အဲဒါမျိုး လုပ်လို့ မရဘူး။ အဲသလို လုပ်လိုက်ရင် ဘယ်မှာလဲ ပြည်ထောင်စု အစိုးရ၊ နိုင်ငံတကာ လူပုံအလယ်မှာ ပြည်ထောင်စု အစိုးရလို့ ပြစရာ SAC ပဲ ကျန်တော့တယ်။ ဒါ့ကြောင့် နိုင်ငံတကာ အစိုးရတွေရဲ့ အသိအမှတ်ပြုခံရဖို့ အန်ယူဂျီကို လိုအပ်တယ်။”

မောင်နေဘုန်းလတ်ရဲ့ ပြောစကားကို verbatim ချရေးထားတာ မဟုတ်ပါဘူး၊ သူပြောသွားတဲ့ စကားတွေရဲ့ line of argument ကတော့ အခု အနှစ်ချုပ် ရေးပြထားတဲ့ အတိုင်းပါပဲ။ ဒါကိုပဲ ဝေဖန်ချေဖျက်သွားမယ်။

လစ်ဘရယ် အဝန်းအဝိုင်းကပဲ အန်ယူဂျီကို ပြုပြင်ရေး လုပ်ရမယ်၊ ဒါမှမဟုတ် အန်ယူဂျီကို ဖျက်ပစ်သင့်တယ်လို့ ဝေဖန်တဲ့ အသံတွေ ထွက်လာတယ်။ တကယ်တော့ အခုလို ဝေဖန်တာ အတော် နောက်ကျနေပြီ။ သူတို့ ဘာ့ကြောင့် ဝေဖန်လာရသလဲ။

မြေပြင်က အဖိနှိပ်ခံလူထုကိုယ်တိုင် အန်ယူဂျီ အသုံးမကျမှန်း၊ တော်လှန်ရေးကို ဦးမဆောင်နိုင်မှန်း တနေ့တခြား ပိုသိလာကြလို့၊ ဒါ့အပြင် အန်ယူဂျီ လက်အောက်ခံ ပသုံးလုံး ယန္တရားရဲ့ ‘ရှင်ကြီး ကျားထက်ဆိုး’ လုပ်ရပ်တွေကို လူထုက စိတ်နာလာလို့၊ အန်ယူဂျီ ခေါင်းဆောင်တွေရဲ့ ‘လေတလုံး မိုးတလုံး’ အပြောနဲ့ လက်တွေ့ လုပ်ရပ် ကွာချင်တိုင်း ကွာနေလို့၊ စသဖြင့်၊ တန်းစီရေးပြလို့ ရပါတယ်။

ဒီတော့ ရှင်းအောင် ပြောရရင် အန်ယူဂျီ ရှိနေလို့၊ ပသုံးလုံး ယန္တရား ရှိနေလို့ လူထုအတွက်၊ တော်လှန်ရေး အတွက် ဘာကောင်းကျိုးမှ ဖြစ်မလာတဲ့အပြင် ဝန်ထုပ်ဝန်ပိုးကြီး တခုလို ဖြစ်နေပြီလို့ ဆိုနိုင်တယ်။ အဲဒါ reality




> ပသုံးလုံး ယန္တရား ရှိနေလို့ လူထုအတွက်၊ တော်လှန်ရေး အတွက် ဘာကောင်းကျိုးမှ ဖြစ်မလာတဲ့အပြင် ဝန်ထုပ် ဝန်ပိုးကြီး တခုလို ဖြစ်နေပြီ

ပသုံးလုံး ယန္တရားကို အဓိက ကြိုးဆွဲကိုင်တွယ်သူ NUG ပြည်ထဲရေးဝန်ကြီး လွင်ကိုလတ်

image – BBC / MOHAI

ပဲ။ မောင်နေဘုန်းလတ် နားလည်တဲ့ reality ကတော့ ဘာလဲ မသိပါ။

အဲဒီ reality ကို "တနိုင်ငံလုံး ကိုယ်စားပြုတဲ့ ပြည်ထောင်စု အစိုးရတရပ် လိုအပ်တယ်" ဆိုတဲ့ general statement တခုနဲ့ ဖယ်ရှားပစ်လို့ မရဘူး။ အဲသလို ယေဘုယျ အဆိုတခုပြုပြီး ငြင်းချက်ထုတ်မယ်ဆိုရင် အန်ယူဂျီဟာ တနိုင်ငံလုံး ကိုယ်စားပြုတဲ့ ပြည်ထောင်စု အစိုးရတရပ်စစ်စစ် ဖြစ်ကြောင်း နေဘုန်းလတ်ဘက်က အရင်ဆုံး သက်သေပြဖို့ လိုအပ်ပါတယ်။ မောင်နေဘုန်း-လတ်က အဲလို သက်သေ မပြနိုင်ဘူး။ နေဘုန်းလတ်မှ မဟုတ်ဘူး၊ နဂျီတဖွဲ့လုံး သက်သေမပြနိုင်ဘူး။ ဘယ်ပြနိုင်မလဲ၊ သူတို့ရဲ့ တည်ရှိမှုကိုက စစ်တပ် ခြေဥအောက်က ၂၀၂၀ ရွေးကောက်ပွဲ ရလဒ်အပေါ် အခြေပြုထားရတာ။ တော်လှန်ရေးထဲက ထွက်ပေါ်လာတဲ့ တော်လှန်ရေး အစိုးရတရပ် အဖြစ် ရပ်တည်နေနိုင်တာမျိုး မဟုတ်ဘူး။

ဒါ့ကြောင့် တနိုင်ငံလုံး ကိုယ်စားပြုတဲ့ ပြည်ထောင်စု အစိုးရ လိုအပ်တယ် = အန်ယူဂျီကို လိုအပ်တယ်လို့ ပြောမရတော့ဘူး။ ဒါ့ကြောင့် အန်ယူဂျီ မလိုအပ်ဘူးလို့ ဝေဖန်တာဟာ တနိုင်ငံလုံး ကိုယ်စားပြုတဲ့ ပြည်ထောင်စု အစိုးရတရပ် ရှိစရာ မလိုဘူးလို့ ပြောတာနဲ့ အဓိပ္ပါယ် မတူဘူး။ မောင်နေဘုန်းလတ်တို့ အန်ယူဂျီက ဒီနှစ်ခုကို ထပ်တူပြုပြီး ဝေဖန်လာသမျှ အသံတိုင်းကို ပုတ်ချချင်နေတယ်။ ဝေဖန်သံတွေကို ပုတ်ချရုံ မကဘဲ စစ်တပ်နဲ့ ပေးစားလိုက်သေးတယ်။ စစ်အုပ်စုရဲ့ ဆိုက်ဝါးမိနေသလိုလို ပုံဖော်လိုက်သေးတယ်။ အဲဒါ လစ်ဘရယ် အုပ်စုရဲ့ နိုင်ငံရေး အောက်လုံးထိုးနည်း တမျိုးပဲ။

အန်ယူဂျီကို တိုင်းအစိုးရ/ ပြည်နယ်အစိုးရအဖြစ် လျှော့ချလို့ မရဘူး ဆိုတာနဲ့ ပတ်သက်လို့တော့ သိပ်အများကြီး ထောက်ပြစရာတောင် မလိုပါဘူး။ အန်ယူဂျီရဲ့ ပီဒီအက်ဖ် တပ်ရင်းတွေ၊ ပသုံးလုံး ယန္တရားတွေ ဗွက်ထနေတဲ့ စစ်ကိုင်းတိုင်း တခုကိုပဲ ဘယ်အတိုင်းအတာအထိ အခြေခိုင်အောင် အုပ်ချုပ်နေနိုင်ပြီလဲ မေးရလိမ့်မယ်။ အခု အာဏာသိမ်း စစ်တပ်က စစ်ကိုင်းကို စစ်ကြောင်းထိုး တိုက်ခိုက်နေပြီ။ ပြည်ထောင်စု အစိုးရ လုပ်ချင်တဲ့ အန်ယူဂျီ အနေနဲ့ ဘယ်အတိုင်းအတာအထိ ပြန်တိုက်ထုတ်နိုင်ပြီလဲ။ ပြည်ထောင်စု တခုလုံးစာ မမေးသေးဘူး၊ စစ်ကိုင်းတိုင်း တခုစာပဲ မေးသေးတာ။ နေဘုန်းလတ်က reality ဆိုတဲ့ စကား ထည့်ပြောလာလို့ reality တခုကို အခြေခံပြီး ဒီလို မေးခွန်းထုတ်ရတာပဲ။

လစ်ဘရယ် အုပ်စုက နိုင်ငံတကာမှာ ပြည်ထောင်စု အစိုးရအဖြစ် အသိအမှတ် ပြုခံချင်တာလဲ တပိုင်းကို သေလို့။ အန်ယူဂျီ အစိုးရအဖြစ် သူ့ကိုယ်သူ ကြေငြာထားတာ မကြာခင် ငါးနှစ်ပြည့်တော့မယ်။ ဘယ်နိုင်ငံတကာက အစိုးရအဖြစ် တရားဝင် အသိအမှတ်ပြုတာ ခံရပြီလဲ။ ဒီ reality ကို မျက်ကွယ်ပြုပြီး နိုင်ငံတကာ အသိအမှတ် ပြုခံရဖို့ အန်ယူဂျီ လိုအပ်တယ်ချည်း ပြောနေရင် ရယ်စရာ ပြက်လုံးတခုလို ဖြစ်သွားမယ်။ တနည်းအားဖြင့် နိုင်ငံတကာ အရင်းရှင် အစိုးရတွေရဲ့ သဘောကို အခုထိ နားမလည်သေး (နားမလည်ချင်ယောင်ဆောင်) တာပဲ။

## တော်လှန်သော တိုင်းပြုပြည်ပြု လွှတ်တော် ခေါ်ယူရေး ဘာ့ကြောင့် လိုအပ်သလဲ

ဒီဆောင်းပါးမှာ စစ်အုပ်စုလုပ်မယ့် ရွေးကောက်ပွဲကို ဆန့်ကျင်ထားသလို လစ်ဘရယ် အုပ်စုရဲ့ အစိုးရရူး ရောဂါကိုလဲ ဝေဖန်ထားတယ်။ နှစ်ဖက်လုံးကို ဆန့်ကျင်ဝေဖန်နေတော့ ရှေ့ဆက်လုပ်ရမယ့် alternative လမ်းကြောင်းက ဘာရှိသလဲလို့ မေးစရာ ရှိလာတယ်။ ဒါနဲ့ ပတ်သက်လို့ မင်းအောင်လှိုင်ရဲ့ သမ္မတရူး အိပ်မက် ဆောင်းပါးမှာ အကျဉ်းချုပ် တင်ပြပြီးသား ရှိပါတယ်။ ဟုတ်ပါတယ်၊

*Revolutionary Constituent Assembly* လို့ခေါ်တဲ့ တော်လှန်သော တိုင်းပြုပြည်ပြု လွှတ်တော် ခေါ်ယူရေး လမ်းကြောင်း ဖြစ်ပါတယ်။

အာဏာသိမ်း စစ်အုပ်စု လုပ်မယ့် ရွေးကောက်ပွဲဟာ ဟန်ပြသာ ဖြစ်တယ်၊ ဒါကို အားလုံး အသိပဲ၊ အဖိနှိပ်ခံ ပြည်သူတွေက ဒီရွေးကောက်ပွဲကို အယုံအကြည် မရှိဘူး။ အဲသလို ၂၀၀၈ စစ်ခြေဥပဒေဟာ မင်းအောင်လှိုင် အာဏာမသိမ်းလဲ ဖျက်သိမ်းရမယ့် ဥပဒေပဲ၊ သူတို့ဆွဲထားတဲ့ ခြေဥကို ချိုးဖောက်ပြီး အာဏာသိမ်းလိုက်ကတည်းက သူတို့ကိုယ်တိုင် ဖျက်စီးပစ်လိုက်ပြီးသား။ ဒီတော့ ၂၀၀၈ ခြေဥကို ဖယ်ရှားပြီး ဒီမိုကရေစီ အနှစ်သာရ ပြည့်ဝတဲ့ တိုင်းပြုပြည်ပြု ခြေဥအသစ်တခု လိုအပ်တယ်။ ဒီအချက်ကလဲ ထင်ရှားပြီးသား ဖြစ်ပါတယ်။


ဒါ့အပြင် စစ်ကောင်စီနဲ့အပြိုင် အစိုးရလို့ ဟစ်ကြွေးထားတဲ့ အန်ယူဂျီက အဲဒီ ၂၀၀၈ ခြေဥအောက်က legitimacy ကို ဆုပ်ကိုင်ထားတယ်။ သက်တမ်းအားဖြင့် ငါးနှစ် ပြည့်တော့မယ်။ ဒီနေရာမှာ အတော်များများ လစ်လျူရှုထားတဲ့ (small detail) အချက် တချက်ကိုလဲ ထည့်ပြောရဦးမယ်။ သူတို့စဖွဲ့တုန်းက NUG မဟုတ်ဘူး၊ INUG ဖြစ်ပါတယ်။ (interim) ကြားဖြတ် အစိုးရ ဆိုပြီး ဖွဲ့ခဲ့ပေမယ့် အခုကျ ထာဝရ အစိုးရ ဖြစ်ချင်နေပြီ။

(interim) ကြားဖြတ် အစိုးရရဲ့ တာဝန်က ဘာလဲ ပြန်မေးရတော့မယ်။ ကြားဖြတ် အစိုးရ ဆိုတဲ့ နာမည်အတိုင်း အုပ်စိုးသူ အဟောင်း (အစိုးရ အဟောင်း) ကို ဖယ်ရှားပစ်ရမယ်၊ တပြည်လုံး လွှမ်းခြုံတဲ့ ရွေးကောက်ပွဲ ပြုလုပ်ပြီး တိုင်းပြုပြည်ပြု လွှတ်တော် ခေါ်ယူရမယ်။ အဲဒီကနေ ဒီမိုကရေစီ နိုင်ငံသစ်၊ ပြည်ထောင်စု အစိုးရ အသစ်ကို ဖွဲ့စည်းပေးရမယ်။

ဒီတော့ အဲဒီ တာဝန်ကို စစ်အာဏာသိမ်း အစိုးရက မလုပ်နိုင်တာ (ဘယ်တော့မှ မလုပ်ဘူး) ဆိုတာ ထင်ရှားပြီးသား။ ဒါဆို ဒီတာဝန်တွေ ထမ်းဆောင်ဖို့ ဖွဲ့စည်းထားတဲ့ INUG ဆိုသော ကြားဖြတ် အစိုးရကရော အခု ဘာလုပ်နေသလဲ။ လူမသိ သူမသိ I တလုံးခိုးဖြုတ်ပြီး ထာဝရ အစိုးရ လုပ်ချင်နေတယ်။

ဒါ့ကြောင့် ဒီကနေ့ အဖိနှိပ်ခံ လူထုကြီးတရပ်လုံးဟာ အရေးအကြီးဆုံး democratic demand တခုဖြစ်သော တိုင်းပြုပြည်ပြု လွှတ်တော် ခေါ်ယူရေး တောင်းဆိုချက်ကို ရှေ့တန်းတင် တိုက်ပွဲဝင်ဖို့ လိုအပ်လာတယ်။ ဒီတော့မှသာ လူမျိုးစုအလိုက်၊ ဒေသအလိုက် ပြန့်ကျဲနေတဲ့ တော်လှန်ရေး အင်အားစုတွေရဲ့ ဘုံဆုံချက်တခု ထွက်ပေါ်လာမယ်။ လစ်ဘရယ် အုပ်စု အန်ယူဂျီကို ပြည်ထောင်စု အစိုးရအဖြစ် လက်မခံနိုင်ဘူး၊ စစ်အုပ်စု လုပ်မယ့် ဟန်ပြ ရွေးကောက်ပွဲကိုလဲ လက်မခံနိုင်ဘူး ဆိုရင် အဖိနှိပ်ခံ လူထု တရပ်လုံးကို လွှမ်းခြုံ ကိုယ်စားပြုတဲ့ revolutionary constituent assembly ခေါ်ယူရေးကို ရှေးရှု လုပ်ဆောင်သင့်တယ်။ ဒီတော့မှသာ လူမျိုးကြီးတခုခု၊ နိုင်ငံရေး ပါတီကြီးတခုခု၊ လက်နက်ကိုင် အဖွဲ့ကြီး တခုခုက အုပ်စီးထားတဲ့ အစိုးရ ဆိုတာမျိုး ဖြစ်မလာနိုင်မှာ။

တိုင်းပြုပြည်ပြု လွှတ်တော် (constituent assembly) လို့ မသုံးဘဲ ရှေ့က revolutionary တပ်ပြီး ခေါ်ရတဲ့ အကြောင်းကတော့ စစ်အုပ်စု လုပ်ခဲ့တဲ့ ညောင်နှစ်ပင်လို





The Petrograd soviet assembly, 1917. Kristallstadt / Wikimedia

အတုအယောင် ညီလာခံတွေရဲ့ ထောင်ချောက်ကို မြင်စေချင်လို့ပဲ။ တိုင်းပြုပြည်ပြုလွှတ်တော် ခေါ်ယူရေး demand ဟာ သူ့ချည်းသက်သက်ဆို အုပ်စိုးသူ လူတန်းစားရဲ့ ထောင်ချောက်ထဲ ရောက်သွားတာမျိုး ဖြစ်တတ်တယ်။ ဒါ့ကြောင့် တိုင်းပြုပြည်ပြု လွှတ်တော် ဆိုတဲ့ form ထက် တော်လှန်ရေး အနှစ်သာရက ပိုအရေးကြီးကြောင်း မြင်သာအောင် revolutionary constituent assembly ခေါ်ယူရေးလို့ ပြောရတာ ဖြစ်ပါတယ်။

တကယ်တော့ ဒီ demand ဟာ အသစ်အဆန်း မဟုတ်ပါဘူး။ ပြင်သစ် တော်လှန်ရေးကနေ ဘော်ရှီဗစ် တော်လှန်ရေးအထိ အရေးကြီးတဲ့ democratic demand တခုဖြစ်ပါတယ်။ လစ်ဘရယ်တွေကိုယ်တိုင် လက်ခံနိုင်တဲ့ demand ဖြစ်ပါတယ်။ ၂၀၂၁ တော်လှန်ရေး မဖြစ်ခင် ကာလက ၂၀၀၈ ခြေဥက ပြင်ဖို့ လိုတယ်၊ ဒါပေမယ့် စစ်တပ် သဘောမတူရင် ဘာမှ ပြင်မရအောင် လုပ်ထားတဲ့ ဥပဒေ၊ ဒါဖြင့် ဖျက်ပစ်ပေါ့ ပြောရင်လဲ ဘယ်လို ဖျက်ရမှာလဲ၊ ဖျက်ရေးပြောရင် ရန်သူလို ထင်ခဲ့ကြတယ်။ ထူးဆန်းတာက ဒီမိုကရေစီ တော်လှန်ရေးမှာ အရေးကြီး demand ဖြစ်တဲ့ တိုင်းပြုပြည်ပြု လွှတ်တော် ခေါ်ယူပြီး ၂၀၀၈ ခြေဥ ဖျက်ပစ်၊ ခြေဥအသစ် ရေးဆွဲ အတည်ပြုရမယ့် နည်းလမ်းကို လစ်ဘရယ်တွေ မဖော်ထုတ်ရဲခဲ့ဘူး။ ၂၁ တော်လှန်ရေး ကာလမှာလဲ သူတို့ ဒီ demand လောက်ကို ပီပီပြင်ပြင် မဖော်ထုတ်ရဲဘူး။ လေလိုင်းပေါ်ကနေ Zoom နဲ့ ညီလာခံခေါ်၊ လွှတ်တော် ခေါ်ပြီး ဟန်ရေးပြရင်း ငါးနှစ် ကုန်တော့မယ်။

တိုင်းပြုပြည်ပြု လွှတ်တော် ခေါ်ယူရေးလို့ ပြောတဲ့ နေရာမှာ form ထက် တော်လှန်ရေး အနှစ်သာရ ပြည့်ဝဖို့ အရေးကြီးကြောင်း ဆိုခဲ့တယ်။ ဘာကို ဆိုလိုသလဲ။ သမိုင်းမကျေတဲ့ လစ်ဘရယ်တွေက တိုင်းပြုပြည်ပြု လွှတ်တော် ခေါ်ယူရေးလို့ ပြောလိုက်ရင် ပြင်သစ် ဘူဇွာ တော်လှန်ရေးနဲ့ပဲ သက်ဆိုင်သလိုလို ထင်တတ်ကြတယ်။ တကယ်တော့ ၁၉၀၃ ကနေ ၁၉၁၇ အထိ ဘော်ရှီဗစ် ပါတီရဲ့ အရေးအကြီးဆုံး democratic demand ဟာ တိုင်းပြုပြည်ပြု လွှတ်တော် ခေါ်ယူရေး တောင်းဆိုချက် ဖြစ်တယ်။

ဟုတ်ပြီ၊ ဒါဆို ရုရှားလို သက်ဦးဆံပိုင် ဘုရင်စနစ် ကြီးစိုးတဲ့ တိုင်းပြည်တခုမှာ တိုင်းပြုပြည်ပြု လွှတ်တော်ကို ဇာဘုရင်က ခေါ်ပေးမှာလား။ ဘယ်ခေါ်ပေးမလဲ။ တိုင်းပြုပြည်ပြု လွှတ်တော် ခေါ်ယူရတဲ့ ရည်ရွယ်ချက်ကိုက autocracy ကို ရှင်းပစ်ဖို့ပဲ။ အဲသလိုပဲ စစ်အစိုးရကို ရှင်းပစ်ဖို့ ရည်ရွယ်တဲ့ တိုင်းပြုပြည်ပြု လွှတ်တော်ကို စစ်အစိုးရက ခေါ်ယူရေး (ဘယ်တော့မှ) မလုပ်ဘူး။

ဒီကနေ့ခေတ်မှာ တိုင်းပြုပြည်ပြု လွှတ်တော် ခေါ်ယူရေး တောင်းဆိုချက်ကို လစ်ဘရယ် အုပ်စုအသီးသီးက လွယ်လင့်တကူ လက်ခံနိုင်သလိုပဲ လီနင်တို့ခေတ်မှာလဲ

ဒီအချက်ကို ရုရှား လစ်ဘရယ် ပါတီ (Cadet Party) က လက်ခံခဲ့တာပဲ။ ဒါပေမယ့် ဘော်ရှီဗစ်တွေနဲ့ မတူတာက အော်တိုခရေစီ နိုင်ငံတော်ရဲ့ ဗျူရိုကရက်တွေက ရွေးကောက်ပွဲ ကျင်းပပေးပြီး တိုင်းပြုပြည်ပြု လွှတ်တော် ခေါ်ပေးမယ်လို့ လစ်ဘရယ် ကေဒက် ပါတီက မျှော်လင့်ခဲ့တာပဲ။ ဒီကနေ့ ဗမာပြည် နိုင်ငံရေးမှာ အဲသလို ယုံကြည်တဲ့ ရူးနှမ်းနှမ်း အချောင်သမားတွေလဲ ရှိသေးတယ်။ သို့သော် အဲသလို ယုံကြည်တဲ့အထဲ ကျနော်တို့ ဘော်ရှီဗစ်တွေ မပါဘူး။

ဒါဆို ဘော်ရှီဗစ်တွေ ပြောတဲ့ တိုင်းပြုပြည်ပြု လွှတ်တော်ကို ဘယ်သူတွေက ခေါ်ယူပေးနိုင်မလဲ။ လီနင် ပြောခဲ့တာ ရှင်းပါတယ်။ လူထုကိုယ်တိုင် သူပုန်ထပြီး ဇာဘုရင်ကို ဖြုတ်ချ၊ အဲသလို အောင်မြင်တဲ့ သူပုန်ထ အုံကြွတဲ့ တော်လှန်ရေးမှာ အခြေခံထားသော provisional revolutionary government (ယာယီ တော်လှန်ရေး အစိုးရ) ထူထောင်ရမယ်။ အဲဒီ ယာယီ တော်လှန်ရေးအစိုးရက အုပ်စိုးသူ လူတန်းစား အဟောင်းရဲ့ တန်ပြန် ခုခံမှုကို ချေမှုန်းပစ်ဖို့ တာဝန်ရှိသလို တိုင်းပြုပြည်ပြု လွှတ်တော် ခေါ်ယူရေးလဲ လုပ်ရမယ်။ အဲသလို တိုင်းပြုပြည်ပြု လွှတ်တော် ခေါ်ယူပြီး ဒီမိုကရေစီ သမ္မတ နိုင်ငံသစ်ကို ထူထောင်နိုင်မယ်။

ဒါ့ကြောင့် RCA ခေါ်ယူရေးလို့ ပြောရခြင်း ဖြစ်ပါတယ်။ နာမည်တွေ ကြည့်မယ်ဆို လီနင် ပြောခဲ့တာတွေ ငါတို့ဆီမှာ အကုန် လုပ်ပြီးသား၊ ဘာမှ ဖြစ်မလာဘူးလို့ ထင်ရလိမ့်မယ်။ အဲလို သံသယဝင်တတ်သူတွေကို ပြောစရာ တခုပဲရှိပါတယ်။ formကိုပဲ မကြည့်နဲ့၊ တော်လှန်ရေး အနှစ်သာရ တကယ် ရှိ မရှိ အကဲဖြတ်ကြည့်ပါ။ အဲ့တော့မှ ရှေ့ဆက်ရမယ့် လမ်းကို မြင်လိမ့်မယ်။

ရေးသူ - ဒင်နွး

(၂၁၊ ၈၊ ၂၀၂၅)

- *Down with the military regime!*
- *Against the junta's sham election!*
- *For a revolutionary constituent assembly!*
- *For workers' democracy!*
- *For a socialist revolution!*
- *No confidence in liberal bourgeoisie!*




JOIN REVOLUTIONARY MARXISM AND
GET OUR BACK ISSUES



# ကံကြမ္မာ စီရင်ပြဋ္ဌာန်းခံဝါဒ နှင့် လွတ်လပ်တဲ့ စိတ်ဆန္ဒ

## သမိုင်းကို ငါတို့ကိုယ်တိုင် ဖန်တီးသလား

Daniel Morley

**သိပ္ပံနည်းကျ ဆိုရှယ်လစ်ဝါဒ** ဆိုတာ သမိုင်းကို စက်ယန္တရားဆန်တဲ့အမြင်နဲ့ ပုံဖော်ပြတာပဲ၊ သူ့မှာ ပုဂ္ဂိုလ်တဦးချင်းစီရဲ့ အခန်းကဏ္ဍကို ထည့်မစဉ်းစားဘူး၊ လွတ်လပ်တဲ့ စိတ်ဆန္ဒရဲ့ အခန်းကဏ္ဍကိုလည်း ထည့်မစဉ်းစားဘူးလို့ မာ့က်စ်ဝါဒ ဝေဖန်ရေးသမားတွေက ဆိုလေ့ရှိတယ်။ ဒီဆောင်းပါးမှာ နိယာမသဘောနဲ့ ရှောင်တခင်သဘောတို့ကြားက ပဟေဠိ၊ နောက်ပြီး တော်လှန်ရေးခေါင်းဆောင်မှု လိုအပ်ပုံတို့ကို ဒန်နီယယ် မော်လီက ဆွေးနွေးထားပါတယ်။

မာ့က်စ်ဝါဒကို ဆန့်ကျင်သူတွေက မာ့က်စ်ဝါဒဟာ သမိုင်းကို ‘ကံကြမ္မာ စီရင်ပြဋ္ဌာန်းထားတဲ့အတိုင်း လိုက်နာရတယ်’ ဒါမှမဟုတ် ‘တယ်လီရော်လော်ဂျီဆန်ဆန်’ ရှုမြင်တယ်လို့ အမြဲလိုလို စွပ်စွဲကြတယ်။ တနည်းပြောရရင် မာ့က်စ်ဝါဒီတွေက သမိုင်းတခုလုံးမှာ အသေသတ်မှတ်ပြီးသား ပန်းတိုင် ဒါမှမဟုတ် ရည်ရွယ်ချက်တခု ရှိသလိုမျိုး မြင်ကြတယ်ဆိုပြီး စွပ်စွဲတာပါပဲ။

သမိုင်းတခုလုံးအပေါ် ကြိုတင် စီရင်ပြဋ္ဌာန်းထားတဲ့အတိုင်း ရှုမြင်တဲ့ ရှေ့ဖြစ်ဟော ဘာသာရေး အသစ်တခုလိုမျိုး မာ့က်စ်ဝါဒကို ပုံဖျက် ပြောဆိုကြတယ်။ ခရစ်ယာန် ဘာသာဝင်တွေအတွက် ဘုရားသခင်ရဲ့ နိုင်ငံတော်ဆိုတာ တနေ့မဟုတ်တနေ့ ကြုံရမှာ ဖြစ်သလို ကွန်မြူနစ်စနစ်ဟာလဲ မြေကြီး လက်ခတ်မလွဲ ကြုံတွေ့ရမယ့်အရာ ဖြစ်တယ်၊ ဒါကို နှောင့်ယှက်ဟန့်တားလို့ မရသလို ပြောင်းလဲလို့လဲ မရဘူးလို့ မာ့က်စ်ဝါဒီတွေက ယူဆထားကြသလိုလို စွပ်စွဲကြတယ်။

အရင်းရှင်စနစ်ဘက်တော်သား ဩစတြီးယား အဘိဓမ္မာဆရာ ကားလ်ပေါ့ပါက မာ့က်စ်ဝါဒဟာ ‘အတုအယောင် သိပ္ပံပညာရပ်’ပါလို့ လူသိရှင်ကြား စွပ်စွဲခဲ့တယ်။ ပို့စ်မော်ဒန်ဝါဒီတွေကလည်း အလားတူ စွပ်စွဲကြတာပဲ။ သူတို့က မာ့က်စ်ဝါဒကို ‘metanarrative’ တခုလို့ ပုတ်ခတ်ပြောဆိုတယ်၊ ရှုပ်ထွေးပွေလီတဲ့ သမိုင်းဖြစ်စဉ်တွေကို ဘယ်တော့မှ ဖြစ်မလာနိုင်မယ့် လွတ်မြောက်ရေးဇာတ်လမ်း တပုဒ်အဖြစ် ခပ်လွယ်လွယ် လျှော့ချပစ်ဖို့ ကြိုးပမ်းချက်လို့ စွပ်စွဲကြတယ်။

တော်လှန် ပြောင်းလဲရေးအတွက် တိုက်ပွဲဝင်နေလို့ ဘာမှ ထူးမသွားဘူးဆိုတဲ့ အဆိုးမြင်စိတ်ကို တည်ဆဲအခြေအနေ ထောက်ခံသူတွေက ဖြန့်ဖြူးတဲ့ နေရာမှာ ဒီစွပ်စွဲချက်တွေက တော်တော် အသုံးတည့်ပါတယ်။ တကယ်မရှိတဲ့ အရာအတွက် တိုက်ပွဲဝင်တာဟာ ယုတ္တိမရှိဘူး၊ တုံးအရာ ရောက်တယ်လို့ သူတို့က ဆိုကြတယ်။ လုပ်ရမှာက ရှင်းရှင်းလေး။ တည်ဆဲ အခြေအနေက ကိစ္စရပ်တွေကို မေးခွန်းမထုတ်ဘဲနဲ့ လက်ခံလိုက်တာထက် သိပ္ပံနည်းကျတဲ့ အရာ ရှိနိုင်ပါဦးမလား။

ဒီလိုအမြင်မျိုးက မာ့က်စ်ဝါဒဟာ လူပုဂ္ဂိုလ်ရဲ့ အခန်းကဏ္ဍကို ဖယ်ထုတ်ပစ်တာပဲလို့ ဆိုတယ်။ မာ့က်စ်ဝါဒမှာ အသိစိတ်နဲ့ လွတ်လပ်တဲ့ စိတ်ဆန္ဒအတွက် နေရာမရှိဘူး။ အသက်မပါတဲ့ စက်ယန္တရားဆန်ဆန် လောကအမြင်တခုအဖြစ် မာ့က်စ်ဝါဒကို ပုံဖော်ကြတယ်။ တနည်းဆိုရရင် ကျနော်တို့တွေဟာ ပြောင်းလို့မရနိုင်တဲ့ သမိုင်းနိယာမတွေရဲ့ အချုပ်အနှောင်ခံထားရတဲ့သူတွေပဲလို့ ဆိုလိုတာ ဖြစ်တယ်။

ဒီလို ဝေဖန်မှုတွေဟာ တဖက်သတ် အမြင်သာ ဖြစ်တယ်။ ဆန့်ကျင်ဘက်တရားတွေဟာ သီးခြားစီဖြစ်နေတာမဟုတ်၊ အတူတကွ ပေါင်းစည်းနေတယ်ဆိုတာ နားလည်နိုင်စွမ်း မရှိတာပဲ။ မာ့က်စ်ဝါဒကို ဆန့်ကျင်သူတွေအတွက်တော့သမိုင်းဆိုတာ ငြင်းလုံးလုံး၊ ဟုတ် လျားလျားပဲ။ (မာ့က်စ်ဝါဒီတွေရဲ့ ယူဆချက်ဆိုပြီး သူတို့ပြောကြသလို) အရာ အားလုံးဟာ ကြိုတင်ပြဋ္ဌာန်းထား ပြီးသား ဖြစ်ရင်ဖြစ်၊ အဲသလိုမှ မဟုတ်ရင် ကြုံသလို ဖြစ်ချင်ရာ ဖြစ်နေတာမျိုး၊ မျိုးဆက်တိုင်းက လွတ်လပ်မှု အပြည့်အဝနဲ့ စည်းလွတ်ဝါးလွတ် ရေးချင်သလိုရေးလို့ရတဲ့ ဗလာစာအုပ် တအုပ်လိုပေါ့။


Napoleon I on his Imperial Throne
by Jean-Auguste Dominique Ingres - Wiki Commons

ရွေးစရာဆိုလို့ အမြင်နှစ်မျိုးပဲ ရှိသလို ဖြစ်နေတယ်။ တခုက ကံကြမ္မာစီရင်ပြဋ္ဌာန်းခံဝါဒ ဖြစ်ပြီး နောက်တခုက ကျနော်တို့အခေါ် စိတ်ဆန္ဒပဓာနဝါဒ ဖြစ်တယ်။ တကယ်တမ်းကျ အဲဒီနှစ်ခုလုံးက မှားပါတယ်။ ဒင်္ဂါးပြားတခုရဲ့ ခေါင်းနဲ့ပန်းကို ခွဲထုတ်ဖို့ ကြိုးစားသလို ဆန့်ကျင်ဖက် ဝင်ရိုးစွန်းတွေကို ဖြတ်တောက် ခွဲခြားပစ်လိုက်တာပဲ။

## စိတ်ဆန္ဒပဓာနဝါဒ

ဆန့်ကျင်ဘက်တရားတွေကို သီးခြားစီ ခွဲထုတ်ကြည့်မယ်ဆိုရင် အဓိပ္ပါယ်ကောက် မှားရုံတင်မကဘဲ တခုနဲ့တခု ခွဲမရနိုင်အောင် ဖြစ်သွားမယ်။ အာကာသထဲမှာလို ပိန်းပိတ်အောင်မှောင်နေမှ လူတစ်ယောက်ကို မမြင်မကန်း ဖြစ်သွားစေတာ မဟုတ်ပါဘူး။ လင်းလွန်းအားကြီးပြီး ထိန်ထိန်ညီးနေရင်လည်း မမြင်မကန်း ဖြစ်စေနိုင်တာပါပဲ။ စိတ်ဆန္ဒပဓာနဝါဒဆိုတာလည်း ဒီအတိုင်းပဲ။

ဒီအယူအဆရဲ့ နမူနာတခုကတော့ 'မဟာလူသားတွေကို သမိုင်း ဖန်းတီးသူတွေ' အဖြစ် ယူဆတဲ့ သမိုင်းအမြင်ပဲ။ သိစိတ်ရှိတဲ့ လူသားတွေက သမိုင်းကို ဖော်ဆောင်တာဖြစ်တဲ့အတွက် သမိုင်းထဲက အဓိက ဇာတ်လိုက်တွေရဲ့ အတွေးအခေါ်တွေကပဲ သမိုင်းကို ထုဆစ်ပုံဖော်တယ် ဆိုတဲ့အချက်ကို ဒီအမြင်က ကိုင်စွဲပါတယ်။ ခရှန်းဝဲလ်တို့လို၊ နပိုလီယံတို့လို မဟာလူသားတွေမှာ တမူထူးခြားတဲ့ ပင်ကိုယ်စရိုက်တွေ ရှိတဲ့အတွက် သူတို့ရဲ့ ယုံကြည်ချက်တွေကို လက်တွေ့ အကောင်အထည်ဖော်လိုက်တဲ့အခါ ကြီးကျယ်ခမ်းနားတဲ့ သမိုင်းဖြစ်ရပ်တွေ ဖြစ်ပေါ်လာရတယ်ဆိုပြီး ပြောလေ့ရှိတယ်။

အဒမ် ကားတစ်စ်ဟာ မကြာသေးခင်က ထွက်ရှိထားတဲ့ မှတ်တမ်းရုပ်သံ ဇာတ်လမ်းတွဲတခုမှာ မင်းမဲ့ဝါဒီတဦးဖြစ်တဲ့ မနုဿဗေဒပညာရှင် ဒေးဗစ် ဂရေဗာ ရဲ့ စကားတခုနဲ့ မှတ်တမ်း ရုပ်သံကို စထားသလို၊ အဲဒီစကားနဲ့ပဲ အဆုံးသတ်ထားတယ်။ ဖတ်ကြည့်လိုက်ရင် အဲစကားဟာ လူပုဂ္ဂိုလ်အသားပေး၊ စိတ်ဆန္ဒအသားပေးတဲ့ voluntarist အမြင်ဆိုတာ တွေ့ရလိမ့်မယ် -

> “အမှန်တရားဆိုတာ ကျွန်တော်တို့ လုပ်လို့ ပေါ်လာတဲ့ အရာဖြစ်တယ်။ ဒီပုံစံနဲ့မကြိုက်ရင် နောက်ပုံစံတမျိုးဖြစ်အောင် လွယ်လင့်တကူ ပြောင်းလဲဖန်တီးယူလိုက်လို့ရတယ်။ ဒါကိုသိရင် လောကကြီးရဲ့

အင်မတန် လျှို့ဝှက်နက်နဲတဲ့ အခြေခံအကျဆုံး အမှန်တရားကို ဖော်ထုတ်မိတာပဲ။”

ဒါ့ကြောင့် ချုပ်ခြယ်မှု အားလုံးကနေ လွတ်မြောက်သွားသယောင် ပြောထားတဲ့ ဒီကောက်ချက်အရ သမိုင်းကို အခြားတနည်းနဲ့ အလွယ်ကလေး ပြောင်းလဲဖန်တီးယူလို့ပဲ ရနေသလိုလို။ ကောင်းနိုးရာရာ အတွေးအမြင် အယူအဆတွေကို စိတ်ကြိုက်ရွေးချယ်ပြီး အရာရာကို ကောင်းသထက် ကောင်းသွားအောင် လုပ်လို့ရနေ သလိုလို ဖြစ်နေတယ်။

ဒီစိတ်ဆန္ဒ ပဓာနဝါဒဟာ သူကိုယ်၌က လူ့သဘာဝကို အလွန်အမင်း အမွန်းတင်တဲ့ အမြင်ပေါ်မှာ အခြေတည်ထားတာ ဖြစ်နေတယ်။ လွတ်လပ်တဲ့ စိတ်ဆန္ဒကို အရူးအမူး ကိုးကွယ်လွန်းတယ်။ ဒါပေမဲ့ ရယ်စရာ ကောင်းတာက ဒီတဖက်စောင်းနင်း အမြင်ကြောင့်ပဲ သူနဲ့ လုံဝဆန့်ကျင်ဘက်ဖြစ်တဲ့ ကံကြမ္မာ စီရင် ပြဋ္ဌာန်းခံဝါဒဘက် အခြမ်းထဲ မသိလိုက် မသိဘာသာ ကျရောက်သွားရတော့တယ်။

လူပုဂ္ဂိုလ်တဦးတယောက်က သူ့ရဲ့ အဲဒီ ပုဂ္ဂိုလ်ရေး အခန်းကဏ္ဍဆိုတဲ့ အခြေခံအချက် လေးလောက်ကို သဘောပေါက်ထားရုံနဲ့ ကမ္ဘာလောကကြီးကို စိတ်ကြိုက်ပြောင်းလဲပြီး သမိုင်းကို ဖန်တီးနိုင်တယ်ပဲထား။ ဒါဆို ဒီမှာ မေးစရာရှိတာက ‘ဘာလို့ လူတိုင်း မဖန်တီးတာလဲ။’ ‘ကမ္ဘာလောကကြီးဟာလည်း တခြားပုံစံ ဖြစ်မနေဘဲ ဘာလို့ အခုလို သူ့သဘော သူဆောင်ပြီး လည်ပတ်နေတာလဲ’။

သာလွန်ကောင်းမွန်တဲ့ လူ့အဖွဲ့အစည်းပုံစံတွေကို တင်ပြခဲ့သူတွေ သမိုင်းတလျှောက် ဒုနဲ့ ဒေး။ တချို့လူတွေမှာ နောက်လိုက် သန်းနဲ့ချီပြီးတောင် ရှိခဲ့ကြသေးတယ်။ ဒါတောင်မှ အဲဒီသာလွန်ကောင်းမွန်တဲ့ လူ့အဖွဲ့အစည်းဆိုတာ အခုထက်ထိ ဖြစ်မလာနိုင်သေးဘူး။

ဒီလောကအမြင်ဟာ နောက်ဆုံးတော့ အရာရာဟာ ကြုံသလို ဖြစ်နေတာဆိုတဲ့ ဘူတာကိုပဲ ဆိုက်သွားပါတယ်။ သမိုင်းဟာ ဦးတည်ရာမဲ့ ဖြစ်နေတဲ့ပုံ ပေါက်သွားတယ်။ အတော်ဆိုးရွားတဲ့ အရာတွေ ဖြစ်လာတယ် ဆိုတာကလဲ ကျုပ်တို့က ဆိုးအောင် လုပ်လိုက်လို့ကို ဆိုးတာ။ ဘာအကြောင်းပြချက်မှ မယ်မယ်ရရမရှိတဲ့ပုံစံ ပေါက်နေတယ်။ အဲဒီတော့ ဆိုးရွားတဲ့ အရာတွေ အများကြီး ဘာကြောင့် ဖြစ်ရတာလဲ ဆိုတာ ရှင်းပြလို့ မရတဲ့ ပဟေဠိ ဖြစ်သွားသလို အဲသလို ဆိုးနေတာတွေအစား အကောင်းတွေ ဖြစ်လာအောင် ဘယ်လိုလုပ်မှ ရမလဲဆိုတာပါ လျှို့ဝှက်ဆန်းကြယ်တဲ့ အရာကြီး ဖြစ်သွားတော့တယ်။

‘သမိုင်းကို တနည်းတဖုံဖြစ်အောင် လွယ်လင့်တကူ ပြောင်းလဲပစ်ပြီးပြီ’ ဆိုရင် ရုပ်ဆိုးအကျည်းတန်တဲ့ သမိုင်းတွေ တကျော့ပြန် အားကောင်းမလာအောင် ဘယ်လို ကြိုတင် ကာကွယ်ရမလဲဆိုတာ လျှို့ဝှက်ဆန်းကြယ်တဲ့ ကိစ္စတခု ဖြစ်နေတုန်းပဲ။ အဲဒီတော့ သမိုင်းဆိုတာရှင်းပြလို့ မရတဲ့ အရာကြီး ဖြစ်သွားတယ်။ ယုတ္တိမရှိတဲ့ အရာကြီး ဖြစ်သွားတယ်။ ဟင်နရီဖို့ဒ် ပြောခဲ့တဲ့အတိုင်း ဆိုရရင် သောက်ကျိုးနည်း ကိစ္စတွေ တခုပြီး တခု ဖြစ်နေတဲ့ပုံပဲ ပေါက်သွားတယ်။ အဆုံးမတော့ လူတိုင်းဟာ ပဟေဠိဆန်တဲ့ သမိုင်းဇာတ်ခုံပေါ်မှာ ကံဇာတ်ဆရာ အလိုကျ လှုပ်ရှားရတဲ့ သားကောင်တွေအဖြစ်နဲ့သာ ဆက်ရှိနေတော့တယ်။

ငါတို့ကိုယ်တိုင် သမိုင်းကို ဖန်တီးကြခြင်း ဖြစ်တယ်လို့ ပြတ်ပြတ်သားသား ဆိုလိုက်ခြင်းအားဖြင့် စိမ်းကားကင်းကွာခြင်းနဲ့ ခိုကိုးရာမဲ့ ဖြစ်နေခြင်းတို့ကို ကျော်လွှားသွားနိုင်မယ်လို့ ဂရေဘာက ဆိုတယ်။ အနှစ်သာရမရှိတဲ့ စိတ်ဆန္ဒ ပဓာနဝါဒဟာ အနှစ်သာရ မရှိတာတွေပဲ မွေးဖွားပေးတယ်။

ကြောင်းကျိုးဆက်နွယ်မှုနဲ့ လောကနိယာမတွေကို စွန့်ခွာထွက်ပြေးနေတာဟာ လွတ်မြောက်မှု အစစ်အမှန် မဟုတ်၊ အဲဒါတွေကို နားလည်ပြီး အသုံးချနိုင်တာကသာ လွတ်မြောက်မှု အစစ်အမှန်လို့ မာ့က်စ်ဝါဒက ရှင်းပြပါတယ်။ လူ့အဖွဲ့အစည်းရဲ့ နိယာမတွေကို နားလည်သဘောပေါက်သွားရင် အဲဒီလူ့အဖွဲ့အစည်းကို ပြောင်းပစ်နိုင်မယ့် စွမ်းပကားတွေ ရလာမယ်။ ကြောင်းကျိုးတရားတွေကို မျက်စိစုံမှိတ် မျက်ကွယ်ပြုထားရင်တော့ အမှန်အတိုင်း မြင်နိုင်မှာ မဟုတ်ဘူး။

## တိုးတက်မှုဖြစ်စဉ်

မာ့က်စ်ဝါဒီတွေဟာ ရုပ်ဝါဒီတွေ ဖြစ်တယ်။ လူသားတွေဟာ ရုပ်ခန္ဓာနဲ့ သက်ရှိတွေ ဖြစ်တယ်။ ကျနော်တို့ရဲ့ အတွေးစိတ်ကူးတွေက ရုပ်ဘဝ အတွေ့အကြုံကို ထုတ်ဖော်ပြသတယ်။ စိတ်ခံစားမှုတွေနဲ့ စိတ်ကူးအိပ်မက်တွေ

ဆိုတာ အခြေခံအားဖြင့် ကျနော်တို့ရဲ့ ရုပ်ပိုင်းဆိုင်ရာ လိုအပ်ချက်တွေကနေ ပေါက်ဖွားလာခြင်း ဖြစ်တယ်။

သမိုင်းဟာ ဖြစ်ချင်ရာ ဖြစ်နေတာချည်း မဟုတ်သလို နတ်ဘုရားတွေက ကြိုတင်စီမံထားတဲ့အတိုင်း ဖြစ်နေတာလည်း မဟုတ်ဘူး။ သဘာဝဖြစ်စဉ်တွေ အားလုံးမှာ နိယာမတွေ ရှိသလို သမိုင်းမှာလည်း နိယာမတွေ ရှိတယ်။ ဒါ့ကြောင့် သမိုင်းကို နားလည်နိုင်တယ်။ <u>သမိုင်းရဲ့ နိယာမတွေကို ကြည့်လိုက်တော့ သမိုင်းဟာ ရှေ့ကို ဆက်လက်တိုးတက်နေတယ်ဆိုတာ တွေ့ရတယ်</u>။ ကုန်ထုတ် စီးပွားဖွံ့ဖြိုးတိုးတက်မှု မြင့်မားလာပြီး ပိုရှုပ်ထွေးလာတဲ့ လူ့အဖွဲ့အစည်း ပုံစံတွေဆီ တက်လှမ်းနေတယ်ဆိုတဲ့ အလားအလာကို ပြနေတယ်။

ပို့စ် မော်ဒန်သမားတွေက အဲဒီ သဘောတရားကို နယ်ချဲ့ ဝါဒဆန်တယ် ဒါမှမဟုတ် လူမျိုးရေး ခွဲခြားတယ်ဆိုပြီး သမုတ်ကြတယ်။ 'အဲဒီသဘောတရားက အနောက်လူ့အဖွဲ့အစည်းဟာ ကိုယ်ကျင့်တရားပိုင်းမှာ တခြားလူ့အဖွဲ့အစည်းတွေထက် ပိုသာလွန်တယ်' ဆိုပြီး သွယ်ဝိုက် ရည်ညွှန်းရာရောက်တယ်လို့ သူတို့က သမုတ်ကြတာ ဖြစ်တယ်။ ဒါကြောင့်ပဲ တခြား လူ့အဖွဲ့အစည်းတွေကို လွှမ်းမိုး ခြယ်လှယ်ခွင့် ရှိတယ်လို့ ဆိုကြတယ် (အကြောင်းက ပိုပြီးတော့ ရှေ့တန်းရောက်လို့)။ တကယ်တော့ မာ့က်စ်ဝါဒီတွေဟာ အမာခံ နယ်ချဲ့ ဆန့်ကျင်ရေးသမားတွေ ဖြစ်တယ်။



"New Man" figurine from the design for the opera *Victory over the Sun* – El Lissitzky public domain

ဒါပေမယ့် အကယ်လို့ သမိုင်းမှာ ဖြစ်ပေါ်တိုးတက်မှု မရှိဘူးဆိုရင် ပထမဆုံးသော လူသားတွေက အမဲလိုက်ရှာဖွေ စုဆောင်းသူတွေအဖြစ် အစမပြုဘဲ အရင်းရှင်စနစ်နဲ့ မြို့ပြ လူ့အဖွဲ့အစည်းကို ကောက်ကာငင်ကာ ထူထောင်ခဲ့မှာပေါ့လို့ ပြောလာရင် ယုတ္တိရှိတယ်။ ဒါမှမဟုတ် အရင်းရှင်စနစ်ကို တော်လှန်ရေးနဲ့ အောင်အောင်မြင်မြင် ဖြိုဖျက်လိုက်နိုင်ရင် ဆိုရှယ်လစ်စနစ်ကို မရောက်ဘဲ မြေရှင် ပဒေသရာဇ်စနစ်ဆီ ပြန်ရောက်သွားမယ်လို့ ပြောရင်လဲ ယုတ္တိကျတာပဲ။

ဒီလို ဖြစ်နိုင်ခြေတွေ ချရေးပြလိုက်တော့ သမိုင်းရဲ့ ဖြစ်ပေါ်တိုးတက်မှုနဲ့ နိယာမသဘောကို ငြင်းပယ်ခြင်းဟာ ဘယ်လောက် အနှစ်သာရ ကင်းမဲ့နေသလဲဆိုတာ မြင်သာသွားတယ်။ ဒီလိုပြောလိုက်လို့ သမိုင်းဟာ မျဉ်းဖြောင့်တကြောင်းလို အဟန့်အတားမရှိ ဖြစ်ပေါ်တိုးတက်နေတယ်လို့ ဆိုလိုတာ မဟုတ်ဘူး။ ကျုပ်တို့ နားလည် သိမြင်နိုင်တဲ့ ယထာဘူတကျတဲ့ သမိုင်းဆိုင်ရာ နိယာမတွေ ရှိတယ်လို့ ပြောချင်တာ။ သမိုင်းရဲ့ ပင်မ လမ်းကြောင်းက ပိုပြီးအဆင့်မြင့်တဲ့ လူ့အဖွဲ့အစည်း ပုံစံတွေဆီ ဦးတည်ချီတက်နေတယ်လို့ ပြောချင်တာ။

## အကြွင်းမဲ့ ပြဋ္ဌာန်းခံဝါဒ (Absolute determinism)

ဒါဖြင့် ကံကြမ္မာ စီရင်ပြဋ္ဌာန်းခံဝါဒဆိုတာ ဘာလဲ။ ကျုပ်တို့ ဒါကို ဘာလို့လက်မခံရတာလဲ။ ၁၈ရာစုမှာ ကံကြမ္မာစီရင်ပြဋ္ဌာန်းခံဝါဒ၊ သို့မဟုတ် အကြွင်းမဲ့ပြဋ္ဌာန်းခံဝါဒရဲ့ အယူအဆတွေ စပြီး အားကောင်းလာတယ်။ အဲဒီအချိန်တုန်းကတော့ဒါဟာအဘိဓမ္မာနယ်မှာရှေ့ဆက်တက်လှမ်းခြင်းပဲ၊ လူ့အဖွဲ့အစည်းကို သိပ္ပံနည်းကျ နားလည်ဖို့ အားထုတ်မှု တစုံတရာ ဖြစ်ခဲ့တယ်။

ဥပမာ Laplace ပြောခဲ့ဖူးတဲ့ အတော် ပြောင်မြောက်တဲ့ စကားတခု ရှိတယ်။ 'အက်တမ် တလုံးစီရဲ့ အနေအထားနဲ့ အလျင်ကို သိပြီး သူတို့ကို လွှမ်းမိုးနေတဲ့ နိယာမတွေကို သိမယ်ဆိုရင် အရာရာကို ထာဝရ ကြိုတင်ခန့်မှန်းနိုင်လိမ့်မယ်' တဲ့။

သမိုင်းရဲ့ နိယာမတွေကို ကြည့်လိုက်တော့
သမိုင်းဟာ ရှေ့ကို ဆက်လက်
တိုးတက်နေတယ်ဆိုတာ တွေ့ရတယ်



Otto von Bismarck / public

ဒါဟာ စူးရှမှန်ကန်တဲ့ အမြင်ပဲ။ တကယ်လည်း သဘာဝတရားထဲမှာ အရာအားလုံးက သဘာဝ နိယာမတွေကို လိုက်နာရပြီး အချင်းချင်း အပြန်အလှန် ဆက်နွှယ်နေကြတာကိုး။ ဒါပေမဲ့ အဲဒီအမြင်က အလွယ်ပြုတာ လွန်ကဲသွားတယ်။ အဲဒီအမြင်ဟာ ကြောင်းကျိုးဆက်နွှယ်မှုတွေကို အစဉ်လိုက်သဘောမျိုး ကောက်ယူတယ်။ ဆိုလိုတာက အတိတ်က ဖြစ်ရပ်ကို အကြောင်းပြုပြီးတော့သာ အကျိုးဆက်ဖြစ်ရပ်တခု ပေါ်လာတယ်၊ နိယာမတခုစီက သီးခြားစီ ထုတ်ဖော်ပြသတယ်လို့ ယူဆထားတယ်။

အမှန်တော့ ဖြစ်ရပ်တိုင်းဟာ အကန့်အသတ်မဲ့ အကြောင်းတရားပေါင်းများစွာရဲ့ ရလဒ်တခုပဲ၊ အကြောင်းတရားအားလုံးက ကြောင်းကျိုးဆက်နွှယ်မှု ကွန်ရက်အတွင်း အပြန်အလှန် သက်ရောက်နေကြတယ်။ နိယာမတွေဟာ သူတို့ဘာသာ တိုက်ရိုက် ထုတ်ဖော်ပြလေ့ မရှိသလို ပကတိအတိုင်း ဖော်ပြမှာလဲ မဟုတ်ဘူး၊ နိယာမတခုကို တခြားနိယာမတွေရဲ့ လုပ်ဆောင်ချက်က အခြေအနေ အရပ်ရပ်အပေါ် မူတည်ပြီး ပုံစံအမျိုးမျိုးနဲ့ ပြုပြင်စီရင်ပေးကြတယ်။

သူ့သဘော သူဆောင်တဲ့ စီးပွားရေး နိယာမတွေက အရာရာကို မောင်းနှင်သွားတယ်ဆိုရင် အယူဝါဒရေးရာ၊ သဘောတရားရေးရာ တိုက်ပွဲတွေ ဆင်နွှဲဖို့ ဘာလို့ ရေးကြီးခွင်ကျယ်လုပ် ပြောနေမှာလဲ။

Laplace လို အလွယ်လမ်းလိုက်တဲ့ အမြင်မျိုးနဲ့ သမိုင်းကို ရှုမြင်ကြတယ် ဆိုပြီး မာ့က်စ်ဝါဒီတွေကို ပုံဖျက် တိုက်ခိုက်လေ့ရှိတယ်။ ဝေဖန်သူတွေ အဆိုအရ မာ့က်စ်ဝါဒီတွေရဲ့ အမြင်မှာ လူ့အဖွဲ့အစည်းကို ထိန်းချုပ်ထားတဲ့ နိယာမတွေဟာ စီးပွားရေး နိယာမတွေသာ ဖြစ်တယ်။ ဒါ့အပြင် အဲဒီနိယာမတွေက ပကတိအတိုင်း တိုက်ရိုက် လုပ်ဆောင်နေကြတာ ဖြစ်လို့ လူ့အဖွဲ့အစည်း ဘယ်လို ဖြစ်ပေါ် တိုးတက်သွားမလဲ အတိအကျ ကြိုမြင်နိုင်တယ်၊ ရှောင်တခင် ဖြစ်ရပ်မျိုး မရှိနိုင်ဘူးလို့ ထိုဝေဖန်သူတွေက ဆိုတတ်ကြတယ်။

၁၈ရာစုက စက်ယန္တရားဗေဒ ရုပ်ဝါဒီတွေဟာ အသိစိတ်ရဲ့ အရေးပါပုံကို ထည့်မစဉ်းစားခဲ့ကြဘူး။ အသိစိတ်ကြောင့် ဖြစ်လာရတဲ့ အရာဆိုလို့ ဘာတခုမှ မရှိဘူး၊ အသိစိတ်ဟာ ရေနက်စီးကြောင်းတွေ ဘောင်ဘင်ခတ်လို့ ဖြစ်လာတဲ့ လှိုင်းထိပ်က အမြှုပ်တွေလို အပြုခံသက်သက် အကျိုးဆက် တခုသာ ဖြစ်တယ်၊ သူတို့ ဒီလိုပဲ ယူဆခဲ့ကြတယ်။

ဒါဟာ သိပ္ပံပညာမှာ တော်တော်များများ လုပ်မိတတ်တဲ့ အမှားပဲ။ Reductionism လို့ခေါ်တယ်။


‘*eliminative materialism*’ လို့ ပေါလ်ချာ့(ချ်) လန်း(ဒ်) ပြောတဲ့ neurophilosophy ဟာ အမြင်သာဆုံး ဥပမာပဲ။ သူပြောပုံအရဆို ယုံကြည်မှု ဆိုတာတွေက တကယ် မရှိဘူး။ ဈူရွန် ဆဲလ်တွေပဲ ရှိတယ်။ လူသားတွေရဲ့ အပြုအမူကို နားလည်သဘောပေါက်ဖို့ ဆိုရင် ဈူရွန်ဆဲလ်တွေကို နားလည် သဘောပေါက်အောင် လုပ်ဖို့ပဲ လိုအပ်တယ်။ အဲသလို သိပ္ပံပညာရှင်တွေဟာ ရုပ်တရားကြောင့် အသိစိတ် ဖြစ်လာရတယ် ဆိုတဲ့ အချက်လောက်ကိုသာ ကိုင်စွဲထားပြီး အသိစိတ်က

အရာရာကို အကျိုးသက်ရောက်နိုင်စွမ်း ရှိတယ်ဆိုတဲ့ အချက်ကိုတော့ လက်မခံကြဘူး။

ဒါဆို ဘာကြောင့် ကျုပ်တို့မှာ အတွေးအခေါ်တွေ ရှိတာလဲ။ ဘာကြောင့် လူတန်းစားတွေဟာ အယူဝါဒတွေ တည်ထောင်ပြီး ဝါဒဖြန့်ချိဖို့အရေး အလွန်အမင်း အားထုတ်နေရတာလဲ။ ဘာကြောင့် နိုင်ငံရေးပါတီတွေ ဖွဲ့စည်းကြတာလဲ။ သူ့သဘော သူဆောင်တဲ့ စီးပွားရေး နိယာမတွေက အရာရာကို မောင်းနှင်သွားတယ်ဆိုရင် အယူဝါဒရေးရာ၊ သဘောတရားရေးရာ တိုက်ပွဲတွေ ဆင်နွှဲဖို့ ဘာလို့ ရေးကြီးခွင်ကျယ်လုပ် ပြောနေမှာလဲ။

သမိုင်းကို စီးပွားရေးနိယာမတွေကပဲ စီရင်ပြဋ္ဌာန်းတယ် ဆိုပါစို့။ ဒါဆို အဲဒီနိယာမတွေက ဘာလို့ အဲသလို စီရင်ပြဋ္ဌာန်းတာမျိုး လုပ်ရတာလဲ ဆိုတာရှင်းပြဖို့ အတော်ခက်သွားပြီ။ အဲဒီနိယာမတွေဟာ ဘယ်ကနေ ရောက်လာတာလဲ။ ဘယ်လိုလုပ်ပြီး သူတို့မှာ အဲသလို အစွမ်းတွေ ရှိနေရတာလဲ။

ပရပ်ရှားပြည် အဓိပတိ ဘစ်စ်မာ့က်ခ်(Bismarck) ဟာ ဒီလိုမျိုး တဖက်သတ်ဆန်တဲ့ စက်ယန္တရားရုပ်ဝါဒ အမြင်မျိုးကို မသိလိုက်မသိဘာသာ ထုတ်ဖော်ပြောဆို ဖူးတယ်။ အဲ့တုန်းက သူပြောတာက “ကျုပ်တို့တွေ သမိုင်းကို မဖန်တီးနိုင်ပါဘူး – သမိုင်းကို ဖန်တီးနေချိန် ကျုပ်တို့ စောင့်ဆိုင်းနေရမယ်။” ဒါဆိုရင် သမိုင်းကို ဘယ်သူတွေက ဖန်တီးနေတာလဲ။ နောက်ပြီး ဘာကြောင့် ဒီလိုပုံစံနဲ့ ဖန်တီးတာလဲ။



မာ့က်စ်က ဒီအယူမှားကို ဝေဖန်ခဲ့တယ်။

"သမိုင်းက ဘာမှ မလုပ်ဘူး။ သမိုင်းမှာ ကျိကျိတက် ကြွယ်ဝချမ်းသာမှုတွေလဲ မပိုင်ဆိုင်ဘူး။ သမိုင်းက ဘာစစ်ပွဲမှ မဆင်နွှဲဘူး။ ဓနဥစ္စာတွေ ပိုင်တာ၊ စစ်တိုက်တာ၊ ဒါတွေ အားလုံးကို သက်ရှိထင်ရှား လူသားတွေကပဲ လုပ်နေကြတာ။ လူနဲ့ သီးခြား ဖြစ်နေတဲ့ သမိုင်းက သူ့ရည်မှန်းချက်တွေ ပြည့်မြောက်အောင် လူတွေကို လက်နက်သဖွယ် အသုံးချသွားတာမျိုး မဟုတ်ဘူး။ တကယ်တော့ သမိုင်းဆိုတာ တခြား ဟုတ်နိုင်ပါရိုးလား၊ ကိုယ်စီ ရည်မှန်းချက်တွေ ဖော်ဆောင်နေကြတဲ့ လူသားတွေရဲ့ လှုပ်ရှားဆောင်ရွက်မှုသာ ဖြစ်တယ်” လို့ မာ့က်စ်က ပြောင်မြောက်စွာ ဆိုခဲ့တယ်။

ဒါဖြင့် သက်ရှိထင်ရှား လူပုဂ္ဂိုလ်တွေကပဲ သမိုင်းကို ဖန်တီးတယ် ဆိုရင် ဒီအချက်က သမိုင်းရဲ့ နိယာမသဘောကို ပစ်ပယ်ရာ ရောက်မသွားပေဘူးလား။ အကြောင်းက လူတဦးချင်းအလိုက် တမူထူးခြားမှု ရှိသလို သူတို့ကို ကြိုတင် ခန့်မှန်းဖို့လဲ မဖြစ်နိုင်ဘူး။ စက်ယန္တရားဆန်တဲ့ အကြွင်းမဲ့ ပြဋ္ဌာန်းခံဝါဒကို ဆန့်ကျင်ရင်း စိတ်ဆန္ဒ ပဓာနဝါဒဘက် ကျုပ်တို့ ပြန်ရောက်မသွားပေဘူးလား။

- ဆက်ရန်

အောင်ဂျာ မြန်မာပြန်သည်။

တကယ်တော့ သမိုင်းဆိုတာ တခြား ဟုတ်နိုင်ပါရိုးလား၊ ကိုယ်စီ ရည်မှန်းချက်တွေ ဖော်ဆောင်နေကြတဲ့ လူသားတွေရဲ့ လှုပ်ရှားဆောင်ရွက်မှုသာ ဖြစ်တယ်

**ရှစ်လေးလုံး** လူထု တော်လှန်ရေးကြီး ၃၇ နှစ်တိုင်ခဲ့ပါပြီ။ ဟုတ်ပါတယ်၊ ရှစ်လေးလုံး လူထု အရေးတော်ပုံကြီးဟာ တော်လှန်ရေး ဖြစ်ပါတယ်။ ရောဝတီ သတင်းဌာနကတော့ ရှစ်လေးလုံးကို လူထု အုံကြွမှုအဖြစ်သာ အသိအမှတ်ပြုတယ်၊ ၈၈ က ၂၁ လို တော်လှန်ရေး အဆင့် မရောက်ခဲ့ဘူးလို့ ဆိုထားတယ်။

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့က ‘၈၈ နဲ့ ၂၁ ဘာကွာလဲ’ ဆိုတဲ့ ရုပ်သံဆောင်းပါးမှာ ရောဝတီ အယ်ဒီတာကျော်စွာမိုးက ‘၈၈ အရေးတော်ပုံဟာ Revolution လို့ ခေါ်လို့ရတဲ့ တော်လှန်ရေး အဆင့်ကို မရောက်ခဲ့ပါဘူး၊ ၂၀၂၁ လူထု အုံကြွမှုကတော့ လက်နက်ကိုင် တော်လှန်ရေး အဆင့်ကို ပြောင်းလဲခဲ့ပါတယ်’လို့ ပြောသွားတယ်။

ဒီနေရာမှာ အလျဉ်းသင့်လို့ ထည့်ပြောရရင် ဗကပရဲ့ အရေးအသားတွေမှာ ၈၈ ကို လူထု အရေးတော်ပုံလို့ပဲ သုံးနှုန်းဖော်ပြတာ တွေ့ရလိမ့်မယ်၊ လူထု တော်လှန်ရေးလို့ ကင်ပွန်းတပ် သုံးစွဲလေ့မရှိဘူး။ ဘာ့ကြောင့် စကားကပ်ပြီး အခုလို ခွဲပြောနေကြသလဲ။ ဒီအချက်ကို အရင်ဆန်းစစ်ကြည့်ရအောင်။ သူတို့က စကားကပ်ပြီး ခွဲပြောလာတော့ ဒီအသုံးအနှုန်းတွေရဲ့ အဓိပ္ပါယ်ကို တိတိပပ ရှင်းလင်းကြည့်ဖို့ လိုအပ်လာတယ်။

အရေးတော်ပုံဆိုတဲ့ မြန်မာစကားလုံးကို ပဒေသရာဇ် ခေတ်ကတည်းက သုံးစွဲခဲ့ကြတာ ရှိပါတယ်။ ဒါပေမယ့် ခေတ်သစ် လူတန်းစားတိုက်ပွဲတွေမှာ ပြန်လည်ဖော်ထုတ် သုံးစွဲခဲ့သူကတော့ (ဦး) သိန်းဖေမြင့် ဖြစ်ပါတယ်။ အိန္ဒိယ

# လစ်ဘရယ်တွေရဲ့ သမိုင်းရေးအမြင် ချို့တဲ့မှု





image - MPA (Myanmar Photo Archive)

ကွန်မြူနစ်ပါတီနဲ့အလုပ်သမားတိုက်ပွဲတွေမှာကြွေးကြော် လေ့ရှိတဲ့ "Long Live the Revolution" ကို မြန်မာလို "အရေးတော်ပုံ အောင်ပါစေ" လို့ ရေနံမြေ အလုပ်သမား သပိတ်တိုက်ပွဲမှာစတင်ဖော်ထုတ်ခဲ့တယ်လို့(ဦး)သိန်းဖေ-မြင့် ရေးခဲ့ဖူးတယ်။ နောက်တော့ အရေးတော်ပုံဆိုတဲ့ အသုံးအနှုန်းက တွင်ကျယ်လာတယ်။ တွင်ကျယ်လာတဲ့ ဒီအသုံးအနှုန်းက အင်္ဂလိပ်လို revolution နဲ့ အတူတူ ဖြစ်သွားတယ်။ ဒီရှင်းလင်းချက်ကို မကျေလည်သေးဘူး ဆိုရင် မြန်မာစာအဖွဲ့ထုတ် အဘိဓာန်မှာ အရေးတော်ပုံကို ဘယ်လို ဘာသာပြန်ထားလဲ ရှာကြည့်လိုက်ပါ။

အရေးတော်ပုံ ဖွင့်ဆိုချက် တစ် - [arch] historical account of a royal campaign (as in ရာဇဓိရာဇ် ~ )

အရေးတော်ပုံ ဖွင့်ဆိုချက် နှစ် - social or political uprising; revolution.

ဒါ့ကြောင့် ရှစ်လေးလုံး တော်လှန်ရေးကို တော်လှန်ရေး မဟုတ်ဘူး၊ အရေးတော်ပုံ (သို့မဟုတ်) လူထု အုံကြွမှု တခုသာ ဖြစ်တယ်လို့ သူတို့ ပြောနေကြတာဟာ မလိုအပ်ဘဲ စကားကပ်ပြီး ခွဲပြောနေကြတာပဲ။ ဘာ့ကြောင့် အခုလို စကားကပ်ပြီး ခွဲပြောနေကြသလဲလို့ မေးစရာ ရှိလာတယ်။ ဗကပနဲ့ ဧရာဝတီ သတင်းဌာနရဲ့ အမြင်မှာ AS အဖြစ် ပြောင်းလဲသွားမှ တော်လှန်ရေးလို့ ခေါ်နိုင်မယ်၊ AS အဖြစ် ပြောင်းလဲ မသွားရင် အဲဒါ တော်လှန်ရေး အဆင့် မဟုတ်ဘူး၊ အရေးတော်ပုံ (သို့မဟုတ်) လူထု အုံကြွမှုအဆင့်သာ ရှိသေးသတဲ့။

သူတို့အမြင်က AS မှ မဟုတ်ရင် တော်လှန်ရေး မဟုတ်ဘူးလို့ ထင်လာတဲ့အထိ အေအက်(စ်)ကို fetish ဖြစ်နေတာပဲ။ ဒါကို ဘာ့ကြောင့် အခုလို ဆန်းစစ် ဝေဖန် နေရသလဲ။ ရှင်းပါတယ်။ ဒါဟာ စကားလုံး အငြင်းပွားမှု သက်သက် မဟုတ်ဘူး။ တော်လှန်ရေးရဲ့ အနှစ်သာရကို ချေဖျက်ပစ်နေလို့ပဲ။

အလုပ်သမားတွေ သန်းနဲ့ချီပြီး သပိတ် တိုက်ပွဲဆင်နွှဲတာ၊ ပြည်လုံးကျွတ် အထွေထွေ သပိတ်ကြီး ဆင်နွှဲတာတွေက တော်လှန်ရေး မဟုတ်သေးဘူး၊ "တောခိုပြီး ပျောက်ကြားစစ် ထတိုက်မှ တော်လှန်ရေး အဆင့် ရောက်တာ" ဆိုတဲ့ အမြင်ဟာ တက်တက်စင်အောင် မှားပါတယ်။ AS ဆိုတဲ့ နည်းနာ (သို့မဟုတ်) တိုက်ပွဲ ပုံစံကို ကျင့်သုံးရင် အဲဒါ တော်လှန်ရေးပဲ လို့ လွဲမှားစွာ ကောက်ချက်ချလို့ ရသွားတယ်။ ဒါ့အပြင် AS ဆိုတဲ့ တိုက်ပွဲ နည်းနာဟာ အဖိနှိပ်ခံ လူထုကိုယ်တိုင် ရုန်းထ တိုက်ပွဲဝင်ခြင်းထက် ပိုအရေးကြီးသယောင် ထင်မှတ်မှား စေတယ်။

ရှင်းအောင် ပြောရရင် AS ဟာ တော်လှန်ရေးရဲ့ တိုက်ပွဲ ပုံစံ တရပ်သာ ဖြစ်တယ်၊ AS က တော်လှန်ရေး ဖြစ်ခြင်း မဖြစ်ခြင်းကို အဆုံးအဖြတ်ပေးတာ မဟုတ်ဘူး။ ဒါ့ကြောင့် AS တိုက်ပွဲပုံစံကို အသုံးပြုတိုင်း တော်လှန်ရေး မဟုတ်ဘူး။ လူထု တော်လှန်ရေး လှုပ်ရှားမှုရဲ့ အစိတ်အပိုင်း ဖြစ်နေမှသာ AS က အရေးကြီးတဲ့ အခန်းကဏ္ဍ ရှိမယ်၊ လူထု တော်လှန်ရေး လှုပ်ရှားမှု မရှိသေးတဲ့ အခြေအနေမှာ AS သီးသန့်လုပ်နေရင် အဲဒါ တော်လှန်ရေး မဟုတ်ဘူး။

အဲဒါ မာ့(က်စ်)ဝါဒ အမြင်ပဲ။ ဒါကို တလွဲအနက်ကောက်ပြီး ကြီးမြတ်သော လက်နက်ကိုင် တော်လှန်ရေးကို မာ့(က်စ်)ဝါဒီတွေက ပုံဖျက်နေပါပြီလို့ မစွပ်လေနဲ့။ Violence အပါအဝင် AS အပေါ် မာ့(က်စ်)ဝါဒီတွေရဲ့ အမြင်က abstract မဆန်ဘူး၊ သဘောက အခါခပ်သိမ်း ဆန့်ကျင်တယ် (သို့မဟုတ်) ထောက်ခံတယ် ဆိုတာမျိုး မဟုတ်ဘူး။ ဒီပြဿနာတွေဟာ concrete question ဖြစ်တယ်။

ဒါ့ကြောင့် ဧရာဝတီ သတင်းဌာနနဲ့ ဗကပရဲ့ တော်လှန်ရေးအပေါ် အမြင်က abstract ဆန်ပြီး one-sided ဖြစ်လွန်းတယ်။ ဒီအမြင်ကနေ AS သာ ပဓာန၊ ကျန်တာ သူ့လက်အောက်ခံ ဆိုတဲ့ ကောက်ချက်ကို ရောက်သွားတာပဲ။ (တချို့လဲ ကျနော်တို့ ဝေဖန်ချက်တွေ မြင်လာရတော့ AS နဲ့ ကျန်တိုက်ပွဲ သဏ္ဍာန် မျိုးစုံ ပေါင်းစည်းရေး ဆိုပြီး လူကြားကောင်းရုံ အော်လာတာ တွေ့ရမယ်။ ဒါပေမယ့် အောက်ခံ အယူအဆက အတူတူပဲဆိုတော့ အဲသလို အော်နေတာလဲ အဓိပ္ပါယ် မရှိလှဘူး)။

## ရှစ်လေးလုံးနဲ့ ၂၁ မှာ တော်လှန်ရေး ဘာ့ကြောင့်ဖြစ်

ဧရာဝတီ သတင်းဌာနက ၈၈ နဲ့ ၂၁ ဘာကွာလဲ သုံးသပ်ရာမှာ နှစ်ခုလုံးရဲ့ ပန်းတိုင်က ဒီမိုကရေစီ ရရှိရေးလို့ ဆိုထားတယ်။ ဒီတော်လှန်ရေး နှစ်ရပ်ရဲ့ ပန်းတိုင်ဟာ ဒီမိုကရေစီ ရရှိရေးလို့ ပြောရင် မှားပါတယ်။ ဒီမိုကရေစီဟာ အရေးတော်ပုံ နှစ်ရပ်လုံးရဲ့ demand တွေထဲက တချက်သာ ဖြစ်ပါတယ်။ ဒီမိုကရေစီဟာ တော်လှန်ရေးရဲ့ ပန်းတိုင် မဟုတ်ဘူး။ ဒီမိုကရေစီရဲ့ ရှေ့မှာ adjective တလုံးတိုးပြီး ဖက်ဒရယ် ဒီမိုကရေစီ ရရှိရေးဟာ ၂၁ တော်လှန်ရေးရဲ့ ပန်းတိုင်လို့ ပြောလာရင်လဲ မဟုတ်ဘူးလို့ ပြတ်ပြတ်သားသား ပြောရလိမ့်မယ်။ ဒီမိုကရေစီ ရရှိရေးဟာ means တခုသာ ဖြစ်တယ်၊ တော်လှန်ရေးရဲ့ end မဟုတ်သေးဘူး။ လူ့အဖွဲ့အစည်းကို အခြေအမြစ်က တော်လှန်ပြောင်းလဲနိုင်မှ တော်လှန်ရေး ပန်းတိုင်ကို ရောက်မယ်လို့ ပြောနိုင်တယ်။ ဒီမိုကရေစီ ဆိုတဲ့ demand တခုတည်းကို တော်လှန်ရေးရဲ့ ပန်းတိုင်အဖြစ် လျှော့ချလိုက်လို့ မဖြစ်ဘူး။

ဘာ့ကြောင့်လဲ၊ ရှင်းပါတယ်။ ဒီမိုကရေစီ ဆိုတဲ့ demand ဟာ ဝေဝါးတယ်၊ တနည်းဆိုရရင် ဒီမိုကရေစီကို လူတန်းစားအလိုက် အဓိပ္ပါယ် ဖွင့်ဆိုပုံ မတူနိုင်ဘူး။ အလုပ်သမား လူတန်းစား တောင်းဆိုတဲ့ ဒီမိုကရေစီရဲ့ class content နဲ့ လစ်ဘရယ် ဘူဇွာတွေ တောင်းဆိုတဲ့ ဒီမိုကရေစီရဲ့ class content ဟာ ဘယ်လိုမှ မတူနိုင်ဘူး။ ဒီအချက်ကို ၂၀၁၀-၂၀ ခုနှစ်အတွင်း ဆယ်စုနှစ် သမိုင်းကို ပြန်ကြည့်ရင် အထင်အရှား မြင်ရလိမ့်မယ်။

ဒါ့ကြောင့်လဲ ဧရာဝတီ သတင်းဌာနက လစ်ဘရယ်တွေက၂၀ ရွေးကောက်ပွဲအပြီး အခြေအနေကို မျှော်လင့်ချက်တွေ အပြည့်နဲ့ နိုင်ငံအဖြစ် ရှုမြင်တာပဲ။ အဲတော့ ၂၁ တော်လှန်ရေးကို စစ်တပ်က အာဏာသိမ်းလို့ ထဖြစ်တာပဲလို့ မြင်သွားတယ်။ ၂၁ ဖေဖော်ဝါရီမှာ စစ်တပ်က အာဏာ မသိမ်းခဲ့ရင် ၂၀ ရွေးကောက်ပွဲ အလွန် ဒီမိုရွှေခေတ်ကို ရောက်သွားမယ်လို့ တွက်ပုံရတယ်။ ၂၁ တော်လှန်ရေး ဖြစ်ခြင်း၊ မဖြစ်ခြင်းဟာ စစ်တပ်က အာဏာ



image - Ninjastrikers, CC BY-SA 4.0

ဒီမိုကရေစီ ရရှိရေးဟာ means တခုသာ ဖြစ်တယ်၊ တော်လှန်ရေးရဲ့ end မဟုတ်သေးဘူး

သိမ်းခြင်း မသိမ်းခြင်းဆိုတဲ့ accident အပေါ် မူတည်နေတယ်လို့ ကောက်ချက်ဆွဲရာ ရောက်သွားတယ်။

ဒီတော့ ကျော်ဝင်းတို့ ပြောခဲ့သလို “စစ်တပ်ကာချုပ်နဲ့ ဒေါ်စုသာ ပြေလည်အောင် ညှိလိုက်မယ်ဆိုရင် အာဏာသိမ်းပွဲလဲ မဖြစ်တော့ဘူး” ဆိုတဲ့ သမိုင်းအမြင်နဲ့ အတူတူ ဖြစ်သွားပြီ။ လူထု တော်လှန်ရေး တရပ် ဖြစ်ခြင်း မဖြစ်ခြင်းဟာ အုပ်စိုးသူ လူတန်းစားထဲက ခေါင်းဆောင်တွေရဲ့ အမျှော်အမြင် ရှိခြင်း မရှိခြင်း အပေါ် မူတည်နေသယောင် ပြောလိုက်တာပဲ။ တနည်းအားဖြင့် အုပ်စိုးသူ လူတန်းစားသာ အာဏာမသိမ်းဘဲ အကွက်ရွှေ့တတ်ရင် ဗမာပြည်မှာ တော်လှန်ရေး ဖြစ်လာမှာ မဟုတ်ဘူးလို့ ပြောလိုက်တာပဲ။

ဧရာဝတီ အယ်ဒီတာရဲ့ အတွေးအမြင် ဆောင်းပါးက ၂၁ တော်လှန်ရေးကို ရှစ်လေးလုံးနဲ့ နှိုင်းယှဉ်ပြီး ဂုဏ် ဖော်ဖို့ ကြိုးစားတာပဲ။ ဒါပေမယ့် တကယ့် လက်တွေ့မှာ ၂၁ တော်လှန်ရေးကို အသရေဖျက်ရာ ရောက်သွားတယ်။

အမှန်တော့ ၂၁ မှာ စစ်တပ်က အာဏာ မသိမ်းခဲ့လဲ ဗမာပြည်မှာ တော်လှန်ရေး ထဖြစ်မှာပဲ။ ၂၁ ခုနှစ်မှာ ဖြစ်ချင်မှ ဖြစ်လိမ့်မယ်။ စစ်တပ်က ၂၁ မှာ အာဏာသိမ်း လိုက်ခြင်းဟာ တော်လှန်ရေး မြန်မြန်ဖြစ်အောင် လုပ်ပေးလိုက်သလို ဖြစ်သွားတယ်။ ဒီလို ဖြစ်စဉ်မျိုး သမိုင်းမှာ မကြာခဏ တွေ့ရလေ့ရှိတယ်။ ဒီသဘောကို မာ့(က်စ်) က အခုလို ပြောခဲ့ဖူးတယ် -

*“the revolution at times needs the whip of counter-revolution to drive it forward”*



၂၀၂၁ မှာ မင်းအောင်လှိုင် စစ်တပ်က အာဏာသိမ်းလိုက်ခြင်းဟာ မာ့(က်စ်) ပြောခဲ့သလို တန်ပြန် တော်လှန်ရေးရဲ့ ကြာပွတ်ရိုက်ချက် ဖြစ်တယ်၊ ဒီအချက်ကြောင့် တော်လှန်ရေး မြန်မြန်ဖြစ်အောင် တွန်းဆော်လိုက်သလို ဖြစ်သွားလို့ “catalyst” သဘောမျိုး ပြောမယ်ဆိုလဲ ပြောနိုင်တယ်။ ဒါပေမယ့် catalyst ကြောင့် တော်လှန်ရေး ဖြစ်ရတာလို့ ကောက်ချက်ဆွဲ မရဘူး၊ တော်လှန်ရေး ဖြစ်ဖို့ လိုအပ်တဲ့ အခြေခံ အကြောင်းတရားတွေ၊ ဖြစ်စဉ်တွေ ဆယ်စုနှစ်နဲ့ချီ ပြောင်းလဲဖြစ်ပေါ်နေခဲ့တာတွေ မေ့ထားလို့ မရဘူး။

ဧရာဝတီ အယ်ဒီတာက ယမ်းအိုးနဲ့ (catalyst) စနက်မီး နမူနာကို ၈၈ တော်လှန်ရေးနဲ့ ပတ်သက်လို့ သုံးသွားတယ်။ ဒီနမူနာကို chemical reaction ကနေ ယူထားခြင်း ဖြစ်တယ်။ သူသုံးသွားတဲ့ ဒီ catalyst နမူနာကိုပဲ ပြန်စဉ်းစားကြည့်ပါ။ catalyst ကြောင့် chemical reaction ဖြစ်တာလား။ မဟုတ်ဘူး။ catalyst မရှိလဲ chemical reaction က ဖြစ်မှာပဲ။ မြန်မြန် ဖြစ်တာနဲ့ အချိန်ကြာမှ ဖြစ်တာပဲ ကွာသွားမယ်။

ပြဿနာက ၂၁ တော်လှန်ရေး ဖြစ်စဉ်ကျ အဲသလို မချဉ်းကပ်ထားဘူး။ မင်းအောင်လှိုင်သာ အာဏာမသိမ်းဘူးဆိုရင် ၂၁ တော်လှန်ရေး ဖြစ်လာမယ့် combustible materials ဘာမှမရှိသလို သုံးသပ်ထားတာ ဖြစ်နေတယ်။ ဒီလို ဝေဖန်နေတာက မင်းအောင်လှိုင် စစ်အုပ်စုရဲ့ အာဏာသိမ်းပွဲကို ထောက်ခံလို့ မဟုတ်ဘူး။ စစ်အာဏာသိမ်းခြင်း အပါအဝင် စစ်အာဏာရှင်စနစ် တခုလုံးကို ပြတ်ပြတ်သားသား ဆန့်ကျင်ပြီးသား ဖြစ်တယ်။

၂၁ စစ်အာဏာသိမ်းမှုဟာ ဆယ်စုနှစ်ချီ စုပုံလာတဲ့ combustible materials အပေါ် ဓာတ်ဆီလောင်းပြီး မီးရှို့လိုက်သလို ဖြစ်သွားတာပဲ။ သိပ္ပံနည်းကျ ဝေါဟာရတွေနဲ့ ပြောရရင် ဆယ်စုနှစ်များစွာ ကိန်းအောင်းလာတဲ့ class contradictions

historical memory ဆိုတာ သိစိတ်ရှိရှိ လက်ဆင့်ကမ်း သယ်ဆောင်ရတာမျိုး ဖြစ်ပါတယ်။ အလုပ်သမား လူတန်းစားရဲ့ တော်လှန်ရေး ပါတီဟာ ဒီတာဝန်ကို ထမ်းဆောင်ရပါတယ်။

တွေ ပြင်းထန်စူးရှလာချိန် စစ်တပ်က အာဏာသိမ်းလိုက်လို့ တော်လှန်ရေး ဖြစ်တာပဲ။

အဲဒီ ဖြစ်စဉ်တွေကို ဖယ်ထုတ်ပြီး စစ်တပ်က အာဏာသိမ်းလိုက်တာ တခုတည်းကြောင့် တော်လှန်ရေး ထဖြစ်တယ်လို့ ကောက်ချက်ဆွဲမယ်ဆိုရင် ဒီမတိုင်ခင် ဆယ်စုနှစ်တွေတုန်းက မျှော်လင့်ချက်တွေ အပြည့်နဲ့ နေချင့်စဖွယ် တိုင်းပြည်ကြီးလို့ ထင်မှတ်ရမလို ဖြစ်နေပြီ။ အဲသလို ထင်မှတ်မှားခြင်းဟာ လစ်ဘရယ် ဘူဇွာတွေအတွက် နိုင်ငံရေး အမြတ်ထွက်တယ်။ ၂၁ တော်လှန်ရေး ထဖြစ်တာကိုပဲ သူတို့ အစိုးရဖြစ်ရေး လူထုက ထွက်တိုက်ပေးနေသလို (သူတို့အခေါ် 'စုရွေးလွတ်' လမ်းကြောင်း၊ အတိအကျ ပြောရရင် ‘restoration of the status quo’) ပုံဖော်ခဲ့ကြတယ်။ အခု ရောဝတီ သတင်းဌာနရဲ့ သုံးသပ်ချက်က အဲဒီ ဘူတာကို ဆိုက်တာပဲ။ ဒီအချက်ကို မမြင်ရင် ဘာ့ကြောင့် တော်လှန်ရေး ဖြစ်ဖြစ် ဘာအရေးလဲ၊ စာတတန် ပေတတန် ဝေဖန်စရာ လိုသလားလို့ စောဒက တက်ချင်လိမ့်မယ်။

ရုစ်လေးလုံးကိုပဲ ကြည့်ကြည့်၊ ၂၁ ကိုပဲ ကြည့်ကြည့်၊ ဒိုင်ယာလက်တစ်အမြင်မရှိရင် ဘာ့ကြောင့် တော်လှန်ရေး ဖြစ်ခဲ့သလဲ ကောင်းကောင်း နားမလည်နိုင်ဘူး။ ငလျင်မဖြစ်ခင်အထိ ကိုယ့်ခြေဖဝါးအောက်က မြေကြီးဟာ တည်ငြိမ် ခိုင်ခံ့နေတယ်၊ ဘာမှ လှုပ်ခတ် ပြောင်းလဲနေခြင်း မရှိဘူးလို့ ထင်ကြတယ်။ တကယ်တော့ မြေလွှာမျက်နှာပြင်အောက်က ကျောက်ပြားကြီးတွေ လှုပ်ရှားနေတာ၊ subterranean pressure တွေ ပြောင်းလဲနေတာကို မမြင်နိုင်ခဲ့ကြဘူး။ အဲ့တော့ ဘာမှ မဖြစ်ဘူး၊ တည်ငြိမ်နေတယ်ပဲ ထင်ခဲ့ကြတာ။ ရုတ်တရက် အင်အားပြင်း ငလျင်ကြီး ထလှုပ်မှသာ ခြေဖဝါးအောက်က မြေသားထုဟာ တည်တည်ငြိမ်ငြိမ် ရှိနေခဲ့တာ မဟုတ်မှန်း သိကြရတယ်။

အဲသလိုပဲ လူ့အဖွဲ့အစည်းအတွင်း တစတစ ပြောင်း-လဲနေတဲ့ ဖြစ်စဉ်တွေ၊ တနေ့တခြား စုပြုံလာတဲ့ မကျေနပ်ချက်တွေ၊ ခံပြင်းမှုတွေ၊ မညီမျှမှုတွေ၊ မတရားမှုတွေ၊ ဒေါသတွေ၊ လူတန်းစား ပဋိပက္ခတွေဟာ အပေါ်ယံလောက်ကြည့်ပြီး အကဲခတ်လေ့ရှိသူ empiricist တွေအဖို့ မမြင်သာဘူး။ အဲသလို မမြင်သာတဲ့ တဖြည်းဖြည်း ပြောင်းလဲမှုတွေ စုပြုံသထက် စုပြုံလာရာက ရေဆူမှတ် (critical point) ရောက်တဲ့အခါ ရုတ်တရက်ဆိုသလို social explosion ထဖြစ်တာပဲ။ အဲဒါကို တော်လှန်ရေးလို့ ခေါ်တာပဲ။ ဒီသဘောတရားကို ကွက်ကွက်ကွင်းကွင်း မြင်သာအောင် ထရော့စကီးက “molecular process of revolution” လို့ သုံးပြီး ရှင်းပြခဲ့ဖူးတယ်။

ဒီတော့ ချုပ်ရရင် ရောဝတီ သတင်းဌာနရဲ့ တင်ပြချက်ဟာ ၈၈ တော်လှန်ရေးကို နားမလည်သလို ၂၁ တော်လှန်ရေးကိုလဲ နားမလည်ဘူး။ ဒီနှစ်ခုကို နှိုင်းယှဉ်သုံးသပ်ချက်ဟာလဲ တော်တော် အပေါ်ယံဆန်ပါတယ်။ ‘၈၈ က စောက်ချိုးတွေ ၂၁ မှာ လာမချိုးနဲ့’ အော်ကြသူတွေရဲ့ သမိုင်းအမြင်လောက်ပဲ ရှိတာ တွေ့ရတယ်။

၈၈ က အဖိနှိပ်ခံ လူထုကြီးဟာ လူ့အဖွဲ့အစည်းကို အခြေအမြစ်ကနေ ပြောင်းလဲပစ်ဖို့ တော်လှန်ရေး ဆင်နွှဲခဲ့ကြတယ်။ ဒါပေမယ့် သူတို့ မအောင်မြင်ခဲ့ဘူး။ ဒါ့ကြောင့် ရုပ်အခြေအနေ၊ အကြောင်းအချက် ပြည့်စုံ ရင့်မှည့်လာတဲ့အခါ ၂၁ မှာ တော်လှန်ရေး ပြန်ဖြစ်တယ်။ ၈၈ မှာ မအောင်မြင်ခဲ့တဲ့ တိုက်ပွဲကို ဒီကနေ့ ဆက်တိုက်နေရဆဲလို့ ပြောနိုင်ပါတယ်။

ဒါပေမယ့် ဒီတော်လှန်ရေး နှစ်ရပ်ကြားမှာ သမိုင်းခေတ်တွေ ခြားခဲ့ပြီ။ ၈၈ မှာ မမွေးသေးတဲ့ မျိုးဆက်အနေနဲ့ ၈၈ တော်လှန်ရေးကို နားလည်ဖို့ ခဲယဉ်းပါတယ်။ historical memory ဆိုတာ သိစိတ်ရှိရှိ လက်ဆင့်ကမ်း သယ်ဆောင်ရတာမျိုး ဖြစ်ပါတယ်။ အလုပ်သမား လူတန်းစားရဲ့ တော်လှန်ရေး ပါတီဟာ ဒီတာဝန်ကို ထမ်းဆောင်ရပါတယ်။ အဲသလို ထမ်းဆောင်နိုင်တဲ့ ပါတီမျိုး အလုပ်သမား လူတန်းစားမှာ မရှိဘူးဆိုရင် အလုပ်သမား လူတန်းစားဟာ တိုက်ပွဲထဲရောက်မှ trial and error နည်းနဲ့ သင်ယူရတာမျိုး ဖြစ်သွားမယ်။

သူရိန်မွန်



# အင်ဒိုနီးရှားမှာ တော်လှန်ရေး ဘီးကြီး လည်ပတ်ခဲ့ပြီ

တပတ်အတွင်းမှာပဲ ဟိုတကွက် ဒီတကွက် ပုန်ကန်တဲ့ ဆန္ဒပြပွဲတွေကနေ နိုင်ငံတခွင်လုံး တော်လှန်အုံကြွမှုအဖြစ် ပြောင်းလဲသွားခဲ့ပြီး။ ရပ်တန့်မယ့် အရိပ်လက္ခဏာလည်း မပြပါဘူး။ ဒီအုံကြွမှုက အစိုးရ အဆောက်အအုံတွေနဲ့ ရဲစခန်းတွေကိုပဲ ဖြိုချပစ်လိုက်တာ မဟုတ်ဘူး၊ ပြည်သူ လူထုကို နှောင်တည်းထားသော မိန်းမောကျ အခြေအနေကိုပါ ရိုက်ချိုးပစ်လိုက်တယ်။ တော်လှန်ရေးတခု အစပြုလိုက်ပြီ။

Louis XVI: "ပုန်ကန်မှု ဖြစ်နေတာလား။"

La Rochefoucauld: "မဟုတ်ပါဘူး၊ အရှင်မင်းကြီး။ ဒါဟာ တော်လှန်ရေးပါ။"

လွှတ်တော်အဆောက်အအုံတွေ၊ အစိုးရ ရုံးတွေနဲ့ အထူးသဖြင့် ရဲစခန်းတွေ လောင်ကျွမ်းနေတဲ့ မြင်ကွင်းဟာ မီဒီယာတွေပေါ် လွှမ်းမိုးသွားခဲ့တယ်။ ဒါပေမဲ့ အသိသာဆုံးကတော့ သန်းပေါင်းများစွာသော ဆန္ဒပြသူတွေဆီကနေ တိုက်ရိုက်ထုတ်လွှင့်မှုတွေဖြစ်ပြီး၊ ဒီမြင်ကွင်းတွေက လက်ရှိအချိန်ရဲ့ တော်လှန်ရေး စိတ်ဓာတ်ကို အမှန်တကယ် ဖော်ပြနေပါတယ်။ ဒီပုံရိပ်တွေဟာ <u>၁၉၉၈-၉၉ တော်လှန်ရေး ကာလ</u> မြင်ကွင်းတွေကို အမှတ်ရစေတယ်။

ပြည်သူတွေ ပထမဆုံး မီးရှို့ဖျက်ဆီးခဲ့တဲ့ ပြည်နယ်လွှတ်တော် အဆောက်အအုံဟာ Makassar မြို့က ဖြစ်ပါတယ်။ ဒါဟာ ရဲတွေက အသက် ၂၁ နှစ်အရွယ် မော်တော်ဆိုင်ကယ် အငှါးမောင်းသူ Affan Kurniawan ကို သတ်ပစ်လိုက်ပြီး နောက်တရက်မှာ ဖြစ်ပွားခဲ့တာပါ။ အလားတူ ဖြစ်ရပ်တွေဟာ Tegal, Solo, Surakarta, Bandung နဲ့ West Nusa Tenggara တို့မှာလည်း ဆက်တိုက်ဆိုသလို ဖြစ်ပွားခဲ့ပါတယ်။ Pekalongan မြို့မှာတော့ သေဆုံးသူ Affan Kurniawan အတွက် ပန်းကလေးတွေ လာချပြီး ဝမ်းနည်းခြင်း အထိမ်းအမှတ်ပွဲတခုအဖြစ် ငြိမ်းငြိမ်းချမ်းချမ်း စခဲ့တယ်၊ ဒါပေမယ့် အမျက်ခြောင်းခြောင်းထွက်နေတဲ့ လူထုရဲ့ ဒေါသတွေ ပေါက်ကွဲလာပြီး <u>အရှိန်အဟုန်ပြင်းတဲ့ မီးတောက်ကြီးအဖြစ်</u> ချက်ချင်းဆိုသလို ပြောင်းလဲသွားခဲ့တယ်။

အစောပိုင်းရက်တွေတုန်းက ဆန္ဒပြသူတွေကို ပြင်းပြင်းထန်ထန် နှိမ်နင်းခဲ့တဲ့ ရဲတပ်ဖွဲ့ဝင်တွေဟာ အခုတော့ ကပျာကယာ ဆုတ်ခွါနေကြရပါပြီ။




Image: Nafisathallah, Wikimedia Commons

နေ့တိုင်းလိုလို ဆန္ဒပြမှုတွေနဲ့ တင်းမာမှုတွေ ပိုများလာတာကြောင့် စာရင်းက ရှည်သထက် ရှည်လာနေပါတယ်။ ဒီစာကို ရေးသားနေချိန်မှာတောင် လူထုက Brebes, Pekalongan, Cilacap နဲ့ Kediri တို့ကို အုံကြွမှု စာရင်းထဲ ထပ်ပေါင်းလိုက်ပါပြီ။ ဖြစ်ပေါ် ပြောင်း-လဲမှုတွေက တဟုန်ထိုး မြန်ဆန်လွန်းလို့ အမီလိုက်နိုင်ဖို့တောင် အတော် ခဲယဉ်းတယ်။ ဒါကိုက တော်လှန်-ရေးရဲ့ အနှစ်သာရပဲ။

ရာနဲ့ချီတဲ့ ရဲစခန်းတွေကို မွှေနှောက် ဖျက်ဆီးပြီး မီးတင် ရှို့လိုက်ကြတယ်။ အစောပိုင်း ရက်တွေတုန်းက ဆန္ဒပြသူတွေကို ပြင်းပြင်းထန်ထန် နှိမ်နင်းခဲ့တဲ့ ရဲတပ်ဖွဲ့ဝင်တွေဟာ အခုတော့ ကပြာကယာ ဆုတ်ခွါနေကြရပြီ။ သူတို့ဟာ လူငယ်တွေနဲ့ ရင်ဆိုင်ရချိန်မှာ 'သတ္တိ' အပြည့်နဲ့ ရက်စက်ပြခဲ့ကြတယ်။ ဒါပေမဲ့ အခုတော့ အလွှာပေါင်းစုံက အလုပ်သမားထုကြီး ဝင်ရောက်လာပြီး ရဲတပ်ဖွဲ့ကို စီးထားလိုက်တဲ့အခါ ရုတ်တရက် ချောင်ပိတ်မိသွားပြီး အမဲလိုက်ခံလိုက်ရတယ်။ အချို့ မြို့တွေမှာဆိုရင် သူတို့ လုံးဝ ပျောက်ကွယ်သွားတယ်။

ထိန်းချုပ်မရအောင် လှိုင်းထလာတဲ့ လူထုရဲ့ ဒေါသကို ချွေးသိပ်ပေးဖို့ အစိုးရက Affan Kurniawan ကို သတ်ဖြတ်ခဲ့တဲ့ ရဲအရာရှိတွေကို စုံစမ်းစစ်ဆေးပြီး အရေးယူမယ်လို့ ကတိပေးခဲ့ပါတယ်။ သမ္မတ Prabowo က အာဖန် မိသားစုဆီ သွားရောက် တွေ့ဆုံ၊ ပွေ့ဖက်ပြပြီး အင်ဒို ရူပီယာ သန်း ၂၀၀ နဲ့ အိမ်တလုံး လက်ဆောင်ပေးရင်း မီဒီယာတွေမှာ ပွဲခံသွားတယ်။ ဒီလိုတွေ လုပ်ပြပြီး ပေါက်ကွဲထွက်လာတဲ့ အခြေအနေကို ထိန်းသိမ်းဖို့ ကြိုးပမ်းခဲ့တယ်။ ဒါပေမယ့် Affan ရဲ့ ဖခင်ကတော့ ဒီလက်ဆောင်တွေက သူ့ရဲ့ ပူဆွေး ဝမ်းနည်းမှုကို မဖြေဖျောက်နိုင်ဘူးလို့ ပြောခဲ့ပါတယ်။ “ဘီလီယံနဲ့ချီတဲ့ ပိုက်ဆံတွေက ကျွန်တော့်သားကို အစားမထိုးနိုင်ဘူး" လို့ ပြောခဲ့ပါတယ်။ ပြည်သူတွေလည်း ဒီအတိုင်း ထပ်တူ ခံယူထားကြတယ်။

နောက်ဆုံးမှာတော့ ရဲအရာရှိ (၇) ဦးကို **ရဲစခန်းအတွင်း သီးသန့်ဖမ်းဆီးချုပ်နှောင်ထားခြင်း** လို့ခေါ်တဲ့ **ရက် ၂၀ အထူးပြစ်ဒဏ်** ချမှတ်ခဲ့ပါတယ်။ ဒါဟာ သူတို့ ထောင်ထဲရောက်မှာ မဟုတ်ဘဲ ရဲစခန်းမှာပဲ ထိန်းသိမ်းခံရမှာပါ။ ဒီပြစ်ဒဏ်ဟာ အထက်တန်းကျောင်းက ကျောင်း-သားတဦးကို အပြစ်ပေးတာနဲ့ သိပ်မကွာလှပါဘူး။ တရားမျှတမှုကို ဒီလို ပြက်ရယ်ပြုခြင်းကြောင့် ပြည်သူတွေ ခံပြင်း ဒေါသထွက်ခဲ့ရတယ်။

နိုင်ငံတဝှမ်းက လမ်းမတွေပေါ်မှာ တိုက်ပွဲမီးတွေ တောက်လောင်နေချိန်မှာ မီဒီယာတွေကတော့ သံသယ တရားခံတွေရဲ့ တရားခွင်ကိုသာ ကင်မရာမှန်ဘီလူးနဲ့ ချဲ့ကြည့်နေကြတယ်။ ဒါဟာ တရားမျှတမှု ရရှိနေပြီလို့ ဆန္ဒပြသူတွေရဲ့ နှလုံးသားကို ဖျားယောင်းသိမ်းသွင်းဖို့ ကြိုးစားခြင်းဖြစ်ပါတယ်။ ဒါပေမယ့် ရက်လွန် အပုပ်အသိုးတွေ လာကျွေးနေမှန်း အားလုံးက ချက်ချင်း သိလိုက်ကြတယ်။

စနစ်တခုလုံးကို မကျေမချမ်း ဖြစ်နေတဲ့ လူထုဒေါသတွေဟာ လွှတ်တော်ဆီ တည့်တည့်ကြီး ဦးတည်သွားတယ်။ လွှတ်တော် ဆိုတာ မဲဆန္ဒရှင် ပြည်သူတွေနဲ့ ထိတွေ့ဆက်ဆံမှု အများဆုံး နိုင်ငံရေး အင်စတီကျူးရှင်းဖြစ်တယ်။ အဲဒီလို အင်စတီကျူးရှင်းရဲ့ ပုပ်သိုးနေမှုကို လွှတ်တော် အမတ်တွေကိုယ်တိုင် နေ့စဉ်နဲ့အမျှ အရှက်မရှိ ထုတ်ဖော် ပြသနေကြတယ်။ ပြီးခဲ့တဲ့ စနေညက နေရှင်နယ် ဒီမိုကရက်တစ် ပါတီက လူမုန်းများနေတဲ့ လွှတ်တော် အမတ် Ahmad Sahroni ရဲ့ နေအိမ်ကို

တိုက်ခိုက်ဖျက်ဆီးပြီး ပစ္စည်းတွေကို လုယက်သွားကြတယ်။ သူ့ရဲ့ ဒေါ်လာ ၆ သိန်းတန် Richard Mille နာရီအပါအဝင် ဇိမ်ခံပစ္စည်းတွေကို သယ်ယူသွားတဲ့ မြင်ကွင်းတွေကို တိုက်ရိုက် ထုတ်လွှင့်ထားတဲ့ ဗီဒီယိုတွေမှာ တွေ့ခဲ့ရတယ်။ ဒီမတိုင်ခင်က သူဟာ လွှတ်တော်ဖျက်သိမ်းဖို့ တောင်းဆိုတဲ့ ဆန္ဒပြသူတွေကို **"ကမ္ဘာပေါ်မှာ အမိုက်မဲဆုံးသူတွေ"** လို့ မိုက်မိုက်ရိုင်းရိုင်းနဲ့ ရန်စပြောဆိုခဲ့ရာ၊ ဒီလုပ်ရပ်ရဲ့ အကျိုးဆက်ကို ခံစားခဲ့ရတာပဲ ဖြစ်ပါတယ်။ Sahroni တယောက် ပြည်သူတွေရဲ့ ဒေါသအမျက်ကို ကြောက်ပြီး စင်္ကာပူကို ထွက်ပြေးခဲ့ရတယ်။

Sahroni ရဲ့ အဖြစ်အပျက်ဟာ မကြာမီ မိမိအလှည့် ရောက်လာတော့မယ်လို့ ကြောက်ရွံ့ လာတာကြောင့် အခြား ရွံ့မုန်းခံရတဲ့ နောက်လွှတ်တော်အမတ် Eko Patrio ဟာ ဆန္ဒပြသူတွေကို ရန်စခဲ့ဖူးတဲ့ သူ့စကားတွေအတွက် မျက်ရည်ကျလုမတတ် ဗီဒီယို တောင်းပန်ချက် တခုကို သုတ်သီးသုတ်ပျာ ထ တင်တယ်။ ဒါပေမယ့်လည်း ဒီတောင်းပန်မှုဟာ အလုပ် မဖြစ်ခဲ့ဘူး။ "ဒီလို တောင်းပန်တာတွေဟာ ဟန်ပြ သက်သက်ပဲ၊ သူ့အိမ်ကို ဒိုးကြစို့" လို့ ကွန်းမန့်တခုက ဆိုပါတယ်။ မကြာခင် နာရီပိုင်းအတွင်းမှာပဲ သူ့အိမ်လည်း ဝင်စီးလိုက်ကြတယ်။ မကြာမီမှာပဲ နောက်ထပ် လွှတ်တော်အမတ် Uya Kuya ရဲ့ နေအိမ်လည်း အလားတူ ကံကြမ္မာမျိုး ကြုံတွေ့ခဲ့ရတယ်။



ဒီစာကို ရေးသားနေချိန်မှာပဲ မုန်းတီးခံရတဲ့ နိုင်ငံရေးသမား အုပ်စုထဲက နောက်ထပ် ဇိမ်ခံအိမ်တလုံးကို စီးနင်းပြီး ပစ္စည်းတွေ ဝင်လုနေကြပြီ။ ဒီတခါတော့ အင်ဒိုနီးရှားပြည်သူတွေကို လည်ပင်းညှစ်ခဲ့တဲ့ အတင်းအကျပ် ခြိုးခြံချွေတာရေး မူဝါဒကို အဓိက ပုံဖော်သူ ဗိသုကာဖြစ်တဲ့ ဘဏ္ဍာရေးဝန်ကြီး Sri Mulyani ရဲ့ အိမ် ဖြစ်ပါတယ်။ ဘယ်သူမှ လူထုရဲ့ မွန်မြတ်တဲ့ လက်စားချေမှုကနေ ထွက်ပြေး လွတ်မြောက်နိုင်တော့မှာ မဟုတ်ဘူး။

မီဒီယာနဲ့ အစိုးရကတော့ ဆန္ဒပြသူတွေကို မင်းမဲ့ဝါဒီတွေနဲ့ ဆူပူသောင်းကြမ်းသူတွေအဖြစ် ပုံဖော်ဖို့ ကြိုးစားခဲ့တယ်။ ဒါပေမဲ့ ကျွန်တော်တို့အနေနဲ့ ဒီလုယက်မှုတွေကို 'ဖြူစင်တဲ့' တော်လှန်ရေးကို ညစ်ထေးစေသော ကိုယ်ကျင့်တရား ပျက်ယွင်းမှုများအဖြစ် ရှုတ်ချမယ်ဆိုရင် မှားလိမ့်မယ်။ လူထုအတွက်တော့ ဒါဟာ အကျင့်ပျက် နိုင်ငံရေးသမားတွေ မတရား ရယူ ထားတဲ့ စည်းစိမ်တွေကို ပြန်သိမ်းယူတဲ့ သဘောပဲ။

လက်တွေ့မှာ လက်ဝဲသမား တချို့က ဆန္ဒပြသူတွေကို တခြား ပြည်သူတွေရဲ့ ပစ္စည်းတွေကို လုယက်တာမျိုး မလုပ်ဖို့ တိုက်တွန်းနေကြတယ်။ ၁၉၉၈ ခုနှစ် မေလက Suharto ကို ဖြုတ်ချခဲ့တဲ့ တော်လှန်ရေးမှာ အဓိကရုဏ်းနဲ့ လုယက်မှုတွေ ရှိခဲ့ဖူးတယ်၊ အခုတချီ အဲဒါမျိုး ထပ်မဖြစ်အောင် ကြိုသတိပေးတဲ့ သဘော။ ဒါပေမယ့် ဒီလို ကိုယ်ကျင့်တရားရှုထောင့်အရ ယေဘုယျဆန်ဆန် ဟောပြောမှုမျိုးက ဘူဇွာ လူတန်းစားရဲ့ အထင်အမြင်ကို အညွှံခံ လိုက်နာရာက ထွက်ပေါ်လာခြင်း ဖြစ်တယ်။ ဒီလုယက်မှုတွေကို အစိုးရနဲ့ မီဒီယာက ရှုတ်ချတိုင်း ကျနော်တို့က အဆတထောင် ပိုကျယ်လောင်တဲ့ အသံနဲ့ အခုလို ပြောရလိမ့်မယ် - "တကယ့် အကြီးစား ဓားပြတွေက လွှတ်တော်၊ သမ္မတအိမ်တော်နဲ့ ဒီနိုင်ငံရေးသမားတွေ သစ္စာခံနေတဲ့ ကုမ္ပဏီကြီးတွေက ဒါရိုက်တာ ဘုတ်အဖွဲ့ စည်းဝေးခန်းထဲ ထိုင်နေကြသူ အားလုံးပဲ"။

---

စနစ်တခုလုံးကို မကျေမချမ်း ဖြစ်နေတဲ့ လူထုဒေါသတွေဟာ လွှတ်တော်ဆီ တည့်တည့်ကြီး ဦးတည်သွားတယ်။

---

အနောက်ဂျာဗား ဒေသလွှတ်တော်ရုံးရှေ့က ဆန္ဒပြပြည်သူတွေ
Image - Mori505 - Own work, CC BY 4.0

လွှတ်တော်အမတ်တွေအပေါ် ထားတဲ့ အမုန်းတရားဟာ အရမ်း ပြင်းထန်တာကြောင့် သူတို့ထဲက ဘယ်တဦးတယောက်မှ ဆန္ဒပြလှုပ်ရှားမှုနဲ့ တိုက်ရိုက် ရင်မဆိုင်ရဲဘူး။ ပြည်သူတွေရဲ့ ဆင်းရဲဒုက္ခတွေကို နားထောင်ပေးမယ်လို့ ကတိပြုထားတဲ့ လူမှုကွန်ရက် စာမျက်နှာပေါ်က ထုတ်ပြန်ချက်တွေ၊ မဆုံးနိုင်တဲ့ သတင်း ထုတ်ပြန်ချက်တွေ ရှိသော်ငြား သူတို့ လူထုရှေ့ ထွက်မလာရဲဘူး။ အမှန်ပဲ၊ သူတို့သာ လူပုံအလယ် ပေါ်လာခဲ့ရင် တစစီ ဖြစ်သွားမှာပဲ။ သူတို့ ထွက်သမျှ စကားတိုင်း အဓိပ္ပာယ်မဲ့နေမှာဖြစ်ပြီး အခြေအနေကို ပိုဆိုးစေမှာပါ။ အတိတ်တုန်းကတော့ ဆန္ဒပြပွဲတခုခု ဖြစ်ပြီဆိုရင် အစိုးရက အင်ဒိုနီးရှား ဒီမိုကရေစီရေး တိုက်ပွဲ ပါတီ (PDI-P) က နာမည်ကြီး လွှတ်တော် အမတ်တချို့ကို ဆန္ဒပြသူတွေနဲ့ တွေ့ဆုံဆွေးနွေးဖို့ စေလွှတ်လေ့ရှိတယ်။ ဒါပေမဲ့ ဒီအချိန်မှာ အဲဒီလိုလုပ်ဖို့တောင် မဖြစ်နိုင်တော့ဘူး။

## တော်လှန်ရေးဆိုတာဘာလဲ အခု ဘယ်အဆင့် ရောက်နေသလဲ

တော်လှန်ရေးတခု ဖြစ်ပွားနေတာကို ကျနော်တို့ မြင်တွေ့နေရခြင်း ဖြစ်တယ်။ ဒီတော်လှန်ရေးဟာ သက်ရှိသစ်ပင်ကြီးလိုပဲ သစ်ရွက်စိမ်းတွေ တဖျတ်ဖျတ်နဲ့ ဝေဆာလာနေပါတယ်။ လူထုကလည်း ဒါကို သိရှိနားလည်နေကြပြီး အထူးသဖြင့် လူငယ်တွေဆီက တော်လှန်ရေးဟစ်ကြွေးသံတွေ ဒီဆန္ဒပြပွဲတွေမှာ ကျယ်ကျယ်လောင်လောင် ကြားလာရတယ်။ ထရော့စကီး ပြောခဲ့သလိုပဲ တော်လှန်ရေးဆိုတာ "လူထုက သူတို့ ကြမ္မာ သူတို့ ဖန်တီးဖို့ အာဏာပိုင် လောကထဲ အင်တိုက်အားတိုက် ဝင်ရောက်လာခြင်း" ဖြစ်တယ်။ ဒီဖြစ်စဉ်ဟာ အင်တိုက်အားတိုက် ဖြစ်မှာပဲ၊ တခြား နည်းလမ်း မရှိနိုင်ဘူး။ ၁၉၉၈ ခုနှစ် တော်လှန်ရေး နောက်ပိုင်း ဒီလောက် အင်အားကြီးမားတဲ့ လူထု လှုပ်ရှားမှုမျိုး အခုမှ ပြန်တွေ့ရတာပဲ။

ဒီအုံကြွမှုကြောင့် အစိုးရရဲ့ ကြိုတင် တွက်ချက်မှုအားလုံးကို ချက်ချင်း စွန့်ပယ်လိုက်ရတယ်။ ဒါကြောင့် အစိုးရအနေနဲ့ အခု လှုပ်ရှားမှုကို သူတို့ရဲ့ ပုံမှန် နည်းဗျူဟာတွေနဲ့ နှိမ်နင်းဖို့ ခက်ခဲနေရတာပါ။ ၂၀၂၅ ခုနှစ်မှာ ဖြစ်ခဲ့တဲ့ Indonesia Gelap ('အမှောင်ကျနေသော အင်ဒိုနီးရှား')၊ ၂၀၂၄ ခုနှစ်က Peringatan Darurat ('အရေးပေါ် နှိုးဆော်သံ')၊ ဒါမှမဟုတ် ၂၀၁၉ ခုနှစ်က Reformasi Dikorupsi ('ခြစားခံနေရတဲ့ ပြုပြင်ပြောင်းလဲရေး')၊ အစရှိတဲ့ လူထု လှုပ်ရှားမှု အသေးလေးတွေကို နှိမ်နင်းခဲ့သလို လုပ်လို့ မရတော့ဘူး။ အဲဒီလှုပ်ရှားမှုတွေ အားလုံးဟာ အခု လက်ရှိလှုပ်ရှားမှုနဲ့ ယှဉ်လိုက်ရင် ဘာမျှ မပြောပလောက်တော့။

တော်လှန်ရေးတခု ထဖြစ်တိုင်း လူထုက သူတို့ ခေါင်းဆောင်တွေနဲ့ ဝါရင့်သမ္ဘာရင့် တက်ကြွလှုပ်ရှားသူတွေထက် ပိုပြီး ပြတ်ပြတ်သားသား တော်လှန်ကြတာ အမြဲလိုလို တွေ့ရတယ်။

ဒါ့ကြောင့် ဒီတော်လှန်ရေး လှုပ်ရှားမှု ဖြစ်လာတဲ့အခါ လက်ဝဲသမားအများစု ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ ဖြစ်ကုန်တယ်။ လူငယ်တွေက "Bubarkan DPR" "ပြည်သူ့လွှတ်တော်ကို ဖျက်သိမ်းပစ်" လို့ ကြွေးကြော်လိုက်တဲ့အခါ အစပိုင်းမှာ သူတို့တွေ တော်တော် တုန်လှုပ်သွားခဲ့တယ်။ သူတို့က ဒီတောင်းဆိုချက်ကို "အစွန်းရောက် လက်ဝဲဝါဒ" လို့ သမုတ်ခဲ့ကြတယ်။ "လွှတ်တော်ကို ဖျက်လိုက်ရင် ဘာနဲ့ အစားထိုးမှာလဲ၊ ဒီလိုလုပ်လိုက်ရင် သမ္မတကို အာဏာရှင်ဖြစ်အောင် လမ်းဖွင့်ပေးသလို မဖြစ်နိုင်ဘူးလား"၊ "လွှတ်တော်ကို ဖျက်သိမ်းဖို့ တောင်းဆိုတာဟာ ယုတ္တိမရှိဘူး။ ရွေးကောက်ပွဲအသစ်လုပ်ပေးဖို့သာ တောင်းဆိုသင့်တယ်" စသဖြင့် သူတို့ ပြောကြပါတယ်။ ဒီလက်ဝဲသမားတွေက အစိုးရနဲ့ တသံတည်း ဟစ်နေပါရော့လား။

တော်လှန်ရေးတခု ထဖြစ်တိုင်း လူထုက သူတို့ ခေါင်းဆောင်တွေနဲ့ ဝါရင့်သမ္ဘာရင့် တက်ကြွလှုပ်ရှားသူတွေထက် ပိုပြီး ပြတ်ပြတ်သားသား တော်လှန်ကြတာ အမြဲလိုလို တွေ့ရတယ်။ ဝါရင့် သမ္ဘာရင့် တက်ကြွလှုပ်ရှားသူတွေ ဆိုတာ သူတို့ ထိန်းချုပ်လို့ ရနိုင်တဲ့ တိုက်ပွဲ အသေးလေးတွေနဲ့ပဲ အသားကျလာတဲ့ သူတွေ။ ဒါပေမဲ့ ထိန်းလို့မနိုင်တဲ့ လှုပ်ရှားမှုမျိုးနဲ့ ရင်ဆိုင်ရတဲ့အခါ ဒီလို လက်ဝဲ တက်ကြွလှုပ်ရှားသူတွေ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်ကုန်တယ်။ ထိန်းမနိုင် သိမ်းမနိုင် လှုပ်ရှားမှုမျိုးဆိုတာ တော်လှန်ရေးရဲ့ ဝိသေသတခုပဲ၊ အထူးသဖြင့် တော်လှန်ရေး ပထမအဆင့်မှာ ဒီလို ဝရုန်းသုန်းကား အခြေအနေတွေ ကြုံရစမြဲ။

ဒီအကျင့်ပျက်ခြစားနေတဲ့ အင်စတီကျူးရှင်းကြီးဟာ လူထုကို ဒုက္ခပေးရုံသက်သက်က လွဲပြီး ဘာတခုမှ ကောင်းကျိုး မပေးဘူးဆိုတာ လူထုက သိပြီးသား။ 'လွှတ်တော် ဖျက်သိမ်းရေး' ကြွေးကြော်သံကို ကြည့်ရင် လူထုဟာ ဘယ်လောက်တောင် ဒေါသူပုန်ထ ပေါက်ကွဲနေလဲဆိုတာ သိနိုင်တယ်။ အခုတော်လှန်ရေးဟာ အဲဒီဆုံချက်မှာ လာပေါင်းတာ။ လာပေါင်းတဲ့ အင်အားတွေကလည်း တိုးပွားနေတုန်းပဲ။ ဆုံချက်ဖြစ်နေတဲ့ အဲဒီကြွေးကြော်သံကိုလည်း တိုက်ပွဲဆင်နွှဲရင်း မှတ်ကျောက်တင်ကြည့်သွားမှာပဲ။

တောင်းဆိုချက်တွေ၊ ကြွေးကြော်သံတွေ ဆိုတာ ချက်ချင်း အကောင်အထည်ဖော်လို့ ရနိုင်တဲ့ ရည်မှန်းချက်တွေကို ချရေးထားတဲ့ စာရင်းတခု မဟုတ်ဘူး။ ဝါရင့်သမ္ဘာရင့် တက်ကြွလှုပ်ရှားသူတွေနဲ့ အလုပ်သမားသမဂ္ဂ ခေါင်းဆောင်ပိုင်း ဗျူရိုကရက်တွေက 'ကြောင်း-ကျိုးသင့်တယ်' လို့ သူတို့ ထင်တဲ့ တောင်းဆိုချက်တွေလောက်ပဲ ဖော်ထုတ်ဖို့ တသက်လုံး လုပ်လာတဲ့သူတွေ။ သာမန် အခြေအနေမှာ ကိုယ့်ဘက်က အင်အား အချိုးအစားလဲ အလေးသာနေမယ်ဆိုရင် အရင်းရှင်တွေဘက်က လိုက်လျောပေးနိုင်တဲ့ အချက်တွေလောက်ကိုပဲ ဖြစ်သင့်ဖြစ်ထိုက်သော တောင်းဆိုချက်တွေလို့ သူတို့ယူဆတယ်။ ဒါပေမဲ့ တော်လှန်ရေးဆိုတာကျ တည်ငြိမ်နေတဲ့ အဲဒီကာလနဲ့ လားလားမျှ မဆိုင်တော့။ မျက်နှာပြင်အောက်မှာ ကာလကြာရှည် ဖြည်းဖြည်း ပြောင်းလဲနေရာကနေ ရုတ်တရက် အပြင်းအထန် ဦးစောက် ပြောင်းပြန်လန်သွားတာမျိုး။ ဒါကိုပဲ Molecular process of revolution လို့ဆိုတာ။

ဒါ့ကြောင့် လက်ဝဲသမားဆိုသူတွေမှာ တည်ငြိမ်နေတဲ့ ကာလနဲ့ အသားကျနေတော့ 'လွှတ်တော် ဖျက်သိမ်းရေး'ကို လူထုက ထုတ်ဖော် ကြွေးကြော်လာတဲ့အခါကြံရာမရ ဖြစ်ကုန်တော့တာပဲ။ အဲဒီ လက်ဝဲသမား ဆိုသူတွေဟာ တော်လှန်ရေးကို ဘယ်တုန်းကမှ လက်ခံခဲ့တာမဟုတ်ဘူး။

တော်လှန်ရေးဆိုတာ တခန်းရပ် ပြဇာတ်မဟုတ်။ လူထုဟာ သူတို့အကြောင်း ကောင်းကောင်းသိသွားအောင် အုပ်စိုးသူ လူတန်းစားကို ဖွဲခြောက်လာနိုင်တာနဲ့အမျှ သူတို့ရဲ့ အာဏာပါဝါကို သဘောပေါက်သွားကြပြီလေ။ သူတို့ အာဏာပါဝါကို အရှိအတိုင်း နားလည်သဘောပေါက်သွားတာနဲ့အမျှ ပိုပြီးလဲ သတ္တိကောင်းလာကြတယ်။ အဲဒါက အလုပ်သမား လူတန်းစားထဲက အလွှာသစ်တွေကို အတုယူ အားကျစေပြီး တိုက်ပွဲထဲပါဝင်လာစေတယ်။ အဲဒီနောက်မှာတော့ တိုက်ပွဲထဲကို တလွှာပြီးတလွှာ ဆွဲသွင်းပြီး ဖြစ်စဉ်ကြီးဟာ တရစ်ပြီးတရစ် မြင့်တက်သွားတော့တယ်။ အချိန် တနာရီပြီး



Image - Meniirtjakarintan - Own work, CC BY-SA 4.0,

တနာရီ အကုန်မှာ အရှိန်ရပြီးရင်း ရလာတယ်။ သူတို့ရဲ့ စိတ်ဆန္ဒတွေကို ကာလအတန်ကြာ တုပ်နှောင်ထားခဲ့တဲ့ အနှောင်အဖွဲ့တွေကို ဖြတ်တောက်လိုက်ကြတယ်။ အဲဒီလို တွေ့ရှိသွားတဲ့ စွမ်းအားအသစ်က အဆီးအတားမရှိ ပရမ်းပတာ တရကြမ်း ပေါက်ကွဲထွက်ကုန်တာ မဆန်းပါဘူး။ အဲဒီစွမ်းအားက လူ့အဖွဲ့အစည်းရဲ့ အောက်ခြေဖောင်ဒေးရှင်းကြီး တခုလုံးကို ကိုင်လှုပ်ပစ်နိုင်တဲ့အထိ အားကြီးပါတယ်။ ဒါဟာ လက်တွေ့ တော်လှန်ရေးပဲ။

ရက်သတ္တပတ်ကျော်ကြာအောင် နေ့ရောညပါ ဆန္ဒပြတာတွေ၊ ရဲစခန်းနဲ့ ပြည်နယ် လွှတ်တော် အဆောက်အဦးတွေကို မီးတင်ရှို့တာတွေ လုပ်ကြည့်လို့ပြီးတော့ ဒါတွေလုပ်နေရုံနဲ့ မရတော့ဘူးဆိုတာ လူထုက သိလာမှာပဲ။ ဒါတွေ လုပ်နေတာဟာ လူထုဘက်က ဘယ့်လောက် ပြင်းထန်လေးနက်ကြောင်း အုပ်စိုးသူ လူတန်းစား သိအောင် လုပ်ဖို့၊ သူတို့ ဘယ်လောက် အင်အားကောင်းတယ်ဆိုတာ ချပြဖို့ လုံလောက်ကောင်း လုံလောက်လိမ့်မယ်။ သူတို့ဘဝတွေနဲ့ လူ့အဖွဲ့အစည်းကို အခြေခံကျကျ ပြောင်းလဲပစ်ရေး ဆိုတဲ့ အန္တိမ ပန်းတိုင် ရောက်ဖို့ကျ ဒီလောက်နဲ့ မရတော့ဘူး။

လူထုဟာ ဒါကို ဘယ်လောက်ကြာမှ သင်ခန်းစာ ယူနိုင်မယ်ဆိုတာကျ အကြောင်းအချက် အများကြီး အပေါ် မူတည်တယ်။ အထူးသဖြင့် သူတို့မှာ အရည်အချင်းရှိတဲ့ ခေါင်းဆောင်မှုရှိထားလား ဆိုတဲ့အချက်။ ခေါင်းဆောင်မှုကောင်းကောင်း ရှိထားရင်တော့ မဖြစ်မနေ လိုအပ်တဲ့ နိဂုံးချုပ်ချက်တွေကို အချိန်တိုတိုနဲ့ ဆွဲယူနိုင်လိမ့်မယ်။ ဒါ့ကြောင့် ငါတို့ တော်လှန်ရေးသမားတွေက လူထု အသိစိတ်နဲ့ ဟပ်မိပြီး လူထု အသိစိတ်ကို ရှေ့ဆက် မြှင့်တင်ပေးနိုင်တဲ့ တောင်းဆိုချက်တွေ၊ လူထု မကျေနပ်ချက်တွေနဲ့ အချိတ်အဆက်မိတဲ့ အရေးဆိုချက်တွေ ဖော်ထုတ်ပေးရမယ်၊ ဒါ့အပြင် ဒီအရေးဆိုချက်တွေကို စည်းရုံးစုစည်းထားတဲ့ နိုင်ငံရေး ထုတ်ဖော်ချက်တွေဖြစ်အောင် ကြိုးပမ်းရမယ်။ ဒါပေမဲ့ လူထုရဲ့ အတွေ့အကြုံကနေ မြန်မြန်ဆန်ဆန် သင်ယူနိုင်စွမ်းကို ဘယ်တော့မှ လျှော့ မတွက်လိုက်လေနဲ့။ ဒီခုနှစ်ရက်အတွင်းမှာတင် တည်ငြိမ်နေတဲ့ ဆယ်နှစ်စာမက သင်ယူလိုက်ကြပြီ။

တော်လှန်ရေးမှု ခေါင်းဆောင်မှု မရှိတဲ့ ဒီတော်လှန်ရေးလဲ အရေးနိမ့်ပြီး သွေးချောင်းစီး အဆုံးသတ်သွားမှာပဲလို့ အခုချိန်မှာ ညည်းညူပြနေတဲ့ သတ္တိကြောင် လက်ဝဲတွေဟာ လှုပ်ရှားမှုထဲ မပါရဲလို့ ဆင်ခြေပေးနေတာပဲ။ ဒီလို ဆင်ခြေပေးပြီး ဘေးထွက်ထိုင်နေတဲ့ လက်ဝဲတွေဟာ ရာနှုန်းပြည့် အာမခံချက်ရှိသော၊ လွယ်ကူချောမွေ့သော တော်လှန်ရေးမျိုးကို တောင်းတနေတဲ့ အရူးတွေပဲ။ သူတို့ရဲ့ အဲဒီ 'ယထာဘူတအမြင်' ဆိုတာ သူတို့ရဲ့ အဆိုးမြင်စိတ်ကို ထင်ဟပ်ပြတာပဲ။ အဆိုးမြင်စိတ်ကိုမှ အလုံးစုံ ဖောက်ပြန်နေတဲ့ အဆိုးမြင်စိတ်။ လူထုကြီးမှာ အကောင်းမြင်ကြည့်စရာ အရေးတော်ပုံကြီး တရပ် ပထမဆုံးအကြိမ် တွေ့ရှိသွားပြီဆိုပါမှ၊ တော်လှန်ရေး အားမာန်အပြည့်နဲ့ အားသွန်ခွန်စိုက် နွှဲလိုက်ကြပြီဆိုပါမှ အချိန်ကိုက်ပေါ်လာတဲ့ အဆိုးမြင်စိတ်ပဲ။

တော်လှန်ရေးတရပ် စင်းလုံးချော ဖြစ်နေဖို့ဆိုတာ လုံးဝ မဖြစ်နိုင်တဲ့ ကိစ္စ။ အဆင့်ဆင့် ဖြစ်ထွန်းသွားမယ့် တော်လှန်ရေး ဖြစ်စဉ်အတွင်း ပါဝင်ဆင်နွှဲရေးဟာ ငါတို့ တာဝန်ပဲ။ ဆန္ဒပြပွဲနဲ့ သပိတ် အငယ်စားလေးတွေမှာ အချိန်ဇယားတွေ၊ ထောက်ပို့ပစ္စည်းတွေနဲ့ ကျကျနန ကြိုပြင်ပြီး လုပ်ခဲ့တဲ့ အကျင့်ဟောင်းတွေ လက်ဝဲတွေမှာ အမြစ်တွယ်နေပြီ။ အဲဒီအကျင့်ဟောင်းတွေက ရှင်သန်နေသော တော်လှန်ရေး လက်တွေ့နဲ့ ပွတ်တိုက်မှု ဖြစ်လာပြီ။ တော်လှန်ရေး တရပ်ကို ခေါက်ရိုးကျိုး သေတ္တာထဲ ဆွဲထည့်လို့ မရနိုင်ဘူးလေ။

အခုတော့ အစိုးရဟာ တော်လှန်ရေးကို ကန့်သတ်ထိန်းချုပ်နိုင်ဖို့ ရရာနည်းကိုသုံးပြီး ချော့ချည်တခါ ရိုက်ချည်တလှည့် လုပ်ဖို့ ပြင်နေပြီ။ လိုက်လျောပေးလွန်းရင်လည်း လူထုက အတင့်ရဲလာပြီး တိုးတောင်းလာမယ်၊ မထစ်တငေါ့ သွားလုပ်ရင်လည်း ပိုပြီး ဆူပူအုံကြွလာမယ် ဆိုတာကိုတော့ သတိကပ်နေတုန်းပဲ။

အခုထိ နှုတ်အားဖြင့် ဖျောင်းဖျနားချတာမျိုးတွေတော့ အများကြီး လုပ်ထားပြီးပြီ။ ဒါပေမဲ့ လူထုကို လည်မြိုညှစ်ထားတဲ့ အခွန်တွေအကုန် ဖျက်သိမ်းပေးတာမျိုးလို၊ Affan Kurniawan အတွက် တရားမျှတမှု ယူပေးတာမျိုးလို တကယ် လက်ဆုပ်လက်ကိုင်ပြစရာမျိုး



Juni Kriswanto/AFP/Getty Images

တကယ်လည်း တနင်္ဂနွေ (ဩဂုတ်လ ၃၁ရက်) မှာ လွှတ်တော် ကိုယ်စားလှယ်ကြီးတွေရဲ့ ထောက်ပံ့ကြေး ခံစားခွင့်တွေကို ရုတ်သိမ်းတော့မယ်လို့ အစိုးရက ကြေညာတော့ လူထုလှုပ်ရှားမှုကြီးက ရပ်မသွားခဲ့ဘူး။

တခုမှ လုပ်မပေးသေး။ တကယ်တမ်း အဲဒါတွေကို လိုက်လျောမှုပေးရင်တောင်မှ တော်လှန်ရေး ဒီရေကို တားလို့ ရချင်မှ ရမှာ။ အကျင့်ပျက်ခြစားနေတဲ့ လွှတ်တော်ကို ဖျက်သိမ်းပေးဖို့ တောင်းဆိုချက်က လူထုကြား အထိုင်ကျပြီးသား ဖြစ်နေပြီ။ တကယ်လည်း တနင်္ဂနွေ (ဩဂုတ်လ ၃၁ရက်) မှာ လွှတ်တော် ကိုယ်စားလှယ်ကြီးတွေရဲ့ ထောက်ပံ့ကြေး ခံစားခွင့်တွေကို ရုတ်သိမ်းတော့မယ်လို့ အစိုးရက ကြေညာတော့ လူထုလှုပ်ရှားမှုကြီးက ရပ်မသွားခဲ့ဘူး။

တချိန်တည်းမှာ အစိုးရဘက်က နှိမ်နင်းဖြိုခွဲတာတွေ တိုးပြီးလုပ်လာတယ်။ အစိုးရဟာ အဓိက မြို့ကြီးတွေနဲ့ မဟာဗျူဟာကျတဲ့ နေရာတွေကို တပ်ဖြန့်ချခိုင်းထား လိုက်တယ်။ ဒါပေမဲ့ စစ်တပ်ကို လွှတ်ပေးလိုက်တာရဲ့ တန်ပြန်အကျိုးဆက်ကို ခံစားရမှာပဲ။ New Order စစ်အစိုးရရဲ့ လုပ်ရပ်တွေဟာ လူထုရဲ့ မှတ်ဉာဏ်ထဲမှာ ပြက်ပြက်ထင်ထင်ရှိနေဆဲ ဖြစ်တယ်။

အင်ဒိုနီးရှား တော်လှန်ရေး အစပြုခဲ့ပြီ။ ကနဦး အဆင့်ကို နောက်ဆုံး အဆင့်နဲ့ မသဲကွဲဘူးဆိုရင် သေလောက်တဲ့ အမှားပဲ။ ဒါပေမယ့် တော်လှန်ရေး စထားပြီ ဆိုတာကို ဘယ်သူမှ မငြင်းနိုင်ဘူး။

သုံးရက်ဆက်တိုက်နီးပါး ဆန္ဒပြ သပိတ်မှောက်ပြီး တော့ တနင်္ဂနွေနေ့မှာ အမောပြေသဘော ခဏတဖြုတ် နားတယ်။ တချို့နေရာတွေမှာ ထိပ်တိုက်တွေ့မှု အနည်း အပါး ရှိခဲ့တယ်။ ဒါကို လူထု လှုပ်ရှားမှုက ရှေ့ဆက် မတိုးနိုင်တော့ဘူး၊ အရှိန် လျော့ကျသွားပြီလို့ ထင်ရင် တော့ မှားမယ်။ တော်လှန်ရေးက သက်ရှိဘဝလိုပဲ ရစ်သမ် ရှိတယ်။ 'ဘာတွေ ဖြစ်သွားလဲ'၊ 'သူတို့ဘက်က ဘာတွေ အောင်မြင်မှု ရလိုက်လဲ'၊ အရေးကြီးဆုံးက 'အစိုးရက ဘယ်လိုတွေ တုန့်ပြန်လဲ' ဆိုတာ လူထုက အချိန်ယူ ဆင်ခြင်သုံးသပ်နေတာ။ သူတို့ လုပ်ဆောင်ချက် တွေကနေ သင်ခန်းစာတွေ ထုတ်နုတ် ဆင်ခြင်နေတာ။ တကယ်တမ်း လာမယ့်ရက်တွေအတွင်း အဓိက မြို့ကြီး အများအပြားမှာ ဆန္ဒပြ သပိတ်မှောက်ကြဖို့ စီစဉ်ထား ပြီးသား။

## အလုပ်သမားလူတန်းစားရဲ့ အခန်းကဏ္ဍ

အလုပ်သမားထုက သူတို့ရဲ့ စွမ်းပကားကို လမ်းမ တွေထက် ထုတ်ပြခဲ့ပြီ။ သို့သော်လဲ အလုပ်သမား လူတန်းစားအနေနဲ့ ကုန်ထုတ် ပစ္စည်းတွေကို ထိန်းချုပ် နိုင်သော သူတို့ရဲ့ ပါဝါကို အသုံးချပြီး ထုသဘောဆောင် တဲ့ စုပေါင်း တိုက်ပွဲ မဆင်နွှဲရသေးဘူး။ လူထု သပိတ် ဆိုတဲ့ နောက်ဆုံး လက်နက်ကို အခုထိ ထုတ်မသုံးရသေး။ ဒါကြောင့် အခုချိန်မှာ အထွေထွေ သပိတ်ကြီး ပေါ်လာ အောင် အင်တိုက်အားတိုက် စည်းရုံးလှုံ့ဆော်ရမယ်။

အလုပ်သမား သမဂ္ဂ ခေါင်းဆောင်တွေဟာ ဦးဆောင် မှု မပေးနိုင်ရုံသာမက အစိုးရဘက်ကနေတောင် တက်တက်ကြွကြွ ရပ်တည်ခဲ့ကြတယ်။ အဲဒီသမဂ္ဂတွေ ဆီက အထွေထွေ သပိတ် ဆင်နွှဲဖို့ တပ်လှန့်သံ ထွက်ပေါ်လာမှာ မဟုတ်ဘူး။ တဖက်မှာ အလုပ်သမား သမဂ္ဂတွေက အလုပ်သမား လူတန်းစားရဲ့ အစိတ်အပိုင်း အနည်းငယ်ကိုသာ ကိုယ်စားပြုတယ်။ တကယ်တော့ အဲဒီ လူတန်းစား ရင်ကြားစေ့သမားတွေရဲ့ ညံ့ဖျင်းတဲ့ ခေါင်းဆောင်မှုအောက်မှာ အလုပ်သမား လှုပ်ရှားမှုဟာ အနိမ့်ဆုံးကို ရောက်ရှိခဲ့ပြီး အလုပ်သမား သမဂ္ဂ အဖွဲ့ဝင် ဦးရေဟာ ပြီးခဲ့တဲ့ ဆယ်နှစ်ကျော်အတွင်း ကျသွားခဲ့တယ်။ လူငယ်ထုကြားမှာ သူတို့ကို အထင်မကြီးတော့ဘူး။

ဒီမိုကရက်တစ်အမည်ခံ အဲဒီ အင်စတီကျူးရှင်းနဲ့ သမ္မတ အစိုးရဟာ အလုပ်သမားထုနဲ့ ဆင်းရဲသား ထုကို ဘယ်တုန်းကမှ ကိုယ်စားမပြုခဲ့ဘူး။ ကိုယ်စားမပြုတဲ့ အပြင် သူတို့ဟာ ငါတို့ ခံစားနေရတဲ့ ဆင်းရဲဒုက္ခ အပေါင်းရဲ့ တရားခံပဲ

တော်လှန်ရေး အဖြစ်အပျက်တွေဟာ တဟုန်ထိုး ပြောင်းလဲနေတယ်။ အဲဒီအပြောင်းအလဲကို အမီလိုက်နိုင်အောင် သွက်သွက်လက်လက် တုန့်ပြန်နိုင်မယ့်၊ ပြောင်း-လွယ် ပြင်လွယ်ရှိတဲ့ ဖွဲ့စည်းတည်ဆောက်ပုံ ရှိဖို့ လိုအပ်တယ်။ တဖက်မှာကျ အလုပ်သမား သမဂ္ဂတွေရဲ့ နှေးကွေးလေးကန်တဲ့ ဖွဲ့စည်းပုံက အင်မတန် မြန်ဆန်တဲ့ တော်လှန်ရေးရဲ့ နိုင်ငံရေး ဖြစ်စဉ်ကို ဖော်ထုတ်မပေးနိုင်ဘူး။ အကောင်းတကာ့ အကောင်းဆုံး အလုပ်သမား သမဂ္ဂဆိုရင်တောင် ဖော်ထုတ်ပေးနိုင်မှာ မဟုတ်ဘူး။ အင်ဒိုနီးရှားက အလွန် လက်ဝဲဆန်တဲ့ သမဂ္ဂတွေတောင် သွက်ချာပါဒ လိုက်နေပုံထောက်ရင် ဒီအချက်ဟာ ထင်ရှားပါတယ်။ ဘယ်သမဂ္ဂကမှ သပိတ်မှောက်ဖို့ မကြေညာဘူး။

အခုချိန်မှာ လူထု လှုပ်ရှားမှုကို ရပ်ကွက်၊ ကျောင်း၊ တက္ကသိုလ် စသဖြင့် နီးစပ်ရာချင်းဖြစ်ဖြစ်၊ လူမှု ကွန်ရက်တွေကနေဖြစ်ဖြစ် အလိုအလျောက်ပုံစံနဲ့ စုစည်းနေကြတယ်။ ဒီလို စနစ်တကျ မဖြစ်သေးတဲ့ ဖွဲ့စည်းတည်ဆောက်ပုံတွေကို တိုက်ပွဲဝင် ဒီမိုကရက်တစ် ယန္တရားတွေအဖြစ်၊ 'တိုက်ပွဲ ကော်မတီတွေ' အဖြစ် အခိုင်အမာ စုစည်းပေးဖို့ လိုအပ်လိမ့်မယ်။ အဲဒီ တိုက်ပွဲဝင် ဒီမိုကရက်တစ် ယန္တရားတွေက လွှတ်တော် ဖျက်သိမ်းပစ်ရေး၊ အစိုးရကို ဖြုတ်ချရေးဆိုတဲ့ လူထု ကြွေးကြော်သံတွေကို လက်တွေ့ အကောင်အထည် ဖော်နိုင်အောင် အားသွန်ခွန်စိုက် လုပ်ဖို့ လိုအပ်တယ်။ ဒီတိုက်ပွဲ ကော်မတီတွေက အလုပ်သမားထု အာဏာ ယန္တရားရဲ့ ကနဦးအဆင့်လဲ ဖြစ်နိုင်တယ်။

လက်ရှိ ဒီတော်လှန်ရေးမှာ လူငယ်တွေက စုစည်းမှု အကောင်းဆုံး အလွှာ ဖြစ်တယ်။ သူတို့ဟာ အလုပ်သမား လူတန်းစားနဲ့ ပေါင်းကူးတံတား ထိုးနိုင်ရမယ်။ အဲဒီလို ပေါင်းကူးဖို့ စက်ရုံတွေ၊ စက်မှုဇုန်တွေ ၊ အလုပ်ခွင်တွေ၊ အလုပ်သမား ရပ်ကွက်တွေကို သွားရမယ်။ 'အလုပ်သမား တိုက်ပွဲ ကော်မတီ'တွေ ဖွဲ့စည်းရေး ဆော်ဩရမယ်။ မဖြစ်မနေ သပိတ်မှောက်ဖို့ လိုအပ်ကြောင်း ရှင်းပြရမယ်။ အလုပ်သမား လူတန်းစားလက်ထဲက ပါဝါကို လူထု သပိတ်တွေအဖြစ် ပြောင်းလဲပေးလိုက်တာနဲ့ တော်လှန်-ရေးဟာ အခုထက် ပိုမြင့်မားတဲ့ အဆင့်သစ်ကို ကူးပြောင်းသွားလိမ့်မယ်။

## ရှေ့ဆက်လုပ်ငန်းစဉ်

တော်လှန်ရေးဟာ သောင်မတင် ရေမကျ ဖြစ်နေလို့ မရဘူး။ သူ့ရဲ့ ရှိရင်းစွဲ နိယာမတွေရဲ့ ပြဋ္ဌာန်းချက်ကိုက အောင်မြင်မှုရအောင် ဆက်ချီတက်ရမယ်၊ အဲလို မလုပ်နိုင်ခဲ့ရင် ထုံးစံအတိုင်း သေလောက်တဲ့ အကျိုးဆက်တွေနဲ့ နောက်ပြန်လန်ကျသွားမှာပဲ။ ဒီတော်လှန်ရေးဟာ အရင်း-ရှင်စနစ်ကို မဖျက်သိမ်းနိုင်ဘဲ အဆုံးသတ်ကို မရောက်နိုင်ဘူး။ အရင်းရှင်စနစ်ကို ဖယ်ရှားမပစ်နိုင်ခဲ့ရင် ၁၉၉၈ တော်လှန်ရေးတုန်းက ကြမ္မာမျိုး ထပ်ကြုံရလိမ့်မယ်။ လူထု ဒေါသပုန်ထရခြင်းရဲ့ အဓိက အကြောင်းတရားဟာ အရင်းရှင်စနစ် အကျပ်အတည်းကြောင့်ပဲ။ ဒီအကျပ်-အတည်းရဲ့ ဝန်ထုပ်ဝန်ပိုးကြီးကို လူထု ပုခုံးပေါ် ပစ်တင်ခဲ့ကြတယ်။ ဒါ့ကြောင့် အရင်းရှင်စနစ်ကို တော်လှန်ဖြုတ်ချပြီး လူ့အဖွဲ့အစည်းကို ဆိုရှယ်လစ်စနစ်ဆီ ကူးပြောင်းနိုင်မှ ဒီတော်လှန်ရေးရဲ့ နောက်ဆုံးပန်းတိုင်ကို ရောက်နိုင်မယ်။

တော်လှန်ရေးကို အဲဒီပန်းတိုင်နား ရောက်သွားအောင် လုပ်ဖို့ လူငယ်ထုနဲ့ အလုပ်သမားထုကို ကျနော်တို့ ဆော်ဩချင်တာက -

**'လွှတ်တော်ကို ဖျက်သိမ်းပစ်'**

**'ပရာဘိုဝို အစိုးရကို ကန်ထုတ်ပစ်'။**

ဒီမိုကရက်တစ်အမည်ခံ အဲဒီ အင်စတီကျူးရှင်းနဲ့ သမ္မတ အစိုးရဟာ အလုပ်သမားထုနဲ့ ဆင်းရဲသားထုကို ဘယ်တုန်းကမှ ကိုယ်စားမပြုခဲ့ဘူး။ ကိုယ်စားမပြုတဲ့ အပြင် သူတို့ဟာ ငါတို့ ခံစားနေရတဲ့ ဆင်းရဲဒုက္ခ အပေါင်းရဲ့ တရားခံပဲ။ သူတို့ကိုလည်း ဖယ်ရှားပစ်ရမယ်။

ဒီ ပုပ်သိုး ဆွေးမြေ့နေတဲ့ အင်စတီကျူးရှင်းတွေကို အစားထိုးပစ်ဖို့ *အလုပ်သမား လူတန်းစားနဲ့ ဆင်းရဲသားတို့ရဲ့ တော်လှန်ရေး အစိုးရတရပ် ဖွဲ့ရမယ်။* ဒီအစိုးရဟာ အရင်တုန်းက ရှိခဲ့တဲ့ ဘယ်အစိုးရနဲ့မှ တူမှာ မဟုတ်ဘူး။

အလုပ်သမား၊ လယ်သမား၊ မြို့ပြ ဆင်းရဲသားတွေနဲ့ လူငယ်ထုရဲ့ အကျိုးစီးပွားကို ထမ်းဆောင်မယ့် အစိုးရ ဖြစ်တယ်။ သူဟာ အလုပ်သမားထု ဒီမိုကရေစီကို ကျင့်သုံးမယ်။ လူချမ်းသာတွေ ကျင့်သုံးတဲ့ ဟန်ပြ ဒီမိုကရေစီ မဟုတ်။

တိုက်ပွဲ ကော်မတီတွေကို လူထုတိုက်ပွဲရဲ့ ဒီမိုကရက်တစ် ယန္တရားတွေ အဖြစ် အချိန်မဆိုင်းဘဲ ဖွဲ့စည်းရမယ်။ တက္ကသိုလ် ပရဝုဏ်တွေ၊ ကျောင်းတွေ၊ အလုပ်သမား ရပ်ကွက်တွေ၊ စက်ရုံတွေမှာ၊ ဆိုင်းကယ်ကယ်ရီဂိတ်တွေ၊ ကော်ဖီဆိုင်တွေနဲ့ အခြား အခြားသော နေရာတွေမှာ ဒီလို တိုက်ပွဲဦးဆောင် ကော်မတီတွေ ဖွဲ့စည်းရမယ်။ အဲဒီ တိုက်ပွဲဦးဆောင် ကော်မတီတွေဟာ အစိုးရကို တိုက်ဖျက်ချေမှုန်းရေး ဦးတည်ပြီး တော်လှန်-ရေး မီးတောက် မီးလျှံကြီးကို ကျယ်ပြန့် နက်ရှိုင်းစေရမယ်။ ပျံ့နှံ့အောင် လုပ်ဆောင်ရမယ်။ အဲဒီ ကော်မတီတွေဟာ အလုပ်သမားထု အာဏာရဲ့ ကနဦး ယန္တရားတွေအဖြစ် အလုပ်လုပ်သွားလိမ့်မယ်။ ဆင်းရဲသား၊ အလုပ်သမား လူတန်းစားတို့ရဲ့ တော်လှန်ရေး အစိုးရရဲ့ အခြေခံ အုတ်မြစ်တွေပဲ။

အုပ်စိုးသူ လူတန်းစား အာဏာပလ္လင်ထက် မြဲနေရတဲ့ အကြောင်းအရင်းက သူတို့ချုပ်ကိုင်ထားတဲ့ စီးပွားရေးနဲ့ ဓနဥစ္စာတွေ အမြောက်အမြားကို ဘယ်သူကမှ မတို့မထိဘဲ ထားလို့။ ကျနော်တို့ တော်လှန်ရေးရဲ့ စွမ်းအားအကြီးမားဆုံး လက်နက်ဟာ စီးပွားရေးဘဝကို မောင်းနှင်ကိုင်တွယ်ပြီး လူ့အဖွဲ့အစည်းရဲ့ ဓနဥစ္စာတွေ ဖန်တီးပေးနေသော အလုပ်သမား လူတန်းစားပဲ။ ဒါ့ကြောင့် တိုက်ပွဲဦးဆောင်ကော်မတီတွေက *အထွေထွေ သပိတ်ကြီး ပေါ်ပေါက်လာအောင် စည်းရုံးလှုံ့ဆော်ရမယ်။* အထွေထွေ သပိတ်ဟာ အစိုးရကို အရှိက်ထိုးပြီး ကျနော်တို့ကို အောင်ပွဲဆီ ဆွဲခေါ်သွားလိမ့်မယ်။

ဒီတော်လှန်ရေးရဲ့ ကံကြမ္မာကို လမ်းမတွေနဲ့ စက်ရုံတွေထဲက လှုပ်ရှား အသက်ဝင်နေတဲ့ တကယ့် တိုက်ပွဲကသာ ဆုံးဖြတ်သွားလိမ့်မယ်။ ဒါ့ကြောင့် ဒီတော်လှန်ရေးရဲ့ နောက်ဆုံး ရလဒ် ဘယ်လိုပဲ ထွက်လာပါစေ၊ သေချာတာကတော့ ဒါဟာ သမိုင်းတဆစ်ချိုး ဖြစ်တယ်၊ ဘယ်အရာမှ ပိုနေမြဲ ကျားနေမြဲ ဆက်မဖြစ်နိုင်တော့။

**“အင်ဒိုနီးရှား တော်လှန်ရေး အဓွန့်ရှည်ပါစေ”**

**“လွှတ်တော် ဖျက်သိမ်းပစ်”**

**“ပရာဘိုဝို အစိုးရကို ဖြုတ်ချ”**

**“ဆင်းရဲသားနဲ့ အလုပ်သမား လူတန်းစား အစိုးရကို ဖွဲ့စည်းကြ”**

**“အလုပ်သမားထုနဲ့ လူငယ်ထုရဲ့ တိုက်ပွဲဝင် ဒီမိုကရက်တစ် ယန္တရားတွေအဖြစ် တိုက်ပွဲ ဦးဆောင်ကော်မတီတွေ ဖွဲ့စည်းကြ”**

**“ပြည်လုံးကျွတ် အထွေထွေ သပိတ်ကြီး ဆင်နွှဲကြ”**

**“ကုန်ထုတ်ယန္တရားကို ရပ်ဆိုင်းပစ်”**

Source: Indonesia: the wheel of revolution has turned written by Bima Wicaksana (01 September 2025)

မြန်မာပြန်သူ - မွန်းနောင်၊ ရှင်းသန့်ဇင်



**ဆန္ဒပြလူထု**က ဖက်ဒရယ် ပါလီမန်၊ နိုင်ငံတော် တရားရုံးချုပ်၊ နိုင်ငံရေးပါတီရုံးတွေနဲ့ စီနီယာ နိုင်ငံရေးသမားတွေရဲ့ အိမ်တွေကို မီးတင်ရှို့လိုက်ကြတယ်။ အစိုးရ အဖွဲ့ဝင်ဝန်ကြီးတွေနဲ့အတူ ဝန်ကြီးချုပ်လဲ နုတ်ထွက်လိုက်ရပြီ။ စစ်တပ်က နိုင်ငံရေးသမားတွေကို နေအိမ်အသီးသီးကနေ ကယ်ထုတ်နေရတယ်။ ဆင်းရဲမွဲတေမှုကို နှစ်ပေါင်းများစွာ အပြင်းအထန် ခံစားလာခဲ့ရတဲ့ နီပေါလ် လူငယ်တွေ ဒီထက် သည်းခံလို့ မရတော့ဘူး။ သမိုင်းဇာတ်ခုံပေါ် သူတို့ကိုယ်တိုင် ချဉ်းနင်း ဝင်ရောက်လာခဲ့ပြီ။

မာ့(က်စ်) ပြောခဲ့ဖူးသလိုပဲ၊ အရင်းရှင်စနစ်အောက်မှာ "ခနဥစ္စာတွေက ဝင်ရိုးစွန်း တဖက်မှာ သွားစုနေပြီး ဆန့်ကျင်ဖက် ဝင်ရိုးစွန်းမှာတော့ ဆင်းရဲဒုက္ခတွေ၊ နာကျင်ပင်ပန်းမှုတွေ၊ မချိမဆံ့ ဝေဒနာတွေ၊ ကျွန်ပြုခံရခြင်းတွေ၊ မသိ နားမလည်ခြင်းတွေ၊ ရက်စက် ကြမ်းကြုတ်မှုတွေ၊ စိတ်ပိုင်းဆိုင်ရာ သိမ်ငယ်ကျဆင်းမှုတွေပဲ စုပုံနေတယ်။" ဒီဖြစ်စဉ်ကို စံပြ သာဓကဆောင်သွားတာ နီပေါလ် နိုင်ငံပဲ။

နီပေါလ် နိုင်ငံမှာ ပျမ်းမျှ လုပ်အားခ တနှစ်လုံးမှ ဒေါ်လာ ၁၄၀၀ ပဲ ရှိတယ်။ လူငါးယောက်မှာ တယောက်က ဆင်းရဲမွဲတေနေတယ်။ ဒါ့အပြင် အလုပ်လက်မဲ့နှုန်းက ၁၀.၇ ရာခိုင်နှုန်း ရှိတယ်။ လူငယ်တွေကြား အလုပ်လက်မဲ့နှုန်းက ၂၀ ရာနှုန်းကျော်တယ်။ အချမ်းသာဆုံး ၁၀% က နီပေါလ် နိုင်ငံအတွင်း မြေယာ စုစုပေါင်းရဲ့ ၄၀% ကို ပိုင်ဆိုင်ထားပြီး အများတကာ့ အများစု လူထုကြီးကတော့ မြေယာ လက်မဲ့ ဖြစ်နေတယ်။

ဒီလို ထွက်ပေါက်မဲ့နေတဲ့ အခြေအနေ အရပ်ရပ်ကြောင့် ပြည်ပထွက် အလုပ်ရှာဖို့ နေ့စဉ် လူပေါင်း ၁၀၀၀ လောက် တိုင်းပြည်ကို စွန့်ခွာသွားရတယ်။ ဒီလိုနဲ့ ပြည်ပရောက်သွားရတဲ့ နီပေါလ် နိုင်ငံသား စုစုပေါင်း ၂သန်းလောက် ရှိနေပြီ။ သူတို့ ပြည်ပမှာ အလုပ်လုပ်ပြီး အိမ်ကို ပြန်ပို့တဲ့ ငွေပမာဏက နီပေါလ် ဂျီဒီပီ စုစုပေါင်းရဲ့ ၂၆ ရာခိုင်နှုန်းလောက် ရှိတယ်။ နီပေါလ် ပြည်တွင်းက မိသားစုအားလုံးရဲ့ တဝက်လောက်က အဲဒီလို နိုင်ငံခြား

# နီပေါလ် လူထုက စနစ်ကို မီးတင်ရှို့ဖို့ ကြိုးစား

# အုပ်စိုးသူများ သွေးပျက်နေ



© Prabin Ranabhat—AFP/Getty Images

ထွက် အလုပ်လုပ်သူ ဆွေးမျိုးသားချင်းတွေရဲ့ ငွေကြေး အထောက်အပံ့ကို မှီခို စားသောက်နေရတယ်။

လူထုက အသက်ရှင်ဖို့တောင် ခက်ခက်ခဲခဲ ရုန်းကန်နေရချိန် တိုင်းပြည်ရဲ့ အခွင့်ထူးခံ လက်တဆုပ်စာကတော့ ခင်ဗျားတို့ ကျနော်တို့ စိတ်ကူးယဉ်ရုံပဲ ယဉ်နိုင်တဲ့ ဘဝတွေကို ခံစား စံစားနေကြရတယ်။ ဒီအခြေအနေဟာ လူထုကြား ခံပြင်းဒေါသတွေ အကြီးအကျယ် ဖြစ်စေခဲ့တယ်။ ဆိုရှယ်မီဒီယာပေါ်မှာ မကြာသေးခင် ဖြစ်သွားတဲ့ ထရန်းက ဒီအချက်ကို ထင်ဟပ်ပြနေတယ်။ လူကုန်ထံတွေရဲ့ ဘဝနဲ့ အများတကာ့ အများစုကြီးရဲ့ ဘဝ ကွာချင်တိုင်း ကွာခြားနေတာကို တစ်တော့(ခ်) မီဒီယိုတွေမှာ တောက်လျှောက် မြင်တွေ့ခဲ့ရတယ်။ အထူးသဖြင့် သားစဉ်မြေးဆက် အခွင့်ထူးခံဝါဒနဲ့ ချမ်းသာလာတဲ့ လူကုန်ထံ သားသမီးတွေ 'nepo babies' (ဆိုလိုတာက နိုင်ငံရေးသမားတွေ၊ စီးပွားရေးသမားတွေရဲ့ အခွင့်ထူးခံ သားသမီးတွေ) ထင်သလို ဖြုန်းနေကြပုံကို အမိကထား ထောက်ပြကြတယ်။

(အာဏာရနီပေါလ်ကွန်ဂရက်ပါတီ)ကခေါင်းဆောင် နိုင်ငံရေးသမားဖြစ်ပြီး အကျင့်ပျက် ခြစားမှုတွေနဲ့ နာမည်ပျက်နေသူ Bindu Kuma Thapa ရဲ့ <u>သားကို ခရစ်(စ်)မတ် သစ်ပင်ဘေးမှာ ဓာတ်ပုံရိုက်ထားတာ</u> မြင်တွေ့ရတယ်။ အဲဒီသစ်ပင်ကို အရွက်တွေ၊ အခေါက်တွေနဲ့ ဖန်တီးထားတာ မဟုတ်ဘူး၊ (ကမ္ဘာကျော် ဘရန်းတွေဖြစ်တဲ့) Louis Vuitton, Gucci and Cartier ဗူးလေးတွေနဲ့ အလှဆင်ထားတာ။

အဲဒီဓာတ်ပုံဟာ #PoliticiansNepoBabyNepal ဆိုတဲ့ hashtag နဲ့ လူမှုကွန်ယက်ပေါ် အတော်လေး ပြန့်သွားခဲ့တယ်။ အလားတူပဲ၊ နိုင်ငံတော် တရားရုံးချုပ်မှာ တရားသူကြီးချုပ် လုပ်ခဲ့သူ Gopal Parajuli ရဲ့ သားကို <u>တစ်တော့(ခ်) မီဒီယို တပုဒ်မှာ</u> ကားအမျိုးမျိုးနဲ့ ဈေးကြီးပေ့ဆိုတဲ့ စားသောက်ဆိုင်တွေမှာ မြင်တွေ့ရတယ်။ အဲဒီမီဒီယိုကို တင်ထားသူက "ဇိမ်ခံ ကားတွေ၊ နာရီတွေကို လူမှုကွန်ယက် မီဒီယာတွေပေါ် ဖြောင်ထုတ်ကြွားနေကြတယ်။ သူတို့ ဒီလိုလုပ်ပြနေတာကို အခုထိ စိတ်မပျက်ကြသေးဘူးလား" လို့ ကပ်ရှင်တပ်ထားတယ်။

ပြီးခဲ့တဲ့ နှစ်တွေမှာ အစိုးရ ထိပ်ပိုင်း အရာရှိကြီးတွေရဲ့ မကောင်းသတင်း အပုပ်နံ့တွေ အမြောက်အမြား ထွက်လာခဲ့တယ်။ ဒါဟာ နီပေါလ် လူ့အဖွဲ့အစည်း ထိပ်ပိုင်းမှာ ရှိနေသူများ ပြောင်ပြောင်တင်းတင်း ကျူးလွန်ထားတဲ့ ခြစားမှုတွေကို ဖွင့်ထုတ်ပြလိုက်ခြင်းပဲ။ <u>မနှစ်ကတင် ထိပ်ပိုင်း အရာရှိကြီး အတော်များများကို</u> ၂၀၁၇ တုန်းက လေယာဉ်နှစ်စင်း ဝယ်ယူတဲ့ ဖြစ်စဉ်မှာ ဒေါ်လာ ၁၀.၄ သန်းအထိ ငွေကြေး အလွဲသုံးစားမှုနဲ့ စီရင်ချက်ချခဲ့သေးတယ်။

<u>အရင်နှစ်ကလဲ</u> ကတ်ဘိနက် ဝန်ကြီး အတော်များများကို 'ဘူတန် ဒုက္ခသည်များ အရှုပ်တော်ပုံ' မှာ ပါနေတယ်လို့ စွဲချက်တင်ခဲ့ရတယ်။ ဒီဖြစ်စဉ်မှာ ဆင်းရဲသား နီပေါလ်တွေဆီက ငွေ အမြောက်အမြား ညှစ်ထုတ်ခဲ့တယ်။ အသည်းအသန် အလုပ်ရှာနေတဲ့ နီပေါလ် ဆင်းရဲသားတွေကို ဘူတန် ဒုက္ခသည်တွေအဖြစ် ပုံဖော်ပြီး အမေရိက ပို့ဖို့ လုပ်ခဲ့တယ်။ ဒီဂန်းစတားတွေ သူတို့ကိုယ်ကျိုးစီးပွားအတွက် အများပြည်သူပိုင် အရင်းမြစ်တွေကို အဓမ္မ သိမ်းပိုက်ယူတဲ့ ဖြစ်စဉ်တွေ မရေမတွက်နိုင်အောင် ရှိသေးတယ်။

## ဆိုရှယ် မီဒီယာကို ပိတ်ချလိုက်ခြင်း

ဒီနောက်ခံအနေအထားမှာ အစိုးရက ဖေ့စ်ဘွတ်(ခ်)၊ အင်စတဂရမ်၊ ယူကျု၊ ဝပ်စ်အပ် အစရှိတဲ့ ဆိုရှယ် မီဒီယာ ကုမ္ပဏီတွေကို စက်တင်ဘာ ၄ ရက် ကြာသပတေးနေ့ကစပြီး ပိတ်ချလိုက်ပါတယ်။

"သတင်းတု သတင်းမှားတွေ"၊ "အမုန်းပွားစေတဲ့ ပြောဆိုမှုတွေ"၊ "အွန်လိုင်း ငွေလိမ်မှုတွေ" ကိုင်တွယ်ဖို့ အခုလို အရေးယူလိုက်ရတာ ဖြစ်ကြောင်း နီပေါလ် အစိုးရက <u>ဆိုပါတယ်။</u> အိုင်ဒီအတုနဲ့ လူတွေက ဆိုင်ဘာ ပြစ်မှုတွေ ကျူးလွန်ပြီး လူမှု သဟဇာတဖြစ်မှုကို အနှောင့်အယှက်ပေးနေကြတယ်လို့ <u>လူဆိုး သူခိုး ဂန်းစတား အစိုးရက ဆိုပါတယ်။</u> ဒါ့ကြောင့် ဆိုရှယ် မီဒီယာ ကုမ္ပဏီတွေဘက်က ဆက်ဆံရေး အရာရှိ တဦးစီ နီပေါလ် နိုင်ငံမှာ ခန့်ထားပေးဖို့ တောင်းဆိုခဲ့တယ်။ အဲသလို မလိုက်နာတဲ့ ကုမ္ပဏီတွေကို နီပေါလ်မှာ ပိတ်ချလိုက်ပါတယ်။

သို့သော်လဲ အဲဒီ ဆင်ခြေတွေဟာ ဒီမိုကရေစီ အရေးအခွင့်တွေကို နှိပ်ကွပ်ပစ်ဖို့ အသုံးချတဲ့ အလွန်



**ဆန္ဒပြ လူထုရဲ့အဓိက ရည်ရွယ်ချက်က "ဆိုရှယ်မီဒီယာ ပိတ်ပစ်ခြင်းကိုပဲ ဦးတည်တာ မဟုတ်တော့ဘူး၊ အကျင့်ပျက် ခြစားမှု ကို ဖယ်ရှားပစ်ရေး ဖြစ်သွားပြီ။"**

ပြောင်ကျသော အလိမ်အညာတွေမှန်း ချက်ချင်း မြင်လိုက်ကြတယ်။

လူဦးရေရဲ့ ၈ ရာနှုန်းလောက် ပြည်ပမှာ နေထိုင်အလုပ်လုပ်နေတဲ့ အချက်ကို ထည့်တွက်မယ်ဆိုရင် အခုလို ဆိုရှယ်မီဒီယာတွေ ပိတ်ချလိုက်ခြင်းဟာ နီပေါလ်ပြည်သူတွေကို သူတို့ ချစ်ခင်ရသူတွေနဲ့ အဆက်အသွယ် ဖြတ်တောက်လိုက်တဲ့ လုပ်ရပ်ဆိုတာ ထင်ရှားတယ်။

ဘူဇွာ ဒီမိုကရေစီဟာ အရင်းရှင်စနစ်အတွက် အကောင်းဆုံး အကာပဲလို့ အန်းဂယ်(လ်စ်) ပြောခဲ့ဖူးတယ်။ အကြောင်းကတော့ ဘူဇွာ ဒီမိုကရေစီ ရှိနေရင် လူတွေရဲ့ စိတ်ထဲ အပြောင်းအလဲ ဖြစ်နိုင်သေးတယ်လို့ ယုံကြည်နေကြလို့ပဲ။ သို့သော်လဲ ဘူဇွာ ဒီမိုကရေစီကို ဆက်ထိန်းထားချင်ရင် လူထုကို တစုံတရာ ပေးနိုင်စွမ်း ရှိရမယ်။ လူထုကို ထမင်းမှ နပ်မှန်အောင် ကျွေးမထားနိုင်တဲ့အခါ နီပေါလ် အစိုးရက လူထုရဲ့ ဒီမိုကရေစီ အခွင့်အရေးတွေကို ကန့်သတ်ချုပ်ခြယ်ပြီး ဆန့်ကျင်သံတွေကို တားမြစ်ပိတ်ပင်ဖို့ လုပ်လိုက်တာပဲ။

## အရေးအခင်းများ

စက်တင်ဘာ(၈) ရက်၊ တနင်္လာနေ့ မနက် ၉ နာရီမှာ ဆန္ဒပြပွဲတခု လုပ်ဖို့ ခေါ်သံပေးလိုက်တယ်။ ဒီဆန္ဒပြပွဲ စီစဉ်သူတွေထဲက တယောက် ပြောစကားအရဆို ကနဦး ရည်ရွယ်ခဲ့တာက ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ပျော်ပျော်ပါးပါး ဆန္ဒပြသွားဖို့ပဲ။ ဆိုရှယ်မီဒီယာတွေကို ပိတ်ပစ်လိုက်ခြင်းက စနက်မီး ဖြစ်ခဲ့တယ် ဆိုပေမယ့် ဆန္ဒပြ လူထုရဲ့ ဒေါသက ဒီတချက်တည်းကိုပဲ ဦးတည်တာ မဟုတ်တော့ဘူး။ ဆန္ဒပြသူတဦး ရှင်းပြခဲ့သလိုပဲ ဆန္ဒပြ လူထုရဲ့ အဓိက ရည်ရွယ်ချက်က "ဆိုရှယ်မီဒီယာ ပိတ်ပစ်ခြင်းကိုပဲ ဦးတည်တာ မဟုတ်တော့ဘူး၊ အကျင့်ပျက် ခြစားမှုကို ဖယ်ရှားပစ်ရေး ဖြစ်သွားပြီ။"

ဆန္ဒပြပွဲမှာ လူငယ်တွေ အမြောက်အမြား ပါဝင်ခဲ့ကြောင်း ဆန္ဒပြပွဲမှာ ကိုယ်တိုင်ပါခဲ့သူ Aayush Basyal က ပြောပါတယ်။ ဒီလူငယ်တွေဟာ သီရိလင်္ကာနဲ့ ဘင်္ဂလားဒေ့ရှ်က ဆန္ဒပြပွဲတွေကို အားကျခဲ့ကြသလို သူတို့ တိုင်းပြည်မှာ ဆင်းရဲချမ်းသာ ကွာဟမှု အလွန်ဆိုးရွားကြောင်း ဖွင့်ထုတ်ပြတဲ့ တစ်တော့(ခ်) ဗီဒီယိုတွေကြောင့်လဲ ဒီဆန္ဒပြပွဲကို ရောက်လာကြတာလို့ သူက ထောက်ပြတယ်။ "ငါတို့ အနာဂတ်အတွက် ရပ်တည်တိုက်ပွဲဝင်ဖို့" သူဒီကို ရောက်လာတာ ဖြစ်ကြောင်း နောက်လူငယ်တဦးက ပြောပါတယ်။ "လူတိုင်း ပညာရေး၊ ဆေးရုံ၊ ဆေးဘက်ဆိုင်ရာ အဆောက်အအုံတွေကို လွယ်လင့်တကူ လက်လှမ်းမီဖို့၊ တောက်ပတဲ့ အနာဂတ်ကို ပိုင်ဆိုင်ဖို့ ဒီတိုင်းပြည်ကို အကျင့်ပျက် ခြစားမှုတွေ ကင်းစင်သွားစေချင်ကြောင်း" သူ ဆက်ပြောတယ်။

အချိန်တွေ ကြာလာတာနဲ့အမျှ နီပေါလ် လူ့အဖွဲ့အစည်းမှာ ခံပြင်းနာကျည်းမှုတွေ တစတစ ကိန်းအောင်းစုပြုံလာခဲ့တယ်။

မော်ဝါဒီတွေရဲ့ ပုန်ကန်မှု အားကောင်းလာပြီး ၂၀၀၆ ခုနှစ်မှာ လူထု ဆန္ဒပြပွဲကြီးတွေ ထွက်ပေါ်လာခဲ့တယ်။ ဒီလှုပ်ရှားမှုကြီး ဖြစ်ပေါ်လာပြီး နောက် ၂နှစ်အကြာမှာ ရာစုနှစ် ၂ခု သက်တမ်းကြာညောင်းခဲ့တဲ့ ဘုရင်စနစ်ကို တရားဝင် ဖျက်သိမ်းနိုင်ခဲ့တယ်။ အဲဒီအချိန်ကစလို့ နီပေါလ် အစိုးရ ၁၄ ဆက် ပြောင်းသွားခဲ့ပြီ။ ဘယ်အစိုးရမှ လူထုရဲ့ လူနေမှု အဆင့်အတန်းကို တိုးတက်မြင့်မား

အောင် မစွမ်းဆောင်နိုင်ခဲ့ဘူး။ ငါးနှစ်သက်တမ်း ပြည့်အောင် နေသွားရတဲ့ အစိုးရလဲ တဆက်မှ မရှိသေး။

တနေ့က နုတ်ထွက်သွားရတဲ့ ဝန်ကြီးချုပ် KP Sharma Oli ဟာ ငါးနှစ်အတွင်း ငါးယောက်မြောက် ဝန်ကြီးချုပ် ဖြစ်ပါတယ်။ သူ့ပါတီရဲ့ နာမည်က နီပေါလ် ကွန်မြူနစ် ပါတီ (ညီညွတ်သော မာ့က်စ်-လီနင်ဝါဒီ) ဖြစ်ပါတယ်။ သူက ဘူဇွာ ပါတီတခုနဲ့ ညွန့်ပေါင်း အစိုးရဖွဲ့ပြီး ဝန်ကြီးချုပ် လုပ်နေခြင်း ဖြစ်တယ်။ အခုလို ညွန့်ပေါင်း အစိုးရဖွဲ့တာမျိုးက ၂၀၀၈ နောက်ပိုင်း နီပေါလ် နိုင်ငံရေးမှာ တွေ့နေကျ ဝိသေသ တခု ဖြစ်ပါတယ်။ အခုချိန်မှာ အဓိက အတိုက်အခံ ပါတီ ဖြစ်နေတဲ့ နီပေါလ် ကွန်မြူနစ် ပါတီ (မော်ဝါဒီ ဗဟို) ဆိုရင် ဘုရင်စနစ်ဝါဒီ ပါတီတခုနဲ့ ညွန့်ပေါင်း အစိုးရဖွဲ့ပြီး ၂၀၂၂ အထိ အာဏာရခဲ့တယ်။

ဒီတိုင်းပြည်မှာ ကွန်မြူနစ် **နာမည်ခံ** ပါတီတွေ အများကြီး ရှိတယ်။ သို့သော် သူတို့ထဲက ပါတီတခုခု အာဏာရသွားတိုင်း အရင်းရှင်စနစ်ကို စီမံခန့်ခွဲတာပဲ လုပ်ကြတယ်၊ အုပ်စိုးသူ လူတန်းစား အလိုရှိတဲ့ အတင်းအကျပ် ခြိုးခြံရေး ပေါ်လစီကို အကောင်အထည် ဖော်ပေးကြတယ်။ ဒါတင်မကသေး၊ တည်ဆဲ အဆောက်အအုံအတွင်းက တခြားသူတွေလိုပဲ သူတို့မှာလဲ 'nepo babies' (သားစဉ်မြေးဆက် ကောင်းစားရေးဝါဒနဲ့ အခွင့်ထူးခံနေရသော သားသမီးတွေ) ရှိကြတယ်။ မကြာသေးခင်ကပဲ မော်ဝါဒီ ဗဟို ပါတီ ခေါင်းဆောင် Pushpa Kamal Dahal ရဲ့ မြေးမလေး မင်္ဂလာဆောင်က အလွန်တရာ ကြီးကျယ် ခမ်းနားလွန်းလို့ နီပေါလ် အလုပ်သမားတွေနဲ့ လူငယ်ထု အမျက်ဒေါသ ထွက်ခဲ့ကြတယ်။ ဒီလုပ်ရပ်တွေကြောင့် သူတို့ကို လူထုက အယုံအကြည်မဲ့လာတယ်။

ဘုရင်စနစ်ကို ဖြိုချပစ်ခဲ့တာ ကြီးကျယ်ခမ်းနားတဲ့ ခြေလှမ်းတခု ဖြစ်ခဲ့တယ်။ ဒါပေမယ့် နီပေါလ် လူထုရဲ့ လူနေမှု အဆင့်အတန်းကတော့ ဘာဆို ဘာမှ ထူးမလာခဲ့ဘူး။ ဒါ့ကြောင့် တိုးပွားပြီးရင်း တိုးပွားလာတဲ့ မကျေနပ်ချက်တွေ၊ ခံပြင်း နာကျည်းမှုတွေ စုပြုံလာတဲ့ အခါ နီပေါလ် လူ့အဖွဲ့အစည်းက ပေါက်ကွဲခါနီး ယမ်းအိုးကြီးလို ဖြစ်သွားခဲ့တယ်။ ဒီယမ်းအိုးကြီး ထပေါက်ကွဲဖို့ မီးပွားလေး တစပဲ လိုတော့တယ်။ စက်တင်ဘာ ၈ ရက်နေ့မှာ အဲဒီ မီးပွားလေး ကျသွားတာပဲ။

ဆန္ဒပြပွဲမှာ ထောင်သောင်းချီတဲ့ လူငယ်တွေ ပါလီမန်ဆီ ချီတက်ခဲ့ကြပုံကို ချူးယော့ခ်တိုင်း(စ်)က ဖော်ပြထားတယ်။ သူတို့ချီတက်ရာ လမ်းမှာ ရဲတန်း တခုက ကန့်လန့်ခံထားတယ်။ "လွှတ်တော် အဆောက်အဦ အမိုးပေါ်ကနေ အမတ်တွေ သူတို့ကို လှမ်းကြည့်နေတာကို" ဆန္ဒပြ လူငယ်တွေ မြင်ခဲ့ရတယ်။

ဒီမတိုင်ခင် ရှေ့ရက် အနည်းငယ်ကပဲ ဝန်ကြီးချုပ် အိုလီက ဆန္ဒပြ ပြည်သူတွေဟာ "လွတ်လပ်စွာ မတွေးခေါ်နိုင်ဘဲ လွတ်လပ်ရေးအကြောင်း ပြောချင်ကြတယ်" လို့ ဆိုထားတယ်။ ဆန္ဒပြ ပြည်သူ အများစုကတော့ အကျင့်ပျက် ခြစားပြီး အောက်ခြေလွတ်နေတဲ့ နိုင်ငံရေးသမားတွေ သူတို့ကို လှောင်ပြောင် စော်ကားလိုက်ခြင်းပဲလို့ မှတ်ယူလိမ့်မယ်။ ပြည်သူတွေ လိုချင်တာက လူချင်းတူတူ သူချင်းမျှမျှ နေနိုင်မယ့် လူနေမှု ဘဝပါ၊ ဒါပေမယ့် သူတို့ကို နလဗိန်းတုန်း အရူးတွေလို ဆက်ဆံနေကြတယ်။ အမည်မဖော်လိုတဲ့ ဆန္ဒပြ ပြည်သူတဦး ပြောခဲ့သလိုပဲ "ထိန်းမနိုင် သိမ်းမရဖြစ်ပြီး ဒေါသပုန်ထသွားအောင် မီးလောင်ရာ ဓာတ်ဆီလောင်းပေးလိုက်တာပဲ။"

လူထုက ထောင်းခနဲဖြစ်သွားပြီ၊ ဆက်သည်းမခံနိုင်တော့ဘူး၊ ဘာလိတ်ဆူးကြိုးတွေနဲ့ တားထားပေမယ့် ဖွတ်ဝင်တိုးပစ်ကြတယ်၊ ရဲတွေ နောက်ပြန်ခေါက်လိုက်ရတယ်။ ပါလီမန် အဆောက်အအုံကို သွားဝိုင်းကြတယ်။ ရဲတွေက မျက်ရည်ယိုဗုံးတွေနဲ့ ပစ်တယ်၊ မီးသတ်ပိုက်တွေနဲ့ထိုးတယ်။ ဒါပေမယ့် ဆန္ဒပြ လူထုက အရမ်းများလွန်းတော့ သူတို့ ဘာမှ မတတ်နိုင်ဘူး။ "နေ့လည် တနာရီကျ ဆန္ဒပြပွဲ နေရာတခုလုံး ဝရုန်းသုန်းကား ဖြစ်နေပြီ။" မျက်ရည်ယိုဗုံးနဲ့ ရာဘာ ကျည်တွေက ဆန္ဒပြ ပြည်သူတွေရဲ့ ခေါင်းပေါ် တဖွဲဖွဲ ဝဲပျံနေရော။

ဆန္ဒပြသူ တဦးက ရဲတွေဘက် အော်ပြောနေတာ မြင်လိုက်ရတယ်၊ ဒီနောက် နှစ်စက္ကန့်လောက်နေတော့ မြေပြင်ပေါ် သူလဲကျ သေဆုံးသွားတာ တွေ့လိုက်ရကြောင်း ဆန္ဒပြ ပြည်သူတဦးက ပြောပါတယ်။ ရဲတွေဘက်က အကြမ်းဖက်မှုကို အရှိန်တင်လိုက်ပြီး ဆန္ဒပြ လူအုပ်ထဲ ကျည်အစစ်တွေနဲ့ လှမ်းပစ်ခဲ့တယ်။

ဒီလို အကြမ်းဖက် ဖိနှိပ်မှုတွေဟာ လူထု ဒေါသကို ကျဆင်းသွားအောင် မတတ်နိုင်ဘူး၊ ပိုပြီး ဒေါသပုန်ထအောင်သာ လုပ်နိုင်တယ်။ ဆန္ဒပြ ပြည်သူတွေက သူတို့လက်ထဲ ရှိတာနဲ့ ပြန်တိုက်ခဲ့တယ်။ သစ်ကိုင်းရှိ သစ်ကိုင်း၊ ရေသန့်ဗူးရှိ ရေသန့်ဗူးနဲ့ ပြန်ပေါက်တယ်။ နောက်ဆုံးမှာတော့ ဆန္ဒပြ ပြည်သူတချို့ ပါလီမန်အဆောက်အဦကို မုန်တိုင်းဝင်မွှေနိုင်ခဲ့ကြတယ်။ ဒီဆန္ဒပြလှုပ်ရှားမှုကြီးဟာ Kathmandu မြို့တော်ကို ကျော်လွန်ပြီး Biratnagar, Bharatpur နဲ့ နီပေါလ် အနောက်ခြမ်းက Pokhara အထိ ပြန့်နှံ့သွားတော့တယ်။ အာဏာပိုင်တွေက အကြမ်းဖက် ဖြိုခွဲရေးကို အကြီးအကျယ် လုပ်ခဲ့တယ်။ စုစုပေါင်း ၁၉ ဦး သေဆုံးပြီး လူ ၄၀၀ ဒဏ်ရာရသွားခဲ့ပြီ။

အလွန်တရာ တုန်လှုပ်ခြောက်ခြားသွားတဲ့ အစိုးရက ကာဖျူး အမိန့်ထုတ်ဖို့ ကြိုးစားခဲ့တယ်။ လွှတ်တော်နဲ့ အခြား အစိုးရ အဆောက်အဦတွေနား ပြည်သူတွေ မစုဝေးနိုင်အောင် ကာဖျူးထုတ်လိုက်တာပဲ။ သို့သော် ဒီအမိန့်ကို ဘယ်သူကမှ အဖက်မလုပ်ခဲ့ဘူး။ ကာဖျူးထုတ်တဲ့ ညနေမှာပဲ ဆန္ဒပြ ပြည်သူတွေ လွှတ်တော်နဲ့ အစိုးရ အဆောက်အဦတွေနား စုဝေးခဲ့ကြတယ်။ ၂၃ နှစ်အရွယ် ဆန္ဒပြ လူငယ်တဦး ရှင်းပြထားသလိုပဲ "ပြည်သူ ၂၀ လောက်ကို နိုင်ငံတော်က သတ်လိုက်တာ"။ ဒါ့ကြောင့် အဲဒီ လူသတ်သမားတွေ "တာဝန်ခံရမယ့်" အချိန်ကျပြီ။

ဒိုင်းနမိုက် တချောင်းကို မီးရှို့လိုက်လို့ ပေါက်ကွဲသွားသလို မျိုသိပ်ထားရတဲ့ လူထု ဒေါသမီးတွေ တဟုန်ထိုး ပေါက်ကွဲထွက်သွားခဲ့တယ်။ ကျော်ခဲ့ရတဲ့ ထမင်းတနပ်တိုင်း၊ အချိန်နှောင်းမှ လုပ်အားခ ထုတ်ပေးခဲ့တဲ့ လ တလတိုင်း၊ အုပ်စိုးသူ လူတန်းစားရဲ့ စည်းစိမ်ဥစ္စာတွေ ထုတ်ကြွားပြတဲ့ ဗီဒီယိုတပုဒ်တိုင်းက အလွန်တရာကြီးမားတဲ့ ဒေါသတွေကို ထပ်လောင်း များပြားစေခဲ့တယ်၊ အခု အဲဒီ လူထု ဒေါသတွေ တရားသဖြင့် လက်စားချေဖို့ ပေါက်ကွဲထွက်ခဲ့ပြီ။

ပါလီမန်ကို စီးနင်းတိုက်ခိုက်ပြီးတာနဲ့ ဆန္ဒပြ လူထုက မီးတင်ရှို့လိုက်တယ်။ ဆယ်စုနှစ် နှစ်ခုနီးပါး ဘာမှ သုံးစားမရခဲ့တဲ့ နိုင်ငံရေး ပါတီ အားလုံးကို အပြစ်ပေးတဲ့အနေနဲ့ ပါတီ ရုံး အများအပြားကို မီးရှို့ပစ်လိုက်တယ်။ တရားမျှတမှု ကင်းမဲ့နေတဲ့ တရားဥပဒေ စနစ်ဟာ အကျင့်ပျက်ခြစားမှုကို စနစ်အတွင်း တသားတည်း ဖြစ်နေအောင် ခွင့်ပြုပေးထားတယ်။ အခု အဲဒီ မတရားတဲ့ တရားရေးစနစ်ကို အပြီးတိုင် ငြင်းပယ်ပြီး နိုင်ငံတော် တရားရုံးချုပ်ကို မီးတင်ရှို့လိုက်ကြပြီ။ စနစ်ကျနေပြီဖြစ်သော အကျင့်ပျက် ခြစားမှုကို အပြင်းအထန် အပြစ်ပေးအရေးယူချင်တဲ့ ပြည်သူတွေဟာ ဝန်ကြီးချုပ်နဲ့ အခြား နိုင်ငံရေးသမားတွေရဲ့ တိုက်တာနေအိမ်တွေကို မီးတင်ရှို့လိုက်တယ်။ နိုင်ငံရေးသမားတွေကို စစ်တပ်က ဟယ်လီကော်ပတာနဲ့ ကယ်ထုတ်နေပြီလို့ သတင်းကြားတဲ့အခါ ဆန္ဒပြ ပြည်သူတွေ လေဆိပ်ထဲ အတင်းဝင်ပြီး လေဆိပ်ကို မီးရှို့လိုက်ကြတယ်။ လူထုကသာ တကယ် လှုပ်ရှားလာပြီဆိုရင် ကမ္ဘာပေါ်က ဘယ်အာဏာကမှ လူထုကို တားဆီးနိုင်စွမ်း မရှိကြောင်း အဲဒီည အရေးအခင်းတွေက သက်သေပြနေတယ်။

ရှေ့ဆက်တိုးရင် ထိုးကျသွားမယ့် ချောက်ကမ်းပါးကို ရပ်ကြည့်ပြီးတဲ့နောက် အစိုးရ ဝန်ကြီးများ ခြေလှမ်းပြန်



ပါလီမန်ကို စီးနင်းတိုက်ခိုက်ပြီးတာနဲ့ ဆန္ဒပြ လူထုက မီးတင်ရှို့လိုက်တယ်။

ရုတ်လိုက်တယ်။ လူထု ဆန္ဒပြပွဲတွေကို အကြမ်းဖက် မဖြိုခွဲနိုင်မှန်း နားလည်သွားတဲ့အခါ အချိုးသပ် လိုက်လျောတဲ့နည်းကို သူတို့ စမ်းကြည့်ပြန်တယ်။ အစိုးရက ဆိုရှယ်မီဒီယာတွေ ပြန်ဖွင့်ပေးလိုက်ပြီး "အကြမ်းဖက်မှုတွေကို စုံစမ်းစစ်ဆေးရေး လုပ်ဖို့၊ သေဆုံးသွားသူတွေရဲ့ ကျန်ရစ်သူ မိသားစုတွေကို နစ်နာကြေး ပေးဖို့၊ ထိခိုက်ဒဏ်ရာရသူတွေကို အခမဲ့ ဆေးဝါး ကုသပေးဖို့" ကော်မတီတရပ် ဖွဲ့ပေးမယ်လို့ ကတိပြုတယ်။ ဝန်ကြီးချုပ် အိုလီက မိကျောင်းမျက်ရည်တွေ တဖြိုင်ဖြိုင်ကျရင်း ဒီသေဆုံးမှုတွေကြောင့် အူလှိုက်သဲလှိုက် ဝမ်းနည်းရကြောင်း ပြောခဲ့တယ်။ ဒါပေမယ့် ဆန္ဒပြပွဲတွေက ရပ်မသွားခဲ့ဘူး။

တော်လှန်ရေး တရပ် ဒီရေတက်နေချိန်မှာ သူတို့ လုပ်နိုင်တာ ဘာမှ မရှိသလောက်ပဲ။ တကယ်လို့ အစိုးရဘက်က အကြမ်းဖက် နှိမ်နင်းမယ်ဆိုရင် လူထု ဒေါသ ပေါက်ကွဲပြီး တိုက်ပွဲ ပြင်းထန်သွားတာပဲ အဖတ် တင်မယ်။ တကယ်လို့ အစိုးရမင်းများဘက်က လိုက်လျောမှုတွေ လုပ်လာမယ်ဆိုရင်လဲ လူထုကို ရဲဆေးတင်ပေး လိုက်သလို ဖြစ်သွားမယ်။ ဒီတော့ လူထု တိုက်ပွဲ ရှေ့ဆက်ချီတက်ဖို့ပဲ ရှိတယ်။

ဒီအဆင့်မှာ ဘူဇွာ လူတန်းစားနဲ့ အစိုးရတို့ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားပြီ။ အစိုးရ ဝန်ကြီးတွေ တသီကြီး နှုတ်ထွက်ကုန်တယ်။ သင်္ဘောတစင်း မြုပ်တဲ့အခါ ကြွက်တွေ ထွက်ပြေးကြသလိုပဲ။ ဒါ့အပြင် ဝန်ကြီးချုပ်ရဲ့ ပါတီတွင်းမှာလဲ လှုပ်လှုပ်ခတ်ခတ် ဖြစ်နေပြီ။ သူ့ပါတီကို နီပေါလ် 'ကွန်မြူနစ်' ပါတီ (ညီညွတ်သော မာ့က်စ်-လီနင်ဝါဒီ) လို့ အမည်ပေးထားတယ်။ ဒါပေမယ့် ဒီပါတီ အာဏာရနေတဲ့ သက်တမ်းတလျှောက် အရင်းရှင်စနစ်ကို စီမံခန့်ခွဲဖို့ပဲ ဝင်လုပ်ခဲ့တယ်၊ အရင်းရှင်စနစ် ဖယ်ရှားပစ်ရေး ဘာတခုမှ မလုပ်ခဲ့ဘူး။

ဖြစ်ခဲ့တာတွေကို ဆန့်ကျင်တဲ့အနေနဲ့ ဒေသန္တရ ခေါင်းဆောင်ပိုင်း၊ ပါတီ ဗဟို ခေါင်းဆောင်ပိုင်းက အဖွဲ့ဝင် အတော်များများ နှုတ်ထွက်စာ တင်ကုန်ကြပြီ။ တချို့ နှုတ်ထွက်တာကတော့ အသိတရားရသွားလို့ ဖြစ်ချင်ဖြစ်လိမ့်မယ်၊ ဒါပေမယ့် တချို့နှုတ်ထွက်တာကတော့ လူထု ဒေါသကို ကြောက်လို့ ထွက်လိုက်ရတာပဲ။

တကယ်လို့ အစိုးရဘက်က အကြမ်းဖက် နှိမ်နင်းမယ်ဆိုရင် လူထု ဒေါသ ပေါက်ကွဲပြီး တိုက်ပွဲ ပြင်းထန်သွားတာပဲ အဖတ် တင်မယ်။ တကယ်လို့ အစိုးရမင်းများဘက်က လိုက်လျောမှုတွေ လုပ်လာမယ်ဆိုရင်လဲ လူထုကို ရဲဆေးတင်ပေး လိုက်သလို ဖြစ်သွားမယ်။ ဒီတော့ လူထု တိုက်ပွဲ ရှေ့ဆက် ချီတက်ဖို့ပဲ ရှိတယ်။

ဒီလိုနဲ့ အင်္ဂါနေ့ မနက်ပိုင်းမှာ ဝန်ကြီးချုပ် အိုလီ အညံ့ခံလိုက်ရတယ်။ "တိုင်းပြည်အတွင်း အခြေအနေ ဆိုးရွားလာခြင်းကြောင့် ဖွဲ့စည်းပုံ ပြဋ္ဌာန်းချက်နဲ့အညီ နိုင်ငံရေးနည်းလမ်းတကျ ဖြေရှင်းနိုင်ရန်" သူနှုတ်ထွက် လိုက်ပြီလို့ ပြောခဲ့တယ်။ တကယ်တော့ စိတ်ဆန္ဒအလျောက် နှုတ်ထွက်ခြင်း မဟုတ်ပါဘူး။ သူ့ကို စစ်တပ်က ဟယ်လီကော်ပတာနဲ့ ကယ်ထုတ်သွားခဲ့ရတာပါ။

ဒါဟာ ကြီးကျယ်ခမ်းနားတဲ့ အောင်မြင်မှုတခု ဖြစ်ပါတယ်။ နီပေါလ် လူထုကြီးက ဖိနှိပ်ရေး အင်အားစုတွေကို ထိပ်တိုက် ရင်ဆိုင်ပြီး အစိုးရ ပေါ်လစီကို ပြောင်းပြန်လှန်ပစ်ခဲ့တယ်၊ ဒီနောက် အစိုးရအဖွဲ့ကိုယ်တိုင် ပြိုကျသွားခဲ့ရတယ်။

သို့သော် ကျနော်တို့ အလေးထားရမယ့် အချက်က ဒါဟာ တိုက်ပွဲတပွဲမှာ ရလိုက်တဲ့ အောင်ပွဲတခုသာ ဖြစ်တယ်။ စစ်ပွဲကြီးတခုလုံးကို အနိုင်တိုက်ယူရဦးမယ်။ နီပေါလ် လူထုရဲ့ ရန်သူတွေက သူတို့အနာကို လျှာနဲ့ သပ်ရင်း အင်အားပြန်စုနေကြပြီ။ အာဏာ ပလ္လင်ပေါ် ဆက်ထိုင်နေဆဲ ဖြစ်တဲ့ သမ္မတက 'အမျိုးသား ညီညွတ်ရေး' ရှိဖို့ ပြောလာတယ်။ ဆန္ဒပြနေတဲ့ နိုင်ငံသားတွေ အပါအဝင် လူတိုင်းလူတိုင်းက ငြိမ်းငြိမ်းချမ်းချမ်းနည်းနဲ့ ပူးပေါင်း အဖြေရှာကြဖို့ သူ ဆော်ဩထားတယ်။ "ဘက်အသီးသီးက အင်အားစု အားလုံး ထိန်းထိန်းသိမ်းသိမ်း လုပ်ကြဖို့လဲ" ဖျောင်းဖျထားသေးတယ်။ သမ္မတဖြစ်သူက အမျိုးသား ညီညွတ်ရေးကို ပြောတယ်၊ သို့သော် နီပေါလ် ဆင်းရဲသား ပြည်သူတွေနဲ့ လူကုန်ထံတွေဟာ တိုင်းပြည် မတူကြဘူး။ မယုံနိုင်လောက်အောင် ဆင်းရဲ ချမ်းသာ ကွာဟမှု ကြီးမားလွန်းတဲ့ အချက်ကို ကြည့်မယ်ဆိုရင်



> တဖက်မှာလဲ အလွန်တရာ ကြီးမားတဲ့ လူထု အင်အားကို စုစည်း ဦးဆောင်နိုင်တဲ့ အင်အားစုလဲ တခုမှ မရှိဘူး ဖြစ်နေတယ်။

လူချမ်းသာတွေက သီးခြား ကမ္ဘာတခုမှာ ရှင်သန်နေကြသလိုပဲ။

ဒါ့အပြင် နီပေါလ် စစ်တပ်က တနိုင်ငံလုံး ကာဖျူးအမိန့်ထုတ်ထားတယ်။ ပြည်သူတွေကို ထိန်းထိန်းသိမ်း-သိမ်း လုပ်ကြဖို့ တိုက်တွန်းထားသေးတယ်။ သမ္မတနဲ့ စစ်တပ်ဘက်က ဆန္ဒပြပြည်သူတွေ ထိန်းထိန်းသိမ်းသိမ်း လုပ်ဖို့ ပြောနေရတာကိုက လက်ရှိ အခြေအနေကို သူတို့ မထိန်းသိမ်းနိုင်ဘူး ဆိုတာ ပြနေတာပဲ။ <u>ဂျာနယ်လစ် တယောက်</u> ပြောထားသလိုပဲ လက်တွေ့မှာ တာဝန်ယူ အုပ်ချုပ်နေသူ ဘယ်သူမှ မရှိဘူး။ လူထုကို ဘယ် ဖိနှိပ်ရေး အင်အားစုကမှ မတားဆီးနိုင်တော့ဘူး။ ဒါပေမယ့် တဖက်မှာလဲ အလွန်တရာ ကြီးမားတဲ့ လူထု အင်အားကို စုစည်း ဦးဆောင်နိုင်တဲ့ အင်အားစုလဲ တခုမှ မရှိဘူး ဖြစ်နေတယ်။

မနေ့ညနေကပဲ လုံခြုံရေး အင်အားစုတွေဘက်က <u>ပူးတွဲ ကြေငြာချက်</u> ထွက်လာတယ်၊ "တည်ငြိမ်ရေးနဲ့ တရားဥပဒေ စိုးမိုးရေး ပြန်လည်အသက်သွင်းနိုင်အောင် ဒိုင်ယာလော့ဂ်နည်းနဲ့ ငြိမ်းငြိမ်းချမ်းချမ်း ဖြေရှင်းကြဖို့" ပြောထားတယ်။ မာ့(က်စ်) ရှင်းပြခဲ့သလိုပဲ နောက်ဆုံး သတ္တုချလိုက်ရင် နိုင်ငံတော်ဆိုတာ ပုဂ္ဂလိက ပိုင်ဆိုင်မှုကို ကာကွယ်ပေးရတဲ့ လက်နက်ကိုင် အင်အားစုသာ ဖြစ်တယ်။ နိုင်ငံတော် ယန္တရားအတွင်းက အရာရှိအရာခံတွေ၊ ရဲချုပ်တွေ၊ ထိပ်သီး ဗျူရိုကရက်တွေဆိုတာ ဘူဇွာ လူတန်းစား အကျိုးစီးပွားကို ကိုယ်စားပြု ကာကွယ်ဖို့ရာ စနစ်တကျ ရွေးထုတ် လေ့ကျင့်ပေးထားသူတွေ ဖြစ်တယ်။

နီပေါလ်မှာ အပြောင်းအလဲအတွက် တိုက်ပွဲဝင်နေသူတွေဟာ ဒီလူတွေရဲ့ နှုတ်ထွက်စကားကို သေချာ သတိထားကြည့်ဖို့ လိုတယ်။ သူတို့ ဘာလိုချင်တာလဲ။ အကျင့်ပျက်ခြစားမှုကို သူတို့ တကယ် အဆုံးသတ်ချင်သလား၊ ဒါမှမဟုတ် နီပေါလ် လူ့အဖွဲ့အစည်းရဲ့ ဓနဥစ္စာတွေကို ညီတူမျှတူ ခွဲဝေခံစားစေချင်သလား။ သူတို့မှာ အဲသလို ဆန္ဒ လုံးဝ မရှိဘူး။ သူတို့အလိုရှိတာ "ငြိမ်ဝပ်ပိပြားမှု ပြန်လည်ရရှိရေး"ပဲ။ တနည်းဆိုရရင် စက်တင်ဘာ ၇ ရက် မတိုင်ခင် အရင်အခြေအနေကို ပြန်သွားဖို့သာ သူတို့ အလိုရှိတယ်။ ထိပ်ပိုင်းမှာ လူစားလဲတာလောက် သူတို့ လုပ်ချင်လုပ်လိမ့်မယ်။ ဒီတော့ အရင်အတိုင်း ဆက်မွဲ၊ အရင်တိုင်း အလုပ်လက်မဲ့ ဆက်ဖြစ်၊ အရင်အတိုင်း အကျင့်ပျက် ခြစားပဲ ဖြစ်နေလိမ့်မယ်။

အရေးကြီးတဲ့ နောက်ပြဿနာတခုက ပထဝီနိုင်ငံရေး အခြေအနေပဲ။ နီပေါလ်ကို သီးခြား ခွဲထုတ်ပြီး ကြည့်ဖို့ မဖြစ်နိုင်ဘူး။ ဒေသတွင်း ပါဝါတွေကြားက တိုက်ပွဲလဲ ရှိသေးတယ်။ အစဉ်အဆက် နီပေါလ်ကို စိုးမိုးထားတဲ့ အဓိက ပါဝါက အိန္ဒိယပဲ။ ဒါပေမယ့် ပြုတ်ကျသွားတဲ့ ဝန်ကြီးချုပ် အိုလီက တရုတ် နီးစပ်သူ။ အခု သူ ဖယ်ရှားခံလိုက်ရပြီဆိုတော့ နယ်ချဲ့ပါဝါတွေက 'သူတို့လူ' တယောက်ယောက် အာဏာရအောင် ခြေရှုပ်ကြလိမ့်မယ်။

## ဘာဆက်ဖြစ်မလဲ

လတ်တလော အထင်ကရ ဖြစ်လာတဲ့ လူကတော့ ကတ်မန်ဒူ မြို့တော်ဝန် Balendra Shah ပဲ။ အရင်က ဟစ်ဟော့(ပ်) အနုပညာရှင် တယောက်အနေနဲ့ အကျင့်ပျက် ခြစားမှုကို ဆန့်ကျင်တဲ့ သီးချင်းတွေ သူ ထုတ်ခဲ့ဖူးတယ်။ နိုင်ငံရေး ပါတီအားလုံးကို ဆန့်ကျင် ရပ်တည်ရင်း ၂၀၂၂ ရွေးကောက်ပွဲမှာ သူ မဲနိုင်သွားခဲ့တယ်။

သူ့ကို တည်ဆဲ နိုင်ငံရေး အဆောက်အအုံ ပြင်ပက လူလို့ မြင်ခဲ့ကြလို့ မဲနိုင်သွားခြင်း ဖြစ်တယ်။ အခု သူက ထိန်းထိန်းသိမ်းသိမ်း လုပ်ကြဖို့ ပြောလာပြီ။ "လူသတ်

ကောင် နှုတ်ထွက်သွားရပြီပဲ၊” ဒါ့ကြောင့် အောင်မြင်မှုက လက်ထဲ ရောက်နေတဲ့ သဘော သူပြောထားတယ်။ အခုချိန်ကစပြီး “မင်းတို့မျိုးဆက်က ဒီတိုင်းပြည်ကို ဦးဆောင်ရတော့မယ်” လို့ သူ ပြောပါတယ်။

အလားတူပဲ၊ Sudhan Gurung ဆိုတဲ့ နောက်ထပ် ရုပ်ပါ တယောက် ဦးဆောင်ဖွဲ့ထားတဲ့ Hami Nepal ဆိုတဲ့ အန်ဂျီအိုတခုကလဲ တောင်းဆိုချက် စာရင်းတခု ထုတ်ပြန်ထားတယ်။ အဲဒီ စာရင်းထဲမှာ ဒီအချက်တွေ ပါဝင်တယ် -

- "တစ် - ဒီအစိုးရ ချက်ချင်း ဆင်းပေးရမယ်၊
- နှစ် - ဒေသန္တရ အသီးသီးက ဝန်ကြီးအားလုံး နှုတ်ထွက်ပေးရမယ်၊
- သုံး - ငါတို့ရဲ့ အပြစ်မဲ့ ညီကိုမောင်နှမများကို ပစ်သတ်ဖို့ အမိန့်ပေးသူတွေကို သက်ညှာခြင်း လုံးဝမရှိဘဲ ချက်ချင်း စီရင်ချက်ချရမယ်၊
- လေး - တရားမျှတပြီး တာဝန်ခံမှုရှိသော အနာဂတ်ကို မျှော်ရည်ပြီး လူငယ်တွေ ဦးဆောင်တဲ့ ကြားဖြတ် အစိုးရတရပ် ဖွဲ့စည်းရမယ်။"

နီပေါလ် အရေးအခင်းတွေကြောင့် စိတ်အားတက်နေသူ အားလုံးကို ပြောရလိမ့်မယ် - ဒီလုပ်ငန်းစဉ်ဟာ လုံးဝ မလုံလောက်ဘူး။ နီပေါလ် လူထုက ဘင်္ဂလားဒေ့ရှ်နဲ့ သီရိလင်္ကာ လူထုဆီကနေ စေ့ဆော်မှု ယူခဲ့တာ အလွန်ကောင်းပါတယ်။ သို့သော် စေ့ဆော်မှု ရနိုင်သလိုပဲ အဲဒီ နမူနာတွေက ထင်ရှားတဲ့ သတိပေးချက်တခုလဲ ထုတ်ပေးထားတယ်။ သီရိလင်္ကာနဲ့ ဘင်္ဂလားဒေ့ရှ် လူထုတွေ အံ့မခန်း သတ္တိကောင်းပြီး သူရဲကောင်းပီသမှု အပြည့်ရှိခဲ့ပေမယ့် စိတ်မကောင်းစရာ အချက်ကတော့ အဲဒီ တိုင်းပြည်တွေမှာ ဘာတခုမှ အမှန်တကယ် ပြောင်းလဲမသွားခဲ့ဘူး။

> လူထုရဲ့ ခံပြင်းဒေါသတွေ ဆတက် ထမ်းပိုး များလာတဲ့အခါ အတားအဆီးအားလုံးကို ချိုးဖျက်ပြီး လူထုကိုယ်တိုင် နိုင်ငံရေးထဲ တိုက်ရိုက် ဝင်ပါလာတဲ့ အချိန်တွေ ရှိတယ်။ အဲဒါ ထရော့စကီး ပြောတဲ့ တော်လှန်ရေး ဖွင့်ဆိုချက်ပဲ။

ဘင်္ဂလားဒေ့ရှ်မှာလဲ လူငယ်တွေ ဦးဆောင်ပြီး ဆင်းရဲမွဲတေမှု၊ ဖိနှိပ်မှုနဲ့ မညီမျှမှုတွေကို တိုက်ခဲ့တာပဲ။ အဲဒီ လှုပ်ရှားမှုကြီးက ရှိတ်ခ် ဟာဆီနာ ဦးဆောင်တဲ့ အစိုးရကို ဖယ်ရှားပစ်ခဲ့တယ်။ တော်လှန်ရေး ဦးဆောင်သူ အတော်များများ အစိုးရ အဖွဲ့ထဲ ဝင်ပါခဲ့တယ်။ သို့သော်လဲ အစိုးရ အဖွဲ့ဝင် မျက်နှာတွေသာ ပြောင်းသွားတယ်၊ အရင်းရှင် စနစ်ကို မချိုးဖျက်ခဲ့ဘူး။ ဒီတော့ ဆင်းရဲမှု၊ ဖိနှိပ်မှုနဲ့ မညီမျှမှုတွေ အရင်အတိုင်း ဆက်ရှိနေတယ်။

လူထုကြီး ဒုက္ခပင်လယ်ဝေနေရခြင်းရဲ့ အခြေခံ အကြောင်းရင်းက အရင်းရှင်စနစ်ပဲ။ အထူးသဖြင့် အရင်းရှင် နယ်ချဲ့စနစ် ဗိုလ်ကျစိုးမိုးတာ ခံနေရတဲ့ စီးပွားရေး နိမ့်ပါးသော တိုင်းပြည်တွေမှာ ဒီအချက်ကို ပြတ်ပြတ်ထင်ထင် မြင်ရလိမ့်မယ်။

ဆန္ဒပြသူ တဦး ပြောသွားသလိုပဲ “ဝန်ကြီးချုပ် နှုတ်ထွက်ရုံနဲ့ မလုံလောက်ဘူး။” ပါတီတွေ တခုပြီးတခု အာဏာရလာပေမယ့် လူထုအဖို့ ဘာတခုမှ အခြေခံ ကျကျ ပြောင်းမသွားဘူး ဆိုတဲ့ သံသရာ စက်ဝန်းကို ရိုက်ချိုးဖို့ အချိန်ကျပြီ။

နောက်ဆုံးမှာ အရင်းရှင်စနစ်ကို ဖြိုမချဘဲ လှုပ်ရှားမှုထဲက ခေါင်းဆောင်တချို့ကို အစိုးရ အဖွဲ့ထဲ ဆွဲသွင်းပြီး အရှုံး လုပ်တာမျိုး မခံရမှ နီပေါလ် လူထု အောင်ပွဲ ရနိုင်မယ်။

## ခေါင်းဆောင်မှု ရှိဖို့ လိုအပ်ခြင်း

နီပေါလ်၊ သီရိလင်္ကာ၊ ဘင်္ဂလားဒေ့ရှ်နဲ့ အင်ဒိုနီးရှား တို့ဟာ ပြီးခဲ့တဲ့ နှစ်အနည်းငယ်အတွင်း ဖြစ်ခဲ့တဲ့ တော်လှန်ရေး နမူနာတွေပဲ။ သာမန် အခြေအနေမှာ လူထုက နိုင်ငံရေးကို စိတ်မဝင်စားဘူး။ နာရီပေါင်းများစွာ အလုပ်တွေ လုပ်နေရလို့ သူတို့မှာ အချိန်မရတာလဲ ပါတယ်၊ ဒါမှမဟုတ် ဘယ်အစိုးရ တက်တက် ဘာ အပြောင်းအလဲမှ ဖြစ်မလာလို့ စိတ်မဝင်စားတာလဲ ရှိတယ်။ များသောအားဖြင့် ဒီနှစ်ချက် ပေါင်းမိနေလို့ပဲ။

သို့သော်လဲ လူထုရဲ့ ခံပြင်းဒေါသတွေ ဆတက်ထမ်းပိုး များလာတဲ့အခါ အတားအဆီးအားလုံးကို ချိုးဖျက်ပြီး လူထုကိုယ်တိုင် နိုင်ငံရေးထဲ တိုက်ရိုက် ဝင်ပါလာတဲ့ အချိန်တွေ ရှိတယ်။ အဲဒါ ထရော့စကီး ပြောတဲ့ တော်လှန်ရေး ဖွင့်ဆိုချက်ပဲ။

အဲသလို လူထုကြီးက တော်လှန်ရေး တရပ် ဆင်နွှဲပြီး နိုင်ငံရေးထဲ ပထမဆုံးအကြိမ် ဝင်ရောက်လာတဲ့အခါ သူတို့မှာ ရိုးအမှုတွေ မလွဲမသွေ ပါလာမှာပဲ။ တော်လှန်ရေးမှာ သူတို့ မြန်မြန်ဆန်ဆန် သင်ယူလိုက်ကြတယ်။ နိုင်ငံတော် ဆိုတာ ပုဂ္ဂလိက ပိုင်ဆိုင်မှုကို ကာကွယ်ပေးတဲ့ အကြမ်းဖက် အင်အားစု ဖြစ်ကြောင်း သူတို့ နားလည်သွားကြတယ်။ လီနင်ရဲ့ နိုင်ငံတော်နဲ့ တော်လှန်ရေး ကျမ်းကို ဖတ်ပြီး နားလည်သွားတာ မဟုတ်ဘူး၊ မီးသတ်ပိုက်နဲ့ ထိုးခွဲခံလိုက်ရလို့ နားလည်သွားတာ။

ပြဿနာက လူထုကြီးဟာ ထာဝရ တိုက်ပွဲဝင် မနေနိုင်ဘူး။ ခင်ဗျား သူငယ်ချင်းတယောက် ခင်ဗျား မျက်စိရှေ့မှာ ပစ်သတ်ခံလိုက်ရတာ မြင်လိုက်ရမယ်၊ မျက်ရည်ယိုဗုံးကြောင့် အသက်ရှူကျပ်သွားတာမျိုး ဒါမှမဟုတ် အဖမ်းမခံရအောင် ရဲတွေလက်က ထွက်ပြေးရတာမျိုး လုပ်နေရမယ်ဆိုရင် အားအင် အလွန် ကုန်ခမ်းပါတယ်။ ဒါ့ကြောင့် ရှေ့ဆက်ရမယ့် လမ်းကြောင်းကို လူထုက အချိန်မီ မမြင်နိုင်တာမျိုး ဖြစ်လေ့ရှိတယ်။

ဒီနေရာမှာ တော်လှန်ရေး ခေါင်းဆောင်မှု ဝင်လာတာပဲ။ တော်လှန်သော မာ့(က်စ်)ဝါဒီတွေ ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ တော်လှန်ရေးတွေ ဖြစ်နေမှာပဲ။ ဒီအဆိုအတွက် သက်သေလိုချင်သပဆို ဒီကနေ့ခေတ်မှာ သတင်းတွေ ပုံမှန် စောင့်ကြည့်နေဖို့ပဲ လိုပါတယ်။ သို့သော် တော်လှန်ရေးတခု အောင်မလား၊ အရေးနိမ့်မလား ဆိုတာကျ မှန်ကန်တဲ့ ခေါင်းဆောင်မှု ရှိ မရှိ အပေါ် မူတည်သွားတယ်။

တကယ်လို့ နီပေါလ်မှာသာ လူထုကြား အမြစ်တွယ်ထားနိုင်တဲ့ *စစ်မှန်သော* ကွန်မြူနစ် ပါတီတခု ရှိမယ်၊ အဲဒီ ပါတီကလဲ လူထုနားထဲ ရောက်နိုင်အောင် လုံလုံလောက်လောက် ကြီးမားတယ်ဆိုရင် အခြေအနေ တခုလုံးကို ပြောင်းပစ်နိုင်လိမ့်မယ်။ အဲဒီလို *စစ်မှန်သော* ကွန်မြူနစ် ပါတီကြီးတခုက လူထုရဲ့ သင်ယူမှု ဖြစ်စဉ်ကို အရှိန်မြန်စေမယ့် catalyst အဖြစ် ထမ်းဆောင်နိုင်တယ်။ သူတို့က အလုပ်သမား လူတန်းစား ရဲ့ ခေါင်းဆောင်မှုနေရာကို တဆင့်ချင်း သိမ်းပိုက်သွားပြီး အလုပ်သမားလူတန်းစားကို အာဏာ အရယူရေး အောင်ပွဲဆီ ဦးဆောင်သွားနိုင်မယ်။

နီပေါလ်မှာ မြင်ခဲ့ရတာတွေက အနှစ်သာရအားဖြင့် ၁၉၁၇ ရုရှား ဖေဖော်ဝါရီ တော်လှန်ရေးနဲ့ အတော်တူတယ်။ လူထုကြီးက ဝန်ကြီးချုပ်ကို ဖြုတ်ချပြီး သူတို့ရဲ့ စွမ်းပကားကို ထုတ်ပြခဲ့တယ်။ ဒါပေမယ့် အရင်းရှင်စနစ် ဖြိုချရေးအထိ ဆက်သွားဖို့ အသိစိတ်နိုးကြားမှု လုံလုံလောက်လောက် ရှိသေးပုံ မရဘူး။ ဒီကနေ့ နီပေါလ်မှာ လစ်ဟာနေတဲ့ အချက်က လူထုကို အရင်းရှင်စနစ် ဖြိုချရေးဆီ ဦးဆောင်သွားနိုင်တဲ့ ဘော်ရှီဗစ်ပါတီမျိုး မရှိတာပဲ။

လောလောဆယ်အုပ်စိုးသူလူတန်းစားက ဒီလှုပ်ရှားမှုကြီးကို အကြမ်းဖက် ဖိနှိပ်ပြီး မနှိမ်နင်းနိုင်သေးသလို ပျားရည်နဲ့လဲ ဝမ်းချလို့ မရသေးဘူး။ သို့သော် လူထုကြီးက ရှေ့ဆက်ရမယ့် လမ်းကို မမြင်သေးဘူး။ လူထုကြီးကြားနိုင်လောက်အောင် ကြီးမားတဲ့ ပါတီတခု ရှိခဲ့မယ်ဆိုရင်၊ အဲဒီလို ပါတီကြီးက အလုပ်သမား လယ်သမားတွေကို “ဂျန်ဇီး” တော်လှန်ရေးကို ခုခံကာကွယ်ရေး မြို့တိုင်း၊ ရပ်ကွက်တိုင်းမှာ ကော်မတီတွေ ဖွဲ့စည်းကြဖို့ တပ်လှန့်ပေးခဲ့မယ်ဆိုရင်၊ အဲဒီ ကော်မတီအသီးသီးက ကိုယ်စားလှယ်တွေ ရွေးကောက်ပြီး နိုင်ငံလုံးဆိုင်ရာ ပူးပေါင်း



By हिमाल सुवेदी - Own work, CC0

ဆောင်ရွက်ရေး ကော်မတီကြီး ဖွဲ့လိုက်မယ်ဆိုရင် ဒါဟာ အရင်နဲ့ လုံးဝ မတူတဲ့ အုပ်စိုးမှု ပုံစံတခုကို ထူထောင်လိုက်တဲ့ ပထမခြေလှမ်း ဖြစ်လိမ့်မယ်။

အကျင့်ပျက် ခြစားနေတဲ့ ဒီစနစ်ကို စီမံခန့်ခွဲဖို့ နိုင်ငံရေးသမား အုပ်စုတွေ အပြောင်းအလဲ လုပ်နေတာမျိုး မဟုတ်တော့ဘဲ အလုပ်သမားထုရဲ့ အစိုးရ ပေါ်ထွက်လာလိမ့်မယ်။ အဲဒီလိုသာ လုပ်နိုင်ခဲ့ရင် အင်ဒိုနီးရှားက အလုပ်သမား၊ လယ်သမားတွေကိုလဲ ဒီလမ်းကြောင်းကို လိုက်ဖို့ နှိုးဆော်နိုင်မယ်။ ဒီလိုနဲ့ အာရှတိုက်တခုလုံး တော်လှန်မီး တဟုန်းဟုန်း တောက်သွားလိမ့်မယ်။

ကမ္ဘာတလွှားက တော်လှန်ရေးသမားတွေ နီပေါလ်ကို အာရုံစိုက် လေ့လာသင့်တယ်။ နီပေါလ်က ဂျာနယ်လစ် တယောက် ပြောသွားသလိုပဲ လူတိုင်း အံ့အားသင့် ရှော့ခ်ရကုန်တယ်။ ဒီအဆင့်ထိ ခုန်တက်သွားမယ်လို့ ဘယ်သူမှ ထင်မထားခဲ့ဘူး။ သို့သော် ဒီကနေ့ ခေတ်ရဲ့ ဆောင်ပုဒ်ကိုက "မျှော်လင့်မထားတာတွေ ဖြစ်လာလိမ့်မယ်လို့ မျှော်လင့်ထားရမယ်။" ဒီကနေ့ ကမ္ဘာတလွှားက နိုင်ငံ အများစုမှာ လူနေမှု အဆင့်အတန်း ကျဆင်းမှု ဖိအားတွေ၊ နိုင်ငံရေး ခေါင်းဆောင်တွေ၊ အင်စတီကျူးရှင်းတွေ၊ အစရှိတဲ့ တည်ရှိ အခြေအနေ တခုလုံးအပေါ် မကျေနပ်ချက်တွေ စုပုံများပြားလာတယ်၊ ဒါ့အပြင် အလုပ်သမားထုရဲ့ မှတ်ဉာဏ်ထဲ ကြီးမားတဲ့ ရှုံးနိမ့်မှုတွေ မရှိသေးဘူး။

ဘယ်နေရာ ဘယ်အချိန်မှာ တော်လှန်အုံကြွမှုတွေ ထဖြစ်မလဲ ကျနော်တို့ မသိနိုင်ဘူး။ ဒါပေမယ့် နီပေါလ်က အခြေအနေမျိုး ကမ္ဘာ့ နိုင်ငံအသီးသီးမှာ ရှိနေတယ်။ ဒီကနေ့ နီပေါလ် ဆိုရင် မနက်ဖန်ကျ ဗြိတိန်၊ ပြင်သစ်၊ အမေရိကနဲ့ အခြား နိုင်ငံတွေမှာ ဖြစ်လာလိမ့်မယ်။

တော်လှန်ရေးတွေက ဖြစ်လာမှာပဲ။ တော်လှန်ရေးတွေ အောင်မြင်မလား ဆိုတာတော့ အောင်ပွဲဆီ ဦးဆောင်သွားနိုင်မယ့် တော်လှန်ရေး ပါတီတွေ အချိန်မီ တည်ဆောက် ထားနိုင်သလား ဆိုတဲ့ အချက်က အဆုံးအဖြတ် ပေးသွားလိမ့်မယ်။

Source: Rulers cower as Nepalese masses seek to burn the system down by Jack Halinski-Fitzpatrick (10 September 2025)

မြန်မာပြန်သူ - လန်းနော့(ဒ်)






marxistburma.org